
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအားဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
★ ပွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# နှုတ်သပီး

## ကြယ်ကြွေညရဲ့ ဟိုဘက်မှာ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၄၀၀၉၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၅၂၀၅၁၁
အုပ်ဒီဇိုင်း - သိန်းရွှေကြည်
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆ဂ၊ စကားဝါလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ၊
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ . ၈၃
နတ်သမီး
ကြယ်ကြွေညရဲ့ဟိုဘက်မှာ/ နတ်သမီး ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁
၂၈၈ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ကြယ်ကြွေညရဲ့ဟိုဘက်မှာ

BURMESE CLASSIC .com

## အခန်း (၁)

"ဟယ် ဟိုက လာနေတာ ရက်ပ်ပါလင်းလက်ချန် မဟုတ်လား၊ ချောလိုက်တာဟယ်"

"အေးဟဲ့၊ ငါတို့ဆေးခန်းကို ဘာလို့လာတာလဲ မသိဘူး၊ အရမ်းမိုက်တယ်နော်၊ ဘယ်လိုဆွဲဆောင်မှုရှိမှန်းကို မသိဘူး"

"အဲလိုဆွဲဆောင်မှုရှိလို့ အခုတက်လာတဲ့ ရက်ပ်ပါတွေထဲမှာ လျှမ်းလျှမ်းတောက် နာမည်ထိုးတက်လာတာပေါ့၊ သူတို့အဖွဲ့လေးက အရမ်းချစ်စရာကောင်းတယ်"

"ဒီဂျေလည်း အရမ်းတော်တာနော်၊ အကလည်း မိုက်တယ်"

ယွန်းသစ္စာဆေးခန်းကြီးရဲ့ ဝန်ထမ်းလေးတွေ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပေါက် အလုအယက် တီးတိုးပြောနေကြသည်။

ရီဆပ်ရှင်ကို ကမူးရှူးထိုး ခပ်သုတ်သုတ်ဝင်လာတဲ့ လင်းလက်ချာန်က ဒါတွေကို ကြားနေပေမယ့် အာရုံမစိုက်နိုင်ပါ။

"ကျွန်တော်တို့မှာ အရေးပေါ်လူနာပါလာလို့ အမြန်ဆုံးဆောင်ရွက်ပေးပါခင်ဗျား၊ ကျွန်တော်တို့က ဒီဆေးခန်းကြီးပိုင်ရှင်တွေရဲ့ မိတ်ဆွေတွေပါ၊ ကျေးဇူးပြုပြီး"

လင်းလက်ချာန် စကားမဆုံးလိုက်ပါ။ အရေးပေါ်ဖုန်းခလုတ်တွေနှိပ်ရင်း သူ့ကားပေါ်က လူနာကို ဝန်ထမ်းတွေနှင့် ဆရာဝန်တွေ အဆင့်ဆင့် အရေးပေါ်ခွဲစိတ်ခန်းကို သယ်ဆောင်သွားကြသည်။

သွက်လက်မြန်ဆန်သော ဝန်ဆောင်မှုဖြင့် အားလုံးရဲ့မျက်နှာများမှာ စိုးရိမ်ပူပန်နေကြသည်။ ထိုအထဲမှာ သူရက မျက်ရည်လည်ရွဲဖြင့် အဆိုးဆုံးဖြစ်၏။

အခုလူနာက သူရအမေ။ လင်းလက်ချာန်နှင့် ဘာမှမဆိုင်၊ ဒါပေမဲ့ သူရဆိုတာ ကိုယ့်အဖွဲ့ထဲက အချစ်ဆုံးသူငယ်ချင်း။ ဒီနေ့ သီချင်းတိုက်ဖို့ သူရအိမ်ရောက်သွားတော့ သူရအမေ ဗိုက်ကိုနှိပ်၍ လူးလိမ့်အော်နေသည်။ မပြည့်စုံသူတွေမို့ ဗိုက်နာပျောက်ဆေးလောက်သာတိုက်ထားခဲ့သည်တဲ့။

ဒါပေမဲ့ သူရောက်တဲ့အချိန်မှာပဲ သူရအမေအခြေအနေက ပိုဆိုးလာသည်။





မနေသာတဲ့ သူက သူရအမေကို သူ့ကားပေါ်ပွေ့ဖက်တင်၍ ယွန်းသန္တာဆေးခန်းကြီးကို ရောက်လာခဲ့ခြင်းပင်။

"ငါ့အမေ အသက်မှရှင်ပါ့မလားကွာ၊ အူအတက်ခွဲစိတ်ရမှာတဲ့၊ ငါ မကောင်းတာပါကွာ၊ အစကတည်းက အမေ့ကို ဆေးခန်းခေါ်သွားရမှာ"

"စိတ်မပူပါနဲ့ သူရရာ၊ ခွဲစိတ်ဖို့ အချိန်မီသေးပါတယ်လို့ တာဝန်ကျဆရာဝန် ပြောသွားတာပဲ၊ ပြီးတော့ နိုင်ငံခြားပြန် ခွဲစိတ်အထူးကု ဒေါက်တာအံ့မှူးဝေကိုယ်တိုင် ခွဲစိတ်မှာတဲ့"

"ဒေါက်တာအံ့မှူးဝေဆိုတာ ခုန ဝတ်စုံနဲ့ ခွဲခန်းထဲဝင်သွားတဲ့ တစ်ယောက်လား"

"ငါလည်း မသိဘူး၊ ကဲ မင်း ဒီနားကစောင့်၊ ငါ သူတို့ဝယ်ခိုင်းထားတဲ့ဆေးတွေ အောက်ထပ်မှာ သွားဝယ်လိုက်ဦးမယ်"

သူရကိုထားခဲ့ပြီး လင်းလက်ချာန် အောက်ထပ်ဆင်းဖို့ ဓာတ်လှေကားဘက် ထွက်လာခဲ့သည်။

ဧည့်သည်တွေနှင့် လူနာတွေအတွက်ပေးထားတဲ့ ဓာတ်လှေကားက လူတွေအဝင်အထွက်ပြည့်ကျပ်နေ၏။ ကိုယ့်လူနာက အရေးကြီးနေသည်မို့ ဆရာဝန်တွေအတွက်သီးသန့်ဓာတ်လှေကားက ဆင်းဖို့ပြင်လိုက်ရသည်။ ကိုယ်က ဒီဆေးခန်းပိုင်ရှင်တွေနဲ့ အရင်းနှီးဆုံးမိတ်ဆွေတွေပဲ ဥစ္စာ။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကိစ္စရှိလာလျှင်လည်း ပြောပြလိုက်ရုံပေါ့။

"အင့်"

"အ ဟာ ဆော ဆောရီး"

ဖြူစင်သေသပ်သော ဂျူတီကုတ်လေးနှင့် ဆရာဝန်မလေး တစ်ယောက်က ရေးကြီးသုတ်ပျာနှင့် ဓာတ်လှေကားထဲက ထွက်လာတော့ သူနှင့် မျက်နှာချင်းဆိုင်တည့်တည့်ကြီး တိုက်မိလေသည်။

သူ ဆောရီးလိုက်ပေမယ့် ဆရာဝန်မက သူ့ကို လှည့်မကြည့်ပါ။ ဘာတွေအရေးကြီးလာလဲ မသိနိုင်။

သူကတော့ ဓာတ်လှေကားထဲဝင်ဖို့တောင် မေ့လျော့နေသည်။

"လှလိုက်တာ၊ ကျက်သရေရှိလိုက်တာ"

သူနှင့်မတိမ်းမယိမ်းလောက်ရှိနိုင်တဲ့ အရပ်အမောင်း၊ ဖြူဝင်းနှစ်နေသော အသားအရေ၊ ခေါက်ကလစ်လေးနှင့် သေသပ်စွာညှပ်တင်ထားသည့် ဆံနွယ်များ။

နဖူးပြေပြေ၊ နှာတံစင်းစင်း၊ ပြည့်ဝိုင်းတော့မလို့နှင့် ခပ်သွယ်သွယ်မျက်နှာကျလေးက မဟာဆန်သည်။

ဂျူတီကုတ်နှင့် ခပ်မတ်မတ်လမ်းလျှောက်ပုံက စတိုင်လ်ကျလွန်း၏။ ဂျူတီကုတ်အောက်မှာ အနီပွင့်ခက်များပါသည့် ပါတိတ်ဝမ်းဆက်လေးက အသားရောင်နှင့်လိုက်ဖက်ကာ ထင်းရှင်းလင်းလက်





နေသည်။

"ဒေါက်တာအံ့မှူးဝေ ဂျူတီချိန်မှာ ခွဲစိတ်တဲ့လူနာတွေက ရာခိုင်နှုန်းပြည့် ဝေဒနာသက်သာမှာ သေချာပါတယ်၊ အရမ်းစေတနာကောင်းပြီး နှုတ်လည်းချိုတော့ စကားပြောရုံနဲ့ ရောဂါတစ်ဝက်သက်သာတယ်တဲ့"

"မျက်နှာလေးမြင်ရင် ကျန်တဲ့ရောဂါတစ်ဝက်လည်းသက်သာတော့ ခွဲစိတ်စရာတောင်မလိုတော့ဘူးပေါ့၊ ဟင်း ဟင်း"

ဆေးကောင်တာမှာ ဆေးဝယ်နေဆဲ၊ ဝန်ထမ်းဝတ်စုံနှင့် ကောင်မလေးတွေ သူ့ကို သဒ္ဓါပိုစွာပြောပြနေကြသည်။

သူ့ကိုလည်း တစ်ကိုယ်လုံးခြုံငုံစွာ ပြုံးစိစိဖြင့် သုံးသပ်နေကြ၏။

"ဆေးရုံထဲ ဖြစ်နေတယ်ဟယ်၊ အပြင်မှာဆိုရင် အော်တိုရေးနိုင်းပါတယ်၊ တကယ်ပဲ ရင်တွေတောင်ခုန်တယ်"

"ဆေးဖိုးတောင် မယူချင်ဘူး၊ ဟီ ဟိ လစာထဲကစိုက်နေရရင် အိမ်က အရိုက်ခံနေရမှာစိုးလို့"

"မိန်းမတွေ ဒေါက်တာအံ့မှူးဝေဂျူတီမှာ ဣန္ဒြေရရနေနော်၊ အရမ်းစည်းကမ်းကြီးတာ"

"သဘောလည်း ကောင်းပါတယ်ဟယ်၊ ရုပ်ချော, သဘောဖြူ, မနောဖြူဆိုတာ ဒေါက်တာအံ့မှူးဝေကို ပြောတာဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



နားထဲမှာ ဒီအသံတွေပဲကြားနေရတာမို့ ဒေါက်တာအုံမှူးဝေဆိုတဲ့မိန်းမကို ဓာတ်လှေကားမှာဆုံခဲ့တဲ့ ဂျူတီကုတ်လေးနှင့်ဆရာဝန်မလေးဖြစ်နေမလားလို့ အတွေးဝင်ကာ စိတ်ဝင်စားသွားမိသည်။

ရင်ထဲမှာ လှုပ်ခနဲတောင် လှုပ်ခတ်တုန်ယင်နေခဲ့၏။

"အဆင်ပြေလား သူရ"

"အေး ဆရာဝန်တွေ ခွဲခန်းထဲဝင်သွားကြပြီ မင်းရော ဆေးတွေအကုန်ရရဲ့လား"

"အိုကေတယ်၊ တာဝန်ကျဆရာဝန်ကို အကုန်ပေးလိုက်ပြီ"

"ကျေးဇူးတင်ပါတယ် ဈာန်ရာ၊ မင်းသာ မကူညီရင် ငါ့အမေတစ်ခုခုဖြစ်ပြီ"

"ဘာမှမတွေးနဲ့ကွာ၊ ကူညီထိုက်လို့ ကူညီရတာပဲ၊ ခွဲခန်းကထွက်လာရင် နေကောင်းပါစေဆုတောင်းပြီး မင်းအမေကိုပြုစု၊ ငါက ရောဂါအခြေအနေမေးပြီး လိုအပ်တဲ့ဆေးတွေ ထပ်ဝယ်ပေးမယ်"

"မင်း အရမ်းပင်ပန်းနေပြီ၊ ဝတ္ထုနဲ့အိတ်တုန်ကို ဖုန်းဆက်ခေါ်လိုက်ရမလား၊ ပြီးတော့ ဒါက ကနုတ်တို့ဆေးခန်းကွ၊ အစစအရာရာ ဂရုစိုက်ပေးအောင် သူ့ကိုအကူအညီတောင်းရင်လည်း ရနိုင်တယ်"

"နေစမ်းပါကွာ၊ သူတို့ စိတ်မကောင်းရုံဘဲ ရှိမယ်၊ ငါတစ်ယောက်လုံး မင်းကို ကူညီနေတာပဲ၊ သူတို့ကို နောက်မှ အသိပေးလိုက်ပါ"





သူရပခုံးကိုဖက်ကာ နှစ်သိမ့်ရင်းပြောလိုက်သည်။ သူရက မအေအတွက်လည်း စိတ်မကောင်း၊ လင်းလက်ဈာန်ကိုလည်း အားနာဖြင့် မျက်ရည်တလည်လည်။

ခဏနေတော့ ခွဲခန်းထဲက ဆရာဝန်တွေ အလျှိုလျှိုထွက်လာ၏။ နှာခေါင်းစည်းတွေ၊ လက်အိတ်တွေချွတ်ရင်း နောက်ဆုံးမှထွက်လာတဲ့ တာဝန်ကျဆရာဝန်နားကို သူရနှင့်လင်းလက်ဈာန် တိုးကပ်သွားကြသည်။

"အ အဆင်ပြေလား ဆရာ"

"ဒေါက်တာအံမှူးဝေကိုယ်တိုင် ခွဲစိတ်တာပဲ၊ အားလုံး အိုကေပါတယ်၊ ခွဲစိတ်ပြီးပြီဆိုတော့ ရောဂါအခြေအနေနဲ့ လိုအပ်တဲ့ဆေးတွေဝယ်ဖို့ သူ့ဆီမှာ ဆေးစာရွက်သွားယူလိုက်ပါ"

"ဟုတ် ဟုတ်ကဲ့ဆရာ၊ ကျေးဇူးပါပဲ"

သူရက သူ့အမေကိုခေါ်သွားတဲ့ သီးသန့်ခန်းထဲကိုလိုက်ဝင်သွားသည်။ ဈာန်က ဒေါက်တာအံမှူးဝေရုံးခန်းလေးကို သွားဖို့ ဓာတ်လှေကားကို စီးခဲ့ရပြန်၏။

ခွဲစိတ်ပါရဂူအထူးကုဆိုတဲ့ ဆိုင်းဘုတ်လေးချိတ်ထားတဲ့ အခန်းရှေ့ကိုရောက်တော့ သူနှင့် ဓာတ်လှေကားမှာတိုက်မိတဲ့ ဆရာဝန်မလေးနှင့် အများပါးစပ်ဖျားမှာ ချီးမွမ်းခံနေရတဲ့ ဒေါက်တာအံမှူးဝေကို တစ်ယောက်တည်းဖြစ်ပါစေလို့ ဘာကြောင့်ဆုတောင်းမိမှန်း မသိ။

www.burmeseclassic.com



"ဟင်"

စေ့ထားတဲ့ တံခါးလေးကိုတွန်းဖွင့်ဝင်လိုက်တော့ ဂျူတီကုတ်လေးကိုချွတ်ထားလျက် ဆံနွယ်တွေကိုဖြန့်ချထားကာ သူ့ကိုကျောပေးပြီး ဘေစင်လေးမှာ လက်ဆေးနေသည်။

မှတ်မှတ်ထင်ထင် အနီရောင်အခက်များပါသည့် ပါတိတ်ဝမ်းဆက်လေးကို ဝတ်ထားတာမို့ သူ ခြေဖျားလက်ဖျားများပင် အေးစက်သွား၏။

ဝင်းဝါနုစ်ကျနေသော အသားအရေ၊ ကိုယ်နေဟန်ထားနှင့် အရပ်အမောင်း အားလုံးသေချာနေပြီမို့ ဝမ်းသာသွားတာလား၊ ကြည်နူးသွားတာလား မသိနိုင်တဲ့ ခံစားမှုတစ်မျိုးဖြင့် ရင်ထဲမှာ လှိုက်ဖိုသွားသည်။

"ဩော် ညှိသည်ရောက်နေတာလား၊ ထိုင်လေ"

သူမ ကောင်တာစားပွဲရှေ့ကထိုင်ခုံလေးကို မေးငေါ့ပြ၏။ အသံလေးက ချိုအီစွဲမက်ဖွယ် ကရုဏာသံလေးဖြစ်ပြီး ဂျူတီကုတ်ချွတ်ထားတော့လည်း တစ်မျိုးကြည့်လို့ကောင်းနေသားပဲဟု မှတ်ချက်ချမိ၏။

"ဘာကိစ္စ ပြောပါ"

"ဗျာ၊ ဩော် ဟုတ်ကဲ့ ဒီလိုပါ၊ ခုနက ဒေါက်တာခွဲစိတ်ခဲ့တဲ့ ဒေါ်ခင်မိုးအခြေအနေကို သိချင်လို့ပါ၊ ဆေးစာညွှန်ကြားချက်လည်း





လာယူတာပါ"

"မင်းက လူနာနဲ့ဘာတော်တာလဲ"

"ဘာ ဘာမှမတော်ပါဘူး၊ သူငယ်ချင်းရဲ့အမေပါ၊ အိမ်ကိုသွားရင်း ရောဂါဖြစ်နေတာတွေ့လို့ အကူအညီပေးဖြစ်တာပါ"

"ဩော်"

ဟော့ဟော့ရမ်းရမ်းပုံစံလေး ဖြစ်ပေမယ့် လူမှုရေးစိတ် ရှိသားပဲဟု အံမှူးဝေတွေးလိုက်မိ၏။ အီမိုကေလို ကာလာတင်ထားတဲ့ ဆံပင်တစ်ခြမ်းက ကုပ်ထိလုနီးပါး။

နားကွင်းတစ်ဖက်ကို ထင်သာမြင်သာဝတ်ထားကာ လည်ပင်းနှင့်လက်များမှာ ဖန်စီပစ္စည်းတွေ ရှုပ်ယှက်ခတ်နေပြီး အင်္ကျီနှင့်ဘောင်းဘီက ဖိုးရိုးဖားရား။

မျက်နှာလေးကတော့ ဝါညက်ညက်ဖြင့် လေးထောင့်ဆန်၍ ယောကျ်ားပီသပါသည်။

ဒီကောင်လေးမှာ အဖြူရောင် ကြည်လင်ဝိုင်းစက်နေသော မျက်လုံးနှင့် စိမ်းညို့ညို့ထူတန်းနေသော မျက်ခုံးက အထူးခြားဆုံးဖြစ်၏။ ယောကျ်ားလေးတန်မဲ့ ထောင့်ချိုးညီနေတဲ့ နှုတ်ခမ်းလေးတွေက စိုရဲနေသည်။

တစ်ခဏအတွင်း အကဲခတ်မိကာ အကြည့်လွှဲလိုက်ပြီး ဆေးစာရွက်ကို အမြန်ရေးပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



“ဈော၊ ဒီဆေးစာရွက်ကိုယူပြီး ဆေးကောင်တာမှာ သွားဝယ်လိုက်ပါ။ အဲဒီလူနာကို မင်း အသက်ကယ်ပေးလိုက်တာလို့ ယူဆလို့ရတယ်၊ နောက် ဆယ့်ငါးမိနစ်လောက်သာနောက်ကျရင် အူအတက်ပေါက်ပြီး သေသွားနိုင်တယ်”

“ဟုတ်ကဲ့၊ ကျွန်တော်သူငယ်ချင်းက အမေတစ်ခု‚ သားတစ်ခုဘဝဆိုတော့ ကျွန်တော် ကူညီရကျိုးနပ်ပါတယ်၊ ဟို ဒေါက်တာ့ကိုလည်း ကျေးဇူးတင်ပါတယ်”

“တို့က တာဝန်အရ ဆောင်ရွက်ပေးရတာပါ။ လူနာက အားလုံးအခြေအနေကောင်းတော့ တစ်ပတ်လောက်ဆိုရင် ဆေးရုံက ဆင်းလို့ရမှာပါ”

လင်းလက်ချာန် တိတ်တဆိတ် သက်ပြင်းချလိုက်မိ၏။ လူနာ ဆေးရုံကဆင်းလို့ရပြီဆိုရင်တောင် သူက ဆေးရုံက မခွာချင်တော့ဘူးဟု ပြောထွက်လိုက်ချင်သည်။

အံမှူးဝေရဲ့ ကျွန်မြကြီးပြီး မဟာဆန်သောအလှက သူ့ရင်ကို ငြိတွယ်နေ၏။ သူမအနားက တစ်ဖဝါးမှမခွာချင်အောင် ဆွဲဆောင်နိုင်လွန်းသည်။

ရင်ကိုထိစေတဲ့ မခဲ့အလှကြောင့် –

✿ ✿ ✿



## အခန်း (၂)

“ဆေးဝယ်သွားတာ အကြာကြီးပါလား ချာန်၊ ဟိုကောင်တွေဆီ ဖုန်းဆက်နေတာလား”

“မဆက်ပါဘူး၊ ဆေးကောင်တာမှာ ဆေးတစ်မျိုးလိုနေလို့ ခဏစောင့်နေရတာ၊ ဘယ်လိုလဲ၊ အန်တီ သက်သာလား”

“သက်သာတယ်၊ ဆေးရှိန်နဲ့ မှိန်းနေတာ၊ ငါ့အမေ အသက်ကို အချိန်မီကယ်တင်ပေးတဲ့ မင်းကျေးဇူးကို ငါ မမေ့ပါဘူးကွာ၊ မင်းတို့လို မပြည့်စုံပေမယ့် ငါ ကျေးဇူးဆပ်ခွင့် ပြန်ရချင်ပါတယ်”

“ခုလည်း မင်း ငါ့ကိုကျေးဇူးပြန်ဆပ်သလို့ပါပဲ”

“ဘာ”

ပြုံးစိစိပြောနေတဲ့ ချာန်ကို သူရ နားမလည်နိုင်ဖြစ်သွား၏



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုလျှင် ပြေးပြေးလွှားလွှားနှင့် ဈာန်က သူ့ထက်တောင် ပင်ပန်းသေးသည်။ ဒါပေမဲ့ ဈာန့်မျက်နှာမှာ ပင်ပန်းနွမ်းနယ်တဲ့အရိပ်အယောင် မပေါ်။

အခု ဆေးဝယ်ပြီးပြန်လာမှ ပိုပြီးတောင် တက်ကြွသွက်လက်နေသေး၏။ ဈာန်က သဘောကောင်းဖော်ရွေပေမယ့် တိကျသေသပ်တဲ့နှုတ်ခမ်းလေးမှာ အပြုံးတစ်ခုကိုဖန်ဆင်းဖို့တော့ တော်တော်ခဲယဉ်းသည်။

“ဈာန့် အချိန်လည်း မနည်းတော့ဘူး။ မင်းလည်း ပင်ပန်းနေပြီ၊ အိမ်ပြန်နားချင် နားတော့လေ”

သူရပြောတော့ ဈာန်က ခေါင်းယမ်းပြ၏။

“စပါယ်ရှယ် သီးသန့်ခန်း ငှားထားတာပဲကွာ၊ မင်းနဲ့အတူတူ ငါ စောင့်အိပ်ပေးပါ့မယ်”

“အာ အဲလောက်ကြီး မလိုအပ်ပါဘူး။ စပါယ်ရှယ်နပ်စ် လည်း ငှားထားတယ်၊ ငါလည်း ရှိနေတာပဲ၊ ဒီလောက်ကူညီပေးနေတာ ကျေးဇူးတင်နေပါပြီကွာ၊ ငါတို့နှစ်ယောက် သီချင်းတိုက်ဖို့ မလာလို့ ဝဏ္ဏတို့လည်း မျှော်နေကြမှာ၊ သူတို့ဆီ ခဏဝင်ပြီး မင်းပြန်နားလိုက်ပါနော် ဈာန်”

“မင်းက ဘာလို့ စွတ်အတင်းနှင်နေတာလဲ၊ ဒီတစ်ရက်နှစ်ရက် ငါစောင့်အိပ်ပေးမယ်၊ မနက်မှပြန်ပြီး အိမ်မှာနားမယ်၊ မင်း





အမေ ဆေးရုံကဆင်းမှ ငါတို့ သီချင်းတူတူတိုက်မယ်၊ အေးဆေးပဲ”

ဈာန့်ပခုံးကိုပုတ်ပြီး သူရ သက်ပြင်းချလိုက်၏။ ဈာန်က သူငယ်ချင်းတွေအပေါ် ငွေအား၊ လူအား၊ ကိုယ်ဖိရင်ဖိ အကူအညီပေးတတ်သည်။ သူတို့အဖွဲ့လေးမှာ ဈာန်က ခေါင်းဆောင်ဆိုပေမယ့် ပါဝါလည်း မကြီး၊ မာနလည်း မကြီး။

ပွင့်လင်းရိုးသားမှုဖြင့် သူငယ်ချင်းတွေအပေါ် အနွံတာခံသည်။ ဒါပေမဲ့ ဘာလုပ်လုပ်တိကျပြတ်သား၏။ ခေါင်းဆောင်ကောင်းပီသစွာ စည်းကမ်းလည်းကြီး၏။

အခုလည်း ဈာန်ပြုံးနေတာကို မသင်္ကာတာ။

အချိန်က နေညိုချိန်ကိုကျော်လို့ မှောင်ရီသန်းနေပြီ။ မပြန်သေးဘူးတဲ့၊ သူ့အိမ်ကိုဖုန်းဆက်ပြီး အကြောင်းကြားထားမှာ သိနေပေမယ့် ကိုယ့်အမေကြောင့် ဈာန်ကို ဒီလောက်ထိ ဒုက္ခမများစေချင်။

အမေ့ကို ဆရာမလေးနှင့်ထားရစ်ခဲ့ပြီး ဈာန့်လက်ကိုဆွဲ၍ အပြင်ထွက်လာခဲ့၏။

“သူရ ဘာဖြစ်တာလဲ၊ ဘယ်သွားမလို့လဲ”

“မင်း ဒီမှာအိပ်မယ်ဆို ဆေးရုံကင်န်တင်းမှာ တစ်ခုခုသွားစားမယ်လေ”

နှစ်ယောက်သား ဓာတ်လှေကားကနေ အောက်ဆုံးထပ်ဆင်းလာခဲ့ကြပြီး ဆေးရုံဝင်းအတွင်းက သန့်ရှင်းသပ်ရပ်သော ကင်န်



www.burmeseclassic.com

www.burmeseclassic.com



တင်းဘက် ထွက်လာခဲ့သည်။

ဒီစားသောက်ဆိုင်လေးက လူနာတွေအတွက်၊ ဧည့်သည်တွေအတွက် အစားအသောက်အဆင်ပြေအောင် စီစဉ်ပေးနိုင်၏။

"ဟာ"

ရျာန်နတ်က တီးတိုးအာမေဋိတ်သံ လွှတ်ခနဲ ထွက်သွား၏။ ထောင့်စားပွဲလေးမှာ ထမင်းပေါင်းထိုင်စားနေသော အံမှူးဝေကို မြင်တွေ့သွားခဲ့ခြင်းကြောင့်ဖြစ်သည်။

"ဟကောင် ဘာစားမှာလဲ၊ မှာလေ"

စားပွဲထိုးလေးက မီနူးကတ်လေးကိုင်ပြီး ရပ်နေတာမို့ သူရက ပန်းချင်းတိုက်ကာ သတိပေး၏။

"ဩော် အေး ထမင်းပေါင်းစားမယ် ညီလေး"

"ဟင် မင်း ထမင်းပေါင်း တစ်ခါမှ မစားဖူးပါဘူး၊ ကြိုက်လည်း မကြိုက်ဘူးဆို"

"အရင်က မကြိုက်ပေမယ့် အခု စားချင်လို့ပေါ့ကွာ၊ မင်းကလည်း လျှာရှည်လိုက်တာ"

သူရက ပန်းတွန့်ကာ စားပွဲထိုးလေးကို မှာပေး၏။ သူမလိုပဲ ပလိန်းတစ်ခွက် အနားမှာရှိရန် ထပ်မှာလိုက်သည်။

သူရ နားမလည်နိုင်ဖြစ်နေမှန်း သိပေမယ့် မတတ်နိုင်။ အံမှူးဝေရဲ့ တဒင်္ဂအလှမှာ သူ ရူးသွပ်နေမိပြီ။





"သူရ ခဏနေဦး၊ ငါ ဟိုဘက်သွားလိုက်ဦးမယ်"

မနေနိုင်စွာ သူရကိုထားရစ်ခဲ့ပြီး အံမှူးဝေစားပွဲရှိရာ ထလာခဲ့သည်။ အံမှူးဝေ နိုက်ဂျူတီကျတာ သိနေသည်မို့ သူ အိမ်မပြန်ဖြစ်ခဲ့ခြင်းပင်။

"ထိုင်မယ်နော် မမ"

"ဟင်၊ ဩော် ထိုင်ပါ၊ ညစာ လာစားတာလား"

ပရဟိတစိတ်ရှိတဲ့ ကောင်လေးမှန်း သတိထားမိသည်မို့ သူမ ထိုင်ခွင့်ပြုလိုက်သည်။

"မင်း ဘာမှာထားလဲ၊ တစ်ခုခုမှာလေ"

"ဟုတ်ကဲ့၊ ကျွန်တော် ဟိုဘက်စားပွဲမှာ သူငယ်ချင်းနဲ့ လာထိုင်ရင်းနဲ့ မှာလိုက်ပြီးပြီ၊ မမကိုမြင်လို့ ထလာတာ"

"လူနာစောင့် တာဝန်ကျနေတယ်ပေါ့"

ကောင်လေးက ချိုအီစွာပြုံး၍ ခေါင်းညိတ်ပြ၏။ မမ ဆိုတဲ့နာမ်စားက လူ့ကို ရှိန်းတိန်းဖိန်းတိန်းတစ်မျိုးဖြစ်စေကာ ကောင်လေးမျက်လုံးတွေကိုလည်း မသိမသာ ရှောင်လွှဲရသည်။

ဩော် လူငယ်မို့ အကြည့်တွေရဲတင်းနေခြင်းလား။ လူနာရှင်နှင့် ဆရာဝန်တစ်ယောက် တစ်စားပွဲတည်းထိုင်နေတာ သမားရိုးကျဆန်ပေမယ့် ရိုးရှင်းဣန္ဒြေကြီးသော သူမနှင့် ခေတ်လွန်နေသော ဒီကောင်လေးကို ပတ်ဝန်းကျင်အမြင်မရှင်းလျှင်တော့ သူမ သိက္ခာကျ



www.burmeseclassic.com

www.burmeseclassic.com



နိုင်သည်။

သူမ ထမင်းကို တစ်ဝက်သောက်ချန်ထားကာ လက်စသတ်လိုက်ပြီး အေးစက်စက်ဖြစ်နေသော ကော်ဖီခွက်လေးကို ကောက်မော့ကာ ပိုက်ဆံရှင်းဖို့ပြင်လိုက်သည်။ သူက ကပျာကယာလက်ကာထားသည်။

"နေ နေပါစေ မမ၊ ကျွန်တော် ရှင်းလိုက်ပါ့မယ်"

"ဟင့်အင်း။ ဟို့ သူများကျွေးတာ မစားတတ်ဘူး၊ ကျေးဇူးပဲ"

"ကျွန်တော့်နာမည် လင်းလက်ဈာန်ပါ။ ဈာန်လို့ခေါ်ရင် အဆင်ပြေပါတယ်၊ မမကိုတော့ နာမည်ခေါ်ရတာ တစ်မျိုးဖြစ်နေလို့ မမလို့ပဲ ခေါ်မယ်နော်"

သူမ ခေါင်းညိတ်ပြဖို့စဉ်းစားနေချိန်မှာ ဆေးရုံဝန်ထမ်း မိန်းကလေးတွေလား၊ လူနာရှင်တွေလား၊ တခြားချည့်သည်မိန်းကလေးတွေလား မသိ၊ ခပ်လှမ်းလှမ်းစားပွဲမှထလာကာ လင်းလက်ဈာန်ဆိုတဲ့ကောင်လေးကို အော်တိုလက်မှတ်ရေးထိုးခိုင်းကြသည်။

ကောင်လေးက အားတုံ့အားနာနှင့် သူမကို တစ်ချက်ကြည့်ပြီး ပြုံးပြုံးရွှင်ရွှင်နှင့် လက်မှတ်ရေးထိုးပေးနေ၏။

ဒီကောင်လေးက ဘာလဲ။

ဒွိဟစိတ်တွေနှင့် သူမရင်ထဲ လှိုင်းထန်သွား၏။





ဝေဒနာပျိုးပင်လေးတစ်ခု လေပြည်တိုက်ခြင်း ခံလိုက်ရတာ မဟုတ်တန်ရာ။

ဒီကောင်လေး ဘာဖြစ်ဖြစ် ကိုယ်နဲ့မှ မဆိုင်တာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"အဲဒါ ဘယ်သူလဲ"

"ဒေါက်တာအံမှူးဝေ"

"မင်းနဲ့သိလို့လား"

"မင်းအမေကို ခွဲစိတ်ပေးတဲ့ ဆရာဝန်မလေ"

"အဲဒါနဲ့ ဘာသွားရောစရာလိုလို့လဲ"

"လှလို့"

"ဘာ"

သူ့ရ ဘာသံက တအံ့တသြဖြင့် တော်တော်လေးကျယ် ကျယ်လောင်လောင်ဖြစ်သွား၏။ ဈာန်ဆိုတဲ့ကောင်က မိန်းကလေး တွေရဲ့ အပုအဖေး ခွဲခြားနေတတ်ပြီး ချစ်သူရည်းစားထောင် ထား





မူးတာမှ မဟုတ်တာ။ မိန်းကလေးတွေရဲ့အလှကို အကျယ်တဝင့် ခံ စားတတ်တာလည်း မဟုတ်။

ခုတော့ ဒေါက်တာအံမှူးဝေကို လှလို့တဲ့။

ဒီကောင်ပြောလည်း ပြောချင်စရာပါ။ ဈာန် လှစ်ခနဲ သူမ အနားထသွားတော့ ဘာလဲလို့ သတိထားကြည့်မိလိုက်သည်။

ထင်းခနဲ၊ လင်းခနဲ ဘယ်နေရာတွေ့တွေ့ လည်ပြန်ကြည့် မိလောက်တဲ့ အလှတရားတွေကို ပိုင်ဆိုင်ထားသည်။ ဣန္ဒြေကြီးကာ မပွင့်တပွင့်အပြုံးလေးနှင့်သာ ဈာန့်ကိုတုံ့ပြန်သည်။ ဈာန်ကို အော်တို ရေးနိုင်းတဲ့ကောင်မလေးတွေ ရောက်လာတော့လည်း ကပျာကယာ ပိုက်ဆံရှင်း၍ ဈာန့်ကိုနှုတ်မဆက်ဘဲ ထထွက်သွားသည်။

ဒါကိုတောင် ဒီကောင်က -

"မင်း ဘာကောင်လဲဆိုတာ အဲဒီဒေါက်တာမမ သိတဲ့ပုံ မပေါ်ဘူးကွ၊ မင်းအနား ကောင်မလေးတွေရောက်ချလာတော့ မျက် လုံးလေးပြူးပြီး အံ့သြသွားတယ်ထင်တယ်၊ ပြီးတော့ လစ်သွားလိုက် တာ တန်းနေတာပဲ"

"ဘာကောင်မှန်း မသိတာ ကောင်းပေမယ့် နည်းနည်းတော့ အောက်သက်သက်တော့ ဖြစ်သွားတယ်၊ ငါလိုကောင်ကို မသိတဲ့သူ ရှိသေးပါလားလို့ပေါ့၊ ကိုယ့်ကိုယ်ကိုယ်တောင် သိမ်ငယ်သွားတယ်"

"ဒါပေမဲ့ မင်းမျက်နှာကြီးက ပြုံးနေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူရပြောတော့ ဈာန် ရှက်ရယ်ရယ်ချလိုက်၏၊ နစ်နစ်ခြိုက် ခြိုက်မရှိပေမယ့် သူမ့လိုပဲ ပလိန်းခွက်လေးကို ပေါ်ပါးစွာမော့သောက် ပစ်လိုက်သည်။

"အချစ်က ဆန်းကြယ်တယ်၊ သူ့ကိုမြင်မြင်ချင်း ရင်ခုန်တာ ကွ"

"ငါ့အမေ ဆေးရုံဘက်တာနောက်ကျတယ်လို့ ထင်နေလား"

"အဲလို စိတ်ယုတ်ယုတ်မာမာကြီးတော့ မရှိပါဘူးကွာ၊ အချစ် က အချိန်အခါနဲ့ ဖန်တီးယူလို့မှ မရတာ၊ သူ့အလိုလို လျှပ်ပြက်သလို ပေါ်ချင်ပေါ်လာတတ်တာ"

"နေ့မကူးသေးဘဲ မင်း အဲလိုခံစားတတ်နေတာကို အံ့သြ တယ်၊ ဒေါက်တာအံမှူးဝေလောက်နီးနီး လှတဲ့ ကနုတ်အပေါ်တောင် မင်း ဒီလောက်စိတ်ဝင်စားမှု မရှိဘူးထင်တယ်၊ ကနုတ်က မင်းကို အရမ်းချစ်တာနော်"

ဈာန်က ခေါင်းကိုဆတ်ခနဲ ခါပစ်လိုက်ကာ

"ငါ သူ့ကို ကိုယ့်အဖွဲ့အစည်းထဲက လုပ်ဖော်ကိုင်ဖက် တစ်ယောက်လိုပဲ သဘောထားတာ မင်းတို့သိပါတယ်၊ ငါ့ဘက်က ကနုတ်နဲ့ပတ်သက်တဲ့ မရိုးသားမှုမျိုး မင်း တွေ့ဖူးလို့လား"

"ဒါပေမဲ့ ကနုတ်ဘက်က မရိုးသားမှုတွေကိုတော့ မင်းသိ နေတယ် မဟုတ်လား၊ သူ့ရဲ့အထောက်အကူတွေနဲ့ မင်း ဒီလိုအောင်





မြင်နေတာကိုလည်း မမေ့သင့်ဘူး"

ကျစ်ခနဲ အသံပြုလျက် ဈာန်မျက်နှာ မှုန်မှိုင်းတည်တင်း သွား၏။ မျက်ခုံးနှစ်ခုကို တွန့်ကွေးစုကျုံ့ကာ မျက်လုံးကိုစုံမှိတ်ပြီးမှ ဆတ်ခနဲ ပြန်ဖွင့်သည်။

"သူများကြောင့် အောင်မြင်တယ်ဆိုတဲ့ အနေအထားမျိုးနဲ့ ငါ ချည်နှောင်မခံချင်ဘူး သူရ၊ ဒါပေမဲ့ အဖွဲ့အစည်း နာမည်ပျက်မှာ စိုးလို့ မင်းကို အတိုက်အခံမပြောချင်တော့ဘူး၊ မင်းသိထားရမှာက ငါ ဘယ်တော့မှ ကနုတ်ကို ချစ်လာမှာမဟုတ်ဘူး"

ဈာန်က ပြောစရာရှိလျှင် အားမနာတမ်း ပြောချတတ်သည်။ ဘာဖြစ်ဖြစ် ပြတ်သားရဲရင့်တက်ကြွမှုတွေနှင့် ဆုံးဖြတ်ရဲသည်။

ဒါကြောင့်လည်း ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်နေ ခဲ့တာ။ ဒါပေမဲ့ ဒေါက်တာအံမှူးဝေနဲ့ပတ်သက်ပြီး ဝဏ္ဏတို့အားလုံး နားလည်ခွင့်လွှတ်ကြမည် မထင်။

အားလုံးက ကနုတ်နဲ့ပဲ အဆင်ပြေချင်ကြတာ။ အရမ်းလည်း အသွင်တူလိုက်ဖက်တဲ့ စုံတွဲလေးပါ။ ပရိသတ်တွေကအစ ဘာလိုလို ညာလိုလိုထင်ကြေးပေးပြီး မဂ္ဂဇင်း၊ ဂျာနယ်စာမျက်နှာတွေပေါ်မှာ လည်း စိတ်ဝင်တစား ဖော်ပြခြင်းခံရသည်။

ကိုယ်က ဈာန့်ကျေးဇူးတရားတွေနှင့် ဝန်ပိနေတာမို့ ဘာမှ မပြောသာ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ကိုဘာတွေပြောချင်နေတာလဲ သူရ။ ဟိုဟာ ထောက်ထားသလိုလို, စိုးရွံ့သလိုလို ပုံစံမျိုးနဲ့ မျိုသိပ်မထားနဲ့၊ ငါ ကူညီထားတာ စေတနာသန့်သန့်"

"ငါ နားလည်ပါတယ်ကွာ၊ မင်းက ကျေးဇူးတင်ခံချင်လို့ ကူညီတာမဟုတ်မှန်းလည်း ငါသိပါတယ်၊ ဒါပေမဲ့ ငါလည်း ဝဏ္ဏ တို့လို မင်းကို ကနုတ်နဲ့ပဲဖြစ်စေချင်တာ"

"မချစ်ဘဲနဲ့ အပျော်တွဲရုံပဲလား"

"ဟိတ်ကောင် ကနုတ်ကို မင်း အဲလိုပေါ့ပျက်ပျက် မပြော ပါနဲ့၊ သူက မင်းအပေါ် ဘယ်လောက်အလေးအနက်ထားလဲ၊ ငါတို့ သိတယ်"

"ငါလည်း အဲလိုတွဲဖို့ကို စိတ်ကူးမရှိတာပါ၊ ဒေါက်တာအံ မှုးဝေ ငါ့ရင်ထဲ ရောက်လာတယ်၊ ငါ အလေးအနက် တန်ဖိုးထား တယ်"

"ခုမှတွေ့တဲ့ မိန်းမတစ်ယောက်ကိုကွာ၊ မင်း သူ့အကြောင်း ဘယ်လောက်သိထားလို့လဲ၊ အိမ်ထောင်ရှိတဲ့ မိန်းမတစ်ယောက် ဖြစ်နေရင်ရော မင်း ဘယ်လိုလုပ်မှာလဲ"

"သိချင်ရင် စုံစမ်းရမှာပေါ့၊ အိမ်ထောင်ရှိတဲ့ မိန်းမဆိုရင် ရင်ထဲမှာ မျိုသိပ်ထားမယ်၊ မရှိရင် ဖွင့်ပြောပြီး ပိုင်ဆိုင်နိုင်အောင် ကြိုးစားမယ်"





"ဟား"

ဟားခနဲအော်၍ သူရ ထိုင်ခုံကို နောက်ပြန်မှီချလိုက်၏။ အချစ်ဆိပ်တက်ကာ ရှာန့်ဝေဒနာက အထွတ်အထိပ်ရောက်နေသည်။ နောက်တစ်နေ့မနက် ဝဏ္ဏနှင့်အိတုံ အမေ့ကို လူနာသတင်းလာမေး တော့ ညှို့ဆောင်ကိုခေါ်သွားပြီး တီးတိုးသတင်းပေးဖြစ်သည်။

ဝဏ္ဏနှင့် အိတုံလည်း အံ့သြနေကာ

"ရှာန့် အခုဘယ်သွားလဲ"

"ဒီမနက်မှ ပြန်သွားတာ၊ အံမှုးဝေက ဒေးနဲ့နိုက် သိပ်ခွဲခြား မနေဘဲ ဂျူတီယူထားတာတဲ့၊ ရှာန့်က ချက်ချင်း အံမှုးဝေအကြောင်း စုံစမ်းထားတာနေ့၊ အခုတောင် အဲဒီမိန်းမ အိမ်ပြန်ချိန်ကို လိုက်သွား တာလား, ဘာလား မသိဘူး"

"အဲဒီဒေါက်တာမ အိမ်ပြန်ချိန်ကို ဒီကောင်သိတယ်ပေါ့"

"အတိအကျတော့ မဟုတ်ဘူး၊ ငါလည်း ဒီကောင်ထွက် သွားတော့ အံမှုးဝေအကြောင်း စုံစမ်းဖြစ်တယ်၊ ဒီမိန်းမက ဒီဆေး ရုံလေးမှာ တော်တော်အရေးပါတာကွ၊ ပြည်သူ့ဆေးရုံမှာ အလုည့် ကျဂျူတီဝင်ပြီးရင် ဒီမှာ အနေများတယ်တဲ့၊ သူ့ရဲ့သီးသန့်နားနေခန်း လေးတောင် ရှိတယ်ပြောတယ်၊ အိမ်ကို တစ်ခါတလေမှ ပြန်တာတဲ့၊ ကနုတ်တို့နဲ့ ဘယ်လိုပတ်သက်မှုရှိလဲတော့ မသိဘူး"

အိတုံက ခေါင်းကို ဖွဖွလေးကုတ်ကာ စဉ်းစားပြီး –



www.burmeseclassic.com

www.burmeseclassic.com



"ကနုတ်ကိုမေးကြည့်ရ ကောင်းမလားဟင်၊ သူတို့ပိုင်တဲ့ ဆေးခန်းဆိုတော့ ဝန်ထမ်းတွေအကြောင်း သိချင်သိနေမှာပေ့ါ၊ ဈာန် ရောဂါမရင့်ခင် တားဆီးနိုင်မှဖြစ်မယ်"

"အေး ငါတို့အားလုံး ဝိုင်းပြောကြည့်ရမယ်၊ ရပ့ါမလား မသိပေမယ့် ဈာန် ရှေ့ဆက်တိုးချင်လည်း တိုးမှာပါ၊ ဒါပေမဲ့ အံမှုူး ဝေအကြောင်း ကနုတ်ကို အသိပေးဖို့တော့ နည်းနည်းစောသေးတယ် ထင်တယ်၊ ငါတို့သီချင်းခွေကိစ္စ ပြီးမှ အေးဆေးတိုင်ပင်ပြီး ပြောကြ တာပေ့ါ၊ အသံသွင်းတဲ့အချိန် စိတ်မကောင်းဖြစ်နေရင် ဘယ်ကောင်း မလဲ"

"ဟုတ်တယ်၊ ငါတို့ သူရပြောသလို လုပ်ကြတာပေ့ါ၊ ဈာန် ကွာ ကနုတ်နဲ့ အစစအရာရာအဆင်ပြေပြီး လိုက်ဖက်နေတာကို ဘာ တွေအတွေးချော်နေတာလဲ မသိဘူး"

ကနုတ်အတွက် စိတ်မကောင်းဖြစ်ပြီး သုံးယောက်စလုံး အာ ရုံစားနေကြသည်။

ထိုအချိန်မှာ အထုပ်အပိုးတွေဆွဲဝင်လာတဲ့ ကနုတ်ကို အိ တုံ လှမ်းမြင်လိုက်သည်။ အနက်ရောင်ကွာတားဘောင်းဘီ၊ လည် ဟိုက် ကိုယ်ကျပ်အနီရောင်ရင့်ရင့်၊ ကုပ်ပေါ်မှာ ရွှေအိုရောင်ဝဲခါနေ သော ဆံနွယ်လေးတွေတလွင့်လွင့်ဖြင့် သူတို့အနား ကနုတ်ရောက်လာ သည်။





"နုင်တို့က လူမမာနား မနေဘဲ ဘာလို့ ညှော်ဆောင်ထဲ ထိုင်စကားပြောနေကြတာလဲ"

"လူမမာ သက်သာလို့ နုင့်ကို လာစောင့်နေကြတာ"

"အံမယ် ငါ့ကိုမစောင့်နိုင်လို့ဘဲ ဒီရောက်နေကြပြီးတော့၊ ငါက အိတုံအိမ်ကိုတောင် ဝင်ခေါ်ခဲ့သေးတယ်"

"သူရ ဖုန်းဆက်တော့ စိုးရိမ်သွားလို့ဟာ၊ ဖြစ်ကတည်းက မပြောတာကိုလည်း ရန်တွေ့ချင်လို့"

"အေး ဟုတ်တယ်၊ ငါလည်း ဈာန် ဒီမနက်မှ ဖုန်းဆက်လို့ ကောလိုက်သေးတယ်၊ အဖွဲ့လေးဖွဲ့ပြီး သူငယ်ချင်းတွေ ဒီလောက် ရင်းနှီးနေတာ ကြိုတင်အသိပေးတော့ အားလုံး ဝိုင်းလို့ဝန်းလို့ရတာ ပေ့ါ"

"ဈာန်က နုင်တို့ဒုက္ခများပြီး စိတ်မကောင်းဖြစ်မှာစိုးလို့ သူ တစ်ယောက်တည်း တာဝန်ယူသွားတာ၊ ဈာန်အကြောင်းလည်း နုင် တို့ သိရဲ့သားနဲ့၊ သူ မပြောချင် မပြောဘူး၊ သူ မလုပ်ချင် မလုပ်ဘူး၊ တကယ့်ဖွတ်တရွတ်"

"ဈာန်ကို အဲလိုမပြောပါနဲ့၊ ဈာန်က စေတနာနဲ့ပါ၊ နုင်တို့ အပေါ် ဈာန်က အရမ်းကောင်းပါတယ်"

ဈာန်ကိုပြောလျှင် ကနုတ်က ဆတ်ဆတ်ထိမခံ။ ရဲရဲစိုနေ သော နှုတ်ခမ်းပါးလေး ရှုပုတ်ပုတ်ဖြင့် –



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့ နှင့်အမေအတွက် ငါဝယ်လာတာ သူရ၊ ဝန်ထမ်းတွေကို ဂရုစိုက်ပေးဖို့ ငါ မှာပေးခဲ့ရဦးမလား။ ဘာလိုအပ်သေးလဲ"

"မလိုတော့ပါဘူး၊ ကျေးဇူးပဲ ကနုတ်၊ ငါအမေ့ကို လူနာစောင့်နေရတော့ နှင်တို့ သီချင်းတောင်မတိုက်ဖြစ်တော့ဘူး ထင်တယ်၊ အားနာလိုက်တာဟာ"

"ဘာ အားနာစရာလိုလဲ၊ နှင့်အမေ ဆေးရုံကဆင်းရင် ငါတို့ အချိန်တိုးပြီး ပိုကြိုးစားလိုက်ရင် ဖြစ်တာပဲ၊ ဘာမှမတွေးနဲ့၊ နှင့်အမေကိုသာ ဂရုစိုက်၊ သိလား သူရ"

သူငယ်ချင်းတွေရဲ့ အားပေးစကားတွေကြောင့် သူ့ရ စိတ်ပေါ့ပါးသက်သာပါသည်။ အားလုံးထဲမှာ သူက အချို့တဲ့ဆုံးဖြစ်သလို ဈာန်နှင့် ကနုတ်က ပစ္စည်းဥစ္စာ ဂုဏ်ဓနပြည့်စုံကြွယ်ဝကြသည်။

တက္ကသိုလ်တက်နေစဉ်ကတည်းက နေထိုင်ရာအရပ်ဒေသတွေ မတူကြပေမယ့် ဝါသနာတူလို့ ပေါင်းဖက်မိကြတာ။ ကျောင်းပြီးတော့ ဒီဂျေနှင့် အကအဖွဲ့လေးတစ်ဖွဲ့ ထူထောင်ဖြစ်ကြသည်။ ဒီလောကထဲကို သူတို့အဖွဲ့ဝင်တာ နောက်ကျပေမယ့် ဈာန်ရဲ့အဆိုနှင့်အကပညာကြောင့် ထိပ်ဆုံးရောက်နေတဲ့အဖွဲ့တွေနှင့် ပခုံးချင်းယှဉ်နိုင်တဲ့အထိ အချိန်တိုအတွင်းမှာ အောင်မြင်ခဲ့သည်။

ကနုတ်ရဲ့အလှကြောင့် နှစ်ဦးလုံးလိုက်ဖက်ကာ ပရိသတ်စိတ်ဝင်စားမှုများပြားပြီး မြန်မြန်အောင်မြင်ခဲ့တာလည်း ဖြစ်နိုင်၏။





သူတို့ကလည်း ပရိသတ်တွေ ချစ်စနိုးထင်ကြေးပေးနေသလို ဈာန်နှင့်ကနုတ်ကို ချစ်သူတွေဖြစ်ပြီး လက်ထပ်စေချင်ကြသည်။

ကနုတ်ဘက်က ဈာန့်အပေါ် အလေးအနက်တန်ဖိုးထားတာသိနေသလို ဈာန်ကိုလည်း အဲလိုပဲဖြစ်စေချင်သည်။

ဒါပေမဲ့ ဈာန်က ကနုတ်နဲ့ပတ်သက်လျှင် အေးစက်စက်ဥပေက္ခာပြုလွန်း၏။

အရင်က အလိုက်အထိုက်ဆက်ဆံပေးနေပေမယ့် အခု အံ့မှူးဝေအပေါ် စိတ်ခံစားမှုတွေ ယိမ်းယိုင်နေပြီဆိုတော့ ပိုဆိုးပေတော့မည်။ အဲလိုဖြစ်လျှင် ကနုတ် အရင်ဆုံး အသည်းကွဲဝေဒနာ ခံစားရနိုင်၏။

မင်း အံ့မှူးဝေကို ချစ်လို့မဖြစ်ဘူး ဈာန်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"နောက်မှာ ကားတစ်စီး ကပ်လိုက်နေသလိုပဲ ဒေါက်တာ၊ ဘယ်လိုသဘောလဲ မသိဘူး"

"ဟင်"

အံမှူးဝေ အံ့သြသွားကာ ခေါင်းလေးချာချာလည်၍ နောက်ကို ဆတ်ခနဲလှည့်ကြည့်မိသည်။ နီညိုရင့်ရောင် ပရာဒိုကားလေးက သူမ,စီးလာတဲ့ တက္ကစီကားလေးနှင့် ဘယ်လောက်မှမကွာ။

တက္ကစီကားသမားက သူ့ကားကို အရှိန်လျှော့ကြည့်သည်။ မြန်ကြည့်သည်။ လမ်းဘေးချ ရှောင်ပေးထားတာမျိုးလည်း ရှိ၏။ ဒါပေမဲ့ ထိုကားက သူမတို့ကားလေးရဲ့နောက် မလှမ်းမကမ်းအနေအထားနှင့်သာ မောင်းနေခဲ့သည်။





တစ်လမ်းလုံး ထိုအတိုင်းမို့ ကားသမားက သတိထားမိကာ သူမကို ပြောလိုက်ခြင်းဖြစ်သည်။ ဘုရင့်နောင်မီးပွိုင့်ကနေ ဘုရင့်နောင် တံတားပေါ်ရောက်လာတော့လည်း ပရာဒိုကားလေးက နောက်က လည်း ချန်မနေခဲ့။ ရှေ့ကလည်း ကျော်တက်မသွား။

"ခဏလေး ကားဆရာ၊ တံတားအဆင်းရောက်ရင် ကားကို လမ်းဘေးချ ရပ်ထားလိုက်ပါ၊ နောက်ကကား ဘာသဘောလဲဆိုတာ သိရအောင်"

ကားသမားက ခေါင်းညိတ်ပြပြီး 'လမ်းဘေးချရပ်ပေး၏။ မရိုးမသားဖြစ်နေလည်း မင်းမဲ့တိုင်းပြည်မဟုတ်လို့ သူမ မကြောက်ပါ။ ကားတံခါးဖွင့်ဆင်းရင်း အကဲခတ်သလိုဖြင့် ပြင်ပလေနုလေးကို တစ်ဝ ရှူရှိုက်လိုက်သည်။

"ကျွို"

"ဟင်"

ကားလေးက သူမအနားမှာ ကပ်ရပ်လိုက်သည်မို့ သူမ အံ့သြလန့်ဖျပ်သွားသည်။ တစ်ဆက်တည်း ကားတံခါး ချပ်ခနဲပွင့်လာပြီး ပရပ်ဟိတဖန်စီကောင်လေး ကားပေါ်က ဆင်းလာ၏။

ဘယ်လို ဗရုတ်သုတ်ခပါလိမ့်။

စိတ်ထဲမှာ တင်းခနဲဖြစ်သွားသည်။ ကောင်လေး,အပြုံးက အားပြင်းကာ မျက်လုံးအကြည့်တို့က ရီဝေစိုလက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



“မမ ကား ဘာလို့ရပ်ခိုင်းလိုက်တာလဲ၊ ကျွန်တော်က မမ အိမ်ကိုသိချင်လို့ နောက်ကလိုက်လာတာ”

မျက်နှာတစ်ဝက်ဖုံးလုနီးပါး ဆံပင်တွေကို ရှက်ရယ်ရယ်ကာ ဖွာခနဲသပ်တင်လိုက်ပြီး ဘောင်းဘီမွှမ့်ကြီးထဲ လက်နှစ်ဖက်ထိုးထည့်ထား၏။

ဒီလောက်အချိန်တိုအတွင်း ရဲတင်းလွန်းတာကို အံ့ဩစိတ်ဖြင့် မေးရမယ့်စကားလုံးတို့ လည်ချောင်းဝမှာတင် ပျောက်ဆုံးနေသည်။

“မမ အဲလိုကြီးမကြည့်ပါနဲ့ ကျွန်တော် မနေတတ်ဘူး”

“မင်း ရှက်လို့ နောက်ပြန်လှည့်မယ့်ပုံတော့ မပေါ်ပါဘူး၊ ဒါပေမဲ့ ရှေ့ဆက်တိုးပြီးလည်း မလိုက်ခဲ့ပါနဲ့၊ တို့ သိက္ခာကျမခံနိုင်ဘူး”

“မမ့စကားလုံးတွေ ရင့်လိုက်တာ၊ ကျွန်တော် ဘာကြောင့် မမနောက် လိုက်လာရတယ်ဆိုတာ အရင်မေးပါဦးလား”

“မေးချင်စိတ်မရှိဘူး ရှာန်၊ မသင့်တော်ဘူးဆိုတာ တွေးပြီး မင်းလှည့်ပြန်လိုက်ပါ၊ အရမ်းပင်ပန်းတဲ့နေ့မို့ အနားယူချင်လို့ အိမ်ပြန်လာခဲ့တာ”

အပြောရင့်ရင့်၊ အကြည့်စူးစူးဖြင့် အံမှုးဝေက ဥပေက္ခာပြုဖို့ကြိုးစား၏။ သူကလည်း စူးနင့်မာကျောသယောင်နှင့် နူးညံ့ခြင်းနည်းပါးသည့် အံမှုးဝေမျက်ဝန်းတွေကို အထင်တကြီးဖြစ်မိ၏။

ဝတ်ထားတာက အစိမ်းရောင်ရင့်ရင့်မှာ အနက်ရောင် အ





စက်တွေပါသည့် အပြောင်သားအထက်အောက်ဝတ်စုံလေး။

ကုပ်ပိုးလေးတွေပြည့်ပြီး လည်တံလေးက ခပ်ပြေပြေကျော့ရှင်းသော်လည်း လည်ဟိုက်မဟုတ်ဘဲ ရိုးယဉ်စွာလှပနေသည်။

ဆံနွယ်တွေကို နဖူးလေးက သိမ်းလှန်ပြီးထားကာ တင်ပါးအထိ အခက်လိုက်ဝဲဖြာကျနေသည်။

ဖွေးနုဝင်းဖန့်နေသော မျက်နှာလေးမှာ စိမ်းဖန့်ဖန့်မွေးညင်းနုများဖြင့် စိုရဲဖူးရှုနေသော နှုတ်ခမ်းလေးက ကဗျာဆန်လှသည်။

“ဒေါက်တာ့အသိမိတ်ဆွေဖြစ်နေတယ် ထင်တယ်၊ ကျွန်တော်တို့ သွားလို့ရပြီလား”

“ဪ ဟုတ်ကဲ့၊ သွားကြမယ်လေ”

ခုမှ ရှာန်အသိဝင်လာကာ တက္ကစီကားသမားရှေ့က ပိတ်ကာ ရပ်လိုက်သည်။

“အစ်ကိုကြီး သွားလိုက်ပါ၊ မမကို ကျွန်တော် အိမ်ပြန်လိုက်ပို့လိုက်မယ်”

“ဪ အဲဒါဆိုလည်း ကျေးဇူးပဲညီလေးရာ၊ အစ်ကို နောက်တစ်ကြောင်းဆွဲလို့ အဆင်ပြေသွားတာပေါ့”

ကားသမားက သူ့ကို ကျေးဇူးတင်သောမျက်လုံးများဖြင့် ကြည့်ပြီး အံမှုးဝေကို ခေါင်းလေးညိတ်နှုတ်ဆက်ကာ ချက်ချင်း ကားပေါ်တက်၍ ရှေ့နားရောက်မှပြန်ကွေ့ပြီး မောင်းထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ကျေးဇူးပြန်တင်ကာ ကားသမားကို လက်လေးပင်ပြလိုက်မိ၏။

"မင်း ဒါဘာလုပ်တာလဲ ချာန်၊ ရင်းနှီးမှုမရှိဘဲနဲ့တောင် မင်း အဲလိုအခွင့်အရေးယူတတ်တဲ့ ကောင်လေးလား"

"အထင်မလွဲပါနဲ့ မမရယ်၊ မမနဲ့ ခဏလောက် စကားပြောချင်လို့ပါ"

"ဆေးရုံမှာ လူနာရှင်အနေနဲ့ လူမှုရေးအရ စကားပြောရတာ မထူးဆန်းဘူးဆိုပေမယ့် နောက်ကနေ ဒီလိုမျိုးလိုက်လာပြီး နှောင့်ယှက်တာ တို့မကြိုက်ဘူး ချာန်"

"ကျွန်တော် တောင်းပန်ပါတယ်၊ ဒါပေမဲ့ မမနဲ့ စကားပြောခွင့်မရရင် ကျွန်တော် ပြန်မှာ မဟုတ်ဘူး"

"သဘောပဲ၊ မင်းဟာမင်း ပြန်ချင်ပြန်၊ မပြန်ချင်နေ ငါကတော့ ဆိုက်ကားငှားစီးပြီး ပြန်တော့မယ်"

ချာန်ကိုရှောင်ကွင်းပြီး ခပ်လှမ်းလှမ်းမှာရှိတဲ့ ဆိုက်ကားဂိတ်ကိုသွားဖို့ ခြေလှမ်းပြင်လိုက်သည်။

"ဒါ ဘာလုပ်တာလဲ"

ချာန်က သူမလက်ကို ဖျတ်ခနဲ ဖမ်းဆုပ်ဆွဲလိုက်တာမို့ သူမ အသံစူးစူးလေးဖြင့် အော်ရင်း ဆတ်ခနဲပြန်ရုန်းသော်လည်း လွတ်မြောက်ခြင်းမရှိ။

"အိမ်ကိုမလိုက်နဲ့ဆို မလိုက်တော့ပါဘူး၊ ဘာမှမပြောနဲ့ဆို





လည်း မပြောဘူး။ မမအိမ်နဲ့ အနီးစပ်ဆုံးနေရာလေးအထိတော့ လိုက်ပို့ပေးပါရစေ"

"တောက်"

ခပ်ကျိတ်ကျိတ်တက်ခေါက်မိကာ ချာန်တံခါးဖွင့်ပေးထားတဲ့ ကားလေးထဲကို ဆောင့်အောင့်ကာ ဝင်ထိုင်လိုက်ရသည်၊ သူမ ဂုဏ်သိက္ခာကြောင့် ပတ်ဝန်းကျင်ကို တော်တော်ဂရုစိုက်ရ၏။

ပတ်ဝန်းကျင်ရဲ့မျက်လုံးတွေကို မသိကျိုးကျွန်ပြုရဲလောက်အောင်လည်း သူမ မမိုက်မဲချင်။

ရှောခနဲလိမ့်ထွက်လိုက်တဲ့ ကားလေးက မိနစ်ပိုင်းအတွင်းမှာ နဝဒေးဥယျာဉ်အိမ်ရာရှေ့ကို ရောက်လာ၏။

"အထဲထိ မဝင်နဲ့၊ အဲဒီရှေ့မှာရပ်ပေးပြီး မင်းပြန်တော့"

လေသံမာမာနှင့် ခပ်ပြတ်ပြတ်ပြောခဲ့ပြီး သူမ လှည့်ထွက်လာခဲ့သည်။ ဘယ်လိုကောင်လေးလဲ၊ ဘယ်လိုနေနေ။ သူမ လှည့်မကြည့်ခဲ့။

အချိန်တိုတိုအတွင်း ဒီလောက်ထိရဲတင်းနေတာ အံ့ဩစရာ၊ အသက်အရွယ်သိပ်မကွာတဲ့ တည်ငြိမ်ခံ့ညားရင့်ကျက်နေတဲ့သူလည်း မဟုတ်။

သူမထက် ငါးနှစ်,ခြောက်နှစ်ခန့် ငယ်လိမ့်မည်ထင်သည်။ [illegible]ခပ်ဖွေး ပါးမြိုင်းမွေးများက မွေးညင်းစိမ်းလေးတွေသာ အရာထင်



www.burmeseclassic.com

www.burmeseclassic.com



ကာ နှုတ်ခမ်းလေးတွေက ရဲရဲစိုလျက်။ ဘယ်လိုမှ လူကြီးဆန်ဆန် ရင့်ရော်မှုမျိုးမရှိ။

ဝတ်စားထားတာလည်း အနုခေတ် လူငယ်ပေါ်ပိုင်လ်မျိုး မိုးရိုးဖားရား၊ မှိုသိဖတ်သီ။

ဖန်စီကြိုးတွေ ရှုပ်ယှက်ခတ်လျက် ဖျက်စိနောက်စရာပင် ကောင်းသေး။ ဒါပေမဲ့

ဒီကောင်လေးမှာ ဘယ်လိုအစွမ်းအစတွေ ပိုင်ဆိုင်ထားသည် မသိ။ မိန်းကလေးအများစုက လည်ပြန်ကြည့်သွားကြတာ။ တချို့ဆို အော်တိုရေးနိုင်းတဲ့သူတောင် ရှိသေး၏။

တစ်ခုခုတော့ တစ်ခုခုပါ။

"ဟာ အမေရေ မမကြီး လာတယ်ဗျို့"

အိမ်အဝကိုရောက်သည်နှင့် မောင်လေးက အရင်ဆုံးမြင်ကာ သူမကိုပြေးတွက်ကြိုပြီး အမေ့ကိုလည်း လှည့်အော်သည်။

"မောင်လေးတို့ ဒီနေ့ အလုပ်ပိတ်တယ်ပေါ့"

"ဒီနေ့ တနင်္ဂနွေလေ မမကြီးရဲ့ မမကြီးက ဆန်းဒေးမှန်း မန်းဒေးမှန်းကို မသိတော့ဘူး"

"ကြော် အေး ဟုတ်သားပဲ၊ မမကြီးက အိမ်ကိုမှ သိပ် မပြန်ဖြစ်တာ၊ မမကြီး သတိမေ့သွားတာပါ၊ ဒါဆို ညီမလေးရော ရှိ နေတယ်ပေါ့"





"ရှိပါတယ်၊ ရေချိုးခန်းဝင်နေတာ ဖြစ်မယ်၊ ညီမလေးက အခုလေးတင် အမေ့ကိုကူညီချက်ပြုတ်ပေးနေတာ၊ အမေက ကျွန် တော်တို့အလုပ်နားတဲ့ရက် ထမင်းပူ၊ ဟင်းပူစားရအောင်တဲ့လေ"

မောင်လေး ဝမ်းသာအားရပြောနေချိန်မှာ မီးဖိုခန်းထဲက အမေထွက်လာသည်။

"သမီးကြီးရောက်လာတာနဲ့ အတော်ပဲ၊ အမေ ဒီနေ့ ငါးသ လောက်ပေါင်းနေတာ သမီးရဲ့၊ ဟင်းပေါင်းအိုးနဲ့တည်ရင် စားရတာ တစ်မျိုးဖြစ်နေမှာစိုးလို့ မီးသွေးပျိုးပြီး သေချာချက်ထားတာ၊ သမီး လည်း အပြင်မှာကြုံသလိုစားနေရတော့ သားလတ်တို့ အလုပ်နားတဲ့ ရက် ဆေးခန်းမှာ ဟင်းလာပို့နိုင်းဖို့ ပြောထားတာ သမီးကြီးရဲ့"

အမေ့မေတ္တာတွေက အမေ့အပြုံးမှာ ပေါ်လွင်နေသည်။ အ မေကာ သူမတို့မောင်နှမသုံးယောက်အပေါ်မှာ နွေးထွေးမှုပေးပြီး ကြင် နာတတ်၏။

တာဝန်ကိုယ်စီ၊ အလုပ်ကိုယ်စီရှိနေကြတဲ့ သားတွေသမီး တွေကို ကိုယ်တိုင် ဖွယ်ဖွယ်ရာရာချက်ပြုတ်ကျွေးမွေးကာ ဒီအချိန်ထိ တာဝန်ကျေပေးသည်။ သူမတို့မောင်နှမသုံးယောက်ကလည်း ဘယ်သူ မှ ဆိုးပေမိုက်မဲမနေကြပါ။

သူမတို့ မိသားစုတွေအားလုံး ပြီးပြည့်စုံသောဘဝလေးကို ပိုင်စားရတာ အချိန်ကာလမကြာမြင့်သေး။



www.burmeseclassic.com

www.burmeseclassic.com



ဟိုအရင်ကဆိုလျှင် –

"သမီးကြီး ထမင်းပူပူနွေးနွေးတစ်ခါတည်း စားလိုက်ရအောင်လေ၊ ရေချိုးဦးမလား သမီး"

"မချိုးတော့ဘူး အမေ၊ ဒီနေ့ ခွဲခန်းဝင်ပြီး ရောစ်ခါတည်းချိုးလာခဲ့တာ၊ ထမင်းစားရအောင် အံမှုးပိုင်းကူလုပ်မယ်လေ"

"နေပါ မမကြီးရာ၊ မမကြီးက ကျွန်တော်တို့ထက်ပိုပင်ပန်းတယ်"

အမေ့လက်ရာထမင်းဝိုင်းက မောင်နှမသုံးယောက်အတွက် ဟိုတယ်ဟာတွေထက် အရသာရှိနေသည်။

ဟင်းခွက်ဝိုင်းမှာ လက်ချင်းဆုံလျက် ရယ်မောပျော်ရွှင်သံတွေကြောင့် အမေလည်း ကြည်နူးနေသည်။

"မောင်လေး မင်း စက်ရုံကရောထူးဝိုးမယ့်အထဲမှာ ပါမယ်ဆိုမန့်နေရာဖြစ်ရင် ဝင်ငွေကောင်းလို့ မိန်းမယူတော့မယ်ပေါ့"

"ဟား ဟား မမကြီးက ကျွန်တော်ကို အထင်ကြီးနေတယ်၊ ချစ်သူရည်းစားတောင် မရှိသေးဘူး။ ရှိနဲ့ရင်တောင် စီးပွားကို ကျော်မတက်ပါဘူး။ ညီမလေးတော့ မသိဘူးနော်၊ ကျွန်တော် ဘာသံညာသံတွေ ကြားနေတယ်"

"အစ်ကိုလေးနော် ဘာတွေလျှောက်ပြောနေတာလဲ မမကြီး သမီးက ဟို"





ညီမလေးက ရှက်ကိုးရှက်ကန်း ကြောက်ကြောက်ရွံ့ရွံ့နှင့် သူမကို မျက်လုံးလေးပုတ်ခတ်ပုတ်ခတ်ဖြင့် ကြည့်၏။

အမေက ပြုံးပြုံးကြီးနှင့် မသိချင်ယောင်ဆောင်နေသည်။

"ဘာမှ မထိမ်ဝှက်နဲ့ညီမလေး၊ အရွယ်ရောက်လို့ ချစ်သူရည်းစားထားတာ မမှားပါဘူး၊ လူရွေးမမှားဖို့ပဲ မမက သတိပေးမှာ၊ ဘယ်လိုလဲ၊ ချစ်သူရှိနေပြီလား ညီမလေး"

"ဟို မ မဟုတ်သေးပါဘူး မမကြီး၊ ညီမလေးအထက်က တာရေးအစ်ကိုကြီးက ပရိုပို့စ်လုပ်ထားရုံပါ၊ ညီမလေးက အမေနဲ့ မမကြီးကို တိုင်ပင်ပြီးမှ အဖြေပေးမှာပါ"

"သြော် အေး ဒီလိုစဉ်းစားဆင်ခြင်တတ်တာ ကောင်းပါတယ်၊ ညီမလေးရွေးချယ်တဲ့သူက လူချမ်းသာ, ပညာတတ်ဖြစ်ဖို့ထက် လူ့ဆိုးလူ့မိုက်, လူယုတ်မာ မဖြစ်ဖို့ အရေးကြီးတယ်"

"ဟုတ်ကဲ့ မမကြီး၊ ညီမလေးရဲ့အိမ်ထောင်ဖက်ကို ဦးနှောက်နဲ့ပဲ စဉ်းစားရွေးချယ်မှာပါ"

"သြော်"

ညီမလေးတောင် အရွယ်ရောက်လို့ အသိတရားတွေရှိနေပါပေါ့လား။ ဟိုအရင်ဘဝအခြေအနေမျိုးဆိုလျှင် ဒီလိုအဆင့်အတန်းနှင့် အသိတရားမျိုးတောင် ရှိလာလိမ့်မည် မထင်။

မြို့နှင့်အလှမ်းဝေး၍ မြစ်ကမ်းနဖူးနဲ့နီးတဲ့ တောရွာလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



သူမတို့မောင်နှမတစ်တွေ မွေးဖွားကြီးပြင်းခဲ့ကြသည်။

သူမတို့ရွာနှင့် တစ်ရွာကျော်က စာသင်ကျောင်းလေးမှာ ပညာသင်ခဲ့ကြရပြီး သမီးအကြီးဆုံးဖြစ်တဲ့ သူမက အဖေ ပိုက်လှေချ လို့ရလာတဲ့ ငါးတွေကို တစ်ရွာဝင်တစ်ရွာထွက် ကျောင်းတက်ချိန်အပြင် လည်ရောင်းခဲ့ရသည်။

အဖေက ပိုက်လှေသူကြီးမဟုတ်ပေမယ့် ဖားရာငါးရှာတော် သူ့မို့ မပိုလျှံ မပြည့်စုံသော်လည်း ထမင်းနပ်မှန်အောင်စား၍ ပညာ လည်းသင်ခဲ့ရပါသည်။

ငါးရောင်းချိန်မှလွဲ၍ သူမက စာကိုကြိုးစားသည်။ သူမရဲ့ အဖြစ်ချင်ဆုံးဆန္ဒက ဆရာဝန်ဒေါက်တာမကြီးဖြစ်ဖို့။

အဖေက အားပေးသလို၊ အမေကလည်း တိုက်တွန်းသည်။

ဆန္ဒတွေပြည့်ဖို့ ရည်ရွယ်ချက်တွေနှင့် ကြိုးစားခဲ့ကြတာ တက်ညီလက်ညီ။

ငယ်ဘဝက အောက်မေ့တသဖွယ်မကောင်းပေမယ့် လွမ်း မောစရာတော့ ကောင်း၏။

✿ ✿ ✿



## အခန်း (၅)

ဆယ်တန်းစာမေးပွဲနောက်ဆုံးရက်တွင် သူမ အိမ်ကို သုတ် ခြေတင်၍ အမြန်ပြေးလာခဲ့သည်။ သူများတွေလို စက်ဘီးတွေ၊ ဆိုင် ကယ်တွေနှင့် ကျောင်းမတက်နိုင်တာမို့ ကိုယ့်ခြေထောက်ကိုသာ အား ကိုးခဲ့ရ၏။

"အဖေ အမေ"

အိမ်ဝအရောက်မှာ အဖေနှင့်အမေကို အားရပါးရအော်ခေါ် လာခဲ့ရင်း ခြေတံရှည်အိမ်လေးပေါ်ကို ပြေးတက်ခဲ့သည်။

"သမီးကြီး ဖြေနိုင်လား"

"အောင်မှတ်တော့ ရတယ်မဟုတ်လား သမီး"

မျှော်လင့်တကြီး အဖေနဲ့အမေမေးနေတာကို အမောဆို့နေ



www.burmeseclassic.com

www.burmeseclassic.com



တာမို့ တန်းခနဲမဖြေနိုင်။ ဂလုံကလွမ်နှင့် သောက်ရေအိုးကရေကို တစ်ဝသောက်ပြီးမှ –

"ဒီဘာသာလည်း ဂုဏ်ထူးမှတ်ရအောင် ဖြေနိုင်ခဲ့တယ် အဖေ"

"ဟေ ဒါဆို အရင်နှေ့တွေလည်း ဂုဏ်ထူးမှတ်ရအောင် ဖြေနိုင်တော့ သမီးက ဘာသာစုံဂုဏ်ထူးတောင် ရနိုင်တာပေါ့၊ တော်လိုက်တာ အဖေ့သမီးကြီးက၊ သမီး ဆရာဝန်ကြီးဖြစ်ချင်တာ အဖေ ကြိုးစားပါ့မယ် သမီးရယ်"

"သမီးလည်း ကျောင်းပိတ်ထားတဲ့အချိန်တွေမှာ ဆေးကျောင်းတက်နိုင်အောင် ကြိုးစားမှာပါ အဖေ၊ အဖေရတဲ့ ငါးတွေကို လည်း ရောင်းမယ်၊ တောင်ပိုင်းက ကိုသာခင်ရတဲ့ငါးခူတွေ ဖောက်သည်ယူရောင်းဖို့လည်း ပြောထားတယ်"

"အေး အေး ကောင်းတယ်၊ ဆေးကျောင်းတက်ဖို့ဆိုတာ ငွေအများကြီးကုန်တာ၊ အမေလည်း တစ်ဖက်တစ်လမ်းဝင်ငွေရအောင် ရှာပါမယ်ကွယ်"

"အမေရယ် အမေက အငယ်နှစ်ယောက်တာဝန်လည်း ရှိသေးတယ်၊ အိမ်မှုကိစ္စဝေယျာဝစ္စတွေလည်း လုပ်နေရတယ်၊ မအားမလပ် တာဝန်တွေပိနေတာ၊ အဖေနဲ့သမီးပဲ ဝင်ငွေရှာပါမယ် အမေ၊ သမီးတို့မှာ ခွန်အားတွေအပြည့်ပါ နော်အဖေ"





သူမ စိတ်အားထက်သန်စွာပြောနေတော့ အဖေကပြုံးပြုံးကြီးနှင့် ခေါင်းညိတ်ပြ၏။

"ငါ့သမီးပြောတာ မှန်တယ်၊ ငါ့မှာ ခွန်အားတွေအပြည့်ပါပဲ မယ်မြ၊ ငါ့သမီးဆေးကျောင်းတက်နိုင်အောင် ငါ အစွမ်းကုန်ကြိုးစားမှာ၊ အငယ်နှစ်ယောက် ကျောင်းဆက်ထားနိုင်အောင်လည်း ကြိုးစားမယ်၊ ဒါမှ ငါတို့လင်မယား အသက်ကြီးရင် ချမ်းချမ်းသာသာနေနိုင်မှာ၊ အိုကံကောင်းမှာ"

အဖေက အားနှင့်မာန်နှင့်ကြုံးဝါးပြီး တကယ်လည်း ကြိုးစားခဲ့ပါသည်။ နေညမရှောင်၊ နေပူမိုးရွာမရှောင် မြစ်ချောင်းအင်းအိုင်ကနေ ပင်လယ်ဘက်အထိ ထွက်သည်။

သူမကလည်း အဖေဒိုင်ပို့လို့ ကျန်တဲ့ငါးတွေရော၊ တခြားသူတွေဆီက ငါးတွေရော အပင်ပန်းခံရောင်းခဲ့သည်။

ဖြစ်ချင်တဲ့ဆန္ဒအတွက် ဖြစ်အောင်လုပ်ဖို့ ဒီလောက်တော့ ရင်းနှီးပေးဆပ်ရမည် မဟုတ်ပါလား။

ထိုအချိန်က အငယ်မက ငါးတန်း၊ အလတ်ကောင်က ခုနစ်တန်း။ အမေကတော့ အိမ်မှုကိစ္စများဖြင့် အိမ်ထောင်တာဝန်ကျေခဲ့သည်။ ခုလိုပဲ ညစာထမင်းဝိုင်းလေးက ထမင်းဟင်းပူပူနွေးနွေးလေးများဖြင့် –

"ကဲ အဖေကြီးရော၊ သားတွေသမီးတွေရော ငါးလေး



www.burmeseclassic.com

www.burmeseclassic.com



အိုးကပ်နဲ့ ဘူးညွန့်ဟင်းချိုပူပူလေး စားလို့ကောင်းကြရဲ့လား''

''ငါ့မိန်းမလက်ရာက ကောင်းပြီးသားပါဗျာ၊ တစ်သက်လုံး စားနေရလည်း မတင်းတိမ်နိုင်ပါဘူး၊ ထပ်ထပ်ပြီးကို စားချင်နေတာ''

''ဟုတ်တယ်နော် အမေ၊ တစ်နေကုန် ဘယ်လောက်ပဲပင်ပန်း,ပင်ပန်း ညရောက်လို့ အမေ့လက်ရာထမင်းဝိုင်းကို ထိုင်လိုက်တာနဲ့ အမောကိုပြေသွားတာပဲ''

''ဟုတ်တယ်၊ အမေ ဘာချက်ချက် သားလည်း စားကောင်းတယ်''

''သမီးလည်းစားကောင်းတယ် အမေ၊ သမီး ကျောင်းကပြန်လာရင် အမေ့ကို အလုပ်တွေကူလုပ်မယ်နော်''

''ဟုတ်ပါပြီတော် ဟုတ်ပါပြီ၊ ဒီအမေကို ထမင်းကောင်းကောင်းချက်ကျွေးအောင် ဖားနေကြတာပေါ့လေ၊ ဒီကလည်း အဲလို အသံလေးတွေကိုကြားချင်နေတာနဲ့ ကောင်းကောင်းချက်ကျွေးပါမယ် ရှင်''

ထမင်းဝိုင်းလေးက ရယ်သံတွေနှင့် ပြီးပြည့်စုံသွားခဲ့ပါသည်။ မိသားစုဘဝရဲ့ နွေးထွေးမှုဆိုတာ တောင့်တစရာမလို၊ အပေးအယူ ညီမျှတဲ့ မေတ္တာတရားတွေနှင့် လုံခြုံအေးချမ်းခဲ့သည်။

ဒီဘဝလေးကို တစ်သက်တာ ပိုင်ဆိုင်ခွင့်ရချင်သော်လည်း

✿ ✿ ✿



## အခန်း (၆)

''ဟူး''

မောပန်းလွန်းစွာ ရွာထိပ်ကုက္ကိုပင်အရိပ်မှာ ခေါင်းပေါ်ရွက်လာတဲ့ ငါးခူတွေထည့်လာသောအိုးလေးကို မြေညီညီနေရာလေးမှာ ချထားလိုက်ပြီး အလေးတွေ၊ ချိန်ခွင်တွေထည့်ထားတဲ့ ပလတ်စတစ်ခြင်းလေးကိုလည်း လက်ကဖြုတ်၍ချထားလိုက်သည်။ ပြီးမှ ကုက္ကိုပင်ကြီးကိုမှီကာ ခြေပစ်လက်ပစ် အမောဖြေလိုက်၏။ ဒီနေ့ မိုးလင်းကတည်းက ကိုသာခင်ဆီက ငါးခူတွေယူပြီး တခြားရွာတွေမှာ သွားရောင်းခဲ့ရသည်။

ကိုယ့်ရွာက ငါးအများဆုံးထွက်တာမို့ ငါးရှားတဲ့အလှမ်းဝေးဝေးရွာတွေ သွားနိုင်မှ အဆင်ပြေသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်က အဖေ့ငါးဖမ်းလှေ ပြန်ရောက်မလာသေးတာမို့ ကိုသာခင့် ငါးခူအရှင်တွေ အိုးနဲ့ထည့်ယူကာ ရောင်းရသည်၊ တချို့က ငါးခူဆိုလျှင် အရှင်လတ်လတ်ခေါင်းထုသတ်ပေးမှ ဝယ်ချင်ကြ၏။

ဈေးဝယ်အကြိုက်လုပ်ပေးရသော်လည်း သူမ ဘယ်လိုမှ စိတ်မကောင်းနိုင်။ ရေအိုးထဲမှာ ဟိုဒီပြေးလွှားနေတဲ့ ငါးလေးတွေကိုကြည့်ပြီး ဒီလိုငါးသတ်ရောင်းရတဲ့ဘဝကနေ အမြန်ဆုံးလွတ်မြောက်ချင်လှသည်။

ဝါသနာပါတာက လူတွေအသက်ကို ကယ်တင်ပေးနိုင်တဲ့ ဆရာဝန်အလုပ်။ လက်တွေ့လုပ်နေတာက သတ္တဝါတွေကိုသတ်နေရတဲ့အလုပ်။

"ဟင်း"

သူမ,ဖြစ်ချင်တဲ့ ဆရာဝန် ဖြစ်မှဖြစ်နိုင်ပါ့မလား။

"ငါးလေးတွေရယ် ငါ ဆရာဝန်မကြီးဖြစ်ရင် နင်တို့ကို မသတ်တော့ပါဘူးနော်၊ နင်တို့ကိုသတ်မိတဲ့ ဝဋ်ကြွေးတွေကျေအောင် ငါ ဆရာဝန်မကြီးဖြစ်ရင် လူတွေရဲ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်အောင် ငါကြိုးစားမယ်၊ ခုတော့ ငါ့ကိုခွင့်လွှတ်ပေးကြပါ၊ နား လည်ပေးကြပါ၊ ပိုက်ဆံတွေအများကြီးကုန်မှ ဆရာဝန်ဖြစ်မှာဆိုတော့ ငါ ဒီအလုပ်ကို မလုပ်လို့မဖြစ်လို့ပါ၊ နင်တို့လည်း ဒီဘဝက ကျွတ် လွတ်သွားရင် ငါးဘဝကိုပြန်မရောက်အောင် ဆုတောင်းသွားကြနော်၊





သိလား။ နင်တို့ကို ငါ အမျှအတန်းပေးဝေပေးမယ်"

သူမ,ပြောနေတဲ့ စကားတွေကို ငါးလေးတွေ နားလည်လား၊ မလည်လား မသိပေမယ့် သူမကတော့ သူရူးတစ်ယောက်လို တတွတ် တွတ်ပြောနေမိသည်။ သူမစိတ်ဆန္ဒအရဆိုလျှင် ဘယ်လိုသတ္တဝါကို မှ မသတ်ချင်ပါ။ ဒုက္ခလည်း မပေးချင်ပါ။

ဒါပေမဲ့ ဘယ်လိုမှ မတတ်နိုင်တဲ့အခြေအနေမို့ –

"အဖေလည်း ဒီအလုပ်ကိုမလုပ်ချင်ပါဘူး သမီးရယ်၊ သူ များအသက်ပေးမှ ကိုယ့်အသက်ရှင်သန်ရတဲ့ အကုသိုလ်အလုပ်ကြီး ဖြစ်နေတယ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် သူများမိသားစုကို ဖြိုခွဲသလိုဖြစ်ရင် ကိုယ့်မိသားစုလည်း ပြိုကွဲရတတ်တယ် မဟုတ်လား၊ ဒါပေမဲ့ သမီး ဆရာဝန်မကြီးဖြစ်တဲ့အထိ အားတင်းထားမှာပါ"

အဖေ ဒီလိုပြောတော့လည်း သူမ မျက်ရည်လည်တဲ့အထိ စိတ်မကောင်းဖြစ်ရသည်။ သူမတို့မိသားစုအတွက် အဖေ ဘယ် လောက်ပင်ပန်းခဲ့တယ်ဆိုတာ သူမ အသိဆုံး။

မညည်းမညူ ရုန်းကန်ရင်ဆိုင်ခဲ့တာ အဖေ့မေတ္တာတရား တွေ ဖြစ်လိမ့်မည်။ မနက်ဖြန် ဆယ်တန်းအောင်စာရင်းထွက်လို့ သူမ ဆေးမှတ်မီမှာသိနေတဲ့အဖေက အရင်ကထက်တောင် ပိုကြိုးစားနေ မှာ သေချာသည်။

ဒီကျေးဇူးတရားတွေကို တစ်နေ့နေ့မှာ သူမ ပြန်ဆပ်ခွင့်ရချင်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

"အံမယ်း အံမယ်း"

စက်ဘီးစီးပြီးလာနေတဲ့ ကိုသာခင်က အသေးကနေအော်လာတာမို့ သူမ မြူန်းခနဲထရပ်လိုက်ကာ –

"ဟင် ကိုသာခင် ဘယ်သွားမလို့လဲ"

"ဟိုဘက်ရွာ ငါးဖိုးသွားတောင်းမလို့ ရွာထဲကဖြတ်လာတာဟ၊ နင်တို့အိမ်ဘက်မှာ လူတွေ ရှုန်းစရုန်းစုနဲ့ ဘာတွေဖြစ်နေလဲ မသိဘူး၊ အိမ်မြန်မြန်ပြန်လိုက်ဦး"

"ဟုတ် ဟုတ်ကဲ့ ကိုသာခင်၊ ငါးဖိုးတွေ မနက် ငါးလာယူမှ ပေးတော့မယ်နော်"

"အေးပါဟာ၊ အဲဒါ အရေးမကြီးပါဘူး"

ကိုသာခင် စက်ဘီးနင်းပြီးပြန်ထွက်သွားတော့ လေး၊ ငါးကောင်လောက်ကျန်နေသေးသော ငါးအိုးလေးကို ကပျာကသီကောက်ရွက်လိုက်ကာ ဆွဲခြင်းလေးကိုလက်တစ်ဖက်က ဆွဲ၍ သုတ်ခြေတင်ပြန်လာခဲ့သည်။

အိမ်ဝအရောက်မှာ ကိုသာခင်ပြောသလို လူများများကိုမြင်တွေ့လိုက်ရတော့ ရင်တွေပန်းတွေတုန်သွားသည်။

"မ မကြီး"

အရင်ဆုံးမြင်တဲ့ မောင်လေးက ငိုသံပါကြီးနှင့် အော်ခေါ်ကာ





သူမအနား အပြေးအလွှားရောက်လာသည်။ အမေကလည်း ငိုကြီးချက်မနှင့်ရောက်လာကာ –

"သမီး သမီးကြီး အဖေမရှိတော့ဘူး၊ အမေတို့ ဘယ်လိုလုပ်ကြမလဲ ဘယ်လိုလုပ်ကြမလဲ သမီးရဲ့"

"ဟင် အ အဖေ"

"သမီးအဖေ လေမုန်တိုင်းမိလို့ လှေမှောက်ပြီး ဆုံးရှာပြီကွယ်"

"ရှင်"

"ခွမ်း"

သူမ ခေါင်းပေါ်ကရေအိုးလေးကို သတိလက်လွှတ်လွှတ်ချလိုက်မိသည်မို့ ခွမ်းခနဲကျကွဲသွား၏။ ငါးခူလေးငါးကောင်က မြေပေါ်မှာ ဖျပ်ဖျပ်လူးနေသည်။ ဆွဲခြင်းလေးနှင့်အလေးတွေ ချိန်ခွင်တွေလည်း တစ်နေရာစီမှာ ပြန့်ကျဲလို့။

သူမ မျှော်လင့်ချက်တွေကရော

"အဖေ အဖေ အဖေ"

အာခေါင်ကိုခြစ်ကာ ကုန်းအော်လိုက်ပေမယ့် အသံက လည်ချောင်းဝမှာပင် တစ်ဆို့ပျောက်ကွယ်နေသည်။

အသက်မရှိတော့တဲ့အဖေရုပ်အလောင်းရှိရာ အိမ်မက်ထဲမှာ လမ်းလျှောက်သူလို တရွေ့ရွေ့တိုးသွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ"

သူမရင်တွေ တလှိုက်လှိုက်နဲ့ သည်းသည်းထန်ထန်ခေါ်နေ
ပေမယ့် အဖေ ကြားမှာမဟုတ်။ ငြိမ်းချမ်းစွာ အဖေအိပ်စက်နေသည်။

မျက်လုံးတွေကို မှေးမှိတ်ကာ သူမတို့မိသားစုလေးကို အဖေ
မကြည့်။

ထားရစ်ခဲ့ပြီလား အဖေ။ မျက်နှာလွှဲရက်ပြီလား။

စိတ်ချသွားပြီလား။

သမီးဆေးကျောင်းတက်နိုင်အောင် အဖေ အလုပ်တွေကြို
စားမယ်ဆို။

အဆုံးမသတ်သင့်သေးဘူးလေ အဖေရယ်။

သမီးတစ်ယောက်တည်း ရုန်းကန်ဖို့ ဘယ်လိုလုပ်အင်အာ
ရှိမှာလဲ။

အဖေရှိမှ အားရှိတာ။ အဖေရဲ့ဦးဆောင်မှုနဲ့ သမီးတို့ မိသာ
စုဘဝလေး မယိုင်မလဲရပ်တည်နေနိုင်တာပါ အဖေ။

အဖေဥပေက္ခာပြုသွားတာ စောလွန်းပါတယ်။ သမီး ဆရာ
ဝန်ကြီးဖြစ်မှ အဖေအကုသိုလ်အလုပ်တွေကိုစွန့်လွှတ်မှာဆို။ သူမ
မိသားစုတွေခွဲမိလို့ ကိုယ့်မိသားစုလေးပြိုကွဲမှာ ကြောက်တဲ့အဖေ

အခုတော့ ဒီဝဋ်ကြွေးတွေ အဖေအရင်ဆုံးပေးဆပ်လိုက်
တာလား။ ဒီအကုသိုလ်တွေရဲ့ ဒဏ်ကို မခံနိုင်တော့လို့လား။





ဘာဖြစ်ဖြစ် ဒီမိသားစုလေးကို အဖေ ခွဲမသွားသင့်သေးပါ
ဘူး အဖေရယ်။

အဖေ ခွဲမသွားပါနဲ့ဦး။

ခွဲမသွားပါနဲ့ဦး အဖေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

''ကံကြမ္မာက ဒီလိုဖန်တီးလိုက်တာ ဘယ်တတ်နိုင်မှာလဲ သမီးရယ်၊ အမေတို့မိသားစုလေးကို သမီးတို့အဖေ စိတ်ချလက်ချ မျက်နှာလွှဲသွားရက်တာ မဟုတ်ပါဘူး။ နောက်ဆုံးတင်းနေမှာ သေချာပါတယ်ကွယ်၊ သမီးကို သိပ်ပြီး ဆရာဝန်ကြီးဖြစ်စေချင်တာ၊ ခုတော့ အားလုံးရဲ့မျှော်လင့်ချက်တွေ သမီးအဖေကို စွန့်လွှတ်ရသလို စွန့်လွှတ်လိုက်ရပြီ ပျောက်ဆုံးသွားခဲ့ပြီ၊ သမီးအတွက် အမေ ပူကျူးမရ ပိုပြီးခံစားရပါတယ်၊ စိတ်မကောင်းပါဘူး သမီးရယ်''

အမေက မျက်ရည်ဖြိုင်ဖြိုင်ကျကာ ငိုက်ငိုက်လိုက်၏။ သူမရင်ထဲလည်း ဘာမှမရှိတော့သလို လစ်ဟာဆို့နင့်နေပါသည်။

အဖေ့အတွက်လည်း ဘာမှလုပ်မပေးနိုင်။ ကိုယ့်အတွက်





လည်း ဘာမှကျန်ခဲ့တာ မရှိ။ သူမ ဘာလုပ်သင့်သလဲ။ ဘာလုပ်ရဦးမှာလဲ။

''အမေ အံမှူး ဘာလုပ်ရမလဲ အမေ''

''သမီးအတွက် အမေလုပ်ပေးနိုင်တာ တစ်ခုပဲရှိတယ်၊ ဒီဘိုးဘွားပိုင်အမွေလေးကိုရောင်းပြီး ကျောင်းတက်ဖြစ်အောင် တက်ပါကွယ်''

''ဒါကိုရောင်းပြီး ဘယ်သွားနေကြမှာလဲ အမေ၊ တခြားမှာ အိမ်ငှားနေပြီး ရောင်းဖြစ်ခဲ့ရင်ရော ရတဲ့ငွေက ဆေးကျောင်းအပ်ဖို့တောင် လုံလောက်ပါ့မလား။ ဘာမှမစဉ်းစားချင်တော့ဘူး အမေရယ်၊ အံမှူးဖြစ်ချင်တာတွေ အဆုံးသတ်သွားပြီပဲ၊ အငယ်နှစ်ယောက်အတွက်ပဲ ကြိုးစားပါတော့မယ်၊ အံမှူးပညာရေးကံက ဒီလောက်ပဲပါတယ်လို့ သဘောထားလိုက်ပါပြီ''

''သမီးကြီးရယ်၊ အံမှူးရယ်''

အမေလည်း ပေါပေါသီသီ ငိုရှုံ့ပဲတတ်နိုင်၏။ ဖျာကြမ်းလေးပေါ်မှာအိပ်နေတဲ့ အငယ်နှစ်ကောင်အတွက် သူမ ရှန်းကန်ကြိုးစားရတော့မည်ဆိုတာ သိပါသည်။ မောင်လေးက ကျောင်းထွက်ပြီး အလုပ်လုပ်မည်ပြောသော်လည်း သူမ လက်မခံခဲ့။

အစ်မအကြီးဆုံးတစ်ယောက်နဲ့ အဖေနေရာအတွက်ပါ တာဝန်ကျေချင်သည်။ အမေကတော့ အဖေရက်လည်ပြီးကတည်းက



www.burmeseclassic.com

www.burmeseclassic.com



တားမရ၊ ဆီးမရဖြင့် ရောအလုပ်ကလေးတွေကို ထွက်လုပ်သည်။

ဒါကြောင့်မို့ အမေမရှိလို့ သူမ ဆေးကျောင်းတက်ဖို့ အခက်အခဲဖြစ်သွားတာမှလွဲ၍ စားဝတ်နေရေးအတွက် သိသိသာသာယိမ်းယိုင်သွားခဲ့တာ မရှိခဲ့။

အရင်ကထက် သူမ ဆတိုးကာ အပင်ပန်းခံကြိုးစားသည်။ ဒီနှစ် ရှစ်တန်းတက်ရမယ့်မောင်လေးက မြို့ကျောင်းမှာ အတန်းပြောင်းတက်ရမှာမို့ မကြိုးစားလို့မှ မရတော့တာ။

"သမီးကြီး အရမ်းအပင်ပန်းမခံပါနဲ့ကွယ်၊ သမီးကြီး ကျန်းမာရေးတစ်ခုခုဖြစ်ရင် အမေ ရင်ကျိုးရဦးမှာ၊ အမေလည်း ထွက်အလုပ်လုပ်နေတာဆိုတော့ အထိုက်အလျောက်အဆင်ပြေသွားမှာပါ"

"ဟုတ်ပါတယ် မမကြီးရယ်၊ ကျွန်တော်တို့မှာ မမကြီးတစ်ယောက်ပဲ အားကိုးစရာရှိတော့တာ၊ နွေကျောင်းပိတ်ရင် ကျွန်တော်လည်း အလုပ်ထွက်လုပ်မှာပါ၊ မမကြီး အရမ်းအပင်ပန်းမခံပါနဲ့နော်"

သိတတ်နားလည်နေပြီဖြစ်တဲ့ မောင်လေးက အားပေးသလို အမေကလည်း သူမကို ငဲ့ညှာစာနာပါသည်။

ဒါပေမဲ့ သူမ ဖြစ်ချင်တဲ့ဆန္ဒတွေ ဖြစ်ခွင့်မရတော့တာမို့ အလုပ်ထဲမှာ စိတ်နှစ်ပြီး စိတ်ကိုဖြေနေမိခြင်းပါ။

ဘဝက ဒီအတိုင်းပဲ ဖန်တီးခဲ့တာမို့၊ ဒါပေမဲ့ -

✿ ✿ ✿



အခန်း (၈)

"မမကြီး အမေ မမကြီး"

မောင်လေးက စက်ဘီးအစုတ်လေးကို အိမ်ထဲထိ ဒုန်းစိုင်းစီးဝင်လာကာ နာမည်တွေကိုလည်း တကြော်ကြော်အော်ခေါ်လာသည်။ မြို့ကျောင်းဆီ ကျောင်းသွားတက်ရတဲ့ မောင်လေးကို သူမ မဖြစ်မနေ ဒီစက်ဘီးလေးဝယ်ပေးထားခဲ့တာ။

အခု ထိုစက်ဘီးစုတ်လေးကို မညှာမတာ အိမ်ထောင့်မှာ ဖြုန်းခနဲတွန်းချခဲ့ပြီး အိမ်ပေါ်ပြေးတက်လာသည်။

"ဟဲ့ မောင်လေး မောကြီးပန်းကြီးနဲ့ ဘာဖြစ်လာတာလဲ"

"သားလတ်ရယ် ရွာကျောင်းက ညီမလေးကိုရော ဝင်မခေါ်ခဲ့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ဝင်ခေါ်ဖို့ သတိမရခဲ့ဘူး၊ အမေနဲ့မမကြီးကို သွားပြစရာရှိလို့ဗျ။ ဒီမှာ"

မောင်လေးက လွယ်အိတ်ထဲက ဂျာနယ်တစ်စောင်ကို ဆွဲယူပြီး စာရွက်တွေလှန်၍ထောက်ပြသည်။

"ဒီမှာလေ မမရဲ့၊ ယွန်းသစ္စာဘဏ်ကြီးက ဆယ်တန်းမှာ ဆေးမှတ်မီပြီး ဆေးကျောင်းမတက်နိုင်တဲ့သူတွေကို ကျောင်းထားပေးမယ်တဲ့၊ ပညာရေးကိုဆုံးခန်းတိုင်အောင် တာဝန်ယူပေးပေမယ်၊ လူဦးရေတော့ ကန့်သတ်ထားတယ်၊ အဲဒါ မမဖောင်တင်ပြီး အသနားခံလျှောက်ထားကြည့်ပါလား။ ဒါ အခွင့်အရေးပဲ မမ ရဲ့"

"ဗြော် တစ်နိုင်ငံလုံးမှာ ဂုဏ်ထူးတွေအများကြီးနဲ့ ဆေးမှတ်မီတဲ့သူတွေ တစ်ပုံကြီးကို၊ ကိုယ်က အလုပ်ဒဝေးဝေးနဲ့ ဘယ်လိုလုပ်ရနိုင်မှာလဲ"

"ဒါကတော့ မမလို ငါးဘာသာဂုဏ်ထူးနဲ့ ဆေးမှတ်မီပေမယ့် ဆင်းရဲလို့ဆေးကျောင်းမတက်နိုင်တာကလည်း အနည်းအကျဉ်းပဲရှိမှာပါ၊ ဘာဖြစ်လဲ မမရာ၊ လျှောက်ကြည့်လို့ရရင် မမ မျှော်လင့်ချက်တွေ ပြည့်တာပေါ့ဗျာ"

"ဟုတ်သားပဲ သမီးရဲ့၊ နောက်ကြောင်းကို မစဉ်းစားနဲ့၊ တကယ်ရခဲ့လို့ သမီးဘဝ တိုးတက်အောင်မြင်သွားရင် အမေတို့ဘဝတွေလည်း ပြောင်းလဲသွားတာပေါ့ကွယ်၊ ရလာတဲ့အခွင့်အရေးပေါ်





မှာ စွန့်စားကြည့်ပါ"

အမေနဲ့မောင်လေးက အားတက်သရော တိုက်တွန်းနေပေမယ့် အံမှူး သက်ပြင်းရှည်ကြီးချကာ ဂျာနယ်လေးကိုတစိမ့်စိမ့်ကြည့်နေမိသည်။

"သမီး နောက်ဆံတင်းနေတာ မဟုတ်လား၊ အမေတို့ အချိန်တစ်ခုထိ ဒီထက်ပိုပြီး ပင်ပန်းချင်ပင်ပန်းမယ်၊ ဒါပေမဲ့ အနာဂတ်တစ်ခုလုံး ပြောင်းပြန်လှန်ပစ်နိုင်တဲ့ အခွင့်အရေးကြီးမဟုတ်လား၊ အတိတ်ကို မတွေးနဲ့၊ ပစ္စုပ္ပန်မှာ ဘာဖြစ်နိုင်လဲ စိတ်မပူနဲ့၊ ခဏလေး ဒုက္ခခံလိုက်ရင် မသေချာတဲ့အနာဂတ်က အောင်မြင်မှုတွေနဲ့ ကြိုဆိုနေမှာပါ"

"အမေပြောတာ အံမှူးနားလည်ပါတယ်၊ ဒါပေမဲ့ အငယ်နှစ်ယောက်ရဲ့ ပညာရေးထိခိုက်သွားမှာ စိုးရိမ်တယ်အမေ၊ အံမှူးက ကျောင်းတက်နေချိန်မှာ မောင်လေးကကျောင်းထွက်ပြီး အလုပ်လုပ်နေရမှာမျိုး မကြည့်ရက်ဘူး၊ ဒီမိသားစုအခြေအနေကို အံမှူးအသိဆုံးပဲ ဥစ္စာ၊ အံမှူးလျှောက်မကြည့်တော့ပါဘူး အမေ"

"အမေ အကောင်းဆုံးတစ်ခု စဉ်းစားမိတယ် သမီး၊ အမေတို့ ဒီအိမ်နဲ့လယ်ကွက်တစ်ခုကိုရောင်းပြီး ရေကြည်ရာမြက်နုရာမြို့ကို ပြောင်းကြမယ်၊ ဒီကပါလာတဲ့ အရင်းအနှီးလေးနဲ့ အိမ်ငှားပြီး အမေက အလုပ်တစ်ခုခုလုပ်မှာပေါ့ သမီးရဲ့၊ မောင်လေးလည်း အရွယ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေပြီဆိုတော့ ကျောင်းပိတ်ရက်တွေမှာ အလုပ်ဝင်လုပ်လို့ရနေတာပဲ၊ မကောင်းဘူးလား သမီး''

''ကောင်း ကောင်းပါတယ် အမေ''

အမေရှင်းပြတာကို နားထောင်ရင်း သူမ အားတက်သွား၏။ ဒီလိုလုပ်လို့ အဆင်ပြေလျှင် သူမမျှော်လင့်ချက်တွေ ပြည့်ဝနိုင်တာပေါ့၊ စိတ်ကူးယဉ်ထားတာတွေ ဖြစ်ချင်မှဖြစ်နိုင်ပေမယ့် လက်တွေ့က ဖြစ်ချင်လည်းဖြစ်သွားနိုင်သည်။

သူမ ကံစမ်းကြည့်သင့်သလား။ အဖြေရှိလျှင်လည်း စမ်းကြည့်လိုက်ပါဟု ကံကြမ္မာကိုစိန်ခေါ်နိုင်းမှာ သေချာသည်။

လောကဓံဆိုတာ အရှုံးပေးနောက်ဆုတ်လျှင် ဖိအားပေး တိုက်ခိုက်လာနိုင်၏။

ဘာဖြစ်ဖြစ် စိန်ခေါ်မှုကို ရင်ဆိုင်ကြည့်ဖို့။

✿ ✿ ✿



အခန်း (၉)

''အံမှုုးဝေ''

''ဟုတ်ကဲ့ ရှိပါတယ်''

နာမည်စာရင်းခေါ်သူနောက်ကို အံမှုုးဝေ ခပ်ကုပ်ကုပ်လေး လိုက်ပါသွားမိသည်။ ဒီနေ့ ယွန်းသစ္စာဘဏ်ကြီးမှ တာဝန်ရှိသူတွေနှင့် သူဌေးက သတ်မှတ်ထားတဲ့လူဆယ်ယောက်ကို လူတွေ့ ခေါ်ယူမေးမြန်းခြင်းခံရတော့မှာဖြစ်သည့်အတွက် ကိုးဆယ်ရာခိုင်နှုန်း သေချာနေပြီဟု ပြောလို့ရပါသည်။

ကျန်တဲ့ဆယ်ရာခိုင်နှုန်းက စကားပြောဆိုရာမှာ အမှားအယွင်းမရှိမှ ဖြစ်မည်။

သူမရင်တွေ တထိတ်ထိတ် ခုန်နေသည်။ ဒီအခြေအနေသိ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာခဲ့ရတာကို အံ့ဩမက်လိုထင်နေဆဲပင်။

လူတွေအများကြီး ဖောင်တင်ထားသော်လည်း ကိုယ်ရေးရာဇဝင်အရ မိသားစုအခြေအနေနှင့် နယ်ကလူတွေကို ဦးစားပေးတာမို့ သူမ ကံကောင်းလာခဲ့ခြင်းဖြစ်၏။

အဆင့်ဆင့်မေးမြန်းစစ်ဆေးတာတွေ ပြန်ပြေပြီးမှ အရင်လူတွေ ဝင်သွားသည့် ရုံးခန်းတစ်ခုအတွင်း သူမ ရောက်လာခဲ့သည်။

ဘဲဥပုံပြောင်လက်နေသော စားပွဲကြီးရဲ့ထိပ်မှာ ဥပဓိရုပ်ကောင်းသောအမျိုးသားကြီးနှင့် အမျိုးသမီးကြီးတစ်ယောက် ထိုင်နေသည်။ ဘေးတစ်ဖက်တစ်ချက်ရဲ့ ထိပ်ဆုံးမှာတော့ တာဝန်ရှိသူ သုံးလေးယောက်က ထိုင်နေပြီး သူမလိုဖောင်တင်ထားလို့ ရွေးချယ်ခြင်းခံရတဲ့သူတွေလည်း ရောက်နှင့်နေသည်။ အားလုံးကို ဂါရဝပြုပြီးမှ ခုံလွတ်တစ်လုံးမှာသူမ ဝင်ထိုင်လိုက်သည်။

''ကဲ ကျန်တဲ့သူတွေကိုတော့ မေးမြန်းပြီးပြီ၊ သမီးလေး နာမည်နဲ့ မှတ်ပုံတင်က''

''အံ့မူးဝေပါရှင့်၊ မှတ်ပုံတင်နံပါတ်က – – – – ဖြစ်ပါတယ်''

''ဟုတ်ပါပြီ၊ ဖောင်စာရွက်ထဲမှာဖတ်ပြီးပေမယ့် သေချာအောင် ထပ်မေးရတာပါ၊ ဖောင်ထဲမှာရေးထားတဲ့ ကိုယ်ရေးရာဇဝင်က အမှန်ပဲလား''





''ဟုတ်ကဲ့ရှင့်''

''ငါးဘာသာ ဂုဏ်ထူးရှင်နော်၊ ရည်မှန်းချက်ကြီးကြီးနဲ့ ကြိုးစားအောင်မြင်ခဲ့တာလား''

''ဟုတ်ကဲ့၊ ကျွန်မ ဆရာဝန်မကြီး အရမ်းဖြစ်ချင်ပါတယ်၊ မိဘတွေကလည်း အရမ်းဖြစ်စေချင်လို့ ငွေကိုတက်ညီလက်ညီရှာဖွေခဲ့ကြပါတယ်၊ ဒါပေမဲ့ အမှတ်မထင် အဖေဆုံးသွားလို့ မျှော်လင့်ချက်တွေ မှိန်သွားခဲ့ရတာပါ၊ အဲဒါကြောင့် ယွန်းသစ္စာဘဏ်ကြီးက ကြော်ငြာတွေ့ပြီး လျှောက်ထားခဲ့တာပါ''

လူကြီးတွေအားလုံး ခေါင်းတညိတ်ညိတ်ဖြင့် သူမကို သနားငဲ့ညာစွာ ကြည့်နေကြသည်။ ဂျပန်ဆံထုံးမြင့်မြင့်မှာ တလက်လက်တောက်ပနေသော စိန်ဆံထိုးထိုးထားလျက် ရင်ညွန့်အထက်မှာ ရွှေဆွဲကြိုးခပ်ကြီးကြီးဝတ်ထားပြီး တည်ငြိမ်ကျက်သရေရှိသော အန်တီက –

''သမီးတို့လို ဝါသနာနဲ့ လိုချင်စိတ်ကြောင့် ကြိုးစားခဲ့ပေမယ့် အကြောင်းအမျိုးမျိုး, အခက်အခဲအမျိုးမျိုးနဲ့ စွန့်လွှတ်လိုက်ရတော့မလိုဖြစ်နေတဲ့သူတွေကို အန်တီ ပြုစုပျိုးထောင်ခွင့်, ထောက်ပံ့ခွင့်ရတာ အန်တီပိုပြီး ဝမ်းသာပါတယ်ကွယ်၊ မိသားစုအပေါ် တာဝန်ကျေချင်စိတ် ရှိတာကိုလည်း အန်တီဂုဏ်ယူပါတယ်၊ အန်တီပြောပြချင်တာ တစ်ခုရှိတယ်၊ အန်တီတို့အရွယ်တုန်းကလည်း ဆေးကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တက်ချင်လွန်းလို့ ကြိုးစားခဲ့ဖူးတယ်၊ ဒါပေမဲ့ မင်းတို့လိုပဲ အခက်အခဲတွေနဲ့ ဆေးမှတ်မီပြီး ဆေးကျောင်းမတက်နိုင်ခဲ့ဘူး''

အန်တီကြီးမျက်နှာမှာ အရောင်တွေဖြတ်ပြေးသွားကာ မျက်လုံးတွေကတော့ နူးညံ့သိမ်မွေ့ခြင်းတွေနဲ့ အရောင်တွေလက်နေ၏။

''အန်တီတို့ခေတ်က ဒီလိုလည်း အထောက်အပံ့နဲ့ ကူညီပေးမယ့်သူတွေလည်း မရှိတော့ အန်တီ ဆေးကျောင်းမတက်ခဲ့ရဘူးပေါ့ကွယ်၊ ကိုယ်ဖြစ်ချင်တာတွေ၊ လုပ်ချင်တာတွေ ဘာမှလုပ်ခွင့်မရခဲ့ဘူးပေါ့ကွယ်၊ ဒါပေမဲ့ ပြည့်စုံချမ်းသာတဲ့ချစ်သူနဲ့ လက်ထပ်ခဲ့ရတော့ အန်တို့ဘဝ တိုးတက်ပြောင်းလဲလာခဲ့တယ်၊ ဒီနေ့ ဒီလိုအခြေအနေ ရောက်လာတဲ့အထိ အောင်မြင်လာခဲ့တယ်ပေါ့၊ အဲဒီတော့ အန်တီ ဖြစ်ချင်တဲ့ဆန္ဒတွေ ဖြစ်ခွင့်မရခဲ့တာကို မင်းတို့လေးတွေကိုဖြည့်ဆည်းပေးဖို့ အန်တီဆုံးဖြတ်ခဲ့မိတာပါပဲ''

အဆင့်အတန်းဆိုတာ ဒါကိုပြောတာ ဖြစ်လိမ့်မည်။ အေးဆေးတည်ငြိမ်သောအသံလေးက ကြင်နာကရုဏာသက်ခြင်းတို့ ယှဉ်တွဲကာ သိက္ခာရှိရှိပြုံးနေခဲ့သည်။ ကိုယ့်ငွေကြေးနှင့်ထောက်ပံ့ရမယ့်သူတွေရယ်လို့ နှိမ့်ချဆက်ဆံတာမဟုတ်ဘဲ ကူညီခွင့်ရမှာကို ပီတိဖြစ်နေသလိုပင်။ ထိုအန်တီကြီးဘေးမှာထိုင်နေသော အန်ကယ်ကြီးကသူ့ကိုယ်သူ အန်တီကြီးယောက်ျားပါဟု မိတ်ဆက်ကာ

''အန်ကယ်ကလည်း မင်းတို့အန်တီရဲ့ဆန္ဒကို ဖြည့်ဆည်းပေး





ချင်လို့ ဒီအစီအစဉ်လေးကို ဝမ်းသာအားရလက်ခံပေးခဲ့တာပါ၊ ပြီးတော့ ဘာကြောင့် ဒီအစီအစဉ်လေးကိုလုပ်ဖြစ်ရတယ်ဆိုတဲ့အကြောင်းလည်း ပြောပြချင်တယ်၊ အန်ကယ်တို့က နိုင်ငံတကာစံချိန်စံညွှန်းမီတဲ့ ပုဂ္ဂလိကဆေးခန်းကြီးတစ်ခု ထူထောင်မယ်၊ တခြားရှယ်ယာရှင်တွေလည်း ပါချင်ပါမှာပေါ့နော်၊ အဲဒါကို နောက်နှစ်လောက်ကစပြီး အကောင်အထည် စဖော်မယ်၊ မင်းတို့တွေ ကျောင်းပြီးလို့ ဆေးခန်းထိုင်ရမယ်ဆိုလည်း အဆင်သင့်ဖြစ်နေပြီပေါ့''

''ဟို မင်းတို့အန်ကယ်ပြောတာကို အထင်မလွဲစေချင်ဘူးနော်၊ ကိုယ့်အထောက်အပံ့နဲ့ ကျောင်းတက်ရတဲ့ကလေးတွေဆိုပြီး အန်တီတို့က ချုပ်ကိုင်မထားပါဘူး၊ မင်းတို့စိတ်နဲ့ မင်းတို့ကိုယ် ဘယ်ဆေးခန်းမှာထိုင်ထိုင်, ဘယ်မှာတာဝန်ကျကျ, ကိုယ့်စိတ်တိုင်းကျ လုပ်နိုင်ပါတယ်၊ မင်းတို့ ပညာတွေတော်လို့ နိုင်ငံခြားအထိ ဘွဲ့လွန်တွေတက်ချင်တယ်ဆိုလည်း အန်တီတို့ကကူညီဦးမှာပါ၊ မင်းတို့မျှော်မှန်းထားတဲ့ ပန်းတိုင်ထိ အန်တီတို့က တာဝန်ယူမှာပါ၊ မင်းတို့ လုံးဝအားမငယ်စေရဘူး၊ ဟုတ်ပြီလား''

တန်ဖိုးကြီးမားလွန်းသည့်စေတနာထောက်ပံ့မှုကြီးအတွက် သူမတို့အုပ်စုလေး ဝမ်းသာပီတိမျက်ရည်တွေနှင့် ထိုင်ကန်တော့မိကြသည်။ လူကြီးတွေလည်း ကျေနပ်အားရကာ ဆုတွေပေးကြသည်။

ထိုနေ့ကစပြီး သူမဘဝလေးလည်း ဖြစ်နေတာတွေနဲ့ ဆန့်



www.burmeseclassic.com

www.burmeseclassic.com



ကျင်စွာတိုးတက်ပြောင်းလဲလာခဲ့သည်။

ထို့နောက်ပိုင်းမှာ သူမ နိုင်ငံခြားထိ ဘွဲ့လွန်တက်ခွင့်ရခဲ့သည်။

ခွဲစိတ်အထူးကုဘွဲ့ယူပြီး ပြန်လာချိန်မှာတော့ ယွန်းသစ္စာဆေးခန်းကြီးမှာ သူမ အလုပ်ဝင်ခဲ့သည်။

မောင်လေးက ဘွဲ့ရပြီး စက်ရုံတစ်ရုံမှာ ရာထူးကြီးကြီးနှင့်၊

ညီမလေးကလည်း အထည်ချုပ်စက်ရုံကြီးမှာ စာရေးမ။

သူမတို့မိသားစုတဝ ပြည့်စုံအေးချမ်းရတာ ယွန်းသစ္စာဆေးခန်းပိုင်ရှင် ဦးမင်းထွဋ်နှင့် ဒေါ်သဇင်မြင့်တို့ရဲ့ ကျေးဇူးကြောင့်ပင်။ ဒီကျေးဇူးက အသွေးအသားကို ပေးလှူပြီးဆပ်တောင် ကျေလိမ့်မည်မထင်။

အတိတ်ဆိုတာ မမေ့သင့်သလို သူတို့ရဲ့ကျေးဇူးတရားတွေကိုလည်း မမေ့သင့်။

သူမ အတွေးတွေနှင့် မျက်လုံးတွေကို မှေးမှိတ်လို့မရ။

အတိတ်ကြေးမုံပြင်ကို တစ်လှည့်ချင်းခွာကြည့်ကာ အမေ့ရဲ့ပင်ပန်းမှုတွေကို မြင်ယောင်သည်။

ဒီအချိန်မှာ အမေရှိရင် ဘယ်လောက်များဝမ်းသာပီတိဖြစ်နေ လိုက်မလဲ။ ပျော်နေလိုက်မလဲ။

ကံကြမ္မာက အမေ့ကို ခံစားခွင့်မပေးတာ၊ ယူကျုံးမရ ဝမ်း





နည်းရပါတယ် အမေ။ အမေ သမီးဆရာဝန်မကြီးကို အမေ တစ်နေရာရာကကြည့်ပြီး ဂုဏ်ယူနေမလား။

နောင်ဘဝတွေမှာ ပြန်ဆုံရင် အလုပ်အကျွေးပြုခွင့် ရချင်ပါတယ်။ ဒီဘဝကတော့ –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"မမ"

"ဟင်"

သူမခေါင်းလေး ချာချာလည်သွား၏။ တက္ကစီကားတွေရ ထားတဲ့နားမှာ နီညိုရင့်ရောင်ပရာဒိုကားဘန်ပါကို ကျောမှီလျက် လ လက်ချာန် ခပ်လွင့်လွင့်ပြုံးနေ၏။ အခုရက်တွေမှာ သူမ စလွန်းကာ လေး ဝပ်ရှော့ခ်မှာအပ်ထားတာ မရသေးတာမို့ တက္ကစီကားနှင့်သ သွားလာနေရသည်။

အခုလည်း ရန်ကုန်ဆေးရုံကြီးက ဂျူတီထွက်ပြီး တက္က ကားငှားဖို့ရောက်လာတာ။

"ကျွန်တော် ကားနဲ့လိုက်ပို့ပေးမယ်"





ဘောင်းဘီပွပွအိတ်ကပ်ထဲကို လက်နှစ်ဖက်ထိုးထည့်ပြီး သူမအနား လာရပ်ကာ ပြော၏။ သူမက မျက်မှန်အမည်းကြီးအောက်က ဒီဇေရှုန်းလှဲ့နေတဲ့ သူ့မျက်ဝန်းတွေကိုရှောင်လွှဲကာ

"မလိုပါဘူး၊ ငါ့ဟာငါ တက္ကစီကားနဲ့သွားမယ်"

"လူတွေအများကြီးရှေ့မှာ မမ ဂုဏ်သိက္ခာကျအောင် ကျွန်တော်မလုပ်ချင်ဘူး၊ ကျွန်တော် ဒီနေရာမှာ အချိန်ကြာကြာရပ်နေလို့လည်း မကောင်းဘူး။ မမနဲ့ ကော်ဖီဆိုင်လေးမှာ ခဏလောက်စကားပြောခွင့်ရရင် ကျေနပ်တယ်"

"လင်းလက်ချာန် မင်း အရှုပ်ထုတ်ပဲကွာ၊ မင်းတို့လူနာလည်း ဆေးရုံက ဆင်းသွားပြီ၊ မင်းနဲ့ငါကြားမှာ ဘာမှပြောစရာမရှိဘူး"

"ကျွန်တော့်ဘက်က ပြောစရာတွေရှိနေတယ်၊ စကားပြောခွင့်မပေးရင် ကျွန်တော် မမနောက်က တောက်လျှောက်လိုက်နေမှာ"

"မင်းမှာ အချိန်တွေအရမ်းပိုနေလား"

"အချိန်ချမ်းသာတဲ့ ကလေကချေတစ်ယောက် မဟုတ်ပါဘူး မမ။ ရင်ထဲကဆန္ဒတွေကြောင့် တန်ဖိုးရှိတဲ့အချိန်တွေကို ဖြုန်းတီးနေမိတာပါ"

"ငါက မင်းစကားတွေကိုနားထောင်ဖို့ အချိန်ပိုမရှိဘူး လင်းလက်ချာန်၊ ငါ့ဂုဏ်သိက္ခာအတွက် မင်း ရှေ့ဆက်တိုးဖို့ မကြိုးစားပါ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မင်း ဘယ်ခြေလှမ်းလှမ်းချင်နေတယ်ဆိုတာ ငါကြိုမြင်နေတယ်''

သူမ မျက်နှာထားတင်းတင်းနဲ့ပြောပြီး လှည့်ထွက်မြင်တော့ လင်းလက်ချာန်မျက်နှာ သုန်မှုန်ပျက်ယွင်းသွား၏။

ထိုအချိန်မှာ ခပ်လှမ်းလှမ်းက မိန်းကလေးတစ်သိုက် တီးကိုးလက်တို့ရင်း သူတို့အနားလျှောက်လာသည်မို့ အံမှုဧလက်ကို ဖတ်ခနဲဆွဲကာ ကားတံခါးဖွင့်၍ တွန်းတင်လိုက်သည်။

သူကိုယ်တိုင်လည်း တံခါးကို ချပ်ခနဲဆွဲဖွင့်တက်ထိုင်လိုက်ကာ ရှောခနဲမောင်းထွက်လာခဲ့သည်။

အခြေအနေက မြန်ဆန်လွန်းသည်မို့ သူမ ဘာမှမေးချိန်ပြောချိန် မရလိုက်။ သူမဘက်က ကားတံခါးပေါက်ကို လော့ခ်ချလိုက်ပြီး သူမဘက်ကိုလှည့်မကြည့်တော့ဘဲ လင်းလက်ချာန်က ကားကို ဂရုစိုက်မောင်းလာ၏။

''ဒါ ဘာသဘောလဲ လင်းလက်ချာန်၊ မင်း အခုချက်ချင်း ကားရပ်လိုက်စမ်း''

''မမကို ခဏလောက်စကားပြောချင်တယ်လို့ပြောထားသားပဲ၊ အချိန်ကို ဘာလို့ဒီလောက်တောင် တွန့်တိုနေရတာလဲ၊ ယွန်းသစ္စာမှာ မမဂျူတီချိန် မဟုတ်သေးပါဘူး၊ တစ်နာရီလောက် အနားယူဦးမှာ မဟုတ်လား''

အချိန်ဖယာကအစ ဒီကောင်လေး လေ့လာစုံစမ်းထားသည်





ထင်၏။ ရင်းနှီးမှုမရှိသေးပါဘဲ အတင့်ရဲ ဖွတ်တရွတ်ဆန်လွန်းတာကို သူမ မကြိုက်။ နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးများက စိမ်းမြမြအရာထင်လျက် နှုတ်ခမ်းလေးတွေ ရဲစိုနေသည်။

လျှာထိုးဦးထုပ်ခပ်ငိုက်ငိုက်ဆောင်းပြီး အင်္ကျီဘောင်းဘီမှပူကြီးတွေဝတ်ထားတာ၊ ဘယ်လိုမှ လူကြီးမဆန်တာ အမြင်ကတ်ဖို့ကောင်းသည်။ ဒါပေမဲ့ ဒီကောင်လေးက လူမှုရေးစိတ်ဓာတ်တော့ အပြည့်အဝရှိ၏။

လူနာခုတင်နားမှာ အမြဲလိုလိုမြင်တွေ့ရတတ်သလို လိုအပ်သည့်ဆေးဝါးနှင့် ကုန်ကျစရိတ်တွေအားလုံးအတွက် သူ့ငွေနှင့် အကုန်ဖြေရှင်းပေးခဲ့သည်တဲ့။

''ဒီကောင်လေးက ဟော့ဟော့ရမ်းရမ်းတော့ မရှိပါဘူး၊ သူငယ်ချင်းအမေဆိုပေမယ့် တော်တော်ဂရုစိုက်ရှာပါတယ်၊ အမေကသေသွားပြီး အဖေက နောက်အိမ်ထောင်နဲ့တဲ့လေ၊ ရက်ပ်ပါအဆိုတော်တွေထဲမှာတော့ နာမည်ကြီးတစ်ယောက်ပဲလေ၊ သူတို့အဖွဲ့လေးက ရုပ်ချောချောလေးတွေနဲ့ ချစ်စရာလေး''

ထိုအခန်းမှာတာဝန်ကျတဲ့ သူနာပြုဆရာမလေးက သတင်းပေးလာတော့ သူ့စိတ်ဓာတ်လေးကို လေးစားမိသေးသည်။

ခုခေတ်မှာ စေတနာသန့်သန့်နှင့် ကူညီချင်တဲ့သူက ရှားပါးလွန်းသည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"မမ ခဏလောက်ဆင်းပါ၊ ညနေစောင်းဆိုတော့ ကန်ပေါင်က လေညင်းခံလို့ကောင်းတယ်"

"ဟင်"

တွေးလို့ကောင်းနေဆဲ လင်းလက်ရှာန်အသံကြောင့် သူမ အံ့အားသင့်သွားသည်။ အင်းလျားကန်ပေါင်ဆိုတာ ချစ်သူစုံတွဲတွေ ထိုင်တတ်ကြတဲ့ နေရာမဟုတ်ဘူးလား။

"မင်း ကော်ဖီဆိုင်သွားမှာဆို ဘာလို့ ဒီနေရာရောက်လာတာလဲ"

"မမ ပင်ပန်းမှုတွေပြေပျောက်သွားအောင်လို့ပါ။ ကန်ရေပြင်ကဖြတ်တိုက်လာတဲ့ လေနုအေးအေးလေးက လူကိုအမောပြေပြီး လန်းဆန်းသွားစေတယ်၊ လာပါ၊ မမကို အချိန်မီ ကျွန်တော်ပြန်ပို့ပါ့မယ်"

သူမသဘောဆန္ဒကို မမေးဘဲ လက်ကို ဖွတ်အတင်းဆွဲခေါ်မှာစိုးတာကြောင့် လင်းလက်ရှာန်နောက်က မအီမလည် ဘောက်ဆတ်ဘောက်ဆတ် လျှောက်လိုက်ခဲ့ရသည်။

အရိပ်ကျနေတဲ့ ခုံတန်းလေးကိုရောက်တော့ ဘောင်းဘီအိတ်ထဲက တစ်သျှူးစလေးကိုထုတ်ပြီး ဖုန်တွေသုတ်ပေး၏။

"မမ ထိုင်လေ"

သူမ ခုံအစွန်းတစ်ဖက်မှာ ဝင်ထိုင်လိုက်ပြီး ကန်ရေပြင်မှ





ညင်းသွဲ့သွဲ့တိုက်ခတ်လာတဲ့ လေပြည်နုလေးကို တဝကြီးရှူရှိုက်လိုက်၏။

သူပြောသလို လန်းဆန်းပေါ့ပါးသွားတာမို့ စိတ်တွေလည်း ကြည်လင်လာသည်။

သူက ဘောင်းဘီအိတ်ထဲလက်နှစ်ဖက်ထည့်ပြီး ခပ်မတ်မတ် အနေအထားဖြင့် ကန်ရေပြင်ကိုကျောပေး၍ သူမကိုစူးငေးငေးလေး ကြည့်နေ၏။

"မမ အရမ်းပင်ပန်းတဲ့အခါ ဆေးရုံကအခန်းကျဉ်းလေးနဲ့ မမ့အိမ်က အိပ်ခန်းလေးက မွန်းကျပ်မှုတွေကို ဒီနေရာလေးလောက် ပြေပျောက်ပေးနိုင်မယ် မထင်ဘူး၊ အခု အရမ်းလန်းဆန်းပေါ့ပါး သွားတယ် မဟုတ်လား မမ"

သူ့စကားတွေ မကြားချင်ယောင်ဆောင်ကာ ကန်ရေပြင် ဘက်ကို မျက်နှာမူထားလိုက်၏။ ဝါညက်ညက်ဩရှနေသော သူ့အသံက ဆွဲဆောင်မှုရှိမှန်းသိသော်လည်း စိတ်တွေယိမ်းယိုင်ပြိုလဲမသွား အောင် အားတင်းထားမိသည်။

အသက်အရွယ်က ကွာခြားသလို အမှုအကျင့်ဒီဇိုင်းစတိုင်လ် များကလည်း ဘယ်လိုမှ သူမနှင့် အံမဝင်။

"မမ ဒီနေရာလေးက မမ့နွမ်းနယ်မှုတွေကို မပြေပျောက် စေဘူးလား ဟင်၊ ကျွန်တော်တို့ ကော်ဖီဆိုင်လေးကိုပဲ သွားကြမလား"



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းရှိုက်ကာ ခုံတန်းလေးမှာ ဝင်ထိုင်ပြီးပြောတော့ သူမ ခပ်စူးစူးလည်ပြန်ကြည့်မိ၏။

"နေရာဒေသရွေးပြီး မင်းစကားတွေကို အလေးအနက်လိုက်နားထောင်မပေးနိုင်ဘူး လင်းလက်ချာန်၊ အခု မင်း ဘာပြောချင်တာလဲ၊ ပြောပြီးရင် ပြန်မယ်"

"ကျွန်တော် မမကိုချစ်တယ်"

"ဘာ"

"သေချာစဉ်းစားခုံးဖြတ်ပြီးမှ ပြောတာပါ မမ၊ မမကို တန်ဖိုးထားပြီး ချစ်မြတ်နိုးမိတာပါ"

လင်းလက်ချာန်က သူမမျက်ဝန်းအိမ်ထဲ တည့်တည့်စိုက်ကြည့်ကာ ပြော၏၊ သူမ တုန်တုန်လှုပ်လှုပ်ဖြင့် ရင်တွေတလှပ်လှပ်ခါနေသည်။

အလေးအနက် ချစ်စကားပြောခံရတာ ဒါ ပထမဆုံးအကြိမ်။ ဟိုအရင် ဆေးကျောင်းတက်နေတဲ့အချိန်တွေမှာ အလှာစုံက ပုရိသတွေ နည်းအမျိုးမျိုးနှင့် ချဉ်းကပ်ဖူးကြသော်လည်း ပညာရေးကိုသာ အာရုံစိုက်ချင်တာမို့ ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့။ စိတ်လည်း မလှုပ်ရှားခဲ့။

ခုလည်း ဒီကောင်လေး ဘာပြောမလဲဆိုတာ သိနေသလို ဘယ်လိုငြင်းချက်ထုတ်ကာ အပြတ်ပြောလိုက်မည်လို့ ရင်ထဲက ကြိမ်း





ဝါးထားခဲ့ပေမယ့် လက်တွေ့မှာ သူမ ဆွံ့အနေသည်။

ရဲရဲနီပြီး ပိရိသေသပ်ထောင့်ချိုးညီနေတဲ့ နှုတ်ခမ်းလေးက ပေါ့ပျက်ပျက်ပြောနေတာ မဖြစ်နိုင်။

"မင်း လူရွေးမှားနေပြီ လင်းလက်ချာန်၊ အသက်အရွယ်ကွာဟမှုကိုရော မင်းတွေးကြည့်ဖူးလား။ ပြီးတော့ အဆိုတော်ပေါက်စလေးနဲ့ ဆရာဝန်မတဲ့၊ ဘယ်လိုမှ အပ်စပ်မှုမရှိဘူး။ နောက်တစ်ခါ အဲလိုစကားမျိုးတွေမပြောပါနဲ့၊ ငါက စိတ်ကူးယဉ်ရမယ့်အရွယ် မဟုတ်တော့ဘူး"

"အပျိုပိုင်းကြီး မဟုတ်သေးဘဲနဲ့ ဘာလို့ စကားလုံးတွေ ရင့်ရော်နေတာလဲ မမ၊ အချစ်ကို အချစ်နဲ့ပေါင်းရင် ညီမျှမှုရလဒ်ပဲ ထွက်တာပါ၊ တခြားအရာတွေနဲ့ ခိုင်းနှိုင်းချိန်ဆနေရင် အဲဒါ အချစ်မှ မဟုတ်ဘဲ မမရဲ့၊ ကျွန်တော် မမကိုချစ်တယ်"

"အို"

သူမလက်ဖဝါးလေးကို ခပ်ဖိဖိဆုပ်ညှစ်ကာ ပြောလိုက်တာမို့ တိုးဝှေ်တ်သောအာမေဍိတ်လေးနှင့် သူမ ရုက်ရှုံ့တုပ္ပသွား၏။ မျက်နှာလေးနီမြန်းကာ ဖွတ်အတင်း ပြန်ရုန်းနေမိသော်လည်း လင်းလက်ချာန် လွှတ်မပေး။

"ကျွန်တော့်ရင်ထဲက စကားကို သေသေချာချာနားထောင်ပေးပါ၊ မမ ဘာပြောပြော ကျွန်တော် နောက်ဆုတ်မှာမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မမသာကကလည်း ကျွန်တော်ကိုပြန်ချစ်နိုင်အောင် ကြိုးစားထားပါ၊ ကျွန်တော့်ကို မမ ဘယ်လိုပုံစံမျိုး မြင်ချင်တယ်, ဖြစ်ချင်တယ်ဆိုတာ ကျွန်တော်သဘောပေါက်တယ်၊ ကျွန်တော့်ဘက်က ပြောင်းလဲမှုတွေ အတွက် မမသာကကာ အကောင်းဆုံးအဖြေတစ်ခုကို ရမယ်ဆိုရင် ကျွန်တော်ကျေနပ်ပြီနော် မမ"

စူးရှအားကောင်းသော မျက်ဝန်းတွေနှင့် အတန်ကြာဆုံစည်းပြီးနောက် သူမလက်ဖမိုးလေးကို ရှိုက်ခနဲနမ်းမွှေးလိုက်၏။

လွင့်လွင့်လေး တွန့်ခနဲဖြစ်သွားသော်လည်း သူမ မရုန်းဖယ်မိ။ ခြေဖျားလက်ဖျားတွေ အေးစက်တောင့်တင်းကာ သူမရင်တွေ ဖျပ်ဖျပ်ခါနေသည်။

ဘယ်လိုကောင်ဆိုးလေးနဲ့ လာတွေ့နေရပါလိမ့်။ သွေးရှူး သွေးတန်းဖြစ်အောင် မဖြားယောင်းစမ်းပါနဲ့။

မခံစားဖူးတော့ ထူးတော့ထူးတယ် ဈာန်ရေ။

✿ ✿ ✿



## အခန်း (၁၁)

"ဈာန် မင်း ဘယ်တွေလိုမ့်နေတာလဲ၊ သီချင်းတိုက်ဖို့တောင် အချိန်မပေးနိုင်တော့ပါလား၊ ကနုတ်ကလည်း မေးနေတယ်၊ သူ့ဆီ လည်း ဖုန်းမဆက်ဘူး၊ သူဖုန်းဆက်တော့လည်း မင်းဖုန်းက ပိတ်ထား တယ်ဆို"

"ငါ့အမေ ဆေးရုံတက်နေကတည်းက အလုပ်တွေပိနေတာ သိရဲ့သားနဲ့၊ ဈာန် မင်း ဘယ်သူ့အတွက် အချိန်တွေဖြုန်းနေတယ် ဆိုတာ ငါသိတယ်နော်"

ဈာန်က ဘယ်သူပြောတာကိုမှ အာရုံမစိုက်။

ရေခဲသေတ္တာထဲက ရေတစ်ဘူးယူကာ အဖုံးဖွင့် မော့ချလိုက်ပြီး အညိုရောင်ဆိုဖာခုံရှည်ကြီးပေါ်မှာ ပစ်လှဲလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူရက အသံစမ်းနေတဲ့ ဂီတာကို ပြင်းခနဲပွတ်ဆွဲလိုက်ပြီးမှ စားပွဲခုံမှာ မှီထောင်ထားလိုက်ကာ ချာန့်အနား ဝင်ထိုင်လိုက်သည်။

"ငါတို့ နေ့တိုင်း သီချင်းတိုက်ဖို့စောင့်နေတာ အားနာရင် ဆင်ခြေတစ်ခုခုပေးကွာ ချာန့်"

"ငါ မမအတွက် အချိန်ဖြုန်းနေတာ မင်းသိနေတယ်ဆို ငါက ဘာဆင်ခြေပေးနေရဦးမှာလဲ"

ချာန့်က ကြွပ်ဆတ်ဆတ်ပြေ၏။ ဝဏ္ဏပါ အနားရောက်လာသည်။

"မဖြစ်သင့်ဘူး ချာန့်၊ မင်းအတွက် ကနုတ်ဆိုတဲ့အဖော်ကောင်းတစ်ယောက်လုံး ရှိနေတယ်လေ၊ ဘာလဲ မင်း မမကို အဖော်တွဲချင်လို့လား"

"ဟိတ်ကောင် ဝဏ္ဏ၊ မင်း စကားပြောဆင်ခြင်စမ်း"

ချာန့်က ဖြုန်းခနဲထထိုင်ကာ ရှူးရှူးရှားရှားဖြစ်သွား၏။ ဝဏ္ဏနှင့်သူရက ချာန့်ဆီမှာ ဒီလိုဒေါသမျိုး တစ်ခါမှမတွေ့ဖူးတာမို့ ကြောင်အ မှင်တက်သွားသည်။

"ဘာဖြစ်တာလဲ ချာန့်ရဲ၊ သူငယ်ချင်းချင်း ဒါလေးပြောတာကို"

"မပြောနဲ့၊ ငါ မကြိုက်ဘူး။ မမကို ငါ အလေးအနက်တန်ဖိုးထားပြီးချစ်နေတာ မင်းမေးခွန်းက အရမ်းပေါ့ပျက်ပြီး သိက္ခာမဲ့





လွန်းတယ်"

"ဒါဆို ကနုတ်ကို မင်းဘယ်လိုလုပ်မလဲ"

"သူနဲ့ငါက ဘာဖြစ်နေလို့ ဘာလုပ်ရမှာလဲ"

"ဟ ကနုတ် မင်းကိုကြွေနေတာ အသိသာကြီး"

"ငါကတော့ သူ့ကိုသူငယ်ချင်း အပေါင်းအသင်းဘော်ဒါအကာန့်ကလွဲပြီး စိတ်မဝင်စားဘူး၊ နှစ်များစွာ ဆက်ဆံလာခဲ့ကြပေမယ့် ငါဘက်က ကနုတ်နဲ့ပတ်သက်ပြီး မရိုးသားမှုကို မင်းတို့မြင်တွေ့ဖူးသလား"

ဝဏ္ဏက နီကြင်ကြင်ဆံပင်တွေကို နောက်လှန်ပစ်ကာ သုန်မှုန်သောမျက်နှာနှင့် ကျစ်ခနဲလုပ်၏။

"အဲဒါ မင်းကဏ္ဍလေ၊ ကနုတ်ဘက်က စိတ်ဝင်စားမှုကိုတော့ မင်း အဲလိုလျစ်လျူရှုလို့မရဘူး ချာန့်၊ မင်းရင်ထဲက ဘယ်လောက်ပဲ ရိုးသား ရိုးသား, မင်းတို့သံယောဇဉ်ကို တိုင်းသိပြည်သိငါတို့လည်း သိတယ်၊ တစ်နေ့နေ့ လက်ထပ်ဖြစ်ကြမယ်လို့ ထင်ကြေးပေးနေတာလည်း မင်း ငြင်းချက်ထုတ်ခဲ့တာ မကြားတ်ဘူး၊ အခုမှကနုတ်ကို အဆိမ်းလတ်လတ် အသည်းခွဲမယ်ဆိုရင် ကနုတ် အကြီးကြီးခံစားသွားရမှာ မင်းမမေ့နဲ့"

"ဟုတ်တယ် ချာန့်၊ မင်းအပေါ်ထားတဲ့ သံယောဇဉ်ကြောင့်တီးဝိုင်းပစ္စည်းတွေရော, သီချင်းတိုက်တဲ့ ဒီတိုက်ခန်းလေးရော, သီ



www.burmeseclassic.com

www.burmeseclassic.com



ချင်းခွေထုတ်တဲ့ ကုန်ကျစရိတ်တွေရော မင်းနဲ့တစ်ယောက်တစ်ဝက် အကုန်အကျခံခဲ့တာပါ၊ အောင်မြင်မှုအသီးအပွင့်ကို မင်းနဲ့ အတူတူ မျှဝေစားသုံးချင်မှာပေါ့"

"နှလုံးသားကိုတော့ သူဆာလောင်တိုင်း ထိုးမကျွေးနိုင်ဘူး သူရ၊ ငါ သူ့ကို ဘာမျှော်လင့်ချက်မှ ပေးမထားပါဘူး၊ ဒီအသက်အရွယ်နဲ့ ဒီလောကထဲမှာ အချစ်နဲ့ဂုဏ်သိက္ခာနဲ့ပတ်သက်ပြီး ငါ နာမည်ဆိုးထွက်ခဲ့ဖူးသလား။ ကိုယ့်အပေါ် မရိုးသားစိတ်နဲ့ ယိမ်းယိုင်နေတဲ့ ကနုတ်အပေါ်လည်း အခွင့်အရေးမယူခဲ့ဖူးဘူး။ မထိခင်က ကြွေချင်နေတဲ့ မိန်းကလေးတွေကိုရော ငါ အပျော်ကစားခဲ့ဖူးသလား၊ အချစ်ကို ငါဆိုတဲ့ကောင်က အလေးအနက် ရင်ထဲထိတာကိုပဲ ရှာဖွေချင်တာ"

"ဘာဖြစ်ဖြစ် ကနုတ်ကို ဂရုမစိုက်တော့ဘူးပေါ့"

ဝဏ္ဏက စိတ်မရှည်သလို ခပ်ဆောင့်ဆောင့်ဖြတ်မေး၏။ သူရကော ကျေးဇူးရှိထားတဲ့ ချာန်ကို ဘာမှမပြောချင်တော့သလိုပြုံး ဂိတာကိုယူပြီး ဝရန်တာဘက် ထွက်လာခဲ့သည်။

ဒေါက်တာအံမှူးဝေကြောင့် သူငယ်ချင်းတွေစိတ်ဝမ်းကွဲရတော့မည် ထင်၏။

"ဟဲ့ ဒီနေ့ရော ချာန်မလာလို့ သီချင်းမတိုက်ဖြစ်ပြန်ဘူးလား သူရ"





အသံစာစာလေးဖြင့် အိတုံနှင့် ကနုတ် ရောက်လာပြီးမေးသည်။

"ချာန်ရောက်နေပါပြီ"

"ဟင် ဒါဆို နင်က ဘာလို့အပြင်ထွက်ထိုင်နေတာလဲ၊ အရင်နေ့တွေက ချာန် ဘာလို့မလာတာလဲ မေးကြည့်သေးလား"

အိတုံမေးတာကို အေးစက်စက်နှင့် သူရမဖြေတော့ ကနုတ်က စိတ်မရှည်သလို အခန်းတွင်းဝင်သွားသည်။

ကနုတ်ကိုမြင်တော့ လင်းလက်ချာန် ဖြန်းခနဲထရပ်ကာ ကျောပိုးအိတ်လေးကိုကောက်လွယ်ပြီး တစ်ဟုန်ထိုးထွက်သွားလေ၏။

"ချာန် ချာန် ဘာဖြစ်တာလဲ၊ ဘယ်သွားမလို့လဲ ဟဲ့"

ကနုတ် အလန့်တကြားအော်လိုက်ပေမယ့် ချာန်က တစ်ချက်မှ နောက်လှည့်ကြည့်မသွား။ အံ့သြစိတ်နှင့် ဝဏ္ဏအနား ကနုတ်ဝင်ထိုင်လိုက်သည်။ ဝဏ္ဏကလည်း ဆိုဖာခုံကိုကျောကပ်မှီ၍ လက်နှစ်ဖက်ဖြင့် မျက်နှာကိုပွတ်သပ်နေ၏။

"ချာန် ဘာဖြစ်သွားတာလဲ သူရ၊ နင်တို့ တစ်ခုခုကြောင့် ကျိုင်တက်နေကြတာလား"

"ဘာမှမဟုတ်ပါဘူးဟာ၊ သီချင်းတိုက်ချင်စိတ်မရှိလို့ ပြန်သွားတာပါ"

"မဖြစ်နိုင်တာမပြောနဲ့ သူရ၊ ချာန် တစ်ခါမှ အဲလိုမဖြစ်ဖူး



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဘာအကြောင်းလဲ၊ ငါ့ကိုပြော''

ပြောမဖြစ်လို့ မပြောတာပေါ့ဟု ဝဏ္ဏအော်ပစ်လိုက်ချင်သည်။ ဒီကိစ္စ ကနုတ်ကို အသိမပေးချင်သေးပါ။ ကနုတ် ဘယ်လောက်ထိ ခံစားသွားရမလဲဆိုတာ သိနေသည်။

ကနုတ်က ချာန်နှင့်ပတ်သက်လျှင် ထိလွယ်၊ ရှလွယ်၊ ခံစားလွယ်သည်။ အကြိမ်ကြိမ်ဖျောင်းဖျကြည့်လျှင် ချာန့်စိတ်တွေ ပုံမှန်အတိုင်း ပြန်ဖြစ်သွားမှာပါ။

''ဒီနေ့ သီချင်းမတိုက်ဖြစ်တော့ဘူးဆိုတော့ နင်တို့ပြန်တော့လေ''

သူ့ရှုနှင့်အိတုံ့ ဝင်လာတော့ တစ်ခါတည်းရောနှော၍ ဝဏ္ဏ ပြောလိုက်သည်။ သူရကာ အရိပ်အခြည်ကိုနားလည်ကာ

''ဟုတ်တယ်၊ အိမ်ကနေ ချာန် ဘာကျိုင်ပါလာလဲ မသိဘူး၊ သိပ်အစာမကျေဘူးဟ၊ မိတွေးနဲ့ကိစ္စပဲ ဖြစ်မှာပါ၊ သီချင်းတိုက်ဖြစ်တောင် အဆင်ပြေမှာ မဟုတ်ဘူး''

''အရင်က မိတွေးနဲ့ပြဿနာဖြစ်လည်း ငါတို့ကို ပြောပြနေကျပါ၊ အဲဒါ ဖြစ်နိုင်လို့လား''

အိတုံ့ကပါ မယုံသင်္ကာ ဝင်မေး၏။ ကနုတ်ကတော့ မျက်စိမျက်နှာပျက်ကာ မျက်ရည်တွေလည်နေသည်။

ချာန်ရဲ့စိမ်းသက်မှုကို ကနုတ် ခံနိုင်ရည်မရှိ၊ မျက်နှာညှိုသွား





တာ ဘာကိုမှ ဂရုမစိုက်ချင်တော့သလိုမျိုး။

ဘာကြောင့် ဒီလိုပုံစံမျိုးဖြစ်နေရတာလဲ။ ဝဏ္ဏနဲ့ သူရကလည်း ဘာမှမပြော။

သူမ တစိမ့်စိမ့်တွေးရင်း ဝမ်းနည်းလာသည်။

နင် အနေစိမ်းရင် ငါမခံစားနိုင်တာ သိသားနဲ့ချာန်ရယ်။

နင်နဲ့ငါက နှစ်ကိုယ့်တစ်စိတ် ဝါသနာတူ၊ စရိုက်တူတွေ မဟုတ်ဘူးလား။ နင့်ကို နားအလည်နိုင်ဆုံးက ငါပါလို့ နင်ပြောဖူးတယ်နော်။

နင် ဘာတွေဖြစ်နေတာလဲ ငါသိချင်တယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"သိစရာလိုသေးလို့လား၊ ရှင့်သားက မိတွေးဆိုပြီး ပမာမခန့်လုပ်နေတာ ကျွန်မ သည်းမခံနိုင်ဘူး"

"သူ့ဟာသူတောင် အားလပ်တာမဟုတ်ဘူး၊ မင်းကို ဘာလုပ်နေလို့လဲ"

"ကျွေးတာတော့စားပြီး သူ့ရတာ ဘာပေးလို့လဲ၊ အခုသူအလုပ်လုပ်နေတာ သူ့အမေပေးထားခဲ့တဲ့ အမွေအနှစ်ဆိုပြီး ရှင့်ကိုတောင် ဂရုစိုက်လို့လား"

"သူ နေတတ်သလိုနေတာ မင်း အပြစ်ရှာမနေနဲ့ မာလာ၊ မင်းလိုမိန်းမကိုယူလို့ ငါ့သားက ငါ့ကို အမြင်မကြည်တာ၊ ငါ့သားမှာ အပြစ်မရှိဘူး"





"ဒါဆိုလည်း ကျွန်မကို နစ်နာကြေးပေးပြီး ကွာရှင်းလိုက်လေ၊ ကိုယ့်ကိုတန်ဖိုးမထားတဲ့အိမ်မှာ ကျွန်မက ဘာလုပ်ရမှာလဲ၊ လင်က တစ်မျိုး၊ လင်ပါသားက တစ်မျိုး၊ ငွေပေးတော့လည်း မသဒ္ဒါရေစာ မစိုမပို့နဲ့၊ ဟွန်း ပြည့်ပြည့်စုံစုံ စည်းစိမ်ခံစားရမလားလို့ မုဆိုးဖိုလူအိုကြီးကို ယူမိပါတယ်၊ ကိုယ့်တဝပျက်သွားတာပဲ အဖတ်တင်တယ်"

ကက်ကက်လန်ရန်တွေ့နေတဲ့ မာလာကိုကြည့်ကာ ဦးနေမင်းချောနံ့ စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။ မာလာမှာ ဘယ်လောက်ပေးပေး လောက်တယ်ဆိုတာ မရှိ။

မိနီမတ်တွေ၊ ကုန်တိုက်တွေ၊ ပလာဇာတွေမှာ ငွေဖြုန်းလျှင်ဖြုန်း၊ လောင်းကစားဝိုင်းမှာ ကိုယ်မှာဝတ်ထားတဲ့ ပစ္စည်းကအစပေါင်လိုပေါင်၊ ရောင်းလိုရောင်းနှင့် စည်းပျက်ကမ်းပျက်ဖြစ်နေသည်။

တကယ်ဆို ငါးနှစ်သားအရွယ်ကတည်းက မိတဆိုးလေးဖြစ်ခဲ့ရတဲ့ သားကို အမေအစားရစေချင်ခဲ့လို့ မာလာကို သူလက်ထပ်ဖြစ်ခဲ့တာပါ။

ဆွေဂုဏ်မျိုးဂုဏ် မရှိ၊ အဆင့်အတန်းနိမ့်တဲ့မာလာကို ရိုးသားမှုနှင့် အကျင့်စာရိတ္တကောင်းမည်လို့လည်း ထင်ခဲ့သည်။

နောင်တစ်ချက်က အပျိုဂုဏ်နှင့် အရှက်သိက္ခာရှိမည်လို့လည်း ထင်ခဲ့၏။

ခုတော့ အရာအားလုံးက တခြားစီ။



www.burmeseclassic.com

www.burmeseclassic.com



သားအပေါ်မှာလည်း တာဝန်မကျေ၊ လင်ယောကျ်ားဖြစ်တဲ့ သူ့အပေါ်မှာလည်း ဂရုစိုက်မှုနည်းပါးလွန်းသည်။

သူ ဘာလုပ်ရမလဲ။ မာလာမှာ သူ့ကိုယ်ဝန်လည်း လွယ်ထားရပြီတဲ့။

"စကားကို ဆင်ဆင်ခြင်ခြင်ပြောစမ်းပါ မာလာ၊ မင်းဗိုက်ထဲမှာ ငါနဲ့ရတဲ့ကိုယ်ဝန် နှစ်လတောင်ရှိနေပြီဆို အစကတည်းက အရှုပ်အရှင်းတွေဖြစ်မှာစိုးလို့ မင်းကိုငါ ကလေးမယူနိုင်းခဲ့ဘူး။ အခုရလာပြီဆိုရင်လည်း ကွဲဖို့ကွာဖို့စကားတွေ မင်းမပြောသင့်ဘူးလေ၊ နှစ်နာကြေးရတာကရော ဒီကလေးကို မင်း တစ်သက်လုံးစောင့်ရှောက်နိုင်မှာမို့လား"

"ဒါက ကျွန်မသဘောမိုင်းပါ၊ ဒီကလေးကို ကျွန်မ မွေးချင်မွေးမယ်, မမွေးချင်မမွေးဘူးပေါ့"

"မင်း အဲလိုစကားကို လက်လွှတ်စပယ်မပြောနဲ့ မာလာ၊ တာဝန်မယူချင်ရင် အစကတည်းက ကလေးမယူနဲ့ပေါ့၊ အဲဒါကြောင့် မင်းလိုမိန်းမမှာ မိခင်စိတ်မရှိဘူးလို့ ငါပြောတာ၊ ငါ့သားအတွက် မိခင်စိတ်ရှိမှာပဲလို့ ငါထင်ခဲ့တာ မှားသွားပြီ သားကလည်း အဲဒါကြောင့် မင်းကို မေတ္တာမတွဲပြန်တာ"

မာလာက ဟွန့်ခနဲလုပ်၍ နှုတ်ခမ်းထူထူကို မဲ့ရွဲ့ပစ်ကာ

"အလိမ္မာအိမ်ပါ ကျွန်သာသာပဲထားချင်တာ ကျွန်မ့သိပါ





တယ်၊ ကျွန်မက အပျိုရှင့်၊ ရှင် အဲဒီလို နိုင်ထက်စီးနင်းလုပ်ချင်လို့ ရမလား၊ ရှင်တို့ရဲ့ အနိုင်းအစေဘဝမျိုးနဲ့ နေရမှာလား"

"မင်းအတွေးနဲ့မင်း တစ်ဖက်စောင်းနင်း ပြောနေတာပဲ မာလာ၊ ရောင်ပြန်ဟပ်တယ်ဆိုတဲ့ မေတ္တာရဲ့သဘောကို မင်း နားမလည်ဘူးလား။ မင်းက မိတွေးလိုဆက်ဆံရင် သားကလည်း မင်းကို မိထွေးလိုပဲ သတ်မှတ်မှာပေါ့၊ ငါ့အပေါ်လည်း မင်းသာ ဇနီးကောင်းတစ်ယောက်လိုဆက်ဆံခဲ့ရင် ငါ့ဘက်ကလည်း အပြစ်ပြောစရာ ရှိလာမှာမဟုတ်ဘူး"

"ဒါပေါ့လေ ငယ်လင်ငယ်မယားအချစ်တွေ, နားလည်မှုတွေနဲ့ လက်ထပ်ခဲ့ကြတာမှ မဟုတ်တာ၊ အပေးအယူဆန်တော့မှာပေါ့၊ ဒီလိုပဲ ရှင်လည်းသေချာမှတ်ထားပါ၊ မာလာဆိုတဲ့ မိန်းမလည်း ရှင်တို့ပေးသလိုပဲ ပြန်ပေးမယ်၊ သိလား"

ကြားရတဲ့စကားတွေက ဘယ်လိုမှ နားမခံသာ။

သီချင်းတိုက်ချင်စိတ်မရှိတော့လို့ အိမ်ပြန်လာမှ ပိုဆိုးနေသည်။

နားကိုပိတ်ပြီး ကိုယ့်အခန်းထဲကိုယ် တံခါးပိတ်နေလို့ ရသော်လည်း အိမ်ထဲတောင် ဝင်ချင်စိတ်မရှိ။

ခြေလှမ်းတွေနောက်ပြန်ဆုတ်ပြီး ကားမောင်း၍ ပြန်ထွက်ခဲ့တော့။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ဒီလိုကိစ္စမျိုးတွေဖြစ်နေတာ တစ်ခါတစ်ရံမှ မဟုတ်။

ဆုံဖြစ်ကြတိုင်း တိုက်ဆိုင်မှုတွေနှင့် အမြဲတမ်းပြဿနာတက်သည်။

သူ ငယ်ငယ်က ဒေါ်မာလာကို အမေတစ်ယောက်လို တွယ်တာခဲ့ဖူး၏။

ကျောင်းတက်တာတောင် ဒေါ်မာလာလိုက်ပို့မှ ကျောင်းသွားတက်သည်။

ဒါပေမဲ့ ဖေဖေနဲ့အိမ်ထောင်ကျပြီး နှစ်နှစ်၊ သုံးနှစ်လောက်သာ ဒေါ်မာလာစိတ်ရှည်ခဲ့ပြီး ကြာလာတော့ အပေါင်းအသင်းတွေစုံလာသလို လူကုံထံအသိုင်းအဝန်းမှာ ဝင်ဆံ့လာပြီး လောင်းကစားနှင့် အပျော်အပါးကို မက်မောလာသည်။

"နင်ကျောင်းသွားတိုင်း လိုက်ပို့၊ နင့်ဝေယျာဝစ္စ အမြဲတမ်းလုပ်ပေးနေရအောင် ငါက နင်တို့အိမ်က ကျွန်တစ်ယောက်မဟုတ်ဘူး။ အိမ်ဖော်အလုပ်သမား မဟုတ်ဘူးဟဲ့၊ နောက် ငါ့ကို ကျောင်းလည်း မပို့ခိုင်းနဲ့၊ နင့်ဝေယျာဝစ္စတွေလည်း မလုပ်ခိုင်းနဲ့၊ နားလည်ပြီလား။ နင်တို့အိမ်မှာ အလုပ်သမားတွေတစ်ပုံကြီး၊ သူတို့ကို ခိုင်း၊ အေး နင့်အဖေကိုတော့ ချွန်တွန်းမလုပ်နဲ့နော်၊ နင် ငါ့အကြောင်းသိမယ်"

ငယ်ရွယ်တဲ့အချိန်ဆိုတော့ ဒေါ်မာလာကြိမ်းမောင်းတာကို ကြောက်ရွံ့ပြီး အဖေ့ကိုတောင် မတိုင်တောရဲ၊ အသိမပေးရဲ။





အဖေကလည်း အလုပ်ကိုသာ အာရုံစိုက်နေသူဆိုတော့ ဘာမှမသိ။

ဒီလိုနှင့် သူဘဝက အထီးကျန်သွေ့ခြောက်သော ဥပေက္ခာများနှင့် ကြီးပြင်းခဲ့ရသည်။

အရွယ်လေးရောက်လာတော့ ဒါတွေကို နာကျင်စရာတွေဟု တွေးတတ်လာကာ အမုန်းတတရားတွေအဖြစ် ပြောင်းလဲလာသည်။

ဒေါ်မာလာကို မိထွေးတစ်ယောက်ဟု သတ်မှတ်ပြီး ဖေဖေ့အပေါ်လည်း အေးစက်စွာနေတတ်လာသည်။

ဖေဖေ့ဆီက ဘာတစ်ခုမှ တောင်းဆိုခြင်းမပြုဘဲ မေမေ သူ့အတွက်သီးသန့်ထားရစ်ခဲ့တဲ့ အမွေပစ္စည်းတွေကို အရင်းအနှီးလုပ်၍ ဝါသနာပါသောအလုပ်ထဲမှာ စိတ်ရောကိုယ်ရော နှစ်မြှုပ်ထားခဲ့သည်။

ဒါပေမဲ့ လူသားပီသစွာ အကြင်နာမေတ္တာတရားကိုတော့ ငတ်မွတ်တောင့်တခဲ့၏။

ဒါကြောင့်လည်း သူငယ်ချင်းအပေါင်းအသင်းတွေနှင့် ရင်းနှီးနွေးထွေးစွာ ပေါင်းသင်းဆက်ဆံဖြစ်ခဲ့တာ။

ခုတော့ သူ့ရင်ကိုလှုပ်လှုပ်ခတ်ခတ်လွှမ်းမိုးလာခဲ့တာ ယဉ်သောလှသောကန္ဒြေကြီးသော ဒေါက်တာအံမှူးဝေတဲ့။



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်မှာတစ်ခါ မြတ်နိုးတန်ဖိုးထားပြီးချစ်ခဲ့မိတာ သူ့အမှားလား။

အံမှုုးဝေရဲ့အချစ်ကိုလိုချင်တောင့်တမိတာရော သူ့အမှားလား။

ဟင့်အင်း အမှားအမှန်ကို မခွဲခြားနိုင်အောင် မမကို စွဲစွဲလမ်းလမ်း သူချစ်နေမိသည်။

ကနုတ်ရဲ့အလှကို သူ တစ်ခါမှရင်မခုန်ခဲ့။ ပန်းချီတ် လည်ဟိုက်လက်ပြတ်များနှင့် ထတီစကာဒ်၊ ရှေ့ပင်န်တွေ၊ ကွာတားတွေကို တွဲဖက်ဝတ်ဆင်တတ်ကာ ဖိနပ်ကိုလည်း ဈေးအကြီးဆုံးခွာမြင့်များသာ စီးတတ်သည်။

ပန်းအောက်သာသာလေးရှိသည့် ဆံပင်တွေကို တော်ကြာကောက်လိုက်၊ ဖြောင့်လိုက် ဆေးရောင်အမျိုးမျိုးတင်လိုက်။

တစ်ကိုယ်လုံးမှာ ခေတ်နဲ့အညီ ဖန်စီပစ္စည်းများ ရှုပ်ယှက်ခတ်နေပြီး မျက်ခွံပေါ်မှာ အဝတ်အစားအရောင်နှင့် လိုက်ဖက်တဲ့ ကာလာတွေ ခြယ်ထားတတ်သည်။

ခြုံပြီးကြည့်လျှင် မမအလှလို အေးချမ်းတည်ငြိမ်မှုမရှိ ပူလောင်ပြင်းပြနေသည်။

ဝဏ္ဏတို့ကိုပြောလျှင် မမအပေါ် အချစ်တွေပုံနေလို့ အပူအအေးခွဲခြားနေတာပါလို့ သူ့ကိုအပြစ်တင်လိမ့်မည်။





ဒါပေမဲ့ မတတ်နိုင်။ သူမှအစကတည်းက ကနုတ်ကိုစိတ်မဝင်စားခဲ့တာ။

ဒါကို ဘယ်သူမှတိုက်တွန်းခွင့်မရှိ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

အခုတလော အလုပ်လုပ်ရတာ တစ်စုံတစ်ရာရဲ့ လွှမ်းမိုးခြင်း ခံထားရသလို ဘယ်လိုမှ စိတ်မဖြောင့်။

ဆေးရုံကြီးမှာပဲလုပ်လုပ်၊ ယွန်းသစ္စာမှာပဲလုပ်လုပ် ဂျူတီထွက်ရမှာ ကြောက်နေသလိုလို၊ ဂျူတီမဝင်ဘဲ တစ်နေရာကို လျှောက်သွားနေချင်သလိုလို။

အဆိုးဆုံးက အင်းလျားကန်ပေါင်က ရျာန်နှင့်ထိုင်ခဲ့တဲ့ ထိုင်ခုံလေးမှာ စိတ်သက်သောင့်သက်သာ သွားထိုင်ချင်စိတ် ရှိနေခြင်းပင်။

ပြီးတော့ ရျာန်ပြောတဲ့စကားတွေကို နားထောင်ချင်နေပြီး သူမကလည်း ဘယ်လိုအကြောင်းအရာမှန်းမသိတဲ့ စကားတွေကို တတွတ်တွတ်ပြောနေချင်မိသည်။





နားနေချိန်အနည်းငယ်နှင့် တာဝန်ဝတ္တရားတွေကြားမှာ လည်ပတ်နေခဲ့ရတဲ့အချိန်တွေက အရမ်းမွန်းကျပ်နေတာမို့ ထွက်ပေါက်တစ်ခုခု ရချင်နေ၏။

ဒီလိုမျိုး ဟိုအရင်တုန်းက မရှိခဲ့ပါဘဲ ရျာန်ဆီက ချစ်စကားတွေကြားပြီးမှ ပြောင်းလဲလာတာမို့ အံ့သြစရာတော့ကောင်းသည်။

ဟင့်အင်း။ ခေါင်းကိုတွင်တွင်ယမ်းရင်း မထိတရိ ရျာန့်ရဲ့အပြုံးတွေ မောင်းထုတ်နေမိလည်း အမြင်အာရုံမှာ စွဲငြိနေတာ ဘယ်လိုလုပ်ရမလဲ။

ဒီနေ့ ဝပ်ရ်ှော့မှာအပ်ထားတဲ့ သူမ စလွန်းကားအဖြူလေး ပြန်ရပြီမို့ အပြင်ကို တက္ကစီကား ထွက်ငှားစရာမလို။

ဒါဆို ဆေးရုံကားပါကင်ကနေ သူမကားလေး မောင်းထွက်သွားသည်နှင့် ရျာန်စောင့်နေလျှင်တောင် သူမကို မြင်တွေ့လိုက်မှာမဟုတ်။ ဒါဆိုလည်း တစ်မျိုးတော့ကောင်းပါသည်။

ကန်ပေါင်ကထိုင်ခုံလေးမှာ သူမတစ်ယောက်တည်း လွတ်လွတ်လပ်လပ် လေညင်းခံလို့ရတာပေါ့၊

သူမ ခွဲခန်းကထွက်ပြီးနားနေချိန်လေးမှာ ကားလေးကိုမောင်းပြီး ကန်ပေါင်ကိုရောက်လာခဲ့သည်။

ညင်းသွဲ့သွဲ့လေပြည်လေးရဲ့ အထိအတွေ့ကိုရတော့ သူမစိတ်တွေ ပေါ့ပါးလန်းဆန်းသွား၏။ ဒီနေ့မှ ခွဲခန်းကထွက်ပြီး ရေမိုး



www.burmeseclassic.com

www.burmeseclassic.com



ချိုးခေါင်းလျှော်လာခဲ့သည်။ အရေးကြီးလူနာတွေ ရှိနေတော့ ညဂျူတီဆက်ဝင်ဖို့အတွက် အိမ်ကိုမပြန်တော့ဟု ဆုံးဖြတ်ထားသည်။ အိမ်မှာဆို ရေချိုးပြီးတာနှင့် မျက်နှာကို သနပ်ခါးရေကျဲလေးပွတ်လိမ်းထားပေမယ့် ခုတော့ မျက်နှာမှာ ခပ်ပါးပါးဖောင်ဒေးရှင်းတစ်ခုခံပြီး မှုန်ဖွေးဖွေးလေးဖြစ်အောင် ပတ်ဖိရိုက်လာခဲ့သည်။ ကန်ပေါင်ကိုရောက်တော့ မခြောက်တခြောက်ဖြစ်နေသေးတဲ့ ဆံနွယ်တွေကို ဒီအတိုင်းဖြန့်ချထားကာ မျက်လုံးကိုစုံမှိတ်၍ အလုအယက်တိုးဝေ့ဝင်လာတဲ့ လေနုအေးလေးကို အရသာခံရှူရှိုက်နေလိုက်၏။

"မမ"

"ဟင်"

နားနားကပ်ကာ တိုးတိတ်သော ဈာန့်ခေါ်သံကြောင့် သူမရင်တွေ ဖျပ်ဖျပ်ခါ တုန်ယင်အံ့အားသင့်သွားသည်။ ဖျတ်ခနဲ မျက်လုံးကိုစုံဖွင့်ကာ ဈာန့်ကိုကြည့်လိုက်တော့ သူမ ပို၍အံ့သြရပြန်သည်။

ပုံစံဒီဇိုင်း အပြုအမူနှင့် အဝတ်အစားတွေပါ ပြောင်းလဲနေ၏။ ကုပ်ထောက်လုနီးပါး အီမိုကေလေးက အနက်ရောင်ပြောင်း၍ တိုကပ်ကပ်လေးဖြစ်ကာ ကြည့်ကောင်းနေသည်။ အဖြူ၊ အညိုရောယှက်ထားတဲ့ စပို့ရှပ်လက်တိုအစင်းလေးနှင့် ပုဆိုးကွက်စိတ်လေးကို သေသပ်စွာဝတ်ဆင်ထားသည်။ နားကပ်ဝတ်ထားတဲ့နားလေးမှာ အပေါက်လေးသာရှိနေပြီး မျက်နှာလေးက ရှင်းသန့်ကာ အရာထင်နေတဲ့





အမွေးအမျှင်များကို ရိတ်သင်ထားတာမို့ စိမ်းမြမြလေးဖြစ်နေ၏။

ရဲစိုနေသော နှုတ်ခမ်းလေးများက အရောင်ပြောင်းလဲသွားခြင်းမရှိပေမယ့် တည်ငြိမ်ရင့်ကျက်သော အသွင်ကိုဆောင်နေသည်။

"မမ အံ့သြနေတာလား၊ ဖွင့်မပြောပေမယ့် မမနဲ့လိုက်ဖက်မှုရှိအောင် ပြောင်းလဲသင့်တယ်ထင်လို့ ပြောင်းလဲလာခဲ့တာပါ"

"မင်း အဲလိုပြောင်းလဲလိုက်တာနဲ့ မင်းအချစ်ကို ငါ လက်ခံမယ်ထင်နေလား"

"အရင်စာရင် ပိုနီးစပ်သွားတာတော့ သေချာပါတယ်၊ မမ အံ့သြပြီး ရင်ခုန်သွားတယ် မဟုတ်လား"

"အံမယ်၊ ပြောပုံက တင်တင်စီးစီး၊ မင်း ဘယ်လိုလုပ် ဒီကိုရောက်လာတာလဲ၊ ပြောပါဦး"

"ဆေးရုံရှေ့က စောင့်နေတာပေါ့၊ မမကားလေး ထွက်သွားတော့ ကျွန်တော် နောက်ကလိုက်လာတာ"

"ကားအရောင်ကို မှတ်ထားလိုက်တာပဲလား"

"အလေးအနက် တန်ဖိုးထားမိနေတော့လည်း စုံစမ်းလေ့လာရတာပေါ့၊ ကျွန်တော်က မမ အိမ်ပြန်အနားယူမယ်ထင်နေတာ၊ ကန်ပေါင်ဘက်ရောက်လာတော့ တော်တော်အံ့သြသွားတယ်၊ မမ ဒီနေရာလေးကို ကျွန်တော်ကိုသတိရလို့ လာထိုင်တာလား"

ဈာန်က သူမစိတ်ကို အမိအရ ဖမ်းဆုပ်ဖို့ကြိုးစား၏။ သူမက



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကိုခပ်တင်းတင်းလုပ်၍ လှဲ့ဖယ်ကာ –

“ဒီနေ့ အရမ်းပင်ပန်းလို့ပါ၊ နိုက်လည်း ဆက်ဝင်ရမယ်၊ အဲဒါကြောင့် အိမ်ကိုပြန်မနားတော့တာ”

“ဒီနေရာလေးကို လာအနားယူတာ ကောင်းပါတယ်၊ မမ အိမ်ကိုပြန်နေရင် အဝေးကြီးပဲနော်၊ ညတွေ ဘာတွေ တစ်ယောက်တည်း ကားနဲ့ပြန်ရင်တောင် ကျွန်တော်စိတ်မချဘူး၊ နောက်ဆိုရင် မမရဲ့သက်တော်စောင့် လုပ်ပေးမယ်၊ ခွင့်ပြုမယ်မဟုတ်လား”

“ဟင့်အင်း၊ တစ်ယောက်တည်းနေလာတာ နေသားကျနေပြီ၊ အဖော်မလိုပါဘူး”

“မမ မလိုအပ်ပေမယ့် ကျွန်တော်က မမရဲ့အနီးဆုံးမှာ ရှိနေချင်တယ်လေ၊ အဲဒါ ဘယ်လိုလုပ်ရမလဲ”

“မင်းမှာ အချိန်တွေ တော်တော်ပိုနေလား၊ အဲလိုအချိန်ကို အလဟဿဖြုန်းတီးတတ်တာ ငါမကြိုက်ဘူး”

“နောင် မှတ်ထားပါ့မယ်၊ အခုတော့ နားလည်ပေးပါ၊ ကျွန်တော် မမကိုချစ်တယ်”

အနားကိုတိုးကပ်လိုက်တော့ မျက်နှာလေးကို ဆံနွယ်တွေနှင့် ဖုံးအုပ်ကာလှဲ့ဖယ်သွား၏။ ပန်းသွေးရောင်ပေါ်မှာ အနက်ရောင်စပေါ့်လုံးလေးပါသည့် အင်္ကျီလက်ပြတ်လေးကိုဝတ်ထားတာမို့ သွယ်ပျောင်းနေသော လက်မောင်းသားလေးက မွေးညှင်းနုများဖြင့် ဝင်း





ဖန့်နေသည်။

လေပြည်နုနုရဲ့ တိုက်ခတ်မှုကြောင့် တလွင့်လွင့်ဖြစ်နေတဲ့ ဆံနွယ်များက ရှန်ပူရနံ့တသင်းသင်းဖြင့် သူ့နှလုံးအိမ်ကို ဖမ်းစားဆွဲညို့နေ၏။ အတန်ကြာငေးစိုက်ကြည့်နေမိစဉ်မှာ သူမဆီက လှင့်ခနဲ မျက်စောင်းနှင့် ဒိုင်းခနဲဆုံသည်။

သူမဘက်က အရင်ဆုံး အကြည့်လွှဲကာ သက်ပြင်းရှိုက်သံ တိုးသဲ့သဲ့ ကြားလိုက်ရ၏။

“မမဘဝရဲ့ အရင်အချိန်တွေက မင်း အခုမြင်နေရသလိုမျိုး မလှပခဲ့ဘူး ဗျာန်၊ စိတ်ကူးယဉ်ဖို့အခြေအနေလည်း မပေးခဲ့ဘူး၊ အမှန်အတိုင်းဝန်ခံရရင် တစ်ခါမှ အချစ်ကိုမရှာဖွေခဲ့ဖူးဘူး၊ ဒါပေမဲ့ မင်းကိုယုံကြည်ဖို့လည်း ခက်ခဲနေတယ်”

“အသက်အရွယ်ကြောင့်လား၊ အဆိုတော်တစ်ယောက်နဲ့ ဧရာဝန်မတစ်ယောက် မဖြစ်သင့်ဘူး တွေးနေတာလား၊ မမ မလိုချင်တာတွေ ကျွန်တော်စွန့်လွှတ်နိုင်ပါတယ်၊ မမ လိုအပ်တာတွေကိုလည်း ဖြည့်ဆည်းပေးနိုင်ပါတယ်”

“အချစ်ဆိုတာနဲ့ပတ်သက်ပြီး မမ သိပ်နားမလည်ဘူး ဗျာန်၊ [illegible]သားပေသားကျနေတဲ့ဘဝထဲကနေ ဘာကိုမှ လေ့လာစူးစမ်းခွင့် အချိန်တွေ မရခဲ့တာလည်းဖြစ်မှာပါ၊ ခုလို အေးချမ်းငြိမ်သက်မှုရတော့မယ့်အချိန်မှာ မင်းဘက်က အချစ်လို့အမည်တပ်လိုက်တာနဲ့ ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားတာ အမှန်ပါပဲ၊ ဒါပေမဲ့ စိတ်ကူးယဉ်ရမယ့် အချိန်တွေ လွန်သွားပြီထင်တယ်၊ အသက်အရွယ်အားဖြင့်ရော ရာထူး ဂုဏ်ဒြပ်အနေနဲ့ပါ ပြောတာ၊ ဟို ချမ်းသာကြွယ်ဝမှုကို ဆိုလိုတာ မဟုတ်ဘူးနော်၊ အသက်ကြီးကြီးဆရာဝန်မနဲ့ ဟစ်ပော့ပ်အဆိုတော် ပေါက်စလေးတစ်ယောက်အဖြစ်နဲ့ပဲ''

''မမရယ် ရင်ထဲကပေါက်ဖွားလာတဲ့ အချစ်ဆိုတာကို ဘယ် လိုပေတံမျိုးနဲ့မှ မတိုင်းထွာသင့်ပါဘူး၊ ရာထူးဂုဏ်ဒြပ် အဆင့်အတန်း အသက်အရွယ် အားလုံးပေါ့၊ ကျွန်တော်လိုချင်တာ မမရင်ထဲကအချစ် မမ ရချင်တာလည်းအချစ်ဆိုရင် ပြည့်စုံနေပြီပဲ မဟုတ်လား''

ဈာန်က မေးစင်းရီဝေကာ ကြည့်ရင်း သူမလက်ကလေးကို ခပ်ဖွဖွဆုပ်ကိုင်ပြီးမှ စကားဆက်၏။

''မမ့လိုအပ်တာတွေ ကျွန်တော်အပြည့်အဝပေးပါ့မယ်၊ ကျွန် တော်လိုချစ်တာ မမ နည်းနည်းလောက်ပေးလည်း ကျွန်တော်ကျေနပ် တယ်''

''ဒီခေတ်အနေအထားအရဆိုရင် မင်း မမကိုချစ်တယ်လို့ ပြောတာ နောက်ကျချင်နောက်ကျနေလိမ့်မယ်ထင်တယ်၊ မမကတော့ အချိန်အတိုင်းအတာတစ်ခုထိ စဉ်းစားချင်သေးတယ် ဈာန်၊ မင်းနဲ့မမ ရဲ့ တွေ့ဆုံမှုအချိန်တွေက အရမ်းကို တိုတောင်းလွန်းပါသေးတယ်''

''မမ ကျွန်တော့်ကို ဥပါယ်တံမျဉ်နဲ့ရှောင်ချင်နေတာတော့





မဟုတ်ပါဘူးနော်''

''မင်းအကြောင်း မမ ဘာမှမသိသေးဘူးလေ၊ မင်းပြော ထားတာလောက်နဲ့ မလုံလောက်ဘူး ဈာန်၊ မမဘဝမှာ အရာအား လုံး ပြည့်စုံနေပြီဆိုရင်တောင် လိုအပ်မှုတစ်ခုတော့ ရှိနေပါသေးတယ်၊ အဲဒါဘာလဲဆိုတော့ အချစ်လို့ မမ ပွင့်ပွင့်လင်းလင်း ဝန်ခံရဲပါတယ်၊ ဒီအသက်အရွယ်ထိ ကြမ်းတမ်းဆင်းရဲတဲ့ဘဝမှာလည်း ကျင်လည်ပြီး ပြီ၊ ခုဆို ရာထူးဂုဏ်ဒြပ်နဲ့ဘဝမှာ အဆင်ပြေပြေလည်း နေနိုင်နေပြီ၊ မထိတွေ့ မခံစားဖူးတာ အချစ်တစ်ခုတည်းပါ၊ ဒါပေမဲ့ မမ မှားလို့ မဖြစ်ဘူး''

တိုးတိတ်တိမ်ဝင်သွားသော မမစကားသံအဆုံးမှာ ဈာန့် ရင်ထဲမှာ ယုံကြည်မှုတွေခိုင်မာလာ၏။ မမ သူ့ကိုမမုန်းတာ သူသိနေ သည်။ မုန်းမနေဘူးဆိုလျှင် ဂုဏ်သိက္ခာကြောင့် ထိန်းသိမ်းနေတာ ပဲပေါ့။

သူ ထွေးဆုပ်ထားမိတဲ့ လက်ကလေးကို မရုန်းတော့တာ လည်း သူနဲ့ပတ်သက်ပြီး ခံစားမှုတစ်စုံတစ်ရာရှိနေလို့ ဖြစ်ရမည်။ ဘယ်တော့မှ လက်တွဲမဖြုတ်ချင်တော့ဘူး။ ဘယ်လိုလုပ်ရမလဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"နင် ဘယ်လိုလုပ်နေတာလဲ ချာန်၊ ဟိုနေ့ကလည်း သီချင်၊ မတိုက်ဘဲ ပြန်သွားတယ်၊ ဒီနေ့လည်း ငါတို့ရောက်လာတာတောင် ဝဏ္ဏနဲ့ သူရက ရောက်မလာသေးဘူး၊ နင့်အိမ်ကိစ္စလား၊ သူတို့နဲ့ ပြဿနာတက်နေတာလား"

"ဘာဖြစ်ဖြစ် နင့်ကို ရှင်းပြနေရဦးမှာလား၊ ငါ့အကြောင်းနဲ့ ငါပေါ့"

ကြွပ်ဆတ်ခတ် စိတ်မရှည်သလို ချာန်ပြောလိုက်တော့ ကနုတ်မျက်နှာလေး ရေဝေးပန်းလို ညှိုးနွမ်းသွေ့ခြောက်သွား၏။

"နင်နဲ့ငါတို့ကြားမှာ အဲဒီလောက်သူစိမ်းဆန်တဲ့စကားတွေ သုံးနှုန်းသင့်သလား ချာန်၊ ဘယ်လိုကိစ္စအကျိုးအကြောင်းဆိုတာ





ပြေပြေလည်လည် ပြောသင့်တာပေါ့"

"နင့်အချိုးတွေ အရင်လို မဟုတ်ဘူး၊ တစ်မျိုးဖြစ်နေတယ် နော် ချာန်၊ နင် ဝါသနာပါတဲ့အလုပ်အပေါ်မှာတောင် လေးစားမှုမရှိတော့ဘူး"

ချာန်က ကနုတ်နှင့်အိတုံ့ပြောတဲ့စကားကို ဥပေက္ခာပြုကာ ဘောက်စ်မှာတပ်ထားတဲ့ ပလပ်ကြိုးတွေဆွဲဖြုတ်လိုက်ပြီး ကျောပိုးအိတ်ကို စလွယ်သိုင်းလွယ်၍ အပြင်ထွက်ဖို့ ခြေလှမ်းပြင်၏။ အပြေးအလွှား ချာန့်ရှေ့က ကနုတ် ပိတ်ကာရပ်လိုက်ပြီး မျက်ဝန်းအိမ်က မျက်ရည်တွေ စိမ့်ခနဲလိမ့်ကျလာသည်။

"ဒီနေ့လည်း ဒီပုံစံနဲ့ နင်ပြန်ဦးမလို့လား ချာန်၊ ဘယ်လို အကြောင်းမျိုးဖြစ်ဖြစ် နေရာတစ်ခုရဖို့ စိတ်တူကိုယ်တူ ဝါသနာတူ အနစ်နာခံပေါင်းလာခဲ့ကြတဲ့ သူငယ်ချင်းတွေကို နင် ဒီလိုပစ်စလက် ခတ် ဥပေက္ခာမပြုသင့်ပါဘူး၊ နင် ညစ်နေတာရှိရင် ငါတို့ မျှဝေခံစား ပေးမှာပေါ့၊ နင်ဘာဖြစ်နေတာလဲ၊ ဘာဖြစ်ချင်နေတာလဲ"

ကျစ်ခနဲ အသံပြုညည်းညူလျက် ဆိုဖာခုံမှာကျောပိုးအိတ်ကို ဆောင့်ခနဲပစ်ချလိုက်ပြီး ဝင်ထိုင်လိုက်၏။

မပြောရက်လို့ မဟုတ်ပေမယ့် မပြောချင်သေးလို့ မပြော တာကို ကနုတ် ဖွတ်အတင်းမေးနေပါရောလား။

ပြောလိုက်လျှင် ကနုတ် ဘယ်လိုခံစားသွားရမလဲ။ မတွေး



www.burmeseclassic.com

www.burmeseclassic.com



မိမှ ကောင်းမည်။ ရင်ထဲမှာအုံ့ဖွဲ့စုစည်းမှုတွေ တင်းတင်းကျပ်ကျပ်ဖြင့် တစ်ခုခုထွက်ပေါက်ရဖို့ ဖွင့်ပြောလိုက်ရတော့မည့်လား။

"ခဏ္ဍာနဲ့ သူရ နှင့်ကို ဘာမှမပြောပြမထားဘူးလား"

"ဘာကိုလဲ"

"နှင့်မိဘတွေပိုင်တဲ့ဆေးခန်းက ဆရာဝန်မတစ်ယောက်ကို ငါ စိတ်ဝင်စားနေတဲ့အကြောင်းပေါ့၊ ဒီကောင်တွေ ကျောင်လို့ ငါ ဟင်းနေတာ၊ ကိုယ်ရေးကိုယ်တာစွက်ဖက်တာ သူငယ်ချင်းကောင်းမှ မဟုတ်တာ"

သူမမျက်နှာကို မကြည့်ဘဲ တစ်ဖက်လှည့်ကာပြောလိုက်တဲ့ ဈာန်ကို အသံမဲ့အံ့သြခြင်းတွေနဲ့ မှင်တက်စွာကြောင်ငေးကြည့်နေမိ၏။ ဆတ်ဆတ်ခါသွားတဲ့ ရင်အစုံက အသံလှိုင်းတွေကိုပါ တုန်ခါစေ၏။

"ဘယ် ဘယ်သူလဲဟင်၊ နာမည် ဘယ်သူလဲ"

"ဒေါက်တာအိမ့်မှူးဝေ"

"ဟင်"

သူမမိဘတွေ ကျောင်းထားပေးခဲ့လို့ ဆေးကျောင်းတက်ခွင့်ရပြီး ဆရာဝန်ဖြစ်သွားတဲ့ အိမ့်မှူးဝေတဲ့လား။

လှပမှုတွေနဲ့ တည်ငြိမ်ကျက်သရေရှိပြီး မဟာဆန်သူရယ်လို့ မေမေတို့တောင် အမြဲတမ်းချီးမွမ်းနေတတ်သည်။ အိမ်ကို အဝင်





အထွက်ရှိကာ မိသားစုရဲ့ကျန်းမာရေးကို ဂရုစိုက်ပေးသူမို့ ကျေးဇူးသိတတ်သူရယ်လို့လည်း ဂုဏ်ယူနေကြ၏။

ထိရှနာကျင်မှုကြောင့် ဝဲတက်လာတဲ့မျက်ရည်တွေကို ဟန်ဆောင်ထိန်းချုပ်သိမ်းဆည်းဖို့ သတိမရ။

"နှင် သူ့ သူ့ကို တကယ်ချစ်နေပြီလား ဈာန်"

"နှိုင်းယှဉ်စရာရှိလို့ နှိုင်းယှဉ်ရမယ်ဆိုရင်တောင် ပေါ့ပျက်သွားမှာစိုးတယ်၊ ငုပ်လျှိုးနေတဲ့ ချစ်တတ်တဲ့ ငါ့ရဲ့နှလုံးသားတွေ သူ့ကြောင့် အသက်ဝင်လာတာ၊ ဘယ်လိုအကြောင်းနဲ့မှ ကိုယ့်ကိုယ်ကိုယ် ပြန်သတ်မိတဲ့အဖြစ်မျိုး ရောက်ခံမှာမဟုတ်ဘူး"

တားဆီးဖို့ကြိုးစားလိုက်တဲ့ သူမအတွင်းစိတ်ကို သိကာ ရွဲ့တောင်းတွေ့ငေါ့လိုက်သလားလို့ ထင်မိသည်။

ပိရိသေသပ်ထောင့်ချိုးညီနေတဲ့ ဈာန့်နှုတ်ခမ်းလေးတွေက တင်းမာခြင်းနှင့် ပြတ်သားရဲဝံ့နေ၏။

"နှင်က အရာရာကို စဉ်းစားချင့်ချိန်ပြီးမှ ဆုံးဖြတ်တတ်တဲ့ သူဆိုတော့ တွေဝေမှာမဟုတ်ဘူးဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ ငါနဲ့ ပတ်သက်မှုကို ထည့်မစဉ်းစားသင့်ဘူးလား"

"သံယောဇဉ်နဲ့ အချစ်ဆိုတာ စကားလုံးတွေကွဲပြားသလို ကဏ္ဍတွေလည်း ခွဲခြားပြီးသားပါ၊ ဘဝအဖော်မှန်လို့ သတ်မှတ်ပြီးသွားရင် ပိုပြီးတောင်စည်းခြားသွားသေးတယ်၊ နှင့်ကိုငါခင်ပါတယ် ကနုတ်"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ဆီက ခင်မင်မှုလောက်ပဲ ငါမျှော်လင့်ခဲ့တာ မဟုတ်ဘူး ချာန်၊ စိတ်တူကိုယ်တူ ဆန္ဒတူတွေအဖြစ်နဲ့ တန်ဖိုးထားပြီးလက်တွဲခဲ့တာ၊ အောင်မြင်မှုမရခဲ့ရင်တောင် လက်တွဲမဖြုတ်ဘူးဆိုရင် အားပေးနှစ်သိမ့်မှုတွေနဲ့ပါ"

"ငါ့ရင်ထဲက ဆန္ဒတွေမပါဘဲ ဘယ်သူကိုမှ အားနာပြီး မလိုက်လျောတတ်တာ နင်သိသားနဲ့ ကနုတ်ရယ်"

ကနုတ်မျက်နှာ ဖြတ်ရိုက်ခံလိုက်ရသလို လည်ထွက်သွားပါသည်။ မျက်ရည်စက်တွေလည်း လွင့်ခနဲခါကျသွား၏။ အညိုရောင်ဆိုဖာခုံရှည်ကြီးပေါ်မှာ အားလျော့ကာမှီထိုင်ချရင်း သူမ အရုပ်ကြိုးပြတ်ဖြစ်သွားခဲ့သည်။

အိတုံ့က ချာန့်ရှေ့မှ ဆောင့်ဆောင့်အောင့်အောင့် ခါးထောက်ရပ်ကာ

"နင့်စကားတွေ အရေးဥပဒေကျွာပြုလွန်းနေပြီ ချာန်၊ ငါတို့မျှော်လင့်ထားတာက သီချင်းခွေအတွက် မျှော်စင်ကျွန်းရိုးပွဲပြီးရင် နင်တို့ လက်ထပ်ဖြစ်လိမ့်မယ်လို့၊ အခု နင်က ဘာတွေကာတိမ်းကာပါး သွေးရှူးသွေးတန်းဖြစ်နေရတာလဲ"

"ငါနဲ့ ကနုတ်ရဲ့ ပတ်သက်မှုကို နင်တို့အားလုံးက ဘယ်လိုနားလည်လက်ခံထားကြလဲ ငါနားမလည်တော့ဘူး။ ငါ့ရဲ့ မရိုးသားမှုအရိပ်အယောင်လောက်တွေ့မှ ငါ့ကိုအပြစ်တင်သင့်တာ မဟုတ်ဘူး





လား၊ ပရိသတ်တွေနဲ့ လူအများစုက လိုက်ဖက်တယ်လို့ ဝေဖန်မှုတွေ မပါဘဲနဲ့ပေါ့"

"အဲဒါက နင်ဘက်က ယူဆချက်ပဲ ချာန်ရဲ့၊ ခံစားနေတဲ့လူအဖို့တော့ ဝေဒနာတွေပိုတိုးအောင် လောင်စာဖြည့်ပေးနေတာနဲ့ မတူဘူးလား။ နင်လည်း ကနုတ်ကို နားလည်မှုတွေနဲ့ ဖေးမခဲ့ပါတယ်"

ပြင်းရှသော သက်ပြင်းရှိုက်သံနှင့် ချာန်ထရပ်လိုက်ပြီးမှ ကနုတ်နှင့် အိတုံ့ကို မျက်လုံးဝေ့ကြည့်ကာ –

"အဲဒါက ဝါသနာနဲ့အောင်မြင်မှုကို ဆွတ်ခူးချင်တဲ့သူ အချင်းချင်း ရိုင်းပင်းကူညီလက်တွဲခေါ်တဲ့သဘောပါ၊ နင်တို့အားလုံးအပေါ်လည်း ငါ့ရဲ့စိတ်က ဒီအတိုင်းပဲ၊ အဲဒါကိုမှ အပြစ်မကင်းဘူးဆိုရင် ငါ ဘာမှမတတ်နိုင်ဘူး၊ ငါ့ကိစ္စကိုသာ ဘယ်သူမှ ဂျေဝင်ဖို့ မကြိုးစားကြနဲ့"

ငုံ့ညှာစာနာမှုကင်းစွာ ပြောပြီး အိတ်ကို ဖတ်ခနဲကောက်လွယ်ကာ ချာန်ထွက်သွားသည်။ ချာန့်ကျောပြင်ကိုငေးမော၍ ကနုတ်ပါးပြင်လေးပေါ် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာသည်။ အိတုံ့က ဖေးမ နှစ်သိမ့်သလို ကနုတ်ခေါင်းလေးကို သူမပခုံးပေါ် မှီခွဲ့စေ၍ ခပ်ဖွဖွထွေးဖက်ထားရင်း သက်ပြင်းရှိုက်၏။

"မသေချာတာကို ပိုင်ဆိုင်ဖို့စိတ်ကူးယဉ်မိရင် အနည်းအကျဉ်းတော့ နာနာကျင်ကျင်ခံစားရမှာပေါ့ ကနုတ်ရယ်၊ ဒါပေမဲ့ ချာန်



www.burmeseclassic.com

www.burmeseclassic.com



က ငါတို့အားလုံးကို သံယောဇဉ်မဖြတ်ပါဘူး၊ အခု ဈာန်ဖြစ်ပျက်နေတာတွေ ဘာမှမဟုတ်တဲ့ ပါးပါးလေးပဲ သဘောထားလိုက်ပါ''

ဖြေသိမ့်စေသောစကားဖြစ်ပေမယ့် ကနုတ်ရဲ့နှလုံးသားတွေက ခံနိုင်ရည်မရှိခဲ့။

ထိုးစူးကာအောင့်လာခဲ့သော ရင်ဘတ်လေးကို အသာအယာဖိ၍ အိတ်ကိုကို အားတိုးတကြီးမော့ကြည့်မိတော့ အိတ်ကိုက မသက်မသာပြုံးပြ၏။

သူမကတော့ မချိပြုံးတောင် ပြုံးလို့မရခဲ့ပါ။

အနစ်နာခံ ပေးဆပ်မှုတွေ တစ်ပြန်တစ်လှည့်ပေးအပ်ခဲ့ကြရင်း နေရာလေးတစ်ခုအပေါ်မှာ မျှော်လင့်ချက်တွေကို ပီတိတွေဖြင့် ကျေနပ်အားရခဲ့ကြသည်။

ပစ္စုပ္ပန်မှာ အောင်မြင်မှုတွေရနေပြီမို့ အနာဂတ်ကိုလည်း သေသေချာချာယုံကြည်ထားခဲ့သည်။

ခုတော့ ဈာန်ကိုချစ်မိတဲ့ သူမနှလုံးသားတွေကို မြေမြှုပ်သင်္ဂြိုဟ်လိုက်ရတော့မှာလား။

ဟင့်အင်း စွန့်လွှတ်ဖို့ချစ်ခဲ့တာမှ မဟုတ်တာ။ သူမ ဘယ်လိုမှ ခံနိုင်ရည်မရှိပါ။

နောင်ဘဝတွေထိတောင် ဆက်ချစ်နေချင်သေးတာပါ ဈာန်။

✿ ✿ ✿



## အခန်း (၁၅)

''သမီးလေးအခြေအနေ ဘယ်လိုရှိလဲ အံ့မျှုးရယ်၊ အန်တီရင်တွေပူနေပြီ''

''အရင်ချိန်တွေထက် ပိုဆိုးလာတာတော့ အမှန်ပဲ အန်တီ၊ စိတ်ထိခိုက်စရာတွေရှိလို့ ခဏ ခဏ ရှော့ခ်ဖြစ်နေရင် မကောင်းဘူး''

''အန်ကယ်ကတော့ လိုအပ်လာပြီဆိုရင် နိုင်ငံခြားကိုသွားပြီး ခွဲစိတ်ကုသမယ်လို့ စဉ်းစားထားတယ်၊ တစ်ဦးတည်းသော သမီးလေးမို့ အန်ကယ်တို့ မစွန့်လွှတ်နိုင်ဘူး''

သက်ပြင်းရှိုက်သံမှလွဲ၍ ဧည့်ခန်းကျယ်ကြီးအတွင်းမှာ ခဏတာ တိတ်ဆိတ်သွားပြန်၏။ ဦးမင်းထွဋ်နှင့် ဒေါ်သဖင်မြင့်တို့ရဲ့ ရင်ထဲက အပူကို သူမ ကိုယ်ချင်းစာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတည်းသော အမွေဆက်ခံမည့်သမီးလေးမို့ ဟန်မဆောင်နိုင်အောင် တုန်လှုပ်သွေးပျက်နေကြ၏။ သူမလည်း ကျေးဇူးရှင်တွေရဲ့သမီးလေးမို့ ကိုယ်ဖိရင်ဖိ ပြုစုဂရုစိုက်ကာ စိတ်ပူမိသည်။

“နှလုံးရောဂါဆိုတာ ခွဲစိတ်သည်ဖြစ်စေ, မခွဲစိတ်သည်ဖြစ်စေ စိတ်ပိုင်းဆိုင်ရာခံနိုင်ရည်အားတော့ အရေးကြီးတယ်၊ အန်ကယ် ဒီမှာစိတ်မချလို့ နိုင်ငံခြားသွားပြီး ခွဲစိတ်ကုသမယ်ဆိုလည်း လုံးဝ ပကတိလူကောင်းတစ်ယောက်လိုဖြစ်ဖို့ဆိုတာ သူ့ကျန်းမာရေးကို သူ့စိတ်နဲ့ကုသနိုင်မှ အောင်မြင်မှာ။ သူ့ဆန္ဒကို အရင်မေးကြည့်ပါဦးလား။ ရောဂါအကြောင်း အသိမပေးသေးဘဲ နိုင်ငံခြားသွားချင်ရဲ့လား ဆိုတာကိုလေ”

“သူကတော့ သူ့အဖွဲ့လေးကို သံယောဇဉ်ကြီးလို့ ရောဂါအကြောင်းမပြောရင် သွားမှာမဟုတ်ဘူး။ အသိပေးဖို့ကျတော့လည်း ပြောမထွက်ဘူးကွယ်၊ သမီးလေးကို အန်တီ ပိုးမွေးသလို တယုတယ မွေးခဲ့ရတာပါ၊ အရွယ်လေးရောက်လာလို့ အဖွဲ့အစည်းလေးနဲ့ သူ လုပ်ချင်ရာလုပ်ပြီး ရောဂါပျောက်နေတော့လည်း အန်တီစိတ်ချမ်းသာခဲ့ရပါတယ်”

“ဟုတ်တယ် အံမှူး၊ သူ သီချင်းဆိုတာ, ကတာ အန်ကယ်တို့ လုံးဝမနှစ်သက်ပါဘူး၊ အသိုက်အဝန်းဂုဏ်သိက္ခာနဲ့လည်း မအပ်စပ်ဘူးလေ၊ ဒါပေမဲ့ သမီးလေးက အဲဒီအလုပ်လုပ်မှ ရောဂါ





သည့် မဟုတ်တော့သလိုကို သူပျော်နေရှာတာ၊ အခုမှ ကောက်ခါငင်ခါ ဘယ်လိုထဖြစ်ရလဲ မသိပါဘူးကွယ်၊ ဝါသနာကြောင့်လား, ပျော်ရွှင်မှုကြောင့်လား မသိဘူး၊ အရမ်းတက်ကြွလန်းဆန်းနေတာ၊ အဲဒါကြောင့်လည်း သူ့ရောဂါ သူသတိမထားမိအောင်, မေ့လျော့အောင် သူဖြစ်ချင်တာတွေလိုက်လျောပြီး ဖုံးဖိပေးထားမိတာပေါ့ကွယ်”

မိဘတွေရင်ထဲက လိုချင်မှုကင်းတဲ့ မေတ္တာစေတနာကို အံမှူး လေးစားမိသည်။ သူမရဲ့အဖေလည်း သမီးရဲ့ဆန္ဒကို ဖြည့်ဆည်းဖို့ နေ့မအား၊ ညမအား အလုပ်တွေကြိုးစားပြီး အသက်စွန့်သွားခဲ့သေးတာပဲ မဟုတ်လား”

အဖေကို ပြန်မပေးဆပ်လိုက်ရသည့်အတွက် ဦးမင်းထွဋ်နှင့် ဒေါ်သဇင်မြင့်ကို မိဘအရာထားကာ နှစ်သိမ့်အားပေးဖို့ ဆုံးဖြတ်လိုက်သည်။

“အရေးအကြီးဆုံးက သူ့မှာ ဒီရောဂါရှိတာ သူ မသိဖို့ပါပဲ၊ ဘယ်သူမဆို ကိုယ့်မှာ ရောဂါဝေဒနာတစ်ခုခုဖြစ်နေတယ်လို့ သိသွားရင် ရောဂါဝေဒနာထက် အပြင်းထန်ဆုံးခံစားရမှာက စိတ်ကျရောဂါပဲ၊ ငါ အသက်ရှည်ရှည်နေရမှာ မဟုတ်ဘူးလို့ တွေးလိုက်ရင် အားလုံးကို အရှုံးပေးချင်စိတ်တွေနဲ့ ကိုယ့်ကိုယ်ကိုယ် ဒုက္ခပေးလိုက်သလို ဖြစ်သွားမယ်၊ အဲဒါကြောင့် သူ့မှာ ရောဂါရှိမှန်းမသိသေးတဲ့ ကနုတ်ကို အလွယ်တကူအသိမပေးသင့်ဘူးလို့ အံမှူးထင်တယ်၊ အခု လတ်



www.burmeseclassic.com

www.burmeseclassic.com



တလော ကနုတ် ဘာကြောင့် ဒီလိုဖြစ်သွားရတာယ်ဆိုတဲ့ အကြောင်း ရင်းကိုသိမှ ဘာလုပ်သင့်တယ်ဆိုတာ ထပ်ပြီးတိုင်ပင်ကြည့်ကြတာပေါ့ အန်တီ''

''ကျေးဇူးတင်ပါတယ် အံမှုးရယ်၊ အံမှုးနဲ့တိုင်ပင်ညှိနှိုင်းရတာ အန်တီတို့ တစ်ဝက်စိတ်ချမ်းသာရပါတယ်၊ ပြီးတော့ အန်တီ အကူအညီတစ်ခုတောင်းချင်တယ်၊ အရွယ်ရောက်လာတဲ့ သမီးလေးရဲ့ ဆန္ဒတွေကို လူငယ်ချင်းမေးကြည့်တာ အဆင်ပြေမလားလို့ပါ''

''ဟုတ်ကဲ့ အန်တီ၊ ကနုတ်သက်သာလာရင် အံမှုး ကြိုးစားကြည့်ပါမယ်၊ အံမှုးကိုလည်း အစ်မတစ်ယောက်လို ခင်တွယ်နေတာဆိုတော့ အဆင်ပြေမှာပါ''

ဒေါ်သဇင်မြင့်မျက်နှာ ခုမှ တောက်ပကြည်လင်လာသည်၊ အိမ်ဖော်မလေး လာချပေးတဲ့ ကော်ဖီလေးကိုလည်း အံမှုးရှေ့ တိုးပေးလိုက်၏။

''ကော်ဖီလေးသောက်လိုက်ပါဦး၊ ညက တစ်ညလုံး သမီးလေးကိုပြုစုနေရလို့ အံမှုးလည်း ပင်ပန်းနေပြီ၊ ပြီးရင် အိမ်ပြန်ပြီး အနားယူလိုက်ပါလားကွယ်၊ ဆေးခန်းကို ဂျူတီမဝင်ရအောင် အန်တီဖုန်းဆက်ပြီး ပြောပေးပါ့မယ်''

''နေပါစေ အန်တီ၊ အံမှုး ခဏနားပြီးတာနဲ့ ဂျူတီဝင်လိုက်ပါ့မယ်၊ ကနုတ်ကို ဆေးတစ်ကြိမ်တိုက်ပြီးရင် အံမှုး ပြန်လိုက်တော့မယ်နော်''

ဦးမင်းထွဋ်နှင့် ဒေါ်သဇင်မြင့်က ကျေးဇူးသိတတ်လွန်းသော အံမှုးကိုကြည့်ကာ ကျေနပ်အားရနေခဲ့ကြသည်။

ကနုတ် အခန်းတံခါးလေးကိုခေါက်၍ အံမှုးဝင်လာခဲ့သည်။ မိန်းမောနေသော ကနုတ်က အားနည်းဖျော့တော့စွာ မျက်လုံးလေးလှန်ကြည့်၏။

''သက်သာလား ညီမလေး''

''ဟုတ်ကဲ့၊ မမအံမှုး မပြန်ရသေးဘူးလား''

''ညီမလေးကို ဆေးတိုက်ပြီးမှ ပြန်မယ်လေ၊ စွပ်ပြုတ်လေး အရင်သောက်လိုက်ရအောင်နော်''

ကနုတ်ကို ခေါင်းအုံးတွေဆင့်၍ မှီထိုင်စေပြီး မိချိုယူလာပေးသော အငွေ့တထောင်းထောင်းထနေသည့် စွပ်ပြုတ်ပန်းကန်လေးကို တဖူးဖူးမှုတ်ကာ အအေးခံ၍ တယုတယတိုက်ကျွေးဖြစ်သည်။

ထိုအခြေအနေလေးမှာ ကနုတ် ဘာလို့မျက်ရည်ဝဲနေသလဲ မခန့်မှန်းနိုင်၊ ပါးစပ်လေး တလှုပ်လှုပ်၊ မျက်လုံးလေး တလည်လည်ဖြင့် ဘာတွေပြောချင်၊ မေးချင်နေလဲ သူမ မသိ။

ရင်တွင်းခံစားချက် တစ်စုံတစ်ရာကြောင့် ရင်ဖွင့်တိုင်ပင်စရာတွေ ရှိနေလား။

အရာရာအားလုံးပြည့်စုံနေတဲ့ ကနုတ့်ဘဝမှာ ဘာတွေများ



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်နေပါသေးသလဲ၊ အခုအချိန်မှာ စိတ်ပင်ပန်းမှာစိုးလို့ ဘာမှမပြော
စေချင်။ နောက်ဆိုရင်တော့ ကနုတ်ဘက်က ပြောမလာရင်တောင်
သူ မေးဖြစ်အောင် မေးကြည့်မှာပါ။

ကနုတ်ရင်ထဲ ဘာတွေရှိနေသလဲလို့ပေါ့။

✿ ✿ ✿



အခန်း (၁၆)

သူမ အိမ်ပြန်ရောက်တာနှင့် ရေမိုးချိုး စားသောက်ပြီး တစ်
မှေးလောက်အိပ်ကာ အားပြန်မွေးလိုက်သည်။ မနေ့ညက ကနုတ်
နေမကောင်းဘူးဆိုတာ ဆေးရုံဂျူတီကျနေချိန်မှာ ဒေါ်သဇင်မြင့် ဖုန်း
ဆက်အကြောင်းကြားလာတာကြောင့် ထိုအိမ်ကို ညတွင်းချင်းရောက်
သွားခဲ့ရသည်။ သတိမရတစ်ချက် ရတစ်ချက်ဖြစ်နေတဲ့ ကနုတ်ကို
အပင်ပန်းခံ ပြုစုကုသခဲ့ရသည်။

ကနုတ်မိဘတွေရဲ့ စိုးရိမ်ပူပန်မှုကို ကိုယ်ချင်းစာပြီး သူမ
အိမ်မပြန်ဖြစ်ခဲ့။ ဒီနေ့မှ ပြန်လာတော့ လူက စိတ်ရောကိုယ်ရော
ပင်ပန်းနွမ်းနယ်နေသည်။

နိုက်ဂျူတီလည်း ဝင်ရဦးမှာမို့ နာရီဝက်လောက် သတိထား



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပြီး သူမ နိုးလာခဲ့၏။ ရေမိုးချိုးပြီးသားမို့ မျက်နှာလေးသစ်ပြီး ကရင်မ်ပတ်ဖ်ရိုက်၍ စလင်းဘတ်ခ်လေးလွယ်ကာ အောက်ထပ်ဆင်းလာခဲ့သည်။

"သွားတော့မလို့လား သမီး၊ ပင်ပန်းလိုက်တာကွယ်၊ တစ်ခုခုစားပြီးမှ သွားပါလား သမီးရယ်"

"ထမင်းစားပြီးမှ အိပ်လိုက်တာဆိုတော့ ဗိုက်မဆာဘူး အမေ၊ ညမှဆာရင်လည်း ဆေးရုံကင်န်တင်းမှာ တစ်ခုခုဝယ်စားလိုက်တော့မယ်"

"ကနုတ်ဆိုတဲ့ ကလေးမလေးရော သက်သာရဲ့လား သမီး"

အမေက စကားပြောချင်နေသည်ဆိုတော့ အမေ့နားမှာ သူမ ဝင်ထိုင်လိုက်ကာ –

"ဆေးကောင်းဝါးကောင်းသုံးနိုင်တော့လည်း အမြန်တော့ သက်သာပါတယ် အမေ၊ ဒါပေမဲ့ နှလုံးနဲ့ပတ်သက်တဲ့ရောဂါတိုင်း စိတ်ပိုင်းဆိုင်ရာက အဓိကပဲလေ"

"ဒီလောက်ပြည့်စုံကြွယ်ဝနေတာ စိတ်ခံစားရလောက်တဲ့ အကြောင်းများရှိသေးလားကွယ်"

"ဘယ်ပြောနိုင်မလဲ အမေရယ်၊ ဘယ်လောက်ပဲ ဂုဏ်ပကာသနတွေ အများကြီးနဲ့ချမ်းသာကြွယ်ဝပါစေ မပြည့်စုံမှုဆိုတာ ရှိနေမှာပဲလေ၊ ရုပ်ဝတ္ထုပြည့်စုံပေမယ့် စိတ်ခံစားမှုချို့တဲ့နေရင် ဘာမှ





မတတ်နိုင်ဘူးပေါ့၊ အံ့မှူးတို့ဆိုရင်လည်း အရင်ချိန်တွေတုန်းက ပစ္စည်းဥစ္စာမပြည့်စုံပေမယ့် မိသားစုစုံစုံညီညီ စိတ်ချမ်းသာပျော်ရွှင်ခဲ့ရတာပဲ မဟုတ်လား၊ အဖေဆုံးပြီး ပူပင်သောကတွေနဲ့ နာကျင်ခဲ့ရတဲ့အချိန်တွေတော့ မပါဘူးပေါ့လေ၊ ခုဆိုလည်း အံ့မှူးတို့ မောင်နှမတစ်တွေ ဂုဏ်ဒြပ်ကိုယ်စီ၊ တာဝန်ကိုယ်စီနဲ့ ချမ်းသာပြည့်စုံပြီ ပြောလို့ရပေမယ့် စည်းစိမ်ဥစ္စာတွေ အဖေမခံစားရလိုက်ပါလားလို့ အဖေ့ကို တမ်းတပြီး နာကျင်ကြေကွဲခံစားနေခဲ့ရတယ် မဟုတ်လား"

"ဒါပေါ့ သမီးရယ်၊ သမီးတို့အဖေအတွက် အမေလည်း တစ်နေ့မှစိတ်မကောင်းနိုင်ပါဘူး၊ မေမေတို့ ဒီလိုအခြေအနေမျိုး နေထိုင်နိုင်လာတာ ဦးမင်းထွဋ်နဲ့ ဒေါ်သဇင်မြင့်ဆိုပြီးတော့တောင် ကျေးဇူးတင်ထိုက်သေးတာ၊ တစ်သက်လုံးစားသုံးမကုန်တဲ့ ပညာဒါနကို တာဝန်ယူခဲ့တဲ့ သူတို့ကိုတော့ တစ်သက်လုံးဘဝနဲ့ရင်းပြီး ကျေးဇူးဆပ်ခွင့်ရရင်တောင် ကျေနိုင်မယ် မထင်ဘူး၊ ဆပ်ခွင့်ရအောင် ဆုတောင်းပါ သမီး"

အမေပြောတဲ့စကားတွေတိုင်းက တန်ဖိုးရှိနေသည်မို့ အံ့မှူးလေးအနက် နားထောင်နေမိ၏။ ကျေးဇူးတရားဆိုတာကို တချို့လူတွေ ဘယ်လိုနားလည်လက်ခံထားလဲ မသိ။

သူမကတော့ တန်ဖိုးဖြတ်လို့ မရတဲ့အရာ၊ တစ်သက်လုံး ပေးဆပ်မကျေနိုင်တဲ့ ကျေးဇူးတရားလို့ပဲ မှတ်ယူထားသည်။ အမေရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆုံးမသွန်သင်တဲ့စကားတွေကြောင့် အမေ့သမီးဖြစ်ရတာ ဂုဏ်ယူ
၏။

"အမေပြောတဲ့စကားတွေ အံ့မှုး ဘယ်တော့မှ မမေ့ပါဘူး အမေ၊ အံ့မှုးဝါသနာပါတဲ့ ဖြစ်ချင်လွန်းခဲ့တဲ့ ဆရာဝန်မကြီးဖြစ်အော လုပ်ပေးခဲ့တဲ့ သူတို့ရဲ့ကျေးဇူးတရားကိုလည်း အံ့မှုး မမေ့ပါဘူး အံ့မှုးကို ဂုဏ်ဒြပ်တစ်ခုပိုင်ဆိုင်အောင် လုပ်ပေးလိုက်တာနဲ့ မော လေးနဲ့ ညီမလေးလည်း သူတို့ဂုဏ်ဒြပ်အဆင့်အတန်းနဲ့ ဖြစ်သွား ပြီ၊ မမျှော်လင့်တာတွေ ဖန်တီးပေးခဲ့ကြလို့ သူတို့ကို အံ့မှုး ညတို ကန်တော့ပြီးမှ အိပ်ပါတယ်"

"သာဓုပါကွယ်၊ အမေ့သမီးလေး ဒီထက်ပိုပြီး အောင်မြင် မှာပါ"

နာရီကိုမြောက်ကြည့်ကာ ကားလေးကိုမောင်းပြီး ထွက်လာ ခဲ့တော့ အမေက ကျေနပ်ပီတိတွေဖြင့် ဆုတောင်းရင်းကျန်ရစ်ခဲ့သည်။ အမေနှင့် စကားပြောကောင်းနေသေးသော်လည်း အလောတ ထွက်လာမိတဲ့ ကိုယ့်စိတ်ကိုယ် နားမလည်နိုင်။

မသိစိတ်က နေရာလေးတစ်ခုကို တမ်းတမ်းတတရော ချင်နေသည်။ ပင်ပန်းနွမ်းနယ်မှုတွေကို ပေါ့ပါးလန်းဆန်းပြေပျော စေနိုင်သည့် တန်ဖိုးရှိတဲ့နေရာလေးဟု သူမ တင်စားမိ၏။ ဒါပေ ထိုနေရာလေးကို ချာန်ရောက်မလာလျှင် မပြည့်စုံနိုင်ပါ။





"ဟင်"

သူမ ထိုနေရာလေးကိုရောက်လာတော့ ချာန်က အရင် ရောက်နှင့်နေသည်။ အဝါရောင်ကွက်စိပ်ပုဆိုးလေးနှင့် အဖြူရောင်ရှပ် လက်တိုလေးကိုဝတ်ဆင်ထားတာမို့ ရှင်းသန့်ချောမွေ့တောက်ပြောင် လားနားနေ၏။

ထိုင်ခုံလေးကို ကျောကပ်မှီလျက် ကန်ရေပြင်ဘက်ကိုခပ် ငေးငေးကြည့်ကာ ချာန် ဘာတွေတွေးနေသလဲမသိ။

ခြေလှမ်းတွေ တွန့်ခနဲဖြစ်သွားပေမယ့် ဆန္ဒတို့ကိုချုပ်နိုင်လို့ မရခဲ့ပါ။

ဆွဲဆောင်ဖြားယောင်းခံရသလို ထိုနေရာလေးကိုခြေလှမ်း တွေက တရွေ့ရွေ့။

"ဟင် မ မမ"

လင်းလက်ချာန် ဝမ်းသာအားရဖြစ်သွားကာ နေရာရွှေ့ထိုင် ပေး၏၊ သူမက ဘာသိဘာသာ ဝင်ထိုင်လိုက်ပြီး မှင်သေသေနေလိုက် သည်။ သူမရင်ထဲက မသိစိတ်ကို ချာန်သိလို့မဖြစ်။

"ဆေးရုံနှစ်ခုလုံး မမ ဂျူတီမဝင်တော့ ကျွန်တော်က မမ တစ်ခုခုဖြစ်နေတယ်ထင်နေတာ၊ ရင်ထဲမှာ နေမထိထိုင်မသာနဲ့ မမ အိမ်ကိုတောင် လိုက်လာဖို့ စဉ်းစားနေတာ"

"အဲလောက် အကဲမပိုပါနဲ့ မင်း အိမ်လိုက်လာရင် အမေတို့



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးဖြစ်သွားမှာပေါ့''

''ထင်တော့လည်း နားဖောက်ပြီးသားဖြစ်သွားတာပေါ့၊ မကောင်းဘူးလား မမရဲ့၊ ကျွန်တော် တစ်နေ့နေ့တော့ မမဆီမ ရောက်အောင်လာမယ်''

''ဟင့်အင်း မလာနဲ့နော်၊ မမ မကြိုက်ဘူး''

''ကျွန်တော့်ကို ကြောက်လို့လား''

''အံမယ်၊ မင်းလို မလောက်လေး မလောက်စားကောင်လေးကို ဘာလို့ကြောက်ရမှာလဲ၊ နှာမည်ကိုက ယောကျ်ားလိုလို မိန်းမလိုလိုနဲ့''

''ဟား မမက နိုင်ကွပ်တယ်ဗျာ၊ လင်းလက်ချာန်ဆိုတာ တောက်ပလင်းလက်ပြီး ပုံနေတဲ့သဘောဗျ ကျွန်တော့်မှာ အဲ နာမည်လေးကြောင့် ဆယ်ကျော်သက်မိန်းကလေးပရိသတ် ရနေတာ''

''ကြွားတာပေါ့လေ''

''မဟုတ်ဘူး၊ သဝန်တိုမလားလို့ ပြောကြည့်တာ''

ကြည်နူးစွာရယ်ဖြစ်လိုက်ကြသည်မို့ ဘယ်သူတိုက်တွန်းမှု မပါဘဲ ချာန်နဲ့မမ ပိုပြီးရင်းနှီးသွားခဲ့ကြသည် ထင်၏။

ရူးရူးတောက်ပနေသော ချာန့်မျက်ဝန်းအကြည့်တွေက ချစ်ဆိုတာကို ခံစားဖို့ တွန်းအားပေးခဲ့တာဖြစ်မည်။

ချာန့်ရဲ့ ခပ်ဖွဖွထွေးဖက်မှုမှာ ချာန့်ပခုံးလေးပေါ် အလို





သင့်မွှေးမှိုင်ရင်း မွန်းကျပ်မှုတို့ကို သက်ပြင်းတွေအဖြစ်နဲ့ မှုတ်ထုတ်ပစ်လိုက်သည်။

''ကျွန်တော့်ကို ရဲရဲတင်းတင်းယုံကြည်ပြီး ချစ်လိုက်ပါ မမရယ်၊ ဆန္ဒတွေကို မျိုသိပ်နေရင် မမ ပိုပြီးပင်ပန်းမှာပေါ့၊ ကျွန်တော်တို့နှစ်ယောက်လုံး အချစ်ကို လိုအပ်တောင့်တနေကြတယ် မဟုတ်လား။ ကျွန်တော်တို့ သတ္တိရှိရှိ လက်ထပ်ကြမယ်လေ''

''မလွယ်ကူတာကို အကြီးကြီး မဆုံးဖြတ်ပါနဲ့ ချာန်ရယ်၊ ရင်ခုန်မှုကိုရှေ့တန်းတင်ပြီး မတူညီတဲ့ဘဝနှစ်ခုနဲ့ အဆင့်အတန်းမတူတဲ့ အလွှာနှစ်ခု ပေါင်းစည်းဖြစ်အောင် မျက်စိစုံမှိတ်ကြိုးစားကြမယ်ဆိုရင် ရလဒ်က အကောင်းအတိုင်း ဖြစ်မယ်မထင်ဘူး''

''မတွေဝေပါနဲ့ မမရယ်၊ အရင်တုန်းကကဏ္ဍတွေကိုလည်း ထည့်မပြောပါနဲ့၊ ခုချိန်မှာ မမက လူချမ်းသာကြီးမဟုတ်တောင် အဆင့်အတန်းရှိတဲ့ ဂုဏ်ဒြပ်ကိုပိုင်ဆိုင်နေပြီ၊ ကျွန်တော့်ဝါသနာနဲ့ အလုပ်အကိုင်က မမရဲ့ ဆရာဝန်မကြီးဆိုတဲ့ ဂုဏ်သိက္ခာကို ထိခိုက်မယ်ဆိုရင်လည်း ကျွန်တော် အားလုံးကိုစွန့်လွှတ်ရဲပါတယ်၊ ကျွန်တော့်မိဘတွေ လက်ခံပါ့မလားလို့လည်း တွေးမပူနဲ့နော်၊ ကျွန်တော့်အိမ်ထောင်ရေးကို လွတ်လွတ်လပ်လပ် ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်''

သူမ ဟွန့်ခနဲ မထိတထိပြုံးလျက် ချာန်ပခုံးမှခွာကာ တစ်ဖက်လှည့်လိုက်သည်။ ရင့်ကျက်တည်ငြိမ်သော လူကြီးလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လို ပြောနေတာမို့ သူမ အသည်းတွေယားကာ မျက်နှာလည်း ဘယ်ထားလို့ထားရမှန်း မသိ။

ချာန်က ကျောဘက်က သူမဆံနွယ်တွေကို ရှိုက်ခနဲနမ်းကာ နောက်ကနေ သိုင်းဖက်လိုက်သည်။

သူမ ပင့်သက်တွေရှိုက်ထုတ်ကာ လိုက်မောနေသည်။ ဒီအထိအတွေ့တွေထဲက သူမ ရုန်းမထွက်ချင်တော့ပါလား။

ချာန်ရဲ့ စကားသံတွေ၊ အကြည့်တွေကိုတောင် ညအိပ်ရာဝင်၊ မျက်လုံးတွေမှေးမှိတ်တဲ့အထိ ဖျောက်ဖျက်လို့မရနိုင်တာ။

နူးညံ့သိမ်မွေ့လိုက်မောစေတဲ့ ဒီအထိအတွေ့ကြောင့် သူမ ရှူးသွပ်ရတော့မည်ထင်သည်။

မလှုပ်မယှက် ခပ်တောင့်တောင့်ငြိမ်သက်နေတဲ့ သူမမျက်နှာလေးကို ချာန်က မေးဖျားလေးမှကိုင်ပြီး ဆွဲလှည့်လိုက်ကာ

''မမ ကျွန်တော့်ကိုချစ်တယ် မဟုတ်လားဟင်၊ ကျွန်တော်တို့လက်ထပ်ကြမယ်နော် နော် မမ''

''ကလေးဆိုးကြီးလို ပူဆာမနေနဲ့ချာန်ရယ်၊ ချာန့်အချစ်တွေ အင်အားကြီးမားလို့ မမ ဘာကိုမှမတွေးချင်တော့အောင် ကျရှုံးသွားပြီဆိုရင် ကျေနပ်တော့နော်''

''ဗျာ တ တကယ်နော် မမ၊ မမ ပါးစပ်ကဖွင့်မပြောလည်း ကျွန်တော့်အချစ်ကို မမ အသိအမှတ်ပြုလိုက်ပြီလို့ ယုံကြည်လိုက်ပြီ





နော်''

''ရင်ခွင်ထဲရောက်နေတာမှ မယုံကြည်ချင်သေးလည်း မတတ်နိုင်တော့ဘူး ကိုယ်တော်''

မဟာဆန်သောမျက်စောင်းလေးနှင့် ချာန်ရင်ခွင်မှာ တိုးဝင်ပစ်လိုက်၏။ ချာန်ရဲ့အနမ်းနွေးနွေးက အရာအားလုံးကိုတောင် မေ့လျော့သွားစေသည်။

ထိုအချိန်ခဏလေးမှာ အရာရာသည် သာယာငြိမ့်ညောင်း နွေးထွေးမှုတွေ လွှမ်းခြုံထားလိုက်သလိုပင်။ ကန်ရေပြင်လေးမှ အေးမြမြလေပြည်လေးသည် ချာန်အနမ်းနွေးနွေးတို့ကို အဆက်မပြတ် လက်ဆင့်ကမ်းသယ်ဆောင်လာ၏။

လေပြည်လေးရေ –

နှင့်သီးတဲ့အလွမ်းတွေ သယ်ဆောင်မလာရင် ကျေနပ်ပါပြီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"မင်း အရမ်းဥပက္ခာပြုလွန်းတယ် ဈာန်၊ ကနုတ် နေမကောင်းတာ သူ့အိမ်ကို ငါတို့အားလုံးရောက်ခဲ့တယ်၊ မင်းကတော့ တစ်ခေါက်မှ ရောက်မလာဘူးတဲ့၊ ဖုန်းဆက်ပြီးတောင် သတင်းမမေးဘူး၊ မင်း မရက်စက်လွန်းဘူးလား ဈာန်"

"အခု သက်သာသွားပြီ မဟုတ်လား"

ဈာန်ရဲ့ ဝတ္တရားကျေမေးခွန်းက အေးစက်စက်။ ဝဏ္ဏက လက်ဖဝါးထဲကို လက်သီးဆုပ်ထိုးထည့်ကာ အံကြိတ်သည်။

"အရင်တုန်းက ငါတို့သူငယ်ချင်းအဖွဲ့လေးကို မင်း အဲလောက်မစိမ်းသက်ပါဘူး၊ ဒေါက်တာအံမှူးဝေနဲ့ပတ်သက်ပြီးမှ မင်း ဒီလိုမျိုးဖြစ်နေတာ အခုမ်းအံဩတယ်ကွာ၊ တောက်"





"ဟုတ်သားပဲ ဈာန်၊ မချစ်သော်လည်း အောင့်ကာနမ်းမယ့် ဝတ္တရားတွေတောင် မင်းနားမလည်တော့ဘူးလား၊ ဒေါက်တာအံမှူးဝေက ငါတို့အဖွဲ့အစည်းလေးထက်တောင် တန်ဖိုးရှိနေပြီလား၊ မင်းကိုရော ကနုတ်လောက်တောင် သူက တန်ဖိုးထားလို့လား"

မေးခွန်းတွေ တသိကြီးနှင့် သူရလည်း ပေါက်ကွဲလာ၏။ ဝဏ္ဏက မချိတင်ကဲအံကြိတ်ကာ မခံမရပ်နိုင်ဖြစ်နေသည်။ ဈာန်က ဘယ်သူ့မျက်နှာကိုမှ သေချာမကြည့်ပါ။ မမနှင့်သူ့ကို သွေးထိုးကြားစကား၊ သွေးခွဲစကားပြောတဲ့သူမှန်သမျှ အကောင်းမြင်ကြည့်လို့မရ။

"မမဆီက အဖြေတောင် ရပြီးပြီ၊ နောက်ဆို မမ မကြိုက်ဘူး၊ မနှစ်သက်ဘူးဆိုရင် မင်းတို့ကိုတင်မဟုတ်ဘူး ငါ့ဝါသနာကိုတောင် စွန့်လွှတ်ရဦးမှာ၊ ခုချိန်မှာ ငါ့နှလုံးသားက မမတစ်ယောက်တည်းကိုပဲ ကိုးကွယ်တယ်"

"ဘာ"

ဝဏ္ဏနှင့် သူရရဲ့ ဒေါသလွှမ်းသော အာမေဋိတ်သံက သံပြိုင်ထွက်သွားသလို တစ်ချိန်လုံးငြိမ်သက်နေတဲ့ အိတုံက ဈာန်ရှေ့က ဖြုန်းခနဲရောက်လာသည်။

"ဈာန် နင့်အပြုအမူအပြောအဆိုတွေ အရမ်းရင့်သီး ရိုင်းစိုင်းနေပြီ၊ ကနုတ်ကိုမချစ်နိုင်လို့ တခြားမိန်းမတစ်ယောက်ကို ပြောင်းချစ်လိုက်တာ ငါတို့မပြောလိုပါဘူး၊ အခုတော့ ငါတို့ကိုပါ ရောပြီး ဒီလိုမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံခံရတာ ရင်နာတယ်''

မျက်ရည်ဝဲလျက် အိတုံစကားကို နှုတ်ခမ်းပေါ်မှာလက်ညှိုး တစ်ချောင်းဖြတ်တင်ပြတ်တောက်စေကာ ချာန့်မျက်နှာ တည်တင်းမှုန် မှိုင်း မာကျောခက်ထန်သွားခဲ့သည်။

"ပြောင်းချစ်လိုက်တာလို့ပြောတဲ့ နင့်စကား အရှမ်းမှားတယ် အိတုံ၊ ငါ့တစ်သက်မှာ မမတစ်ယောက်တည်းကိုပဲ ချစ်ခဲ့ဖူးတာပါ။ ကနုတ်ကို တစ်ခါမှမချစ်ခဲ့ဖူးတာ နင်တို့အားလုံး သိရဲ့သားနဲ့ စကား ကို ဆင်ခြင်ပြောသင့်တယ်၊ နင်တို့အားလုံးကို ငါ့အချစ်ရေးကိစ္စ ရေ မဝင်ဖို့ သတိပေးဖူးတယ်ထင်ပါတယ်၊ နင်တို့ ဘာရည်ရွယ်ချက်တွေနဲ့ ငါ့ကိုထိုးနှက်နေကြတာလဲ၊ ငါ့ရင်ဘတ်ထဲက ဆန္ဒတွေကို အသိအမှတ် မပြုဘဲ ဘာလို့ အငြိုးတကြီးတိုက်ခိုက်နေကြတာလဲ''

မတူသောအမြင်တွေအတွက် ချာန့်ဘက်ကလည်း လိုက် လျောဖို့ ဆန္ဒမရှိ။ တကယ်ဆို သူတို့ကိုယ်တိုင် အားပေးသင့်သည်။

''နင်တို့က ကနုတ်ကို စာနာနိုင်းနေတယ်၊ ငါ့ရင်ထဲကို စာနာ ကြည့်ဖို့တော့ စိတ်ကူးမရှိကြဘူး၊ ငါကရော ငါ့ကိုနားလည်မပေးတဲ့သူ တွေကိုတောင် ဘယ်လိုညှာတာဖို့ ကြိုးစားရမှာလဲ၊ အေး ငါ့ဘဝ တစ်ခုလုံးကိုတောင် မမဆီမှာ အပ်နှံပြီးမှတော့ ငါ့ကိုယ်ငါတောင် မသနားတော့ဘူးလို့ သဘောပေါက်ထားကြပါ''

တင်းပြတ်စိမ်းသက်သောစကားတို့ကို မညှာမတာ ပြောပစ်





ခဲ့ပြီး ချာခနဲ ချာန်လှည့်ထွက်သွားခဲ့သည်။

သူရနှင့်အိတုံက ဆိုဖာခုံရှည်လေးပေါ်မှာ အရုပ်ကြိုးပြတ်။ ဝဏ္ဏက အနားမှာရှိတဲ့ ဂီတာလေးကို နံရံမှာ အားကုန်လွှဲ၍ရိုက်ချိုး ဖျက်ဆီးပစ်လိုက်သည်။ တစ်ကိုယ်လုံးလည်း ဆတ်ဆတ်တုန်နေကာ

''ဒီကောင် မှန်နေတာ၊ မှန်နေတာကွ၊ သူပြောသွားတဲ့ စကား တွေ ရေလည်ငုပ်တယ်ကွယ်''

''စိတ်လျှော့ပါ ဝဏ္ဏရာ၊ ငါတို့စေတနာကို ချာန် နားလည်မှု လွဲနေလို့ပါ၊ အရေးကြီးတာက အချင်းချင်း အစာမကြေတာနဲ့ ငါတို့ ရည်ရွယ်ချက်တွေ ပျက်စီးမသွားဖို့ဘဲ၊ ကိုယ်နေရာကို ဝင်ယူမယ့်သူ တွေ၊ ကိုယ့်အဖွဲ့ကို နင်းကျော်ဖြတ်သွားမယ့်သူတွေ အများကြီးဆိုတာ ငါတို့အားလုံး သိနေတာပဲကွာ၊ မျှော်စင်ကျွန်းရှိုးပွဲကလည်း ဒိတ်တောင် သတ်မှတ်ပြီးပြီ၊ ငါတို့အဖွဲ့ ပြိုလဲသွားလို့မဖြစ်ဘူး၊ ဒီကောင့်ကို နား လည်အောင်ပြောကြည့်ဖို့ စဉ်းစားရအောင်''

''ဟုတ်တယ် ဝဏ္ဏ၊ နွားကွဲရင် ကျားဆွဲလိမ့်မယ်၊ မျှော်မှန်း ထားတဲ့ပန်းတိုင်ရောက်ဖို့ အခက်အခဲ, အတိုက်အခိုက်တွေကြားက ငါတို့ ကျော်ဖြတ်လာခဲ့ရတာ၊ တစ်ယောက်နဲ့တစ်ယောက် စိတ်မကျေ နပ်စရာ အဖုအထစ်လေးတွေ ရှိရုံလောက်နဲ့ ပြိုကွဲခံလို့မဖြစ်ဘူး၊ အားလုံးပြန်ပြီး ညှိညှိနှိုင်းနှိုင်း တိုင်ပင်ကြတာပေါ့''

ဝဏ္ဏက ခေါင်းကိုတွင်တွင်ယမ်းကာ မချိပြုံး ပြုံး၏။



www.burmeseclassic.com

www.burmeseclassic.com



"လွယ်မယ်ထင်လား အိတုံ၊ ငါတို့က ဘာမှမဖြစ်ပေမယ့် ရှာန့်ကို အချိုသတ်ပြီး ညှိနှိုင်းလို့ရမယ်ထင်နေလား။ ဒီကောင်က ဒေါက်တာမကို လုံးဝရှုံးသွပ်သွားပြီ၊ သူ့ဘဝနဲ့သူ့ပါသနာကိုတောင် စွန့်လွှတ်သင့်ရင် စွန့်လွှတ်ပါမယ်ဆိုမှ ဒီကောင်ပြောတဲ့စကားက ကမ်းကုန်လို့ ကြိုးတန်းတောင်မမြင်ရတော့ဘူး"

"အေး ဘာဖြစ်ဖြစ် ငါတော့ တစ်ခုစဉ်းစားမိတယ်၊ အဲဒီ ဒေါက်တာမက ကနုတ်တို့နဲ့ပတ်သက်ရာပတ်သက်ကြောင်း ကျေးဇူးတရားလေးတွေရှိတော့ ကနုတ် ပွင့်ပွင့်လင်းလင်းပြောလိုက်ရင် ကြိုးကိုင်လို့ရနိုင်မယ် ထင်တယ်"

"နင့်အယူအဆလည်း ပိန်းသေးတာပဲ အိတုံရယ်၊ ဘဝရယ်၊ လူမှုရေးရယ်၊ စီးပွားရေးရယ်ကို ကြိုးကိုင်လို့ရပေမယ့် အချစ်ကို ကြိုးကိုင်နိုင်ဖို့တော့ ခက်ခဲတယ်၊ ရှာန့်ကို ကြည့်ပါလား ဒေါက်တာမနဲ့ပတ်သက်ရင် ဆတ်ဆတ်ထိမခံတော့ဘူး"

ဝဏ္ဏစကားကို သူရကထောက်ခံသလို ခေါင်းတဆတ်ဆတ်ညိတ်ကာ သက်ပြင်းပူကြီး မှုတ်ထုတ်လိုက်သည်။ အိတုံက မျက်လုံးလေးမှေးစင်းကာ စဉ်းစားတွေးတောပြီး

"ညှိနှိုင်းတယ်ဆိုတာ သဘောတတာမဖြစ်ရင် နည်းနည်းတော့ အဖုအထစ်ရှိမှာပဲ၊ ဒေါက်တာမကို ငါတို့ကိုယ်တိုင် ညှိနှိုင်းကြည့်တာမျိုးဖြစ်ဖြစ်၊ ကနုတ်ကတစ်ဆင့် ပြောကြည့်တာမျိုးဖြစ်ဖြစ် တစ်ခုခု





တော့ လုပ်ကြည့်သင့်တယ်လို့ ထင်တယ်"

"ကနုတ်နေမကောင်းတာ ရှာန့်စိတ်သက်သက်ကြောင့် ဖြစ်သွားတာ၊ ဒေါက်တာမ တုံ့ပြန်မှုပြင်းထန်ရင် ကနုတ် ခံနိုင်ရည်ရှိပါ့မလားဟ"

သူရအသံက လှိုင်းထန်တုန်ယင်သွားကာ အားလျော့ဖျော့တော့နေသည်မို့ ဝဏ္ဏကသူရပခုံးကို ခပ်ဆတ်ဆတ်ပုတ်လိုက်၏။

"နေရာတစ်နေရာရဖို့ ခိုင်မာပြတ်သားတဲ့စိတ်တွေနဲ့ ချီတက်လာခဲ့ကြတာ၊ အရေးမပါတဲ့အကြောင်းအရာကြောင့် မပျော့ညံ့စမ်းပါနဲ့ကွာ၊ လောကမှာ မပြတ်သားတဲ့သူ ခံစတမ်းပေါ့၊ ခုလည်း ကနုတ် မတင်းမာနိုင်လို့ ခံနေရတာ၊ အဲဒီအတွက်နဲ့ အဖွဲ့အစည်းပျက်မယ်ဆိုလည်း ဘယ်တတ်နိုင်မလဲ၊ ဒါပေမဲ့ နောက်ဆုံးအဆင့်ထိ မကျော်ဖြတ်ရပါစေနဲ့လို့ မျှော်လင့်ပါတယ်"

အရာရာကို အစကနေပြန်စလို့ရရင်တောင် အကောင်းအတိုင်းတော့ မဖြစ်နိုင်တော့ဘူး ထင်သည်။

ကိုယ်စီရင်ထဲမှာ အနာတရသေးသေးလေးတွေ အံဖွဲ့အမြစ်တွယ်နေခဲ့ပြီပဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ချစ်တတ်လာမယ့် ရှာန်ရဲ့နှလုံးသားကို အံ့သာသင်မ်းငင်း
တပ်မက်လာမိချိန်မှာ မစွန့်လွှတ်နိုင်ဘူးဆိုတဲ့ အတ္တတွေကပါ ဖိအား
ပေးနှိပ်စက်လာတယ်၊ ရင်ထဲမှာ ထိုးဆူးအောင့်နေတတ်တဲ့ ဝေဒနာ
က ကနုတ်အတွက် မထူးဆန်းတော့ပေမယ့် အချစ်ဆိုတဲ့ ဝေဒနာ
ဆိုးကြီးရဲ့ နှိပ်စက်မှုကိုတော့ ကနုတ်ဘယ်လိုမှ ခံနိုင်ရည်မရှိဘူး မမ
အံ့မှူးရယ်"

ရင်ဖွင့်နေတာလား၊ တိုင်ပင်နေတာလား မသိပေမယ့် တ
ကူးတာက ဖုန်းဆက်ချိန်းပြီး ပြောပြနေတာတော့ သေချာသည်။ သူမ
ရောက်လာတော့ ဦးမင်းထွဋ်နှင့် ဒေါ်သဇင်မြင့် အိမ်မှာမရှိ။

ကနုတ်က ဧည့်ခန်းထဲမှာ ထိုင်စောင့်နေပြီး အပေါ်ထပ် ...





ရန်တာကို ခေါ်သွားခဲ့သည်။

အနားမှာ စားစရာအဖြစ် ကော်ဖီ၊ ကိတ်၊ အအေးနှင့် သစ်
သီးတွေ ချထားပေး၏။ စားချင်တာကို ရွေးချယ်စားသောက်လို့ရအောင်
တစ်ခါတည်း စီစဉ်ထားဟန်တူသည်။

"ဒါပေမဲ့ အဲဒီအချစ်ဆိုတာကြီးကို မြတ်မြတ်နိုးနိုးတွယ်ဖက်
ထားချင်ပြန်တယ်၊ ကနုတ် ကိုယ့်ကိုယ်ကိုယ် ရူးသွပ်နေပြီလားလို့
တောင် ထင်မိပါတယ်၊ ပြီးတော့ ကနုတ်ရဲ့ ပြိုင်ဘက်ဖြစ်လာတဲ့သူက
မမအံ့မှူးဖြစ်နေတဲ့အတွက် အံ့ဩမိတယ်"

တစ်လုံးချင်း သွေးအေးစွာပြောနေသော ကနုတ်ကို သူမ
မျက်နှာပူသလို၊ အားနာသလိုဖြစ်နေမိသည်။ ဒီလိုတိုက်ဆိုင်မှုမျိုးနှင့်
ကြုံဆုံရမည်ဆိုလျှင် ရှာန့်ကို သူမ ချစ်ခဲ့မိလိမ့်မည် မထင်။

ကနုတ်က သူမမျက်နှာပေါ်က ရုပ်တိုက်ပြေးနေတဲ့ အရိပ်
အရောင်တွေကို ဘာသာပြန်ဖို့စိတ်ကူးမရှိဘဲ ရင်ထဲကစကားတွေ ပြော
ထွက်ဖို့ပဲ ကြိုးစားနေသည်။

"အချစ်ဆိုတာ ဖွင့်ပြောမှ နားလည်နိုင်မယ်လို့ ထင်မထားမိ
တာ ကနုတ်မှားသွားတယ်၊ ဖြတ်လို့မရတဲ့ နိုင်ခံ့လွန်းတဲ့ သံယော
ဇဉ်ကြိုးတွေနဲ့ စိတ်တူကိုယ်တူ ကြိုးစားခဲ့ကြလို့ အောင်မြင်မှုတွေ
မပွင့်ပိုက်ပြီး တူညီတဲ့ဆန္ဒတွေနဲ့ လေးနက်တဲ့ဘဝတစ်ခု တည်ဆောက်
ဖြစ်ကြမယ်လို့လည်း မျှော်လင့်ခဲ့မိတယ်၊ ဒါပေမဲ့ မမြင်နိုင်တဲ့နေရာက



www.burmeseclassic.com

www.burmeseclassic.com



နေ အဆုံးသတ်အခြေအနေရောက်သွားအောင် အလဲထိုးတိုက်ခိုက်ပြ အဆင်သင့်စောင့်နေခဲ့မှန်း အခုမှ သိလိုက်ရတယ်''

''ထင်မြင်ယူဆချက်တွေ မလွန်ကဲဖို့တော့ မမ ကြိုပြီး တောင်းပန်ချင်တယ် ကနုတ်ရယ်၊ တိုက်ဆိုင်မှုတွေဟာ တမင်ရည် ရွယ်ပြီးလုပ်ခဲ့တာ တစ်ခုမှ မရှိပါဘူး၊ ဈာန့်မှာ ကနုတ်ဆိုတဲ့ ချစ်သူ တစ်ယောက်ရှိနေခဲ့တာ မမ မသိခဲ့ရိုး အမှန်ပါ''

ကနုတ်က နာနာကျင်ကျင်ပြုံးလိုက်ကာ မျက်ခုံးပင့်သွား၏။

''ဈာန်နဲ့ကနုတ် ချစ်သူတွေပါလို့ မမအံမှူးကို မပြောမိသေး ဘူးနော်၊ ဒါပေမဲ့ ချစ်သူတွေပါလို့ သတ်မှတ်ခံရတာထက် ဖြတ်မ လွယ်တဲ့ကြိုးတွေနဲ့ ငြိတွယ်ခဲ့ကြတာ ရှော့ပင်းထွက်ထွက်, ရှိုးပွဲဆိုဆို လိုက်ဖက်လွန်းတဲ့စုံတွဲရယ်လို့ သတ်မှတ်ခံရမှုနဲ့ အောင်မြင်မှုက တစ် သားတည်းကျနေခဲ့တာ ဘယ်သူမှ မငြင်းနိုင်ဘူး၊ ဟင်း ဟင်၊ အဲဒီအပေါ်မှာ သာယာတပ်မက်မိတာက ခုချိန်မှာတော့ ကနုတ်ကပဲ တစ်ဖက်သတ်ဖြစ်နေခဲ့ပါပြီ''

ပင့်သက်ရှိုက်သံနှင့် ငိုရှိုက်သံရောနှောသွားကာ မျက်ရည်စ တို့ကို ကနုတ်က ခေါင်းတစ်ချက်ခါ၍ သိမ်းဆည်းလိုက်သည်။ အပူ ခံဝင်ခွင့်မရှိဘဲ နားထောင်ပေးနေရတာ ရင်ထဲမှာ လစ်ဟာမောပန်း လျက် နှလုံးသွေးတို့ တစိမ့်စိမ့်ပန်းထွက်နေသလိုပင်။

ကနုတ်က မပြုံးချင်ဘဲ ဖျစ်ညှစ်ပြုံးကာ –





''ဈာန်ကပြောတယ်၊ အလုပ်သဘောအရ လိုက်လျောခဲ့တာ တဲ့၊ သူ့ဘက်က စိတ်မလှုပ်ရှားခဲ့ဘူးတဲ့၊ အတိအကျ ကြေညာလိုက် တာ၊ ကနုတ်ရင်ထဲ ဘယ်လိုခံစားရမလဲ မမအံမှူး ကိုယ်ချင်းစာ ကြည့်စမ်းပါ၊ အဟင်း ကနုတ်ရင်တွေ မွမွကြေအောင် သူပြောထွက် ရက်တာ မမအံမှူးဝေကြောင့်ပဲ၊ မမအံမှူးကြောင့် ကနုတ်တို့ ဒီလို မျိုးစိတ်ဝမ်းကွဲကုန်ကြတာ၊ သိလား''

ကနုတ်အသံလေးက မာကျောခြင်းတို့နှင့် စိမ်းသက်ကျယ် လောင်လာကာ မျက်ရည်တွေလည်း ပေါက်ခနဲ ပေါက်ခနဲ လိမ့် ဆင်းလာသည်။

ကနုတ်ကို ကိုယ်ချင်းစာပေးဖို့ လှိုင်းထန်လှိုက်မောနေတဲ့ ကိုယ့်ရင်အစုံကို လက်နှင့်ဖိကာ အသက်ကို ဝအောင်ရှူကြည့်နေရ သည်။

ရှိုက်ထုတ်ဖို့ သက်ပြင်းတွေလည်း လည်ချောင်းဝမှာပင် ဆို့ နင့်တင်းကျပ်နေ၏။ အားပြင်းရဲရင့်နေသော ကနုတ်အကြည့်တို့ကို လွှဲဖယ်ကာ နေရာကနေ အဝေးဆုံးရောက်အောင် ပြေးထွက်သွား လိုက်ချင်သည်။ မနေ့ညက ဂျူတီချိန်မှာ ညှိတွေ့ရောက်လာကြတဲ့ ကနုတ်သူငယ်ချင်းတွေကလည်း –

''ဒေါက်တာသိမ်းပိုက်လိုက်ရင် ဈာန်တစ်ယောက်တည်းကိုပဲ ရမှာပါ၊ ဒါပေမဲ့ အဖွဲ့အစည်းတစ်ခု, ဘဝလေးခုပျက်စီးသွားမှာတော့



www.burmeseclassic.com

www.burmeseclassic.com



သေချာတယ်၊ အဆိုးဝါးဆုံးက ဈာန့်ကို လက်လွှတ်ဆုံးရှုံးရရင် ကနတ်ဘဝလည်း သေဆုံးသွားမှာပဲ၊ ကနတ်က သူ့ဘဝနဲ့ထပ်တူ ဈာန့်ကိုချစ်နေရှာတာ၊ ဒေါက်တာ့ကို ကနတ်အတွက် ကျွန်တော်တို့အားလုံးအသနားလာခံတာပါ၊ ဈာန့်ကို ဆုံးရှုံးရလို့ ဒေါက်တာ မသေဆုံးဘူးဆိုရင် အသက်ငင်နေတဲ့ သူ့အတွက် ချမ်းသာပေးလိုက်ပါ"

"ဈာန့်ကို ဘယ်လိုမှညှိနှိုင်းမရတော့လို့ ကျွန်တော်တို့ ဒေါက်တာ့ဆီ အရဲစွန့်ရောက်လာခဲ့ကြတာပါ၊ အခုဆိုရင် ဈာန်က အလုပ်ကိုလုံးဝစိတ်မဝင်စားတော့ဘူး။ အချိန်တိုင်း ဒေါက်တာ့အကြောင်း ခေါင်းထဲရောက်နေပြီး ကျွန်တော်တို့နဲ့ဆုံတိုင်းလည်း ပြဿနာဖြစ်ရတယ်၊ အနှစ်နှစ်အလလ ရှန်းကန်ကြိုးစားခဲ့သမျှတွေလည်း သဲထဲရေသွန်ကျရှုံးရတော့မယ် ထင်တယ်"

"ကနတ် အရမ်းသနားစရာကောင်းနေလို့ပါ ဒေါက်တာရယ်၊ ဈာန်ကြောင့် စိတ်ထိခိုက်ပြီး နေမကောင်းဖြစ်တော့ ပိုပြီးစိတ်မကောင်းဖြစ်ရပါတယ်၊ တကယ်ဆို ဒေါက်တာက အသက်အရွယ်, အတွေ့အကြုံအရ ရင့်ကျက်တည်ငြိမ်နေပါပြီ၊ ကနတ်က ဈာန်တစ်ယောက်တည်းကို မျှော်လင့်ပြီး ဈာန်တစ်ယောက်တည်းကိုပဲ ချစ်နေရှာတာပါ၊ နောက်ဆုတ်ပေးဖို့ပြောရတာ အားတော့နာပါတယ်၊ ဒါပေမဲ့ မပြောမဖြစ်လို့ပါ"

ကနတ်သူငယ်ချင်းသုံးယောက် ဒီစကားတွေလာပြောမှ က





နတ်နဲ့ဈာန်ရဲ့ပတ်သက်မှုကို သူမ သိခဲ့ရသည်။ ကြားကြားချင်း သူမသွေးပျက်ချောက်ချားသွားမိတာ အမှန်။

ကျေးဇူးတရားတွေ၊ ထောက်ထားငဲ့ညှာစရာတွေနှင့် သူမဈာန့်ကို စွန့်လွှတ်ရတော့မှာ သေချာနေသည် မဟုတ်ပါလား။ သူမအလုပ်လုပ်ရတာလည်း အယောင်ယောင် အမှားမှား။ အိပ်ချိန်မှာလည်း မျက်လုံးတွေမှေးမိတ်မရဘဲ ဘယ်လူးညာလိမ့်။

ဆုံစည်းခွင့်မပေးနိုင်ဘဲနဲ့ ဘာကြောင့်များ ကံကြမ္မာက သူမနဲ့ ဈာန်ကို တွေ့ဆုံပေးခဲ့ရတာလဲ၊ ကံကြမ္မာကို အပြစ်တင်ချင်ပေမယ့်မေတ္တာချစ်ခွင့်ပေးလိုက်တာလည်း ကျေးဇူးတင်သင့်ပါသည်။

"ကနတ် ဘာဖြစ်ချင်နေတာလဲ၊ မမကို ပွင့်ပွင့်လင်းလင်းပြောကြည့်ပါလား"

လက်ကကိုင်ထားတဲ့ ကော်ဖီခွက်ကို ကတုန်ကယင်ပြန်ချလက် အအေးခွက်ကို လည်ချောင်းတစ်လျှောက် အေးမြစွာစီးဆင်းသွားဖို့ ငွပ်ခနဲကောက်မော့လိုက်ရင်း ကနတ်ကိုမကြည့်ဘဲ မေးလိုက်မိသည်။

ကနတ်က သူမမျက်နှာကို စေ့စေ့လိုက်ကြည့်ကာ မခိုးမခန့်ပြုံး၏။

"ခွင့်မပြုလည်း ဖန်တီးယူဖို့ ဆုံးဖြတ်ထားတာပါ၊ အရင်လိုဘဝလေးကို ပြန်လိုချင်တယ်၊ မမအံ့မှုူးသာ မပတ်သက်ခဲ့ရင် ကနတ်



www.burmeseclassic.com

www.burmeseclassic.com



တို့အနာဂတ်လေးက အရမ်းကိုလှပနေမှာ၊ အဲဒီဘဝလေးကို ရှာန့်ရဲ့ လက်တွဲပြီး ပုံဖော်ချင်တယ်''

''သိပ်ကြောခင်အချိန်ကာလလေးမှာ ကနုတ်ဖြစ်ချင်တာတွေ ဖြစ်ရမယ်ဆိုရင် ကနုတ်ကျေနပ်မလား''

ကနုတ်က မယုံသင်္ကာမျက်လုံးများဖြင့် သူမကိုမော့ကြည့်၏။ နှုတ်ခမ်းဖျားတွေတုန်ပြီး အသံလှိုင်းတွေ အတက်အကျမညီတဲ့ သူမကို ယုံကြည်ဖို့ခက်ခဲနေတာလည်း ဖြစ်နိုင်သည်။

တဆတ်ဆတ်တုန်ယင်နေတဲ့ လက်ဖြင့် အအေးခွက်လေးကို ပြန်ချကာ သူမ ထရပ်လိုက်သည်။

''ကနုတ်မိဘတွေက မမရဲ့ကျေးဇူးရှင်တွေပါ၊ အဲဒီ ကျေးဇူးတွေအတွက် ကနုတ်တို့မိသားစုလေးကို ဘာမဆိုပေးဆပ်ဖို့ အသင့်ပါ၊ ဆပ်ခွင့်ကြုံတာကိုပဲ မမဝမ်းသာနေတာ၊ မယုံကြည်ရင် အချိန်ခဏစောင့်ကြည့်ပေးပါ ကနုတ်ရယ်''

သူမ မျက်ရည်စက်တွေ ကနုတ်မမြင်ခင် သူမ လှည့်ထွက်လာခဲ့သည်။ ထင်ကျန်ခဲ့တဲ့ခြေရာတွေမှာ နှလုံးသားတွေ တစ်စစီပြုတ်ကျကျန်ခဲ့၏။

ခုမှ ရှာန့်ကိုချစ်မိတဲ့အချစ်တွေကြောင့် နာကျင်ခြင်းဆိုတာကို မှတ်မှတ်ထင်ထင်ကြကြွခံစားလိုက်ရသည်။

ဒီဝေဒနာအတွက် ကယ်တင်ပေးမယ့်သူမရှိပါ။ ကိုယ့်ကိုယ်





ကိုယ် ဒေသဒဏ်ပေးဖို့ ကိုယ်တိုင်အမိန့်ချမှတ်ရတဲ့အဖြစ်မျိုးပါလား။ နှလုံးသွေးတွေကို သုတ်သင်ချင်စိတ်မရှိ၊ မျက်ရည်တွေကို တားဆီးချင်စိတ် မရှိ။

ရှာန့်ရော ဘယ်လိုခံစားသွားရမလဲ။

သိချင်ပေမယ့် မသိချင်ယောင်ဆောင်ခွင့်ပေးပါ ရှာန့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"မတရားဘူး မမ မတရားဘူး၊ မမ ဆုံးဖြတ်ချက်တွေ ကျွန် လက်မခံဘူးနော်၊ အဓိပ္ပာယ်မရှိဘူး၊ ကနုတ်ကို ဘာလို့လက် ထပ်ရမှာလဲ၊ မမအပေါ်တင်လာခဲ့တဲ့ ကျေးဇူးတရားတွေကို ကျွန့်သိ သယ်ဆောင်မလာခဲ့နဲ့၊ ကျွန် မမကိုပဲချစ်တာ၊ မမကိုပဲ လက်ထပ်မှ အဲဒီကျေးဇူးတွေက ကျွန်နဲ့ မဆိုင်ဘူး"

ကျွန်က ခါးခါးသီးသီးငြင်းဆန်လျက် ဆတ်ဆတ်ခါနေသည်၊ ဝင်းဖန့်နေသော မျက်နှာလေးက သွေးကြောစိမ်းတွေထောင်ထလျက် နီမြန်းနေ၏။ သူမက ဒီအခြေအနေကို ကြိုတွေးထားကာ ပြင်ဆင်လာ ခဲ့သူမို့ သွေးအေးအေးဖြင့်ဖျောင်းဖျဖို့ ကြိုးစားရသည်။

"ကျေးဇူးတရားနဲ့ နှလုံးသားကို လဲလှယ်ရလောက်အောင်





အထိ မမ မပျော့ညံ့ပါဘူး ကျွန်ရယ်၊ အခုဟာက ကိုယ့်ရောဂါကို တောင် သိခွင့်မရှိသေးတဲ့ ဝေဒနာသည်တစ်ယောက်အတွက် ဆရာ ဝန်ဖြစ်နေတဲ့ မမက မငဲ့ညှာ မထောက်ထားသင့်ဘူးလား၊ ပြီးတော့"

"ကျေးဇူးတရားဆိုတာလည်း ပါလာဦးမှာပဲ မဟုတ်လား၊ အဲဒါက မမရဲ့အခန်းကဏ္ဍတွေပါ၊ ကျွန်အချစ်နဲ့ ဘာဆိုင်လို့လဲ၊ ကျွန် က သက်မဲ့ရုပ်တု မဟုတ်ပါဘူး၊ နှလုံးသားနဲ့, ခံစားချက်နဲ့, ချစ်တတ် တဲ့စိတ်တွေနဲ့ဖွဲ့စည်းထားတဲ့ လူတစ်ယောက်ပါ၊ အချစ်ကလွဲပြီး ကျွန့် ဘဝကို မမ စီမံလို့မရဘူး"

ကျွန်က ခုံတန်းလေးရဲ့ကျောမှီကို တဒုန်းဒုန်းထု၍ ရင်ထဲ ရှိသမျှ ပေါက်ကွဲနေ၏။ ကျွန့်လက်သီးဆုပ်တွေကို သူမ လက်နှစ်ဖက် ဖြင့် ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။ ဒီလိုနာကျင်စရာတွေ ချစ်သူကို မပေးချင်ပေမယ့် အခြေအနေက ဒီအတိုင်းပဲဖြစ်လာခဲ့ပြီမို့ သူမကိုယ် တိုင်လည်း သက်သောင့်သက်သာမရှိပါ။

ကျွန်က ပခုံးစောင်းနှင့် မျက်ရည်တွေကိုပွတ်သုတ်ပြီး သူ့ ရင်ခွင်ထဲမှ သူမကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ပစ်လိုက်၏။

"မမ အဲဒီလောက် တွေဝေတတ်လိမ့်မယ်လို့ မထင်မိဘူး မမရယ်၊ မမရော, ကျွန်ရော နှစ်ယောက်စလုံး နာကျင်ရမယ့်အဖြစ် မျိုးကို မမ ဘာဖြစ်လို့ရွေးချယ်ရတာလဲ၊ ပြန်ပြင်ပြောပါ၊ ခုနက ပြောတာ ကျွန့်အချစ်ကို စမ်းတာ, ကျီစားတာလို့ ပြောပေးပါ မမရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပြောစမ်းပါ''

''ဟင့်အင်း၊ ပြန်ပြင်လိုက်ရင် ကနုတ်ကိုပေးခဲ့တဲ့ကတိ မတည်သလိုဖြစ်သွားမှာပေါ့ ဈာန်ရယ်၊ ဒီစကားကိုပြောရတာ မမနှလုံးသွေးတွေ တစက်စက်ကျဆင်းနေပါတယ်၊ အဆိပ်ရည်တွေသောက်ပြီး ပြောနေရသလို နာနာကျင်ကျင်ခံစားနေရပါတယ်၊ ဒါပေမဲ့ ဆရာဝန်တစ်ယောက်ဖြစ်နေတဲ့အတွက် လူတစ်ယောက်ရဲ့အသက်ကို ဥပေက္ခာပြုလို့ မဖြစ်ဘူး ဈာန်''

''မမရယ်''

''ကနုတ်က အရမ်းကို သနားစရာကောင်းပါတယ်၊ သူ့မှာ နှလုံးရောဂါရှိနေတာ ခုထိ မသိသေးဘူး၊ အိမ်ထောင်ပြုလို့ မဖြစ်ဘူးဆိုပေမယ့်လည်း စိတ်ချမ်းသာမှုရှိရင် အသက်ရှည်ရှည်နေနိုင်မယ်၊ ကျန်းကျန်းမာမာဖြစ်လာတဲ့သူတွေလည်း ရှိတတ်တယ်၊ အဲဒါကြောင့် မမ ဒီလိုဆုံးဖြတ်ရတာပါ၊ ပြီးတော့ ကိုယ့်ရဲ့ကျေးဇူးရှင်တွေကို ကျေးဇူးဆပ်ခွင့်ရချင်တယ်၊ ဒီဆန္ဒလေးကို ဈာန် လိုက်လျောပေးမယ်ဆိုရင် မမ ဖြေသာမယ် ထင်ပါတယ်''

ဈန်က သူမကိုယ်လေးကို ဆတ်ခနဲတွန်းကာ ပြုန်းခနဲ ထရပ်ပြီး မချိတင်ကဲ အံကြိတ်သည်။

''မမ ဖြေသာပေမယ့် ဈာန်မဖြေသာဘူး၊ ဈာန်ဆိုတဲ့ကောင်က အချစ်ဆိုတာကို သစ္စာရှိရှိ ရှာဖွေထားတာ၊ အသည်းနှလုံးကို





အလကား အလှူလိုက်ပေးနေတဲ့ကောင်မဟုတ်ဘူး မမ၊ တစ်သက်မှာ နှစ်နှစ်ကာကာ တစ်ယောက်ပဲချစ်ဖူးတယ်၊ အဲဒီ ချစ်တဲ့သူနဲ့ လက်ထပ်ရမယ့်သူ တစ်ယောက်တည်းမဟုတ်ဘူးဆိုရင် ဘယ်သူ့ကိုမှ လက်မထပ်ဘဲ ဒီအတိုင်းပဲနေမယ်၊ အဲဒါ ဈာန်ရဲ့ သစ္စာတရားပဲ''

နုနယ်ဝင်းဝါနေသော ဈာန့်မျက်နှာလေးမှာ နီရဲခက်ထန်မာကျောနေသလို စကားလုံးတို့သည်လည်း တင်းမာပြတ်သားရဲရင့်နေသည်။ ချစ်စကားတွေ ဖွဲ့နွဲ့ခဲ့ဖူးတဲ့ ဤနေရာလေးမှာ စိမ်းကားရက်စက်နာကျင်စေမယ့် စကားတွေ အံမှုးဝေ ပြောလို့မထွက်။

ဖြေရှင်းဖျောင်းဖျနေတော့လည်း ဈာန့်ဘက်က အယူခံဆင်ခြေတွေနှင့် ဘယ်တော့မှ ဆုံးခန်းတိုင်မှာမဟုတ်။ ဘယ်လိုနည်းပရိယာယ်တွေနှင့် သူမအနားက ဖယ်ခွာထုတ်ပြီး ကနုတ်အနားရောက်အောင် လုပ်ရမလဲ။

သူမရဲ့ အချစ်တွေက ဈာန်ကို အဆိပ်သင့်စေတော့မည် ထင်သည်။

''မမကို ဈာန် တကယ်ချစ်တာလားဟင်''

''တကယ်ချစ်တာပါ, အရမ်းချစ်တာပါ မမရယ်၊ ဝေးကွာဖို့စကားတွေ မပြောပါနဲ့တော့၊ ဈာန်နှလုံးသားတွေ ပေါက်ကွဲထွက်တော့မယ်၊ မမတစ်ယောက်တည်းကိုပဲ ဈာန်ချစ်ဖူးတာပါ၊ မမ ယုံကြည်အောင် ဈာန် ရင်ကိုခွဲပြရမလား ဟင် မမ''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုလုပ်ပြဖို့ မလိုအပ်ပါဘူး ဈာန်ရယ်၊ မမပြောမယ့် စကားတွေကို တန်ဖိုးထားပြီးနားထောင်ပေးမယ်ဆိုရင် မမ ကျေနပ်ပါပြီ၊ တကယ်တမ်း အဖြစ်သင့်ဆုံးက မမတို့ တစ်ယောက်နဲ့တစ်ယောက် ချစ်နေကြဖို့ပဲ အရေးကြီးတာမဟုတ်လား၊ ပေါင်းဖက်ခြင်း၊ ခွဲခွာခြင်းက အဓိကမှမကျဘဲ ဈာန်ရယ်၊ လိုချင်ရမ္မက်စိတ်ကင်းကင်း၊ တဏှာစိတ်ကင်းကင်းနဲ့ နောင်ဘဝတွေထိ ချစ်သွားလို့ရပါတယ်၊ ရယူပိုင်ဆိုင်တဲ့အချစ်က ဘယ်လောက်ထိနိုင်မြဲမှာမို့လဲ"

"အဲဒီစကားလုံးက တစ်သက်လုံး သစ္စာရှိရှိချစ်ပြီး ပေါင်းဖက်နေကြတဲ့ ချစ်သူတွေကို စော်ကားသလို ဖြစ်မနေဘူးလား"

"ဒါပေမဲ့ မမ ရှုတ်ချနေတာ မဟုတ်ဘူးလေ၊ အချစ်ကိုတင်စားနေတာပါ။ ကနုတ်အချစ်ကလည်း လေးစားဖို့ကောင်းပါတယ်၊ ပြီးတော့ ကနုတ်ဆိုတာ မမကျေးဇူးရှင်ရဲ့ သွေးသားဖြစ်သလို မမရဲ့ လူနာတစ်ယောက်လည်း ဖြစ်နေခဲ့တယ်၊ မင်းအတွက်လည်း မိတ်ဆွေကောင်း၊ သူငယ်ချင်းကောင်း၊ အဖော်ကောင်းတစ်ယောက်ဖြစ်ခဲ့တာပဲ မဟုတ်လား၊ ထပ်ပြီး အလေးအနက်စဉ်းစားသင့်တာက ဈာန်ရဲ့ အဖွဲ့အစည်းက သူငယ်ချင်းတွေ"

"မမ"

ဈာန်က ဘာမှမကြားချင်တော့သလို ခပ်ဆတ်ဆတ်ဟန့်တားသည်။ သူမက မချိတရိ ပြုံးကာလက်ကာပြလိုက်ပြီး –





"မမ ပြောတာ စိတ်ရှည်ရှည်နဲ့နားထောင်ပေးပါ ဈာန်၊ မမ ဘဝမှာ အရေးကြီးတာရှိနေသလို မင်းဘဝမှာလည်း အချစ်ထက် အရေးကြီးတာတွေ ရှိနေတယ်၊ ဒါပေမဲ့ ကနုတ်ကို ဈာန်လက်ထပ်ပြီးလည်း ဈာန့်ကို မမ ချစ်နေဦးမှာပါ၊ ဈာန်လည်း မမကို မေ့မသွားနိုင်ဘူးဆိုတာ မမ ယုံတယ်"

"မမ ဘာတွေပြောနေတာလဲ"

"မမတို့ နောင်ဘဝတွေထိ ဆက်ချစ်သွားလို့ရနေတာပဲ ဈာန်ရယ်၊ လက်ထပ်တဲ့သူတိုင်းက ချစ်သူတွေမဟုတ်ကြသလို လက်မထပ်ဖြစ်ကြတဲ့သူတွေကလည်း သစ္စာမဲ့တဲ့သူတွေချည်း မဟုတ်ပါဘူး၊ လောကဝတ္တရားအရ လုပ်သင့်တာ ဖြစ်သင့်တာကို ဘဝနဲ့ရင်းပြီး ဆုံးဖြတ်ရဲဖို့ အရေးကြီးတယ်၊ မမကို ဈာန် တကယ်ချစ်တယ်ဆိုရင် မမအတွက်ပဲဖြစ်ဖြစ် ရင်ဆိုင်ပေးပါ၊ ခံစားပေးပါ၊ နာကျင်ပေးပါ၊ ရင်ကွဲခံပေးပါ"

"မမရယ်"

"ဈာန့်အနီးဝန်းကျင်မှာပဲ မိတ်ဆွေကောင်း၊ ချစ်သူကောင်းတစ်ယောက်အနေနဲ့ ဖေးမ ကြင်နာဂရုစိုက်ပေးဖို့ မမ အဆင်သင့်ရှိနေပေးပါမယ်၊ မမ ဈာန့်ရဲ့အဝေးဆုံးကို ပြေးမှာမဟုတ်ဘူး၊ ကနုတ်အနားမှာ နေပေးရမယ့် ဈာန့်ကို မမ မြတ်မြတ်နိုးနိုး ကြည့်နေမှာပါ ဈာန်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ထွက်စီးကျလာတဲ့ မျက်ရည်တွေကို သုတ်ဖယ်ချင်စိတ် မရှိဘဲ ဈာန့်ဆုံးဖြတ်ချက်တွေကို ဗိုလ်ထိတ်စွာ ငုံလင့်နေမိသည်။ ဈာန့်ကို မနာကျင်စေချင်ပေမယ့် ဈာန့်မျက်ရည်တွေကိုလည်း ဂရုမစိုက်နိုင်။ ဈာန်ဘက်က ခပ်ကြမ်းကြမ်းရှိုက်သံကို ကြားလိုက်ရပြီး –

"ကနုတ်ကို လက်ထပ်လိုက်ရင် မမ စိတ်ချမ်းသာမယ်ပေါ့"

ထိန်းချုပ်မှု တုန့်ယင်လှုပ်ခတ်နေသော ဈာန်အံ့မေးစကားကို ခံနိုင်ရည်မရှိပေမယ့် သူမ အားတင်းပြုံးလိုက်ရသည်။

"လောကဓံ အထုအထောင်းခံရမှုကြောင့် မမနှလုံးသားတွေ မာကျောကြမ်းတမ်းနေပေမယ့် လွှမ်းတော့လွှမ်းဖြစ်မယ် ထင်တယ် ဈာန်၊ ဒါပေမဲ့ မမ နေပျော်မှာပါ၊ ကျေးဇူးတရားဆိုတာနဲ့ ဆရာဝန် တစ်ယောက်ရဲ့ဂုဏ်ပုဒ်ကို နှလုံးသားကိုရင်းပြီး ထိန်းသိမ်းနိုင်တဲ့ အတွက်ပါ"

"မမဆန္ဒကို ဖြည့်ဆည်းနိုင်ဖို့အတွက် ဈာန် ရင်တွေကွဲထွက် မတတ် ထိခိုက်နာကျင်ခံစားရမယ်ဆိုလည်း ဈာန်ကျေနပ်ပါတယ် မမရယ်၊ နောင်တဆိုတာလည်း ရှိမှာမဟုတ်ပါဘူး၊ ဒါပေမဲ့ ဒီနေ့က စပြီး ဈာန်ဘဝနဲ့ အချစ်တွေ သေဆုံးသွားခဲ့ပါပြီ၊ ဘယ်အချိန်တွေ ထိ ခံနိုင်ရည်ရှိမလဲဆိုတာတော့ မမ စောင့်ကြည့်ပေးပါ၊ မမကြောင့် ချစ်တတ်လာတဲ့ ဈာန့်အချစ်တွေကို မမကိုယ်တိုင်သတ်ပြီး မြေမြှုပ် သင်္ဂြိုဟ်ပစ်လိုက်တာ၊ မမကို မချစ်မိခဲ့ရင်တောင် အဲဒီလောက် ခံ[illegible]





ရမယ် မထင်ဘူး မမရယ်"

"ဈာန်ရယ် ကလေးရယ်"

နာကျင်မှုကြောင့် စီးကျလာတဲ့ ဈာန်မျက်ရည်တွေကို သူမ လက်နှစ်ဖက်ဖြင့် ဖွဖွညင်သာ တို့ထိသုတ်ပေးမိတော့ ဈာန်က နာ ကြည်းစိတ်နှင့် ဆတ်ခနဲရှောင်လွှဲဖို့ကြိုးစား၏။

ဟင့်အင်း ဈာန်နာကြည်းမှုတွေကို သူမ ခံနိုင်ရည်မရှိပါ။ ကျောဘက်ကနေ ဈာန့်ကိုယ်ကြီးကို ခပ်တင်းတင်းသိုင်းဖက်ကာ ခေါင်း လေးမှေးမှိုကပ်ထားလိုက်သည်။ ဒီအချိန်ခဏလေးမှာ ဆရာဝန်ဆို တဲ့အသိနဲ့ ကျေးဇူးတရားဆိုတာတွေကို ခပ်ဝေးဝေးမှာ လွှင့်ပစ်ထား လိုက်ချင်သည်။

"ခဏလေး ခဏလေးပါ ဈာန်ရယ်၊ နောက်ဆုံးအနေနဲ့ ထွေးပွေ့ပေးခဲ့ပါ၊ တစ်သက်စာ တမ်းတခွင့်လေးပါ၊ ချစ်နေရဲ့နဲ့ နှုတ်ဆက်လိုက်ရတဲ့လူရဲ့ရင်ထဲမှာ ဘယ်လောက်တောင် ကြေကွဲဝမ်း နည်းနေရလဲဆိုတာ၊ အဟင့် ဟင့် မ မမ"

"မမ ဖန်တီးလိုက်တာတွေပဲ မဟုတ်လား မမရယ်"

ကြမ်းတမ်းမာကျောစွာ မဆိုဖြစ်ပါ။ မမ ဆံနွယ်လေးတွေကို ယုယစွာနမ်းရှိုက်မိရင်း ခပ်ဖွဖွ ထွေးပွေ့ဖြစ်သည်။

တောင့်တမွတ်သိပ်သော အနမ်းကြမ်းကြမ်းတွေနှင့် ချန် မထားရက်။



www.burmeseclassic.com

www.burmeseclassic.com



ဒီရင်က အချစ်တွေက ရှေ့ဆက်ဆန္ဒဆိုးတွေ မပါပါဘူး မမ
ရယ်။

ချစ်လေပြည်လေးတွေကို သယ်ဆောင်လာခဲ့ဖူးသော ကန့်
ရေပြင်လေးက ခုတော့လည်း ကြမ်းတမ်းသောလေပြင်းတိုက်ခတ်မှု
ကြောင့် ရေပြင်လေးမှာ လှိုင်းဂယက်များတောင် ထလို့ပါလား။

လူတွေရဲ့စိတ်ကြောင့် ရာသီဥတုတွေ ပြောင်းလဲနေတာ ထင်
ပါရဲ့။ ရျာန့်အချစ်ကတော့ ဘယ်တော့မှပြောင်းလဲမှာ မဟုတ်ပါဘူး
မမ မသိလည်းဖြစ်ပါတယ်။

✿ ✿ ✿



**အခန်း (၂၀)**

"ငါနဲ့လက်ထပ်ဖို့အတွက် မျှော်စင်ကျွန်းရှုံးပွဲအစီအစဉ် ဖျက်
ပစ်လိုက်မယ်ဆိုတာကြီးက မဖြစ်သင့်တာပဲ ရျာန်ရယ်၊ ကြော်ငြာ
ဘုတ်တွေကအစ အားလုံးစီစဉ်ပြီးသားကြီး၊ နင့်စိတ်တွေ အောင်မြင်
မှုအတွက်တောင် ခိုင်မာပြတ်သားမှု မရှိတော့ဘူးလား"

"ဟုတ်သားပဲ ရျာန်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ပြိုင်ပွဲလိုဖြစ်နေတာ၊
မင်း နောက်ဆုတ်လိုက်မယ်ဆိုရင် အရှုံးပေးတာနဲ့ အတူတူပဲပေါ့ကွ"

ဝဏ္ဏနဲ့ ကနုတ် ပြောနေတာကို ကျစ်ခနဲအသံပြု၍ ခေါင်းက
ဆံပင်တွေကို ထိုးဆွဲဖွပစ်ကာ ကီးဘုတ်ကြီးကိုလည်း တစ်ဆက်တည်း
ပြင်းခနဲ ဆိုးဆိုးဝါးဝါးအသံထွက်အောင် လှပ်ပစ်လိုက်၏။

"ငါ့ဘဝ, ငါ့အောင်မြင်မှု, ငါ့ဆုံးဖြတ်ချက်တွေအားလုံး, ငါ့



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒတွေအတိုင်းဖန်တီးလာခဲ့တာ၊ ခုမှ မင်းတို့အားလုံးအမိန့်ပေးတဲ့ အတိုင်း လိုက်လုပ်ရမှာလား၊ ငါ လုပ်ချင်စိတ်ရှိရင် လုပ်မယ်၊ လုပ် ချင်စိတ်မရှိရင် မလုပ်ဘူး၊ မဖြစ်ဘူးလား၊ ကနုတ် နင် ငါ့ကိုလက် ထပ်ချင်တယ် မဟုတ်လား၊ ကျန်တာတွေ ခေါင်းထဲမထည့်နဲ့၊ ငါ စိတ်မပါဘူး''

စကားလုံးတွေက တင်းမာပြတ်သားနေသလို မျက်နှာက မှုန်မှိုင်းအေးစက်နေသည်။ ချာန့်စကားကြောင့် ဝဏ္ဏနှင့် ကနုတ် မျက် လုံးလေးပြူးကာ ကြောင်အ,မှင်တက်သွားပေမယ့် သူရက ရှေ့တိုး လာ၏။

''မင်း ဘယ်လိုတွေ ခံစားနေရတယ်ဆိုတာ ငါကိုယ်ချင်း ပါတယ်၊ ဒါပေမဲ့ အခွင့်အရေးဆိုတာ နှစ်ခါပြန်မရနိုင်ဘူး ချာန် တို့အဖွဲ့က သီချင်းခွေတစ်ခွေတည်းနဲ့ပေါက်သွားတယ်ဆိုပေမယ့် စင်ပေါ်တက်ရမှာက တို့ရှေ့ကအောင်မြင်နေတဲ့ကောင်တွေနဲ့ ဖိုက် မှာ၊ ပရိသတ်လက်ခုပ်သံနည်းရင် ဘယ်လောက်ရှက်စရာကော မလဲ၊ အဲဒီအတွက် အကောင်းဆုံးပြင်ဆင်လာခဲ့ပြီးမှ မလုပ်တော့ လို့ ဆုံးဖြတ်လိုက်တာ အဖွဲ့အစည်းရော, ထိပ်ဆုံးရောက်နေတဲ့ နာမည်ရော အောက်ဆုံးရောက်အောင်ဆွဲချလိုက်သလိုဖြစ်သွားမှာ

''ငါလိုချင်တာ မရမှတော့ ကျန်တာတွေ ငါ့ဘာမှ မ မောတော့ဘူး သူရ၊ ဖြစ်နိုင်ရင် ဘာကိုမှမခံစားနိုင်တော့အောင်





သက်ရှူတာတွေ ရပ်ပစ်လိုက်ချင်တယ်၊ ဒါပေမဲ့ မမရဲ့ အငွေ့အသက် လေး ငါ့ရင်ဘတ်မှာ ကပ်ငြိတွယ်နေသေးတဲ့အတွက် အသက်ဆက်ရှင် ကြိုးစားနေတာ၊ ကျန်တာတွေ ငါ့အတွက် ဘာမှအဓိပ္ပာယ်မရှိတော့ ဘူး''

ချာန့်စကားတွေက ကနုတ်ရင်ကို ဆူးချွန်ပေါင်းများစွာနှင့် ထိုးစိုက်နေသလို ခံရခက်စေပါသည်။ မျက်ရည်မကျအောင် အံကြိတ် တင်းခံရင်း ကျောခိုင်းနေတဲ့ ချာန့်ပခုံးကို ဆွဲလှည့်လိုက်ကာ

''ချာန် နင် သိပ်မိုက်ရိုင်းတယ်၊ အဲဒီလောက်ဖြစ်နေရင် လည်း ငါ့ကို ဘာလို့လက်ထပ်မယ်ပြောနေသေးလဲ၊ နင့်ကို ငမ်းငမ်း တက် လက်ထပ်ချင်နေတယ်တင်ပြီး ငါ့ကို ငဲ့ညှာလိုက်တာလား''

''မဟုတ်ပါဘူး၊ မမဆန္ဒတွေကြောင့်ပါ၊ နင်တို့အားလုံး မမ ကို ဘယ်လိုပဲ မကောင်းမြင်နေနေ, မမကတော့ အားလုံးအတွက် စဉ်းစားပြီး သူ့အသည်းနှလုံးကိုတောင် စတေးပစ်လိုက်တယ်၊ နင့်ကို လက်ထပ်မှ သူစိတ်ချမ်းသာမယ်တဲ့လေ၊ အဟား ကနုတ် နင့်ကို တော့ တစ်ဖွဲ့လုံးက ဖေးမအားပေးနှစ်သိမ့်နေကြတယ်နော်၊ မမကို တော့ ဘယ်သူမှ ဖေးမနှစ်သိမ့်မယ့်သူ မရှိဘူးဟ၊ တစ်ယောက်တည်း ငိုကြွေးနေရတယ်၊ ထိနိုက်ခံစားနေရတယ်၊ လွမ်းဆွေးနာကျင်နေရ တယ်၊ ဒါပေမဲ့ သူပျော်မှာပါ၊ ငါက နင့်ကို လက်ထပ်မယ်ပြောခဲ့လို့ လေ၊ အဟား ဟား''



www.burmeseclassic.com

www.burmeseclassic.com



ရယ်နေသည့်ထင်ရသော်လည်း ဈာန့်ပါးပြင်မှာမျက်ရည်တွေ မြင်ရ၏။ အမြဲတမ်းနီရဲနေတတ်တဲ့ နှုတ်ခမ်းလေးကို ဈာန်က သွေး စွန်းအောင် ဖိကြိတ်လိုက်ပြီးမှ –

"အဖွဲ့အစည်းနဲ့ လူတွေအများကြီးကို တစ်ယောက်တည်း သမားက နှလုံးသားကိုစတေးပြီးတောင် မြေတောင်မြှောက်ပေးဦးမ လို့တဲ့၊ မမသတ္တိက ပြောင်မြောက်တယ်နော်၊ ငါ့ရင်ထဲမှာ ငိုနေမ လားဆိုတာတောင် တွေးမကြည့်ဘူး၊ ဒါပေမဲ့လေ မမ,ပျော်မယ် စိတ်ချမ်းသာမယ်, မမဆန္ဒတွေအတွက်ဆိုရင် မမ,ကွယ်ရာမှာ ကြိတ်ငိုနေမှာပါ၊ မမ,သိသွားရင် ငါ့အတွက် နာကျင်ရမှာစိုးလို့ ဟာ ဟင်း နင့်ကိုငါ လက်ထပ်မှာပါ၊ တွေးပူမနေနဲ့၊ မမ,နိုင်းရင် ငါ ဘာ မဆိုလုပ်မှာ"

"ဈာန်"

ရယ်လိုက်၊ ပြုံးလိုက်၊ မဲ့လိုက်ဖြင့် သူရူးတစ်ယောက် ဖြစ်နေသော ဈာန်က မမကာလွဲပြီး ဘာကိုမှမြင်တော့ဘူး ထင်သည် ပြောချင်ရာတွေ ပြောပြီး ဘယ်သူ့ကိုမှမကြည့်ဘဲ ခြေလှမ်းယိုင်နဲ့ နှင့် ပြန်ထွက်သွား၏။

အိတုံက မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလျက် တော တောင့်ကြီးရပ်ကျန်ခဲ့သော ကနုတ်ကို မျက်ရည်တွေသုတ်ပေး ထွေးပွေ့ဖက်တွယ်ထားရသည်။ ဝဏ္ဏနှင့် သူရကာ စိတ်ပျက်





လျှာ့သွားသလို ဆိုဖာခုံပေါ်မှာ အရုပ်ကြိုးပြတ်။

"လက်ထပ်ပြီးသွားရင် အရာရာ ထိန်းသိမ်းဆင်ခြင်လာမှာ ပါ၊ ခုချိန်မှာ သူ့ရင်ထဲရှိသမျှ ပေါက်ကွဲခွင့်ပေးလိုက်ပါဟာ၊ ဈာန့်စိတ် က အရင်ကတည်းက မာကျောကြွပ်ဆတ်တာ နင်သိသားနဲ့၊ အ ရမ်းခံစားနေရင် နင်ပဲ ရောဂါရမှာ၊ ပြီးတော့ ဘာဖြစ်ဖြစ် ဒီကိစ္စမှာ ဒေါက်တာအံမှူးဝေကို ကျေးဇူးတင်သင့်တယ်"

"ငါ့မိဘတွေပြုခဲ့တဲ့ ကျေးဇူးနဲ့စာရင် သူ့အတွက် အသေးအ မွှလောက်ပဲ ရှိပါသေးတယ်"

"အဲဒါကတော့ နင်တို့အကြောင်းတွေပေါ့ဟာ၊ ဒါပေမဲ့ နောက်လည်း သူ့အကူအညီတွေ လိုဦးမယ်လို့ ငါထင်တယ်"

"ဘာဖြစ်လို့လဲ"

"မျှော်စင်ကျွန်းရှိုးပွဲကိစ္စ, အနာဂတ်အတွက် အောင်မြင်မှု, အဆင်မပြေနိုင်မယ့် အိမ်ထောင်ရေး, လူမှုရေး အားလုံးပေါ့၊ ဈာန်က ဒေါက်တာအံမှူးဝေပြောတဲ့စကားကိုပဲ အလေးအနက်ထား နားထောင် တော့မှာ"

ကနုတ် ယိုင်ခနဲဖြစ်သွားတော့ ခုံတစ်လုံးဆွဲကာ အိတုံ ဖေးမ ဖက်တွယ်ထိုင်ခိုင်းလိုက်ရသည်။

"ဈာန့်အတွက် မမအံမှူးက အဲဒီလောက်တောင် အရေးပါ နေပြီနော်၊ ငါ ငါက ဈာန့်အတွက် ဘာမှ မဟုတ်ခဲ့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အခု နင်တို့လက်ထပ်ဖြစ်မယ့်ကိစ္စကိုပဲ ကြည့်ပေါ့ဟာ၊ ဒါဟာ အသေးအမွှားလေးမဟုတ်ဘူး ကနုတ်၊ ဘဝအတွက် အကြီးမားဆုံး အိမ်ထောင်ရေးကိစ္စကြီးလေ၊ မဖြစ်နိုင်ဘူး၊ ချာန် လိုက်လျောမှာ မဟုတ်ဘူးလို့ ငါတို့အားလုံးတွေးထားကြတာ မဟုတ်လား။ မမ အံ့မှုူးစကားတစ်ခွန်းကြောင့် ချာန် ပြောင်းလဲလိုက်တာပါ၊ နောင်တစ်သျှို့အတွက် အိမ်ထောင်ရေးကံကောင်းဖို့ပဲ ဆုတောင်းပါဟာ"

"ဆုတောင်းတိုင်းသာ ပြည့်မယ်ဆိုရင် မမကိုမေ့ပြီး ချာန် ငါ့ကိုချစ်လာပါစေဆိုတဲ့ တစ်ခုတည်းသောဆုကိုသာ ငါတောင်းဖြစ်လိမ့်မယ်ထင်တယ်၊ ငါလည်း ချာန့်အချစ်ကလွဲပြီး ဘာမှမလိုချင်ဘူး"

"ကနုတ်ရယ်"

တိုးတိတ်သော တောင့်တမှုလေးနှင့် သက်ပြင်းတွေရှိုက်ပြီး မျက်ရည်ကျနေတဲ့ ကနုတ်ကို အိတုံတို့သူငယ်ချင်းသုံးယောက်လုံး နှစ်သိမ့်ဖို့လည်း မစွမ်းသာပါ။

ကနုတ်ခံစားရသလို ချာန်မှာလည်း ဒဏ်ရာအနာတရတွေနဲ့ မရှုနိုင်မကယ်နိုင် ဖြစ်နေရပြီ မဟုတ်ပါလား။

ထိုင်ခုံလေးမှာ မှေးမှိန်ပြီး ငိုရတာတောင် အင်အားမရှိ၊ ရက်စက်သောစကားတွေ ချာန့်နှုတ်ဖျားက ဒီလောက်အထိ ပြောထွက်လိမ့်မည်မထင်။

မမအံ့မှုူးကိုပဲ နားလည်ပေးနေတဲ့ ချာန်ကို နာကြည်းပါ





လိုက်ချင်သည်။ ပေးဆပ်စွန့်လွှတ်ရသူမှာ အလွမ်းတွေနှင့်ဆိုလျှင် ရယူပိုင်ဆိုင်ရသူမှာလည်း နာကျင်ကြေကွဲနေရတာပါပဲလို့ အော်ဟစ်ငိုယိုပေါက်ကွဲပစ်လိုက်ချင်၏။

ဒါပေမဲ့ နင် ငါ့အနားမှာရှိနေမယ်ဆိုရင် –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ကျွန်တော် လက်ထပ်တော့မယ်"

"ဟင် သား သား လက်ထပ်တော့မယ်၊ ဟုတ်လား။ သား နဲ့တွဲနေတဲ့ ကောင်မလေးမဟုတ်လား၊ သားတို့ လိုက်ဖက်ပါတယ်၊ ဖေဖေ ဘာတာဝန်ယူပေးရမလဲ"

"မလိုပါဘူး ဖေဖေ၊ ဖေဖေ့ကိုတိုင်ပင်နေတာလည်း မဟုတ် ပါဘူး။ အဖေတစ်ယောက်အနေနဲ့ အသိပေးတာပါ၊ ကနုတ်တို့ဘက် က အားလုံး လုပ်ပေးလိမ့်မယ်"

ဦးနေမင်းစျာန် မျက်နှာပျက်ယွင်းသွားပေမယ့် ကိုယ့်ဘက် က ဝတ္တရားပျက်ကွက်မှုတွေများနေတာမို့ သားငြိုငြင်အောင် ထပ်မ လုပ်ချင်တော့ပါ။





"ဖေဖေ့ဘက်က သားစိတ်ကို နားမလည်ခဲ့လို့ ဖခင်ဝတ္တရား မကျေသလိုဖြစ်ခဲ့တာတွေအတွက် ဖေဖေ စိတ်မကောင်းပါဘူးသား၊ ဖေဖေ နောက်အိမ်ထောင်ပြုဖြစ်ခဲ့တာလည်း သားအတွက်ပါပဲ၊ ဒါ ပေမဲ့ ဖေဖေ လူရွေးမှားခဲ့တာကို ဝန်ခံပါတယ်၊ မကောင်းမှန်းသိပေ မယ့် စွန့်ပစ်လိုက်လို့လည်း မဖြစ်တော့ဘူးလေ၊ မိန်းမနဲ့ယောကျ်ား ဘဝတစ်ခုအတွက် အိမ်ထောင်ပြုပြီးပြီဆိုရင် ဆိုးဆိုးကောင်းကောင်း ဖြတ်မလွယ်တော့ဘူး၊ ကံအကြောင်းတရားပါရင် သေတစ်ပန်သက် တစ်ဆုံး ဒီအတိုင်းပဲ နေသွားရတော့တာ"

"ဖေဖေ့ကို သား အပြစ်မတင်ခဲ့ဘူး ထင်ပါတယ်"

"နာကြည်းမှုတွေနဲ့ ဂရုမစိုက်သလိုနေနေတာတော့ သား မငြင်းဘူးမဟုတ်လား။ သားကို ဖေဖေ စိတ်ဆိုးလို့ပြောနေတာ မဟုတ် ပါဘူး။ အိမ်ထောင်ရေးအဆင်မပြေလို့ အလုပ်ထဲမှာပဲ စိတ်နှစ်မြှုပ် ထားတဲ့ ဖေဖေက သားကို ဥပေက္ခာပြုသလိုဖြစ်နေတာ ဖေဖေ့ကိုယ် ဖေဖေ သိတယ်၊ အဲဒါကြောင့်လည်း သားလုပ်ချင်ရာလုပ်နေတာ ဖေဖေ ဘာပြောခဲ့လဲ၊ ဒါပေမဲ့ သားအိမ်ထောင်ရေးအတွက် ဖေဖေ တာဝန်ကျေပေးပါရစေသား"

စျာန်က သက်ပြင်းရှိုက်ပြီး ခေါင်းယမ်းကာ ဆိုဖာခုံထောင့် မှာ ဝင်ထိုင်လိုက်သည်။

"ကျွန်တော့်အိမ်ထောင်ရေးကို ကျွန်တော်တောင် စိတ်မ



www.burmeseclassic.com

www.burmeseclassic.com



ဝင်စားဘူး၊ ဖေဖေ စိတ်ပူမနေပါနဲ့''

''ဟင် ဘာ ဘာပြောတယ်သား''

''ဟုတ်တယ်၊ ကျွန်တော် စိတ်ပါလက်ပါ လက်ထပ်မယ့် မင်္ဂလာပွဲမဟုတ်ဘူး၊ သူ့မိဘတွေကနေ အိမ်လက်ဖွဲ့လိမ့်မယ်၊ ကျွန်တော့်မှာ ကားရှိတယ်၊ နှစ်ယောက်လုံးမှာ ဝင်ငွေရှာနိုင်တဲ့ အရည်အချင်းရှိတယ်၊ ဘာလိုသေးလို့လဲ''

ဈာန်ပြောနေတာ အိမ်ထောင်တစ်ခုကို ကလေးစကားသလို ပေါ့ပျက်ပျက်ဖြစ်နေသည်။

လေးလေးနက်နက် ကိုယ်ရွေးချယ်ခဲ့တဲ့ အိမ်ထောင်ရေးတောင် အဆင်ပြေသာယာမှုရှိလို့လား။

''အဆင်မပြေနိုင်ဘူးထင်ရင် ဘာလို့ အိမ်ထောင်ပြုနေမှာလဲသားရယ်၊ အိမ်ထောင်ပြုတယ်ဆိုတာ ခုနက ဖေဖေပြောသလို ဖြစ်ပြီးရင် ပျက်ဖို့မလွယ်တော့ဘူး၊ ဆိုးဆိုးကောင်းကောင်း ပေါင်းသင်းရတော့မှာ သားက စဉ်းစားဆင်ခြင်ချိန်ရပါသေးတယ်၊ အချိန်တွေမလွန်ခင် ဒီအတိုင်းနေလည်း ဖြစ်တယ်မဟုတ်လား သား''

''မဖြစ်ဘူး''

ဈာန်ရဲ့ တုံးတိတိအဖြေစကားကြောင့် ဦးနေမင်းဈာန် မျက်နှာပင့်ကာ အံ့အားသင့်သွား၏။

''ဟင် သား သားတို့က ဘယ်လိုအမှားအယွင်းတွေကြောင့်





မဖြစ်မနေ လက်ထပ်ရမှာလဲ၊ နောက်ဆုတ်လို့မဖြစ်တော့တဲ့ အခြေအနေလားသား''

''ဖေဖေ ဘာတွေအတွေးပေါက်သွားတာလဲ၊ ကျွန်တော်က ကိုယ့်ချစ်သူအပေါ်မှာတောင် အမှားအယွင်းမဖြစ်အောင် စည်းထားနိုင်ပါတယ်''

''ဒါဆို ဘယ်လိုအကြောင်းတွေရှိလဲဆိုတာ ဖေဖေ မသိရဘူးလားသားရယ်၊ သားကို ဖေဖေဆုံးမသွန်သင်ချိန်တွေမရခဲ့လို့ ဂရုမစိုက်ခဲ့မိလို့ သား ဒီလိုတွေဖြစ်နေတာလား၊ ဖေဖေ့အမှားတွေလား သား''

ဈာန် မချိတရိ ပြုံးလိုက်မိသည်။

ဖေဖေ သူ့အတွက် ဒီလောက်လေးစိတ်ပူပေးလျှင် သူ ကျေနပ်ပါသည်။

''ဒီအကြောင်းတွေက ဖေဖေနဲ့မသက်ဆိုင်လို့ ကျွန်တော့်အတွက် စိတ်မပူပါနဲ့ဖေဖေ၊ ဖေဖေ့ကို အသိပေးလိုက်တာလည်း ကျွန်တော့်အတွက် စိတ်ဆင်းရဲစေချင်လို့ မဟုတ်ပါဘူး''

''ဒါပေမဲ့ သားရယ် ကိုယ့်သားသမီး စိတ်ဆင်းရဲမှာကိုတော့ ဘယ်မိဘမှ ကြည့်မနေနိုင်ပါဘူး၊ အဲဒီမိန်းကလေးရှင်ဘက်ကို ဖေဖေသွားပြီးတားဆီးပေးရမလား သား၊ သားစိတ်မပါတာကို မလုပ်ပါနဲ့၊ ဖေဖေ အမှန်းခံတားပေးမယ် သား''



www.burmeseclassic.com

www.burmeseclassic.com



"အဲ အဲလိုလုပ်လို့ မဖြစ်ဘူး၊ မဖြစ်ပါဘူး ဖေဖေ၊ ကျွန်တော့်ချစ်သူက အဲဒီကောင်မလေးနဲ့လက်ထပ်မှ စိတ်ချမ်းသာမှာ"

"သား"

"ကျွန်တော့်ချစ်သူစကားကို နားထောင်ချင်တယ်၊ နားထောင်မှဖြစ်မယ် ဖေဖေ၊ ကျွန်တော်ချစ်သူမုန်းမှာကို ခံနိုင်ရည်မရှိဘူး၊ မခံစားနိုင်ဘူး၊ ကျွန်တော်လက်ထပ်လိုက်ရမယ့် အိမ်ထောင်ရေးက အဆင်မပြေနိုင်ဘူးဆိုတာ ကျွန်တော်သိပါတယ်၊ သူ့ကိုလည်း ကျွန်တော် ဘယ်လိုမှချစ်လာနိုင်မှာ မဟုတ်ဘူးဆိုတာ သေချာတယ်၊ ဒါပေမဲ့ ကျွန်တော့်ချစ်သူစိတ်ချမ်းသာဖို့ ကျွန်တော် ဘာတွေပဲဖြစ်နေနေ, ဘယ်လိုပဲခံစားရ ခံစားရ ကျွန်တော် နောင်တမရဘူး၊ နောင်တမရပါဘူး ဖေဖေရယ်"

"သားရယ်"

သားပခုံးကို ဆုပ်ကိုင်နှစ်သိမ့်မိတော့ သားက သူ့ရင်ခွင်မှာ ခေါင်းတိုးဝင်ကာ ကလေးတစ်ယောက်လို အသံထွက်၍ ငိုရှိုက်နေသည်။

တသိမ့်သိမ့်လှုပ်ခါနေတဲ့သားကျောပြင်ကို ခပ်တင်းတင်းပွေ့ဖက်မိကာ သူပါ မျက်ရည်ကျလာသည်။

ဒီလိုထွေးဖက်မှုတွေ မလုပ်ခဲ့မိလို့ သားက တခြားသူဆီက အကြင်နာမေတ္တာတရားတွေကို တောင့်တခဲ့လေသလား။





ချစ်သူရဲ့ ငြိုပြင်မှုကို မခံရဲအောင် ကြောက်ရွံ့ထိတ်လန့်ပြီး ကိုယ့်ဘဝကိုယ် ဖြစ်ချင်ရာဖြစ် ရေစုန်မျှောပစ်လိုက်တာလား။

ဖေဖေ အပြစ်မကင်းခဲ့ဘူးဆိုရင် ခွင့်မလွှတ်ပါနဲ့ သားရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဟင်"

သူမ ခွဲခန်းကထွက်လာပြီး ခြေလက်သန့်စင်ဆေးကြောပြီ နားနေခန်းလေးထဲကို ရောက်လာခဲ့ချိန်မှာ ကနုတ်က သူမအခန်းလေး ထဲမှာ ရောက်နှင့်နေသည်။ ကနုတ်တို့ဆေးခန်းဆိုတော့လည်း ဘယ် နေရာ ဘယ်အချိန်မှာ ဝင်ဝင်ထွက်ထွက် တားဆီးအမိန့်ပေးရဲတဲ့သူ မရှိ။

"မမဆီ အလည်သက်သက်ရောက်လာတာတော့ မဟုတ်ဘူး ထင်တယ်နော် ကနုတ်"

"မမနဲ့ စကားပြောစရာရှိလို့ပါ၊ ကနုတ်တို့ အပြင်ခဏသွား ရအောင်၊ ဖြစ်တယ်မဟုတ်လား"





မဖြစ်ဘူးလို့ပြောရင် ဆင်ခြေပေးရဦးမည်။ ခဏဟု ခွင့် တောင်းကာ အခန်းထဲဝင်၊ မျက်နှာသစ်၊ ခြေလက်သန့်စင်ပြီး ဂျူတီ ကုတ်လေးချွတ်၍ ကနုတ်နောက်ကလိုက်လာခဲ့ရသည်။

ဆေးရုံရှေ့ တစ်ဖက်ပလက်ဖောင်းအနီး ကော်ဖီဆိုင်လေး ထဲကို သွားမှာမို့ ကားလည်းမယူခဲ့။

အလူမီနီယံမှန်ချပ်ကြီးတွေ ကာရံထားတဲ့ဆိုင်လေးထဲကို ရောက်တော့ အဲကွန်းရဲ့ အမြင့်ဆုံးအေးမြမှုက သူမရင်ထဲကအပူကို လျှောင်ပြောင်သရော်နေသလို ဖြစ်နေသည်။

"ဘာသောက်မလဲ မမ"

"ကော်ဖီအေးပဲ သောက်ပါမယ်"

ကနုတ်က သူမကို မျက်ခုံးတစ်ချက်ပင့်ကြည့်ပြီးမှ စားပွဲထိုး လေးကို မှာပေး၏။ လာချပေးတော့ ကော်ဖီအေးခွက်ကို သူမဘက် တိုးရွှေ့ပေးကာ ကနုတ်က ကုတ်တစ်ဘူးကို ပိုက်တံလေးဖြင့် တစ်ရှိန် ထိုး တစ်ကျိုက်တည်း ရှိုက်စုပ်သောက်လိုက်သည်။

သူမထက်တောင် ပူလောင်နေတယ်ဆိုတဲ့ သဘောလား။ ကနုတ်ဘက်က စကားသံထွက်မလာသေး၍ ကော်ဖီအေးကို တစ်ငုံ ချင်းငုံကာ စောင့်နေလိုက်သည်။

"ရှာနိစိတ်ဆန္ဒတွေအားလုံးကို သိမ်းပိုက်နိုင်တာ ချီးကျူးပါ တယ် မမအံမှူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"မမ သေဆိုသေ, ရှင်ဆိုရှင်, ကနုတ်နဲ့လက်ထပ်ဆိုလည်း လက်ထပ်တော့မှာကိုပြောတာပါ၊ ဒါပေမဲ့ သူ့အောင်မြင်မှုတွေအား လုံးကို စွန့်လွှတ်တော့မယ်တဲ့၊ အဲဒါကိုရော မမအံ့မျှ ဘာလုပ်ပေးနိုင် မလဲ"

"ဘာလုပ်ပေးစေချင်သေးလို့လဲ ကနုတ်ရယ်၊ သူ ကနုတ် ကို လက်ထပ်မယ်လို့ ပြောတယ်မဟုတ်လား၊ နောက်ပိုင်းကိစ္စတွေက ကနုတ်ဘာသာ စည်းရုံးသိမ်းသွင်းနိုင်အောင် ကြိုးစားရမှာပေါ့၊ မမ မပါဝင်သင့်တော့ပါဘူး"

"သူ့ရဲ့အောင်မြင်မှုကို မမအံ့မျှ လျစ်လျူရှုနိုင်သလား၊ ပျော် စင်ကျွန်းရှိုးပွဲက အားလုံးရဲ့တိုးတက်အောင်မြင်မှုနဲ့ သက်ဆိုင်နေပါ တယ်၊ လက်ထပ်ပွဲပြီးရင် အဲဒီကိစ္စက အရေးကြီးဆုံးဖြစ်နေတယ်၊ မမအံ့မျှ ကူညီပေးပါဦး"

ခုချိန်ထိ သူမဘက်က ပေးဆပ်စရာတွေကျန်နေပါသေး လား။ မျက်နှာလွှဲလို့လည်း ဖြစ်မည်မထင်ပါ။ ကနုတ်မျက်နှာလေးက အားငယ်ညှိုးနွမ်းမှုတွေနှင့် မာန်မာနတွေ ကင်းစင်နေသည်။ ဈာန့်နှင့် လက်ထပ်ရတော့မှာမို့ ရောဂါဝေဒနာပျောက်ကင်းနေတာပဲ။ မိဘ တွေကိုယ်စား စိတ်ချမ်းသာရသေးသည်။

"ဈာန့်ကို ဖျောင်းဖျပေးစေချင်တယ် မဟုတ်လား၊ နာခံ





မယ်, မနာခံဘူးဆိုတာ မသေချာပေမယ့် မမ ကြိုးစားကြည့်ပါ့မယ်"

"အဟင်း၊ မမ ဘာပြောပြော ဈာန်က နားထောင်မှာပါ၊ လူကိုပိုင်ဆိုင်ရရင်တောင် ဈာန့်စိတ်ကိုတော့ ကနုတ် ပိုင်မှာမဟုတ်ပါ ဘူး။ ဒါပေမဲ့ မမကို ကနုတ်ကျေးဇူးတင်ပါတယ်၊ ဈာန်လက်ထပ်မယ် ပြောမှ ကနုတ်ဆန္ဒတွေ ပြည့်ဝခဲ့ရတာမို့ပါ၊ ဟိုလေ မေမေတို့က ကနုတ်မင်္ဂလာပွဲအတွက် မမကိုအကူအညီတောင်းထားတယ် မဟုတ် လား၊ အားနာပေမယ့် အရင်းနှီးဆုံးလူဆိုလို့ မမတစ်ယောက်ပဲ ရှိလို့ ပါ"

"ရပါတယ် ကနုတ်ရယ်၊ မမ အဆုံးထိတာဝန်ကျေအောင် ကြိုးစားမှာပါ"

ကနုတ်က ကျေကျေနပ်နပ်ပြုံး၍ အရင်ဆုံးနှုတ်ဆက်ကာ ပြန်သွားခဲ့သည်။ သူမကိုတော့ ဝန်ထုပ်ဝန်ပိုးတွေပေးကာ ထားရစ် ခဲ့၏။ အဆုံးထိတာဝန်ကျေပါမယ်လို့ ကတိပေးပြီးမှတော့ သူမ တွန့် ဆုတ်တွေဝေနေလို့ မဖြစ်။

ဈာန့်ဆီကို ဖုန်းဆက်ကြည့်တော့ သူမတို့ထိုင်နေကျနေ ရာလေးမှာ ရောက်နေသည်တဲ့။ ဆေးရုံကိုပြန်ကာ ကားယူပြီးမှ သူမ ပြန်ထွက်လာခဲ့သည်။

ထိုနေရာလေးကိုရောက်တော့ ဝင်တော့မယ့်နေလုံးနီနီကြီး ကို ဈာန် ငေးမောကြည့်နေသည်။ သူမ ထိုင်ခုံလေးမှာ ဝင်ထိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မှ ချာန်က သူမဘက်ကိုငဲ့ကြည့်သည်။

ချာန်မှာ တက်ကြွလန်းဆန်းခြင်းတွေ ပျောက်ဆုံးကာ မှိုင်ညို့ငြိမ်သက်နေသည်။ ချာန့်ကိုကြည့်ပြီး တလှိုက်လှိုက်ဝမ်းနည်းလာကာ ငိုချလိုက်ချင်ပေမယ့် သက်ပြင်းပူတွေအဖြစ်သာ ပြောင်းလဲလိုက်ရသည်။ ပြီးမှ ချာန့်မျက်နှာကို ပြုံးမြမြလေး စိုက်ကြည့်ဖြစ်၏။

"ချာန်တို့ ရှိုးပွဲကို မမ လာကြည့်ချင်တယ်"

"ဘယ်ရှိုးပွဲလဲ"

"မျှော်စင်ကျွန်းရှိုးပွဲလေ၊ မင်္ဂလာဆောင်ပြီးတာနဲ့ ဆိုမှု မဟုတ်လား၊ ဆိုမယ့်ဒိတ်ကို ကြော်ငြာဘုတ်မှာရေးထားတာတွေ့ပြောတာပါ၊ မင်းတို့အဖွဲ့လည်း ပါမယ်ဆို၊ မင်း သီချင်းဆိုတာ တခါမှမတွေ့ဖူးလို့ လာကြည့်ချင်လို့ပါ"

"အရင်တုန်းက အဲဒါတွေစိတ်မဝင်စားဘူး မဟုတ်လား"

"အင်း ဟုတ်တယ်၊ စာအုပ်ဖတ်ချိန်၊ တီဗီကြည့်ချိန် မှာ အောင် တာဝန်တွေပိနေလို့လေ၊ ခုတော့ ချာန်ကိုချစ်တဲ့စိတ်နဲ့ ချာန်နဲ့ပတ်သက်တာတွေက မမအတွက် အရေးပါလာတယ်"

ချာန်က ဆတ်ခနဲတုန်သွားကာ သူမကိုကျောပေး၍ထိုင်လေးမှ ထရပ်၏။

"ချာန် သီချင်းမဆိုတော့ဘူး မမ၊ ဘာကိုမှ စိတ်မပါတော့ဘူး"





"အဲလိုမလုပ်ပါနဲ့ ချာန်ရယ်၊ ချာန်သီချင်းဆိုတာကို လာကြည့်ပြီး မမ လက်ခုပ်တီးအားပေးချင်လို့ပါ၊ ဟို သူများတွေလို ချာန့်လက်ထဲကို ပန်းစည်းလေးလည်း လာထည့်ပေးချင်တယ်"

"မင်္ဂလာပွဲအတွက် စီစဉ်စရာရှိတယ်"

ဖွတ်အတင်းငြင်းကာ ကလေးဆိုးကြီးလို ချာန် စိတ်ကောက်နေသည်မို့ သူမ ပြုံးလိုက်မိသည်။

"အဲဒီမင်္ဂလာပွဲအတွက် ချာန် စိတ်မပူနဲ့၊ ချစ်သူရဲ့မင်္ဂလာပွဲကို မမကိုယ်တိုင် အကောင်းဆုံး စီစဉ်ပေးမယ်၊ တာဝန်ယူမယ်၊ ချာန်က ရှိုးပွဲအတွက်ပဲ ဂရုစိုက်ပြင်ဆင်ပါ"

"မမ"

ဩရှမာထန်စူးထွက်နေသာ ချာန့်အသံက ကန်ပေါင်တစ်ပွင်လုံး ဟိန်းထွက်သွားပါလိမ့်မည်။ ပြီးမှ သတိရဟန်ဖြင့် စိတ်လျှော့လိုက်ကာ ချာန်က ခေါင်းကို အဆက်မပြတ်ယမ်းခါပစ်၏။

"မမရယ် ဒီလောက် နှလုံးသွေးတွေ တစိမ့်စိမ့်ထွက်နေကာတောင်မှ ပြုံးနိုင်သေးသလား၊ တာဝန်ယူဦးမယ်တဲ့လား၊ မမကယ်လောက်ထိပေးဆပ်မှာလဲ၊ စွန့်လွှတ်မှာလဲ၊ အနစ်နာခံနေဦးမှာလဲ၊ ချာန်ကရော ချစ်သူရဲ့အသည်းနှလုံးကို နင်းချေပြီး ဘယ်လိုပျော်အောင်ကြိုးစားရမှာလဲ မမရယ်၊ ကျေးဇူးတရားဆိုတာတွေ့ ဆရာဝန်တစ်ယောက်ရဲ့ ဂုဏ်သိက္ခာတွေကို အဝေးကိုလွှင့်ပစ်ပြီး ချာန်တို့

www.burmeseclassic.com



ရင်ဆိုင်ကြရအောင်လေ၊ အချစ်တွေနဲ့ ကမ္ဘာတစ်ခုတည်ဆောက် ကြည့်ရအောင်ပါ မမရယ်''

နာကျင်သောအပြုံးလား။ ကြင်နာသောအပြုံးလား ခွဲခြားမ လွယ်သော အပြုံးတစ်ခုကို သူမက ဤနေရာ၌ဖန်ဆင်းကာ -

''မမ ညစ်နေတယ်ထင်လို့လား။ ချစ်သူရဲ့မင်္ဂလာပွဲမှာ မျက် ရည်ကျမယ်လို့ရော ထင်နေလား ချာန်၊ မမဆန္ဒတွေကို ဖြည့်ဆည်း ပေးနေတဲ့ ချစ်သူကိုကြည့်ပြီး မမဂုဏ်ယူနေမှာပါ။ မမကို လိုက် လျောမှုတွေ နားလည်မှုတွေနဲ့ ချစ်နိုင်လွန်းတဲ့ချစ်သူကို ရလိုက်တာ ဘယ်လောက်ပျော်ဖို့ကောင်းလဲ၊ ဟင်း ဟင်း ချာန့်ကို မမ သက်လုံး မုန်းခွင့်မရှိတော့ဘူးလေ၊ မဟုတ်ဘူးလား ချာန်ရဲ့''

''မြှောက်ပင့်ပြီး အယုံသွင်းနေတယ်လို့ မယူဆရက်ပါ မမရယ်၊ ချာန်မရဖူးတဲ့ အကြင်နာမေတ္တာတွေကို မမဆီက ရ လိုချင်လို့ပါ။ ချာန့်ကို ဘယ်တော့မှ မမုန်းဘူးလို့ မမပြောလို့ ချာ အားတင်းထားတာပါ၊ မမ ငြိုငြင်မှာစိုးလို့ ချာန်အားတင်းထားရ ပါ မမရယ်''

ချာန်က ကျောပေးထားလျက် ကျိတ်ရှိုက်နေကာ -

''မမကို ချာန် နာကြည်းကြည့်တယ်၊ နာကြည်းလို့မရ မုန်းကြည့်တယ်၊ မုန်းလို့မရဘူး။ အဲဒါကြောင့် မမဆန္ဒတွေကိုပဲ လို လျောဖြည့်ဆည်းဖို့ ဆုံးဖြတ်လိုက်ရတာပါ၊ ဒါပေမဲ့ ချာန်ရဲ့အနီး





မှာပဲနေပေးပါနော်၊ နာကျင်စရာတွေများလာရင် ရင်ဖွင့်ခွင့်ပေးပါ၊ တင်းမခံနိုင်တော့ရင် စိတ်ဖြေသာအောင် မှေးခိုခွင့်ပေးပါ၊ ချာန်တောင်း ဆိုတာတွေ များသွားတယ်ဆိုရင် နားလည်ပေးနိုင်အောင် ကြိုးစားပေး ပါ မမရယ်၊ မမကို ချာန်ချစ်တယ်''

ချာန်က လှည့်မကြည့်ဘဲ တစ်ခုခုကိုတိုင်တည်သလိုမျိုး တ တွတ်တွတ်ပြောနေ၏။ သိမ့်သိမ့်လှုပ်ခါနေသော ချာန့်ကျောပြင်ကို ကြည့်ကာ နာကျင်ကြေကွဲရှိုက်သံနှောနေသော ချာန့်အသံကို နား ထောင်ပြီး ကိုယ်ခန္ဓာတစ်ခုလုံး ပျော့ခွေလဲကျမတတ် ခံစားရပါသည်။ အနီးနားမှာ ဖေးကူမယ့်ချာန် မရှိလျှင် နှလုံးသွေးတွေရပ်ကာ သေ ဆုံးပစ်လိုက်ချင်၏။

တောင့်ခံထားရတဲ့ စိတ်ဓာတ်အင်အားတွေလည်း ပျော့ခွေ ညည်းနဲ့ ပင်ပန်းနေခဲ့ရပါပြီ။

''ချာန် မမရှေ့မှာ ခဏလောက်လာထိုင်ပေးပါလား၊ ချာန့် မျက်ရည်တွေကို မမသုတ်ပေးချင်တယ်''

မမျိုသိပ်နိုင်စွာပြောမိတော့ ချာန် တဖြည်းဖြည်းလှည့်လာ ပြီး သူမမျက်ရည်တွေကိုမြင်ကာ ပြုန်းခနဲ သူမကို ထွေးဖက်လိုက် သည်။

''မမရယ် ကိုယ့်ကိုယ်ကိုယ်တောင် မထူမတ်နိုင်တော့တဲ့သူ တစ်ယောက်က ဘာဖြစ်လို့များ သူများတွေအတွက် စဉ်းစားနေရတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ၊ မမကို နားလည်အောင် ဈာန်မကြိုးစားတော့ပါဘူး။ မမဆန္ဒတွေကို ဖြည့်ဆည်းနိုင်တဲ့သူတစ်ယောက်အဖြစ်ပဲ ဈာန်ရှင်သန်ပါတော့မယ်"

"ရှိုးပွဲအတွက် စဉ်းစားတော့မယ်ပေါ့"

"မမ,ဖြစ်စေချင်တာမှန်သမျှ ဈာန် အားလုံးလုပ်မှာပါ"

"ဈာန် အောင်မြင်မှာပါ"

"အဲဒါလည်း မမအတွက်ပါပဲ"

အတန်ကြာတိတ်ဆိတ်သွားပေမယ့် အသက်ရှူသံတွေမြန်နေခဲ့ကြသည်။ ယုံကြည်မှုချစ်ခြင်းတွေဖြင့် မျက်ဝန်းချင်းဆုံကာ တစ်ယောက်နှင့်တစ်ယောက် နားလည်နေခဲ့ကြသည်။

ပေးဆပ်စွန့်လွှတ်မှုတွေကိုသာ ပိုင်ဆိုင်ခဲ့ဖူးသော သူမအတွက် ပေးဆပ်နားလည်ကာ ချစ်နိုင်လွန်းသော ချစ်သူတစ်ယောက်ကို ရလိုက်ခြင်းက ကြည်နူးပီတိတွေဖြစ်စေခဲ့သည်။

ရင်ထဲမှာ အတိုင်းအဆမရှိ နာကျင်နေရလည်း ကျေနပ်ပါတယ် ဈာန်ရယ်။

✿ ✿ ✿



## အခန်း (၂၃)

"သမီးကြီး ခုတလော အိမ်ပြန်မလာဖြစ်တာ ကြာပြီနော်၊ ဒေါ်သဇင်မြင့်တို့သမီးလေး မင်္ဂလာဆောင်အတွက် ပင်ပန်းနေလား သမီး"

"ဟုတ်ကဲ့ အမေ၊ သတို့သမီးဝတ်စုံကအစ စီစဉ်ပေးနေရတော့ ဆေးရုံဆေးခန်းက ဂျူတီထွက်တာနဲ့ အဲဒီအိမ်ကိုပဲ ရောက်နေရတယ်"

"ကောင်းပါတယ် သမီးကြီးရယ်၊ ပင်ပန်းတယ်လို့ မအောက်မေ့နဲ့နော်၊ အခါအခွင့်သာလို့ ကျေးဇူးဆပ်ခွင့်ရတယ် သဘောထားပါ"

"အံမယ်... နားလည်ပါတယ် အမေ၊ ကျေးဇူးကန်းသူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖြစ်အောင် အံမှူး ဘယ်တော့မှ မလုပ်ပါဘူး''

အမေက ကျေးဇူးသိတတ်နားလည်နေသော အံမှူးကို ကျေ နပ်အားရကာ ပီတိဖြင့်ပြုံးနေပြီး –

''သတို့သားလေးက ဝါသနာတူအဆိုတော်လေးဆို သမီး ရဲ့ ဟိုနေ့က သမီးညီမလေးက ဂျာနယ်ယူပြီး အမေ့ကိုဖတ်ပြတယ်၊ လက်ထပ်ကြဖို့ သတင်းကြီးနေတာ ကြာပြီတဲ့၊ အခုမှ လက်ထပ်ဖြစ် ကြတာ အားလုံးဝမ်းသာနေကြတယ်ဆိုပဲ၊ သူတို့အင်တာဗျူးပါလာ တာလေ''

''အင်း ပြော် ဟုတ် ဟုတ်တယ်အမေ၊ သူတို့က အရမ်း လိုက်ဖက်တဲ့ စုံတွဲလေးပါ၊ အောင်မြင်မှုနဲ့ တက်ကြွလန်းဆန်းနေကြ တဲ့ အရွယ်တွေဆိုတော့ ပရိသတ်က အရမ်းချစ်ကြတယ်၊ ဖြစ်လည်း ဖြစ်စေချင်ကြတာ၊ ကြည့်နူးဖို့ကောင်းပါတယ် အမေ''

''အေးလေ၊ ပြည့်စုံတဲ့သူတွေအတွက်တော့ အရာရာ က ကောင်းခြင်းတွေနဲ့ပါပဲ၊ မိဘတွေလည်း စိတ်ချမ်းသာနေကြမှာပါ၊ သမီးက ခုချိန်မှာ စိတ်ရောကိုယ်ရော အပင်ပန်းခံ ကူညီလိုက်ပါကွယ်''

နှလုံးသားကိုတောင် ဆွဲထုတ်ကျေးဇူးဆပ်ပြီးသားပါလို့ အမေ့ ကို အံမှူးမပြောဖြစ်လိုက်ပါ။

ဒီရင်ထဲမှာ ဘာမှမရှိတော့တာ ကိုယ်ကိုယ်တိုင်ပဲသိသည်။

''ဟာ မမကြီး ရောက်နေတယ်၊ အိုကေပဲ၊ ထမင်းလက်





ဆုံစားရတော့မယ်''

''ဟေး ဟုတ်တယ်ဟေ့၊ ညီမလေးတို့က မမကြီးနဲ့ထမင်း လက်ဆုံမစားရတာကြာလို့ လွမ်းနေတာ၊ ထမင်း အတူတူစားမယ်နော် မမကြီး''

အံမှူး ပြုံး၍ခေါင်းညိတ်ပြလိုက်သည်။ မောင်လေးနှင့် ညီမ လေး စက်ရုံကပြန်လာပြီး ဝရန်းသုန်းကား သူမကိုပြေးဖက်နမ်းလိုက် သည်နှင့် မိသားစုဘဝလေးက သက်ဝင်နိုးထလာ၏။

အမေက တပြုံးပြုံးနှင့် ထမင်းပွဲပြင်ဖို့ ထမင်းစားခန်းထဲဝင် သွားသည်။

''ကဲ မောင်လေးနဲ့ ညီမလေး ရေချိုးပြီးမှ ထမင်းစားမှာ လား၊ သွားချိုးချည်လေ''

''ညအိပ်ရာဝင်မှ ချိုးတော့မယ်၊ မမကြီးနဲ့ဆုံဖို့က သိပ်လွယ် တာမဟုတ်ဘူး၊ ထမင်းစားရင်းနဲ့ စကားတွေပြောမယ်''

မောင်နှမသုံးယောက် ထမင်းစားခန်းထဲကို တွယ်ဖက်ကာ ဝင်လာခဲ့ကြသည်။ အမေကို ဝိုင်းကူလုပ်ကာ ထမင်းပွဲပြင်လိုက်ကြပြီး တစ်ယောက်ပန်းကန်ထဲ တစ်ယောက် ဟင်းတွေထည့်၍ မိသားစု ထမင်းဝိုင်းလေးက ဟိုအရင်ကလိုပဲ ပျော်စရာကောင်းပါသည်။

''မမကြီး ဟိုလေ အဆိုတော်လင်းလက်ရျာန်နဲ့ ကနုတ် တို့မင်္ဂလာပွဲက ဟိုတယ်မှာလုပ်မှာဆို၊ ညီမလေးတို့ရော ပွဲတက်လို့



www.burmeseclassic.com

www.burmeseclassic.com



မရဘူးလားဟင်၊ စက်ရုံမှာလေ ညီမလေးက ကြားထားတာ၊ ငါတို့ မမကြီးနဲ့အတူတူ ငါတို့လည်း လိုက်သွားချင်သွားမှာလို့"

"ဩော် မ မမကြီးတောင် အဲဒီပွဲကို သိပ်တက်ချင်တာ မဟုတ်ပါဘူးကွယ်၊ သူတို့အသိုက်အဝန်းက အနုပညာရှင်တွေ အများကြီးလာမှာ မဟုတ်လား"

"ဟွန့် မမကြီးကလည်း ညီမလေးတို့ဆိုရင် အဲဒီလို အနုပညာရှင်တွေကို ကြည့်ချင်လွန်းလို့မှ"

"အငယ်မနော် အကဲမပိုနဲ့၊ ဂျာနယ်တွေ၊ တီဗီတွေထဲမှာ ကြည့်နေရတာကို၊ ဟိုသွားကြည့်မှ ဇရုတ်သုတ်ခဖြစ်နေဦးမယ်၊ ငြိမ်ငြိမ်နေ"

"မဟုတ်ပါဘူး ကိုလတ်ရဲ့၊ ညီမလေးက လင်းလက်ရှာန်နဲ့ ကနုတ်တို့စုံတွဲလေးကို ဘယ်လောက်ချစ်စရာကောင်းလဲလို့ ကြည့်ချင်တာပါ၊ သူတို့ မင်္ဂလာဆောင်တော့မယ်ဆိုတော့ အရမ်းကို အုတ်အော်သောင်းတင်း ဖြစ်နေကြတာနော်၊ အရင်ကတည်းက အရမ်းလိုက်ဖက်ပြီး နာမည်ကြီးနေတာ"

"ကဲ ကဲ တော်ကြတော့၊ ထမင်းစားရင်း သူများအကြောင်း ပြောနေကြတယ်၊ ဟိုမှာ အမေတောင် ထမင်းစားလို့ပြီးတော့မယ်"

တစ်ခါမှ လေသံမာမာမပြောဖူးတာမို့ မောင်လေးနှင့် ညီမလေး သူမကိုနားမလည်နိုင်အောင် မော့ကြည့်ကြ၏။





အမေပါ ထမင်းလုတ်လေး ရပ်တန့်သွားသည်။

ဒါပေမဲ့ ပျက်ယွင်းတော့မယ့်မျက်နှာ၊ မှားယွင်းပြီးတဲ့စကားအတွက် သူမ အလျင်အမြန် သက်ပြင်းချ၍ ဣန္ဒြေဆယ်လိုက်ရသည်။

ခံစားရသမျှ ဟန်ဆောင်မှုတွေနှင့် ဖယ်ရှားပျက်ပြယ်စေခဲ့ရသည်မှာ ကျင့်သားရနေခဲ့ပါပြီလေ၊ မာကျောကြမ်းတမ်းခဲ့တဲ့ ငယ်ဘဝကို ကျေးဇူးတင်ရမည်ပေါ့၊ အပြုံးတုဖြင့် ထမင်းစားခြင်းကို လက်စသတ်ပြီး –

"မမကြီး ထမင်းစားလို့ပြီးပြီနော်၊ အရမ်းပင်ပန်းနေလို့ အိပ်ရာဝင်တော့မယ်၊ မောင်လေးနဲ့ ညီမလေးလည်း တစ်နေကုန်အလုပ်လုပ်ခဲ့ရတာ ပင်ပန်းမှာပဲ၊ စောစောအိပ်ကြ၊ အမေ အံမှူး အခန်းထဲ သွားနားတော့မယ်နော်"

"အေး အေး၊ ဟုတ်ပါရဲ့၊ အမေ့သမီးကြီး အရမ်းပင်ပန်းနေတာ သွားနားချည်ပါကွယ်"

သူမ ဆက်ပြီးဟန်ဆောင်မထိန်းချုပ်နိုင်မှာစိုး၍ ထထွက်လာခဲ့ရသည်။ ကိုယ့်ဝေဒနာ ကိုယ်ထပ်ပြီး မဖုံးဖိနိုင်လျှင် မခက်ပေဘူးလား။ မိသားစုတွေကို သူမအတွက်နှင့် စိတ်မဆင်းရဲစေချင်ပါ။

အခန်းထဲရောက်မှ အိပ်ရာခုတင်ပေါ်မှာ ပစ်လှဲ၍ မျက်ရည်တွေကို သွန်ချပစ်လိုက်သည်။

"ကနုတ်မင်္ဂလာဝတ်စုံလေးရွေးပေးတာ မမအံမှူးက အရမ်း



www.burmeseclassic.com

www.burmeseclassic.com



တော်တာပဲ၊ ဆရာဝန်မလုပ်ဘဲ ဒီဇိုင်နာလုပ်ပါလား မမရဲ့၊ ဈာန်အတွက်လည်း ရွေးပေးပါဦးနော်၊ မမ့ရွေးပေးတာဆိုရင် ဈာန် သဘောကျမှာပါ''

နေ့လယ်က မင်္ဂလာဝတ်စုံသွားဝယ်ကြရင်း ကနုတ်ပြောတဲ့ စကားတွေကို ပြန်ကြားယောင်၏။ သူမ့ရွေးချယ်ပေးခဲ့တဲ့ ဆင်စွယ်ရောင်ဂါဝန်ဖားဖားလေးပေါ်မှာ ဖန်စီပစ္စည်းလေးထိုးထားသော ဘိုဆန်ဆန်သတို့သမီးဝတ်စုံလေးက ဝင်းဝါချောမွေ့နေသော ကနုတ်နှင့် အရမ်းလိုက်ဖက်ပါသည်။ ဈာန့်အတွက်လည်း အဖြူရောင်လွင်နေသော စတိုင်လ်ပန်နှင့် ကုတ်ကိုသာ ရွေးချယ်ပေးခဲ့သည်။

ခေတ်လူငယ်တွေမို့ ပေါ့ပေါ့ပါးပါး အနောက်တိုင်းဆန်ဆန်လေးတွေကိုသာ နှစ်သက်ကြ၏။

မင်္ဂလာဆွမ်းကျွေးဖို့အတွက်တော့ မြန်မာဝတ်စုံလေးနှင့် ရိုးရိုးယဉ်ယဉ်။

ချစ်သူကို သူများရင်ခွင်ထဲရောက်အောင်၊ ကိုယ်တိုင်အပင်ပန်းတွန်းပို့နေရကာ ဘယ်လောက်များ ဆိုးဝါးလိုက်ပါသလဲ။ မင်္ဂလာပွဲနီးကပ်လာသည်နှင့်အမျှ ရင်ထဲမချိစွာ နှလုံးသွေးတို့ တစက်စက်ကျဆင်းနေခဲ့သည်။

တင်းမာပြတ်သားနိုင်လိမ့်မယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်ထားမိပေမယ့် ဆက်လက်ဟန်ဆောင်ဖို့တောင် မဝံ့မရဲဖြစ်နေရပြီ။ ကိုယ့်





ဝေဒနာကို ထုမတ်ကာယ်တင်ပေးမယ့် သူရှိနေပါလျက်နဲ့ ကိုယ်ကိုယ်တိုင်က လက်ခံလို့မဖြစ်သည့်ဘဝမို့ ဈာန့်ကိုလည်း အပြစ်ယူလို့မဖြစ်။

ဘာကြောင့်များ ဒီအခြေအနေမျိုးကြီး ကြုံဆုံရတာ မသိ။

အတိတ်ဘဝက ဝဋ်ကြွေးတွေများ ပါလာခဲ့လေသလား။

ဘာဖြစ်ဖြစ် ကိုယ့်ရဲ့စောင့်ရှောက်မှုဖြင့် ဈာန့်ဘဝလေး အဆင်ပြေအေးချမ်းသွားစေချင်ပါသည်။

နှလုံးသားနှင့် ကျေးဇူးဆပ်လိုက်ရသော မင်္ဂလာပွဲလေးက

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

နှစ်ဖက်မိဘအသိုက်အဝန်း၊ အနုပညာအသိုက်အဝန်းနှင့် မင်္ဂလာပွဲကြီးက ထင်ထားတာထက် ပိုမိုစည်ကားနေသည်။

ကင်မရာမီးတွေ တဖျပ်ဖျပ်၊ ဓာတ်ပုံမီးရောင်တွေ တလက်လက်ဖြင့် ထိုအရာတွေကို လွတ်အောင်ရှောင်ရင်း လူက နေစရာမရှိ၊ လိုအပ်ဝတ္တရားတွေ လုပ်ပေးလိုက်၊ ဟိုနေရာ ဒီနေရာပြေးပုန်းလိုက်၊ ဆရာဝန်ညွှန်ကြားသည်တွေကို ညွှန်ပြပေးရတာလည်း စိတ်ရောလူရော ဂနာမငြိမ်။

ဆေးရုံကို ချာန် လာလာနေတာ အားလုံးသိနေကြသည်ပဲ။

"မမ ဘာလို့ရှောင်နေတာလဲ၊ ချာန့်အနား လာနေပေး"

အံမယ်လေး ဒုက္ခပါပဲ။





ကနုတ်တွဲချိတ်ထားတဲ့လက်ကို ဖြုတ်ပစ်ခဲ့ပြီး ချာန်က သူ့မအနား တိုးတိုးကျိတ်ကျိတ်လာပြောနေသည်။

လူကြီးတွေ သိသွားရင်၊ ကနုတ်အထင်လွဲသွားရင် မခက်ပေဘူးလား။

"ချာန် သွား သွားလေ၊ ကနုတ်လှမ်းကြည့်နေပြီ"

"ကြည့် ကြည့်ဗျာ၊ မမ ချာန့်အနားမှာမရှိရင် သူနဲ့တွဲပြီး ညည်းမခံဘူး"

"ဖြစ်မလား ချာန်ရယ်၊ မင်းလက်ထပ်လိုက်တာ ကနုတ်ကိုလေ"

"အဲဒါ ချာန်လက်ထပ်ချင်လို့မှ မဟုတ်တာ၊ မမ လက်ထပ်ခိုင်းတာ"

"ခက်နေပါရောလား ချာန်ရယ်၊ လူကြီးတွေရိပ်မိသွားရင်တော့ ပြဿနာတက်တော့မယ်၊ မမကိုသနားရင် သွားပါ ချာန်ရယ်၊ ကနုတ်အနားမှာ သွားနေပါနော်၊ မမ တောင်းပန်ပါတယ်"

သူ့မ ငိုမဲ့မဲ့ အသံတုန်တုန်လေးနှင့်ပြောလိုက်မှ ချာန် မျက်နှာညိုကြီး ထွက်သွားသည်။

အဲကွန်းခန်းထဲမှာ ဖောချွေးတွေပြန်ကာ ဗိုက်ပင်ပန်းသွားသည်။

ချာန် ဒီလောက်ထိ ကလေးဆန်လိမ့်မည် မထင်မိ။



www.burmeseclassic.com

www.burmeseclassic.com



ခန်းမအဝင်မှာ သူမကိုမြင်ပြီး မျက်နှာလေးပြုံးယောင်သန်းသွားကာ သူမကိုလာပြီး နှုတ်ဆက်သေးသည်။ သူ့ရဲ့မင်္ဂလာပွဲဆိုတာကို သူက ခေါင်းထဲ အလေးအနက်ရှိပါရဲ့လား မသိ။

သူမဆန္ဒအရ ဝတ္ထုရှားကျော မင်္ဂလာပွဲလာတက်သလိုပင်။ ကနုတ်က မျက်စိမျက်နှာပျက်ကာ သွေးပျက်မတတ်။

ဒီမင်္ဂလာပွဲမှာ သူမ မရှိသင့်တော့ဘူးထင်သည်။ ရင်ဘတ်တွေလည်း စူးအောင့်နာကျင်နေရပါပြီ။

ဟန်ဆောင်မျက်နှာဖုံး ကွာမကျအောင် အားတင်းထားရတာ ရင်တစ်ခုလုံး အစိတ်စိတ်အမြွှာမြွှာကွဲကြေလို့။

"ဒီက ဒေါက်တာအံမှူးဝေဆိုတာလား"

"ရှင် ဟုတ် ဟုတ်ကဲ့"

ညှော်ပရိသတ်တွေနှင့် မိတ်ဆက်ပေးပြီးပြီမို့ ဈာန့်အဖေမှန်း သိလိုက်သည်။ သူမအနား ဘာကြောင့်ရောက်လာသလဲဆိုတာတော့ မသိ။

"မင်္ဂလာခန်းမထဲက မင်း ထွက်သွားချင်နေပြီ မဟုတ်လား အန်ကယ် စကားခဏပြောလို့ရအောင် အန်ကယ်လိုက်ပို့ပါရစေ"

ဘာတွေပြောချင်နေသလဲဆိုတာ စိတ်ဝင်စားနေသည်မို့ မင်္ဂလာပွဲပြီးခါနီးအချိန်မှာ ဒေါ်သဇင်မြင့်ကိုခွင့်ပန်ပြီး ဈာန်မသိအောင် သူမ လိုက်လာခဲ့သည်။





ဟိုတယ်ရဲ့ ခပ်လှမ်းလှမ်းက အေးချမ်းတိတ်ဆိတ်သော ကော်ဖီဆိုင်လေးကို ရောက်လာခဲ့ကြ၏။

"အန်ကယ် စုံစမ်းသိထားသလောက်တော့ မင်းက သားရဲ့ ချစ်သူမဟုတ်လား။ သူ မချစ်တဲ့မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ဖို့ မင်း ဘာလို့တိုက်တွန်းလိုက်ရတာလဲ"

"ရှင်"

"သားပြောပြတယ်၊ ရင်းရင်းနှီးနှီးမနေဖူးတဲ့ အဖေကို ဖက်ပြီးငိုတယ်၊ မင်းငြိုငြင်မှာစိုးလို့ စိတ်ချမ်းသာအောင် လက်ထပ်ရမှာတဲ့"

"ကျွ ကျွန်မ"

သူမ ဘယ်လိုဖြေရှင်းဆင်ခြေပေးရမှန်း မသိပါ။ ဈာန် ဘယ်လောက်ထိ ခံစားရမယ်ဆိုတာ ကိုယ်ချင်းစာမပေးနိုင်ခဲ့တဲ့ သူမအမှား။

"အခု သားလက်ထပ်လိုက်ရတဲ့ သတို့သမီးနဲ့ မင်းရဲ့ကြားမှာ ဘယ်လိုအပေးအယူတွေနဲ့ အကန့်တွေရှိနေတယ်ဆိုတာ မသိပေမယ့် သားကို မင်းရက်စက်လိုက်တာလို့ အန်ကယ်ယူဆတယ်၊ မှားချင်လည်း မှားနေမှာပါ၊ သားက မင်းကို အပြစ်မမြင်ဘူးလေ"

"ဟုတ်ကဲ့၊ ဆပ်မကုန်နိုင်တဲ့ ကျေးဇူးတင်နေလို့ ဈာန့်ကို အသုံးချသလိုဖြစ်သွားပါတယ်၊ အဲဒီအတွက် ဈာန့်အပေါ် အပြစ်ရှိသလို ခံစားနေရတာပါ၊ အန်ကယ့်ကိုလည်း တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်လည်း မှားခဲ့ပါတယ်"

"ရှင်"

ဦးနေမင်းချာန်က ကော်ဖီခွက်ကို ငုံမလိုလုပ်ပြီးမှ မချိတင်ကဲပြုံး၏။ သူမက ဘာမှနားမလည်နိုင်ပေမယ့် ဖခင်တစ်ယောက်ရဲ့မေတ္တာကိုတော့ ခံစားမိနေသည်။

"အန်ကယ် ဖခင်ဝတ္တရား မကျေပွန်ခဲ့ဘူး၊ ငွေကြေးရှာပေးရုံ၊ ပြည့်စုံအောင်ထားပေးနိုင်ရုံနဲ့ သားသမီးတွေ ကျေနပ်နိုင်မှာမဟုတ်ဘူးလေ၊ သူတို့လိုတာ နွေးထွေးမှုနဲ့ မေတ္တာတရားဆိုရင် အန်ကယ်လုပ်ခဲ့တာတွေက အလကားပေါ့၊ သူ့အမေဆုံးတော့ မိခင်မေတ္တာလိုအပ်မှာပဲဆိုပြီး အမေတစ်ယောက် အစားထိုးရှာပေးလိုက်တယ်၊ မိထွေးက မိထွေးလိုဆက်ဆံနေလား, သားအပေါ် ကြင်နာလား၊ ဂရုစိုက်လား, အန်ကယ် ဂရုစိုက်မေးဖို့ မေ့လျော့နေခဲ့တယ်"

ဦးနေမင်းချာန် သက်ပြင်းရှိုက်လိုက်တာ လေးလေးပင်ပင်။

"မိဘဝတ္တရားဆိုတာ မွေးရုံ,ကျွေးရုံနဲ့ ကျေတာမဟုတ်ဘူးဆိုတာ အန်ကယ်သိပါပြီ၊ သားသမီးကို ဥပေက္ခာပြုမိရင် သူတို့ကလည်း မိဘကိုပြန်ပြီး ဥပေက္ခာပြုမှာပဲ၊ အခု အန်ကယ့်မိန်းမကို သူ့မင်္ဂလာပွဲ မတက်ရဘူးဆိုလို့ မခေါ်ခဲ့ရဘူး။ အန်ကယ့်ကိုလည်း အဖေလို့အသိအမှတ်ပြုပေမယ့် အလေးအနက်ရှိခဲ့တာတော့ မဟုတ်ဘူး။ ဒါပေမဲ့ သားရဲ့စိတ်သောကတွေအတွက် အန်ကယ် စိတ်မကောင်း





ဘူးကွယ်၊ မင်းနဲ့ပတ်သက်ပြီး သား ဘယ်လိုခံစားနေသလဲဆိုတာ အန်ကယ် သိမြင်နေခဲ့တယ်၊ သားလေး တစ်ခုခုမဖြစ်အောင် မင်းဖေးမ,နှစ်သိမ့်ပေးမှဖြစ်မယ်"

အမိန့်ပေးနေတာမဟုတ်ဘဲ တောင်းဆိုနေတာမှန်း သူမနားလည်ပါသည်။ မိဘမေတ္တာနှင့် အတ္တကြီးနေတာလို့လည်း မယူဆမိ။ တကယ်တမ်းက သူမမှာပဲ အပြစ်ရှိသည်။

ကိုယ့်အပေါ်တင်နေတဲ့ ကျေးဇူးတရားအတွက် ချာန့်အသည်းနှလုံးကို အသုံးချခဲ့မိတာ၊

အဲဒီအကြွေးကို နောင်ဘဝမှ ပြန်ဆပ်ပါရစေ ချာန်ရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

မျှော်စင်ကျွန်းရှိုးပွဲကြီးက လူတွေထောင်သောင်းချီလျှ…
အုန်းအုန်းကျွက်ကျွက် ဆူဆူညံညံ။

စင်ပေါ်မှာ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဖျော်ဖြေနေကြတာလည်း ပရိ…
သတ်အားပေးမှုက သောင်းသောင်းဖျဖျ။ အံစီအစဉ်ကြေညာသူက…
လင်းလက်ချာန်အဖွဲ့ကိုကြေညာလိုက်တော့ ပရိသတ်လက်ခုပ်သံက…
ပိုပြီး အားပေးမှုများ၏။ ပူပူနွေးနွေးလက်ထပ်ပြီးစ ဇနီးမောင်နှံလို…
ချစ်ခင်စိတ်နှင့် နာမည်တွေကိုလည်း အုတ်အော်သောင်းတင်း တကြော်…
ကြော်အော်၏။

"မမ ခုချိန်ထိ မလာသေးဘူး၊ ငါ ထွက်မဆိုတော့ဘူး။
မင်းတို့ဘာသာ ကြည့်လုပ်ကြ သူရ"





"အာ ဘယ်ဖြစ်မလဲ၊ ပွဲပျက်သွားမှာပေါ့၊ မမက လာမယ်
ပြောထားတာပဲ၊ ရောက်အောင်လာမှာပါ"

"အပေါ်တန်းက အထူးဧည့်သည်တွေအတွက် ထိုင်ခုံမှာ
မမမှ ရောက်မလာသေးတာ၊ ငါစိတ်မပါဘူး"

"မလုပ်ပါနဲ့၊ ခေါင်းမမာပါနဲ့ ချာန်ရာ၊ ဟိုမှာ ဝဏ္ဏက ဒီဂျေ
ပွတ်ပြီး ကနုတ်နဲ့အိတုံ သီချင်းဆိုရင်း ကနေကြပြီ၊ မင်း ဝင်ရတော့မယ်
လေ၊ သွားပါကွာ၊ ငါ မမကို သွားစောင့်လိုက်ပါ့မယ်၊ မလာရင်
ဖုန်းဆက်ခေါ်လိုက်မယ်၊ ငါ့ကိုယုံကြည်စမ်းပါကွာ၊ ငါတို့ဖျော်ဖြေရတဲ့
တစ်နာရီအတွင်းမှာ မမ ရောက်ကိုရောက်လာစေရမယ် နော် ချာန်"

ချာန့်ကို စင်ပေါ်တွန်းလွှတ်ပြီး ဧည့်ဝင်ပေါက်တံခါးဘက်ကို
သူရ အပြေးအလွှားထွက်လာခဲ့သည်။ ဒေါက်တာအံမှူးဝေသာ မလာ
လျှင် တကယ်ပွဲပျက်မှာ အသေအချာ။

အခုတောင် သူ ကတိအတန်တန်ပေးလို့ ချာန် စင်ပေါ်
ရောက်သွားခဲ့တာ။ ဆူညံပွက်လောရိုက်နေတဲ့ ပရိသတ်တွေရဲ့ လက်
ခုပ်သံကို ချာန် ဇော်ကားလို့မဖြစ်။

တစ်ဖွဲ့လုံး နာမည်ပျက်၊ အရှက်ရ၊ သိက္ခာကျနိုင်သည်။
အချိန်က ဆယ့်နှစ်နာရီကျော်။ ဒေါက်တာအံမှူးဝေ ဒီအချိန်မှ ရောက်
ရောရောက်လာနိုင်ပါဦးမလား။

စောစောကတည်းက ဒေါက်တာအံမှူးဝေဆီ ချာန် မရမက



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်နေခဲ့တာ။ အရေးပေါ်လူနာတွေရှိနေလို့ ဂျူတီထွက်မှ လာနိုင်မည်တဲ့။

တကယ်ပဲ အရေးကြီးလို့လား၊ လိမ်ညာပြောတာလား မသိနိုင်။ မမ,မလာလျှင် သီချင်းမဆိုဘူးလို့ ဈာန် ဖုန်းထဲကနေပြောနေတော့ မျက်နှာလေးနီမြန်းပျက်ယွင်းနေတဲ့ ကနုတ်ကိုကြည့်ပြီး တစ်ဖွဲ့လုံး မျက်နှာပူအားနာနေမိကြသည်။ မမနှင့်ပတ်သက်လျှင် ဈာန်က ဘယ်သူ့ကိုမှဂရုမစိုက်၊ အရေးမထား၊ သူလုပ်ချင်ရာ လုပ်၊ သူပြောချင်ရာ ပြော။

လက်ထပ်ထားတဲ့ ကနုတ်ကိုတောင် သူ့အမြင်အာရုံထဲမှာ ရှိပုံမပေါ်။

"ဟာ အံ အံမှူးဝေ"

လုံခြုံရေးဝန်ထမ်းတစ်ယောက်နှင့် စကားပြောနေသော အံမှူးဝေကို မြင်လိုက်ရသည်နှင့် သူ့ရဲ့ ဝမ်းသာအားရ ထိုနေရာကို ပြေးသွားမိသည်။

"လာ လာ မမအံမှူး၊ ကျေးဇူးတင်လိုက်တာဗျာ၊ မမသာ အချိန်မီ ရောက်မလာရင် ကျွန်တော်တို့ပွဲ ပျက်ပြီ၊ ဈာန်က သီချင်း မဆိုဘူး လုပ်နေတာလေ"

အံမှူးဝေ ပြုံးရုံသာပြုံးပြီး ဘာမှမပြောဘဲ သူ့ရဲ့နောက်က လိုက်လာခဲ့သည်။ လက်ထဲမှာ တစ်ပွင့်တည်းသော နှင်းဆီပန်းပွင့်လေး





နှင့်။ မလာတော့ဘူးလို့ စိတ်ဆုံးဖြတ်ထားသော်လည်း တစ်ဖွတ်ထိုး ညဉ့်နှင့် ဈာန်ကို ဘယ်ဂိုမှ ဥပေက္ခာပြုလို့မရ။

စိတ်မထင်ရင် မထင်သလို ပွဲဖျက်လိုက်ပါက အဖွဲ့အစည်း တစ်ခုလုံး ပြိုပျက်သွားနိုင်သည်။ ကနုတ်သိက္ခာလည်း ပွန်းပဲ့ထိခိုက်နိုင်၏။ သူရလိုက်ပို့တဲ့ အထူးဧည့်သည်တွေအတွက် ထိုင်ခုံလေးမှာ ခပ်ရိုရို့ဝင်ထိုင်လိုက်ပြီး တစ်ကိုယ်လုံး ရှိန်းဖိန်းတုန်တက်နေသည်။ တစ်သက်နှင့်တစ်ကိုယ် ဒီလိုနေရာမျိုးကို တစ်ခါမှ မရောက်ဖူး၊ မသွားဖူး၊ မလာဖူးခဲ့။

စင်အောက်က ပရိသတ်တွေကိုလည်း မကြည့်ရဲ။ သူမကို မြင်သွား၍ တက်ကြွလန်းဆန်းသွားတဲ့ ဈာန့်မျက်လုံးတွေလည်း ရှောင်လွှဲကာ နှင်းဆီပန်းလေးကို ကိုင်ထားရင်း ရင် တဆတ်ဆတ်တုန်နေသည်။

ဘယ်လိုဝေဒနာမျိုးလဲ။ ပိုင်ရှင်သာ မရှိလျှင် ခွေးတွေစိုးခဲကာ မောပန်းနေတဲ့ဈာန်ကို နှင်းဆီပန်းလေးပေးကာ အမောပြေစေ ချင်မိမှာ အမှန်ပင်။

ပရိသတ်လက်ခုပ်သံမစဲသော ဈာန်တို့အဖွဲ့လေးရဲ့ အောင်မြင်မှုက သူမရင်တွေ လှိုင်းထန်အောင် စိတ်လှုပ်ရှားနေစေသည်။ ကြည်နူးပီတိတွေဖြင့် လက်ခုပ်တီးပြီးတောင် အားပေးလိုက်ချင်၏။

"ကျွန်တော် ဒီတစ်ခါဖျော်ဖြေတင်ဆက်ပေးချင်တဲ့ သီချင်း



www.burmeseclassic.com

www.burmeseclassic.com



လေးက 'ချစ်သူမမ' ဆိုတဲ့ ကျွန်တော့်ရင်တွင်းခံစားချက်လေးပါ၊ နောက်ထပ်ထွက်မယ့်သီချင်းခွေထဲမှာ ထည့်မယ့် သီချင်းအသစ်လေးပါ၊ ကျွန်တော်ကိုယ်တိုင် ရင်ထဲကဒဏ်ရာတွေနဲ့ ရေးဖွဲ့ထားတဲ့ သီချင်းလေးကို နားဆင်ကြည့်ပါ ခင်ဗျာ၊ ပရိသတ်ကြီး အဆင်ပြေလား"

ရှင်မြူးတက်ကြွစွာ ဈန်အော်ချလိုက်သောအသံနှင့် ပရိသတ်ရဲ့ ဟေးခနဲ လက်ခုပ်တီးအားပေးသံကြောင့် သူမ လန့်ဖျပ်တုန်တက်သွားသည်။ ဘာမှန်းမသိဘဲ ရုက်ရွံ့ထူပူသွားကာ ကနုတ်ကို အားနာစိတ်နှင့် သူမ ဇောချွေးတွေပြန်၍ မျက်လုံးကိုစုံမှိတ်ချလိုက်မိသည်။

ဈာန် အဲလောက်ထိ ပေါ်ပေါ်ထင်ထင်ကြီး မိုက်ရူးရဲဆန်လိမ့်မည်၊ ရဲတင်းလိမ့်မည် မထင်မိ။ ဈာန်က ဘယ်နေရာကိုမှ မကြည့်နာကျင်သောအပြုံးနှင့် သူမဆီကိုသာ အာရုံရောက်နေသည်။

သူမ ဒီနေရာမှာ ဆက်နေသင့်သေးရဲ့လား။

ဣန္ဒြေပျက်ယွင်းလောက်အောင် ဝရုန်းသုန်းကား ကမူးရှူးထိုးသာ ပြေးထွက်သွားလိုက်ချင်သည်။

သူမ အနေခက်အောင် ဈာန်လုပ်နေတာ မဟုတ်ဘူးလား။ ဒါမှမဟုတ် သူ့စိတ်ထွက်ပေါက် သူ့ရာ၍ သူမကို အရွဲ့တိုက်နေတာလည်း ဖြစ်နိုင်သည်။ သူမ သွေးပျက်ချောက်ချားလာကာ ဘယ်လိုမှ ထိုင်နေလို့မရ။

ဣန္ဒြေမပျက် သီဆိုကနေပေမယ့် ကနုတ်ရင်ထဲ ဘာတွေ





ဖြစ်နေနိုင်လဲ။

"သူရ သီချင်းတစ်ပုဒ်ပဲ ကျန်တော့တယ်၊ ကနုတ်နဲ့ မင်းတို့ကြည့်လုပ်လိုက်တော့ကွာ၊ ဟိုမှာ မမ အနေခက်နေပြီ ပြန်တော့မယ်ထင်တယ်၊ အရမ်းညဉ့်နက်တော့ စိတ်မချဘူး။ ငါ ပြန်လိုက်ပို့လိုက်ဦးမယ်"

"ဟာ ဟိတ်ကောင် အဲလိုလုပ်လို့မဖြစ်ဘူးလေ၊ ဈာန် အဲလောက်ပုံပျက်ပန်းပျက် မဖြစ်စေနဲ့ကွာ၊ ကနုတ်လည်း ဘယ်လောက်တောင် စိတ်ထိန်းပြီး သနားစရာကောင်းနေပြီလဲ၊ ကနုတ်ကို မငဲ့ချင်တောင် စင်ပေါ်မှာမလုပ်သင့်ပါဘူး။ ပရိသတ်ကို မစော်ကားသင့်ပါဘူး။ ဟိတ်ကောင် ဟာ ဈာန်"

တိုးတိုးကျိတ်ကျိတ်နှင့် သူရ ဘယ်လိုပြောပြော ဈာန်က နားလည်းမဝင်၊ ဂရုလည်းမစိုက်။ အံမှူးဝေဆီ လှစ်ခနဲ ရောက်သွားကာ လက်ဆွဲ၍ခေါ်ထုတ်သွားသည်။

"ဈာန် မင်း ဘာလုပ်တာလဲ၊ ဖယ် လွှတ်၊ ငါ့ဟာငါ ပြန်မလို့"

မြင်လိုက်ကြတဲ့သူတွေ လက်ကုတ်ကာ တီးတိုးဝေဖန်နေကြသည်မို့ ဈာန့်လက်ထဲက သူမလက်ကလေးကို ဖွတ်အတင်းရုန်းရင်းပြောလိုက်မိ၏။ ဈန်က မကြားချင်ယောင်ဆောင်ကာ ကားပါကင်မှာ ရပ်ထားတဲ့ သူမကားလေးပေါ် ဖွတ်ထိုးတင်ပြီး ကားလေးကို သူကိုယ်တိုင်မောင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စင်ပေါ်မှာ ဘာတွေဖြစ်ကျန်ခဲ့မလဲ ချာန် မတွေး။ သူဖြစ်ချင်တာကိုပဲ စိတ်ထင်သလို တစ်ဖွတ်ထိုးလုပ်နေသည်။

ပေါ့စေချင်လို့ ကြောင်ရုပ်ထိုးခါမှ ဆေးအတွက်ကြောင့် ပိုလေးတော့မည်ထင်၏။

"ချာန် မင်း ဘာတွေလျှောက်လုပ်နေတာလဲ၊ ကနုတ်နဲ့ မင်းအဖွဲ့တွေ ဘယ်လိုဖြစ်ပြီးကျန်ခဲ့မယ်ဆိုတာ မင်း နည်းနည်းမှ မတွေးမိဘူးလား"

"ဒီလောက် အချိန်မတော်ကြီး မမတစ်ယောက်တည်း ကားမောင်းပြန်မှာကို ကျွန်တော်က စိတ်ချလက်ချ လွှတ်လိုက်ရမှာလား၊ ဘာမှပြောမနေနဲ့တော့ မမရာ၊ သူတို့ ဘာတွေဖြစ်ကျန်ကျန် ကျွန်တော်ဂရုမစိုက်ဘူး၊ စိတ်လည်းမဝင်စားဘူး၊ မမအတွက်ပဲ စိုးရိမ်တာ၊ ခုလို လာအားပေးတာကိုလည်း ကျေးဇူးတင်တယ်၊ အိမ်အထိ ရောက်အောင် ကျွန်တော်ပြန်လိုက်ပို့ပေးမယ် မမ၊ ကျွန်တော့်ဘဝမှာ မမပဲ အရေးကြီးတယ်"

ချာန်က သူပြောချင်ရာပြော၍ ကားလေးကို ဖြည်းဖြည်းမှန်မှန်မောင်းနေသည်။ ချာန့်အပြုအမူတွေအတွက် သူမ ဘာမှတွေးလို့မရ။

"ချာန် မင်း အခုလိုလုပ်လိုက်တာ နားမလည်နိုင်တော့ဘူး၊ ကနုတ်ဘယ်လောက်တောင် အရှက်ရသွားမလဲ၊ မင်း စဉ်းစား





မိရဲ့လား"

"ချာန် ဘာမှမသိချင်ဘူး မမရယ်၊ ချာန့်ရင်ထဲမှာ ပန်းလေးကိုကိုင်ပြီး တုန်တုန်လှုပ်လှုပ်နဲ့ ချာန်ကိုလာမပေးရဲတဲ့ မမကို နှစ်သိမ့်ချင်တယ်၊ မင်္ဂလာပွဲတုန်းက နှမ်းဖျော့အားနည်းနေပေမယ့် ဟန်ဆောင်ပြုံးနေတဲ့ မမကို ထွေးဖက်အားပေးခွင့်မရတာ နောင်တရမိတယ်"

"ကျွတ်၊ ခက်လိုက်တာ၊ ဒီအချိန်ကြီး ကနုတ်ရော ဘယ်လိုပြန်မလဲ ချာန်ရယ်"

"သူ့အတွက် ချာန် ကားထားခဲ့တာပဲ၊ သူ့ဘာသာပြန်လိမ့်မယ်၊ ဒါမှမဟုတ် သူ့ရတို့အဖွဲ့ လိုက်ပို့လိမ့်မယ်၊ ကနုတ်အတွက် စိတ်ပူမနေနဲ့၊ သူ့ကို အားပေးမယ့်အဖွဲ့အစည်း ရှိတယ်၊ နှစ်သိမ့်ဂရုစိုက်မယ့်လူတွေလည်း အများကြီးပဲ၊ မမမှာတော့ ချာန်တစ်ယောက်တည်းရှိတာ မဟုတ်လား၊ ကိုယ့်ကိုယ်ကိုယ်ပဲ သနားစမ်းပါ"

ကူရှင်မှာ ကျောကပ်မှီလိုက်ရင်း သူမ သက်ပြင်းရှိုက်လိုက်မိ၏။ သူမအတွက်ချည်း ချာန်တွေးနေလို့ ဖြစ်မလား။ တရားဝင် တိုင်းသိပြည်သိ ကနုတ်နှင့်လက်ထပ်ထားတာ ချာန်မေ့လျော့လို့ မဖြစ်။

ချာန့်ဘက်ကိုစောင်းငဲ့မကြည့်ဘဲ ရှေ့တူရူကို မျက်လုံးအကြည့်တွေ တွန်းထိုးပို့ထားကာ -

"မမက ချာန့်သီချင်းဆိုဖြစ်အောင် လာပြီးအားပေးတာပါ၊ တခြားရည်ရွယ်ချက်တွေ မမမှာမရှိဘူး။ မင်းအနေနဲ့လည်း လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီဆိုတော့ စိတ်ကူးယဉ်တာနဲ့လက်တွေ့ကို မရောထွေးသင့်တော့ဘူး ချာန်၊ မမတို့ ဝေးဝေးကချစ်နေကြရင်းနဲ့ တဖြည်းဖြည်းမေ့လိုက်ကြရအောင်''

''မမ''

''ကျွီ''

ချာန်က အသံစူးစူးနဲ့အော်ကာ လမ်းဘေးကို ကားထိုးရပ်ပစ်လိုက်သည်။ ကားအတွင်းက မီးရောင်ဖျော့ဖျော့လေးအောက်မှာ ချာန့်မျက်နှာက နီရဲသုန်မှုန်နေ၏။ ညဉ့်နက်ချိန်မို့ ကားရှင်းလူရှင်းဖြစ်နေသော ဝန်းကျင်လေးမှာ တိတ်ဆိတ်မှုကြီးစိုးနေတာတော့ မဟုတ်ခဲ့။

''ကနုတ်ကိုလက်ထပ်ခိုင်းခဲ့တဲ့အချိန်တုန်းက မေ့ပစ်လိုက်ရအောင်ဆိုတဲ့စကား မပါဘူး၊ ချာန့်အနားမှာ နေပေးမယ်၊ ဂရုစိုက်ပေးမယ်လို့ မမပြောခဲ့တာနော်၊ မမဆန္ဒတွေအတိုင်း ချာန် ဘဝကိုပြောင်းလဲပြီးပါပြီ၊ စိတ်တွေကို အနိုင်ကျင့်ဖို့အထိတော့ မကြိုးစားပါနဲ့ မမရယ်''

''ဘယ်လိုပြောမှ နားလည်နိုင်မှာလဲ ချာန်ရယ်၊ မင်းကိုလက်ထပ်ပြီးတဲ့ ကနုတ်က မင်းဆီက ဥပေက္ခာတွေကို လိုချင်ပါ့မလား၊ အချစ်တွေပဲ လိုချင်ရှာမှာပေါ့၊ သူများသားသမီးတွေယူထားရင် စိတ်ဆင်းရဲအောင် မလုပ်ရဘူးလေ''

''ချာန်လိုချင်လို့ ယူထားတာမှ မဟုတ်တာ၊ မမ အတင်း





ပေးစားလို့ ယူလိုက်ရတာ''

အလိုမကျသလို နှုတ်ခမ်းစူစူနှင့် ပြောနေသော ချာန်ကို သူမ ချစ်မြတ်နိုးစွာ စူးစူးငေးငေးလေးကြည့်ဖြစ်သည်။

စင်ပေါ်သီချင်းတက်ဆိုရတာဆိုတော့ နားကွင်းတစ်ဖက်ကို ပြန်ဝတ်ထားပြီး လျှာထိုးဦးထုပ်ကို တစောင်းလုပ်၍ အင်္ကျီပွပွ၊ ဘောင်းဘီပွပွနှင့် တကယ့်ကို ဗရုတ်ဗရက်ဆန်ကာ ချစ်စရာကောင်းနေ၏။

ရင့်ကျက်မှုဆိုလို့ လေးထောင့်ဆန်ချင်သော မျက်နှာနှင့် မျက်ခုံးထူထူ၊ စိမ်းမြမြအရာထင်နေသော ပါးမြိုင်းမွေးသာ ရှိသည်။ ကိုယ်ခန္ဓာကလည်း တချို့အဆိုတော်လေးတွေလို ဘော်ဒီမရှိ သေးညှက်နေတာမဟုတ်ဘဲ တောင့်တင်းသန်မာ အရပ်လည်းမြင့်သည်။

''ဘာကြည့်နေတာလဲ''

''အဟင်း ဟင်း ကလေးဆိုးကြီးလို ဂျစ်ကန်ကန် ခွတိုက်နေတာကို သဘောကျလို့ပါ၊ မင်း ကလေးမှမဟုတ်တော့တာ၊ အိမ်ထောင်ရှိတဲ့ ယောကျ်ားနဲ့ မမ ဒီလိုမနေသင့် မသွားလာသင့်တော့ဘူးဆိုတာ သဘောပေါက်ရမှာပေါ့၊ မမဂုဏ်သိက္ခာကို ငဲ့ကြည့်ရမယ်၊ ကနုတ်ကို စာနာရမယ်''

''ကျွတ် မမရာ''

''တကယ်ပြောတာ၊ အိမ်ထောင်ရှိတဲ့ ယောကျ်ားတစ်ယောက်နဲ့ ဖောက်ပြန်တယ်လို့ အထင်ခံရရင်တော့ မမဘဝတော့



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ၊ ပြီးတော့ ဒုသနသောဆိုတဲ့ အပြစ်ကြီးကို မမ ကြောက်တယ်၊ မမတို့ဒီအတိုင်းဖြစ်နေကြမယ်ဆို နှစ်ယောက်လုံးထိန်းသိမ်းနိုင်ကြမှာ မဟုတ်ဘူး၊ ဒီနေ့ကစပြီး ဆင်ခြင်နေလိုက်ကြရင်ကောင်းမယ်"

ချာန်က သူမကို ရှူးခနဲလှည့်ကြည့်ပြီး ကားကို ဆောင့်ခနဲ မောင်းထွက်၍ –

"မမက ဆရာဝန်ကြီးတောင်ဖြစ်နေပြီ ဒုသနသောရဲ့ အပြစ်ကို မခွဲခြားတတ်ဘူး၊ အဲဒါကြီးကိုကြောက်ရအောင် ချာန်တို့က ကာမဆန္ဒအတွက် ဖြေသိမ့်နေကြလို့လား၊ မရိုးသားတဲ့အချစ်တွေကို ဖြေဖျောက်ပြီး ရိုးသားတဲ့အချစ်တွေနဲ့ ဖေးမနှစ်သိမ့်နေကြတာ မဟုတ်ဘူးလား၊ ပြီးတော့ သူများတွေစိတ်ချမ်းသာဖို့ နှစ်ယောက်လုံးရဲ့ နှလုံးသားကို စတေးပြီး ပေးဆပ်ခဲ့ကြတာ၊ တွေးတတ်ရင် ကုသိုလ်တောင် ရပါသေးတယ်"

"ဟုတ်ပါ့၊ သီချင်းတစ်ပုဒ်အတွက် ကုန်ကြမ်းရသွားပြီလား၊ မပြောတတ်ဘူး၊ စကားပြောလည်လိုက်တာ၊ သူ့မှာ ဘာအပြစ်မှကို မရှိတော့ဘူး၊ ကဲ ချာန် ဒီတံတားကျော်ရင် မမတို့ လှိုင်သာယာဘက်ကိုရောက်လာပြီ၊ မမဘာသာ ကားမောင်းပြန်လိုက်တော့မယ်နော်၊ ချာန် တက္ကစီကားငှားပြီး ပြန်လိုက်တော့"

"ဟင် အိမ်အထိ လိုက်ပို့မယ်လေ၊ မရဘူးလား"

ဘုရင့်နောင်တံတားအဆင်းအရောက်မှာ ကားလေးကိုရပ်





လိုက်ပြီး ချာန်က ပျာပျာသလဲမေး၏။

"အိမ်အထိတော့ မလိုက်ပါနဲ့ချာန်ရယ်၊ အိမ်ကလူတွေရော ရပ်ကွက်ထဲကလူတွေရော ချာန်နဲ့မမ တွဲပြီးမြင်သွားရင် အမြင်လွဲပြီး အထင်သေးသွားကြလိမ့်မယ်၊ ဟို ချာန် အိမ်ပြန်ရောက်ရင်လည်း ကနုတ်နဲ့ ရန်ဖြစ်မနေနဲ့ဦးနော်၊ သေချာလည်း ရှင်းပြ၊ ဒါပေမဲ့ အကျိုးအကြောင်း အမှန်အတိုင်း မပြောမိစေနဲ့၊ သူ စိတ်ထိခိုက်သွားလိမ့်မယ်"

"ချာန့်ကိုတော့ စိတ်ဆင်းရဲပြီး သေသေပေါ့"

"မမအပြုံးတွေကိုမြင်ရရင် ချာန် ကျေနပ်တယ်ဆို၊ ချာန်နဲ့ ဆုံတိုင်း မမ ပြုံးနိုင်အောင်ကြိုးစားပါ့မယ်၊ ကျေနပ်နားလည်ပေးပါ ချာန်ရယ်"

ဒီတစ်ခါ ချာန် မမကိုငေးကြည့်ပြီး ခေါင်းမခါမိ၊ ခေါင်းမညိတ်မိ။

အသက်ရှူတွေကျပ်ကာ ကားလေးပေါ်က လက်လေးပြနှုတ်ဆက်သွားတဲ့ မမကိုလည်း လက်ပြနှုတ်ဆက်ဖို့ မေ့လျော့နေ၏။

မမကားလေး မျက်စိအောင်ကပျောက်ကွယ်သွားမှ ဘုရင့်နောင်တံတားကြီးပေါ်ကို လျှောက်လာခဲ့သည်။

လရောင်ဖွေးဖွေးအောက်က လှိုင်မြစ်ကြီးက လှိုင်းဂယက်ငယ်လေးများ လက်လက်တောက်ကာ သဘာဝကပေးသော အစွမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေဖြင့် တည်တံ့ခိုင်ညားနေသည်။

သေးနုတ်ခြင်း၊ ကျယ်ပြန့်ခြင်းဖြစ်သော ရာသီဥတုဒဏ်ကို ကြုံကြုံခံကာ ကျွန်းကြီးစွာ တည်ရှိနေသည်။ သူ့မှာ လွမ်းဆွေးနာကျင်စရာ မရှိ။ ခံစားနာကျင်စရာ မရှိ။

သဘာဝအတိုင်း စီးမျောလို့၊ သူ့ကိုပေးတဲ့အတိုင်း ပြန့်နှံ့သော ပြင်ဆင်ထားခဲ့သည်။ ရာသီဥတုပြင်းထန်လျှင် လှိုင်းဂယက်တွေ ဝုန်းဆန်နေမည်။ ငြိမ်သက်လျှင်ဖြင့် ငြိမ့်ညောင်းစွာစီးဆင်းနေလိမ့်မည်ပေါ့။

ဈာန့်ရင်ထဲမှာတော့ မငြိမ်မသက်နဲ့ မုန်တိုင်းထန်နေလို့ပါ မမရယ်။

✿ ✿ ✿



## အခန်း (၂၆)

"နင် သိပ်လွန်လွန်းတယ် ဈာန်၊ ဒီလောက်တောင် မျက်စိအောက်က အပျောက်မခံနိုင်ရင်လည်း အဲဒီဒေါက်တာမကိုပဲ ယူလိုက်ပါလား။ ဘာလို့ ငါနဲ့လက်ထပ်နေသေးလဲ"

"ငါက ယူချင်တာပေါ့။ မမက ငါ့ကို မယူလို့ ခံစားနေရတာ၊ ပြီး ဟတ်(ထ်)ထိတာက နင့်ကို မဖြစ်မနေယူနိုင်းလို့ပဲ"

သုန်မှုန်တင်းမာနေသောမျက်နှာနှင့် ဒရင်းဘတ်ဒ်ပေါ်မှာ သက်သောင့်သက်သာလှဲနေသော ဈာန်ရှေ့ကို ကနုတ် ပြုန်းခနဲရပ်လိုက်သည်။ နှုတ်ဖျားတွေရော အသံတွေရော တုန်ယင်စွာဖြင့် –

"ငါ ခံရခက်အောင် စကားလုံးတွေနဲ့ မထိုးဆွနဲ့ ဈာန်၊ အခြေအမြစ်မရှိတဲ့စကားတွေ နင် ဘယ်လိုပြောပြော ငါ နင့်ကို ချစ်



www.burmeseclassic.com

လို့သည်းခံနေတာ၊ ဒါပေမဲ့ အတိုင်းအတာတော့ရှိတယ် ချာန်၊ နောက်တစ်ခါ မင်္ဂလာပွဲမှာတုန်းကလို ကိုယ်မင်္ဂလာဆောင်ယူထားတဲ့ မိန်းမရဲ့ တွဲထားတဲ့လက်ကို ဖြုတ်ပြီး ချစ်သူပါလို့ တင်စားဟစ်ကြွေးထားပြီး မိန်းမမျက်နှာကို မျက်စိတစ်ဆုံးလိုက်ကြည့်ပြီး ကြေကွဲနေတဲ့ အပြုအမူမျိုး ဝါသနာတူ, စရိုက်တူလက်ထပ်ထားတဲ့ မိန်းမနဲ့တွဲက သိဆိုရင်၊ ချစ်သူရဲ့မျက်နှာကို ငေးမောတမ်းတပြီး ဘာကိုမှ ဂရုမစိုက်နိုင်အောင် ပျာယာခတ်ကြင်နာချင်နေတာမျိုး ဖြစ်မလာမိစေနဲ့''

"ဘာ''

"ပထမ, ဒုတိယ သည်းခံထားလို့ တတိယအကြိမ် ဖြစ်လာပြီဆိုရင် ငါရဲ့ပေါက်ကွဲမှုတွေ အဆိုးဝါးဆုံးဖြစ်သွားနိုင်တယ်''

"အဟ ဟား''

ချာန်က ဟက်ခနဲ အမြင်ကတ်အောင်ရယ်ချလိုက်ကာ ကနုတ်နှင့်မျက်နှာချင်းဆိုင်ထရပ်လိုက်ပြီး လက်ဖျားများဖြင့် ကနုတ်ဆံနွယ်များကို ခါထုတ်ပစ်လိုက်၏။

"နင် ငါ့ကိုခြိမ်းခြောက်နေတာလား ကနုတ်၊ ချာန်ဆိုတဲ့ကောင် ဘာကိုမှ ဂရုမစိုက်တတ်တာ နင်သိပါတယ်၊ မှန်တယ်ထင်ရင် ကြမ်းတမ်းခက်ခဲလည်း ဆက်လျှောက်မှာပဲ၊ မမစကား, မမဆန္ဒတွေက လွဲရင်ပေါ့၊ နင့်ကိုချစ်လွန်းလို့ လက်ထပ်ထားတယ် မအောက်မေ့နဲ့ ကနုတ်၊ နင့်ကိုလက်ထပ်စေချင်တဲ့ မမရည်ရွယ်ချက်က ဘာလဲ





ဆိုတာ ငါသိထားသလို နင့်ကိုလက်ထပ်ဖို့ မမဆီမှာ ငါတောင်းဆိုခဲ့တာကလည်း မမမျက်နှာလေးကို အမြဲတမ်း ငေးကြည့် လွမ်းမောခွင့်လေးပဲ၊ ဖြစ်နိုင်ရင် အခါအခွင့်ကြုံတိုင်း မမကို ဖေးမ ကြင်နာဂရုစိုက်ဖို့လည်း ဆုံးဖြတ်ထားတယ်''

"နင့်စကားလုံးတွေ သိပ်ရက်စက်လွန်းမှန်း ငါသိပါတယ်၊ လူတစ်ယောက်ကို သိပ်ချစ်မြတ်နိုးလာရင်လည်း အရာရာသည်းခံခွင့်လွှတ်နားလည်ပေးဖို့ မခဲယဉ်းတော့တာလည်း ငါနားလည်သွားပါပြီ၊ ဒါပေမဲ့ ဝေဒနာကို ကြေညာခွင့်တော့ပေးပါ၊ နင့်ရဲ့စိတ်တွေ မမအပေါ် ယိမ်းယိုင်နေတာမြင်ရတိုင်း ငါရင်ဘတ်တွေက မခံမရပ်နိုင်အောင် ထိုးထိုးစူးပြီးအောင့်လာတယ်၊ နင့်အယုအယတွေ တောင့်တချင်ပေမယ့်လည်း နင်မကြင်နာချင်မှန်းသိလို့ ဟန်ဆောင်တင်းထားရတာပါ''

အသံတုန်တုန်လေးနှင့်ပြောနေရင်း ကနုတ်မျက်ရည်တွေလွှင့်ခနဲ စဉ်ကျလာသည်။ မမြင်ရအောင် နံရံတွေဘက်မျက်နှာမူလိုက်တော့ ကနုတ်ဘက်က ရှိုက်သံတစ်ချက်ထွက်လာကာ –

"ဝေဒနာပျောက်ရင် ခန္ဓာပျောက်မှာစိုးလို့ သက်သာပါစေလို့တောင် ငါဆုမတောင်းခဲ့ပါဘူး၊ နင့်ကိုမြင်တွေ့နေရတာလေး ပျောက်ကွယ်သွားမှာစိုးရိမ်လို့ပါ၊ ဖြစ်နိုင်ရင် ငါ့ရဲ့ နောက်ဆုံးအချိန်တွေ နီးကပ်လာပြီဆိုရင်တောင် နင့်ရင်ခွင်ထဲမှာပဲ သေဆုံးခွင့်ရချင်

www.burmeseclassic.com



တယ်၊ နင်ပျော်သလိုနေတာကို ငါ စိတ်မချမ်းသာဘူး ဈာန်၊ နင်မ လိုက်လျောနိုင်မှန်း, ခေါင်းမညိတ်ချင်မှန်း သိပေမယ့် ငါ့ဆန္ဒလေးကို အလေးအနက်ပြောပါရစေ၊ အသိုက်အဝန်း ဂုဏ်သိက္ခာနဲ့ ငါ့မျက်နှာ ကို ထောက်ထားငဲ့ညှာပြီး မမကို ဖွတ်တိုးချစ်ဖို့ မကြိုးစားပါနဲ့ဟာ"

အဆုံးသတ်စကားလုံးတွေမှာ ရှိုက်သံတွေနှင့် အင်အား တုန်ယင်အားပျော့နေခဲ့ပါသည်။

ဒါပေမဲ့ ဈာန်ကတော့ ထိတ်လန့်တုန်လှုပ်စရာ ကြားလိုက်ရ သလို ဖျပ်ဖျပ်ခါသွားခဲ့သည်။

"ဟာ ဘယ်ဖြစ်မလဲ၊ နင့်ကိုလက်ထပ်လိုက်တာကိုက မမကို ဆက်ချစ်နေခွင့်ရချင်လို့ပါ၊ မမ အမုန်းတွေ, ဥပေက္ခာတွေ မခံစားရဲလို့ ငါ့ရင်တွေ ကြေကွဲနာကျင်ခံပြီး နင့်ကို မမဆန္ဒတွေအတိုင်း လက်ထပ် ဖြစ်ခဲ့တာပါ၊ မဖြစ်သင့်မှန်းသိပေမယ့် မမကိုကျောခိုင်းဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ နင် ငါ့ကိုချစ်တယ်ဆို လိုက်လျောရမှာ ဒီ တစ်ခုတည်း ပါ၊ ကျန်တာတွေအားလုံး နင့်စိတ်ကြိုက်, နင်ဖြစ်ချင်တာတွေ ငါဖြည့် ဆည်းပေးမယ်၊ ဘယ်သူ့ရှေ့မှာဖြစ်ဖြစ် လက်တွဲလျှောက်ချင်ရင် ပြောတာပါ"

မျက်ရည်တွေကြားက ကနုတ် နာနာကျင်ကျင် ပြုံးလိုက်ရ၏။ ထိုအပြုံးကြောင့် ရင်ဘတ်ထဲက ဆစ်ခနဲ့ထိုးအောင့်လာသည်။ ဒါပေမဲ့ ဝေဒနာကို ဈာန်မမြင်သာအောင် တစ်ဖက်လှည့်ကာ အသံ





ထွက် ရယ်မောလိုက်၏။

"တစ်နိုင်ငံလုံးသိအောင် လူသိရှင်ကြား လက်ထပ်ထားတဲ့ မိန်းမတစ်ယောက် ရသင့်တဲ့အခွင့်အရေးလေးပေါ့၊ ဟုတ်လား ဈာန်၊ ငါ ကျေနပ်လက်ခံပေးရမှာလား၊ နင် နောက်တစ်ခွန်းထပ်ပြောရင် ငါခေါင်းညိတ်မိမှာပါ"

"တောင်းဆိုတာ မဟုတ်ဘူး၊ တောင်းပန်တာပါ မြမနဲ့ ပတ်သက်ရင် လူတကာရှေ့မှာ ငါ ဒူးထောက်ဖို့ဝန်မလေးဘူး၊ မမကို ချစ်နေခွင့်ရမယ်ဆိုရင် နင် အပြစ်ဒဏ်ပေးမယ်ဆိုလည်း ငါ အပြုံးမ ပျက်ခံယူနိုင်မှာပါ၊ ပြီးတော့ အဲဒီတစ်ခုကလွဲပြီး ကျန်တာတွေ နင် တောင်းဆိုကြည့်ပါ၊ ငါ အားလုံးလိုက်လျောနိုင်အောင် ကြိုးစားပေး မယ်"

မလိုတော့ဘူး ဈာန်လို့တောင် ပြောချင်စိတ်မရှိတော့။ အသက်မပြတ်ထပ်မံစီးဆင်းတော့မယ့် မျက်ရည်တွေကို မျက်တောင်တို့ဖြင့် ပုတ်ခတ်သိမ်းဆည်းကာ အိပ်ခန်းအပြင်ဘက်ကို ရှောင်ထွက် လာခဲ့သည်။ မမကိုချစ်သော ဈာန့်ရင်တွင်းစကားတွေကို ကနုတ် ခံ နိုင်ရည်မရှိ။

ထိုးစူးအောင့်နေသည့် ဝေဒနာကို အကြောင်းပြုပြီး ဈာန့်ဆီ က ဘာမှတောင်းဆိုချင်စိတ်လည်း မရှိတော့။

သူမ လိုအပ်တာနဲ့ ဈာန်မလိုက်လျောနိုင်နိုင်တာ တစ်ထပ်



www.burmeseclassic.com

www.burmeseclassic.com



တည်းကျနေခဲ့တာပဲ။

ဖိုးလမင်းကြီးကိုမော့ငေးပြီး ကလေးတွေလို ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ပေးပါ ပေးပါလို့ တောင်းခဲ့မိရင်တောင် သနား ကရုဏာ သက်ပြီး ရချင်ရလာမှာဖြစ်ပေမယ့် မမကိုမချစ်ပါနဲ့လားလို့ ဈာန့်ကို ဘယ်လိုပဲပြောပြော ငဲ့ကြည့်နားစွင့်ဖို့တောင် ဈာန် စဉ်းစားချင်မှာ မဟုတ်။

မျက်ရည်မိုးတွေရွာပြီး ဘယ်လောက်ပဲငိုကြွေးပြပြ ဈာန့် ရှေ့မှာ ရင်ကွဲခံပြီးပဲသေသေ ဈာန့် စိတ်ရင်းနဲ့ သူမကို ဖေးမနှစ်သိမ့် ချင်မှာမဟုတ်။ မမ တိုက်တွန်းမှ သူမကို တွေးမွေ့ပေးဖို့ ကြိုးစားပေ လိမ့်မည်။

ဈာန်ရယ် အရာရာပြည့်စုံကြွယ်ဝနေတဲ့ ငါလိုမိန်းမက မယ် နင့်ရဲ့အသနားခံလူသားတစ်ယောက်ဖြစ်နေခဲ့ပြီလား။

မှောင်မိုက်နေတဲ့ ညတစ်ညမှာ ကြယ်ပေါင်းများစွာလင် လက်နေခဲ့ပေမယ့် လမင်းကြီးလောက် အလင်းရောင်ဖြန့်ကြက်မပေး နိုင်တာ အသည်းတစ်ခြမ်းကြွေကျသွားမှ တိတိကျကျသိခွင့်လိုက်ပြီ။

ဒါပေမဲ့ ငါ နောင်တမရသေးဘူး ဈာန်။

✿ ✿ ✿



## အခန်း (၂၇)

"အခြေအနေတွေက အရမ်းဆိုးဝါးနေပြီး မမအံမှု။ ဈာန့် ပုံစံက ခုမှ ပိုပြီးသွေးပျက်နေသလိုပဲ၊ ကျွန်တော်တို့ မတတ်နိုင်တာ မှန်သမျှ မမ့ဆောင်ရွက်ပေးလို့ရမှန်း သိပြီးတင်ပြနေတာ မဟုတ်ပါ ဘူး။ ကနုတ် အရမ်းကို သနားစရာကောင်းနေလို့ပါ"

"ကနုတ်ကို ငဲ့ညှာထောက်ထားပြီး ဒီအခြေအနေရောက် အောင်ထိ မမ ဖန်တီးပေးလိုက်တာမှန်ပေမယ့် ဈာန်က မမ စကား ကလွဲပြီး ဘယ်အရာကိုမှ ငဲ့ကြည့်ရမှန်းမသိဘူး၊ မသင့်တော်တာ မဖြစ်သင့်တာ မစဉ်းစားဘဲ ကနုတ်ကို စကားလုံးတွေနဲ့ နှိပ်စက်နေ တော့ ကနုတ် ဘယ်လိုလုပ် ခံနိုင်ရည်ရှိပါ့မလဲ"

"ကနုတ် တော်တော်နေမကောင်းဖြစ်သွားတယ် မမရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီမနက်ပဲ ကနုတ်မီဘတွေ လာခေါ်သွားတယ်. ဆေးစစ်ရမယ်၊ ဆေး
ကုရမယ်ဆိုလားပဲ''

''ဟင်''

အံ့မှုအံ့သြသွားကာ စိတ်မကောင်းလည်း ဖြစ်မိသည်၊ ဆေး
ရုံကိုရောက်ရောက်ချင်း ကနုတ်သူငယ်ချင်းတွေ ညှော်ဆောင်ကာ
သူမကိုစောင့်နေကြတာမို့ ဆေးရုံကင်းနံ့တင်းလေးမှာ သူတို့ကိုခေါ်
လာခဲ့ရသည်။ ဆေးရုံထဲမှာ အချေအတင်ပြောနေရလျှင် ပတ်ဝန်း
ကျင်ကို သူမ ဂရုမစိုက်လို့မဖြစ်။

အားလုံးရဲ့မျက်နှာတွေမှာ ညှိုးနွမ်းနေကြသည်မို့ သူမသက်
ပြင်းတွေသာ အကြိမ်ကြိမ်ချမိနေ၏။ ပြောစရာစကားလုံးတို့ ရှားပါး
နေသည်။

''မမကို ကျွန်တော်တို့အားလုံး အပြစ်မြင်နေတာ မဟုတ်ပါ
ဘူး၊ တင်နေတဲ့ကျေးဇူးကြွေးကို စေတနာအပြည့်နဲ့ ပြန်ဆပ်နေတယ်
ဆိုတာ ကျွန်တော်တို့သိပါတယ်၊ ကနုတ်ဘဝ အကောင်းဆုံးဖြစ်သွား
အောင် မမ ရင်ကွဲခံလိုက်တာကိုလည်း နားလည်ပါတယ်၊ အခု မ
လိုအပ်ဘဲ ထပ်ဖြစ်နေတာတွေအတွက် မမ ဘာများလုပ်ပေးနိုင်ဦးမ
လဲဆိုတာ သိချင်တာပါ''

''မမ ဘာများလုပ်ပေးစရာကျန်သေးလို့လဲကွယ်၊ ရျာန်ကို
တစ်ခါတွေ့တိုင်း မမ တစ်ခါနာကျင်နေရတာပါ၊ နှိုးပွဲနေ့ကတည်းက





မမ ဆုံးဖြတ်ချက်ချဖြစ်တယ်၊ ရျာန့်ကို ဘယ်တော့မှ တွေ့ဖို့မကြိုး
စားတော့ဘူး''

သက်ပြင်းရှိုက်ရင်း သူမ့ပြောတော့ အားလုံးမျက်နှာတွေ
ပျက်ယွင်းသွားကြ၏။ သူရဆိုတဲ့ကောင်လေးက ပျာပျာသလဲနှင့် -

''ဒါက ဒီလိုရှိပါတယ် မမရယ်၊ မမ ဥပေက္ခာပြုတာကို
ရျာန်က လက်ခံဦးမှကို။ မမ ရှောင်လို့ ရျာန်ပေါက်ကွဲရင် ကနုတ်ပဲ
ထိနိုက်နာကျင်ရမှာ၊ ကျွန်တော်တို့ဖြစ်စေချင်တာက ရျာန့်ကို ဖျောင်း
ဖျနစ်သိမ့်ပေးစေချင်တာပါ၊ ရျာန်နားထောင်ချင်တာဆိုလို့ မမ စကား
သံတွေပဲ ရှိတယ်၊ နာကျင်စေတာ, နှစ်သိမ့်လိုတာ, အဆိုးဖြစ်ဖြစ်,
အကောင်းဖြစ်ဖြစ်''

''အဲဒါကြောင့် မမ ပိုပြီး ခံစားရတာပါကွယ်၊ ဘယ်သူမဆို
ကိုယ့်ချစ်သူစိတ်ချမ်းသာပျော်ရွှင်မယ်ဆိုရင်သာ ရင်ကွဲခံချင်ကြတာပါ၊
ခုတော့ မမရဲ့ရာဇဝင်တွေကြောင့် ကနုတ်စိတ်ချမ်းသာဖို့ ရျာန့်ကို
တဖြည်းဖြည်း ညှဉ်းသတ်နေရသလို ခံစားရတယ်၊ ပြီးတော့ အဆင်
မပြေတဲ့ အိမ်ထောင်ရေးတစ်ခုဖြစ်အောင် မမ ရင်ကွဲခံပေးလိုက်ရသ
လို ဖြစ်နေတယ်၊ ကနုတ်အတွက်ရော ရျာန့်အတွက်ရော စိတ်မကောင်း
ဘူး၊ အဲဒါကြောင့် အားလုံးရဲ့ဝေးရာကို ပြေးထွက်ပုန်းရှောင်နေချင်
မိတယ်''

''မမ အဲလိုလုပ်လိုက်ရင် ကနုတ်က ရျာန်ရဲ့အနှိပ်စက်ခံ



www.burmeseclassic.com

www.burmeseclassic.com



လူသားတစ်ယောက် ဖြစ်သွားမှာ သေချာတယ်၊ မမ သူ့မျက်စိအောက်က ပျောက်ကွယ်သွားတာ ကနုတ်ကြောင့်ဆိုပြီးတော့လေ"

"ဘဝမှာ ဒီလိုအနေကျပ်၊ စဉ်းစားရကျပ်တဲ့ အခြေအနေမျိုးတွေလည်း ရှိသေးတာပဲနော်"

စိတ်ပျက်စိတ်ရှုပ် အားလျော့သွားတဲ့ အံမှုးလက်ကလေးကို အိတုံက အားကိုးတကြီး၊ တလေးတစား ဆုပ်ကိုင်လိုက်ကာ –

"သုံးယောက်စလုံး ခံစားနေရတာမြင်ပြီး အိတုံတို့ တကယ်စိတ်မကောင်းပါဘူး မမ၊ ဒါပေမဲ့ မမ ဖျောင်းဖျနားချလို့ ကနုတ်တို့ အိမ်ထောင်ရေး အဆင်ပြေသွားမယ်ဆိုရင် မမ ရင်ကွဲခံရကျိုးနပ်တာပေါ့၊ ဟို သုံးယောက်ထဲကတစ်ယောက်တော့ အကောင်းအတိုင်းကျန်စေချင်တယ်၊ အဲဒီလူကလည်း ဈာန်ရဲ့အချစ်တွေ တစ်ခါမှမရဖူးသေးတဲ့ ကနုတ်ပဲဖြစ်စေချင်တယ်၊ အိတုံတို့တွေ ကိုယ့်သူငယ်ချင်းအတွက် အတ္တတော့ကြီးမိကြမှာပါ၊ ဒါပေမဲ့ မမ နားလည်မယ်လို့ထင်ပါတယ်၊ ကနုတ်အခြေအနေကို မမက သိပြီးသားဖြစ်မှာပေါ့"

"ဟင်"

သူတို့လေးတွေ ဘာတွေသိထားလို့ ကနုတ်ရော ဘာတွေသိသွားပြီလဲ၊ သူမ စိတ်တွေပူထူကာ ကနုတ်အတွက် စိုးရိမ်နေမိတ၏၊ ဝဏ္ဏက သူမမျက်နှာကို စေ့စေ့မကြည့်ဘဲ ခပ်လွှဲလွှဲလုပ်ကာ –

"ဈာန်နဲ့ မမကြားမှာ ကနုတ်ရှိမနေခဲ့ဘူးဆိုရင် မမနဲ့ ဈာန်ကို





ကျွန်တော်တို့ ငြိုငြင်မှုမရှိ အားပေးဖြစ်ကြမှာပါ၊ အခုတော့ ကျွန်တော်တို့ကို နားလည်ပေးပါလို့ပဲ ပြောပါရစေ"

"မမ အားလုံးကို နားလည်ပါတယ်၊ ကိုယ့်ကိုယ်ကိုယ်ပဲ နားမလည်နိုင်သေးတာ၊ ကိုယ်လုပ်နေတာတွေ မှန်ရဲ့လားလို့လည်း သံသယဝင်မိတယ်၊ ဒါပေမဲ့ မင်းတို့သုံးယောက်နဲ့ ကနုတ်အတွက် အကောင်းဆုံးဖြစ်အောင် တစ်ခုခု ထပ်ကြိုးစားကြည့်ပါဦးမယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် မမ"

မတိုင်ပင်ရပါဘဲ သံပြိုင်ပြောလိုက်ပြီးချိန်မှာ အံမှုးဝေ လက်ကိုင်အိတ်လေးထဲက ဟန်းဆက်လေးက ငြိမ့်ညောင်းသောဂီတသံစဉ်လေး ထွက်ပေါ်လာသည်။ ဟန်းဆက်လေးကိုထုတ်ပြီး နားမှာကပ်နားထောင်လိုက်တဲ့ပုံစံလေးကတောင် ကြည့်ကောင်းနေသည်။

"ဟယ်လို ဟုတ် ဟုတ်ကဲ့ အန်တီ၊ အံမှုး အခုပဲ လာခဲ့ပါမယ်"

မျက်လုံးလေးပြူးလည်နေကာ စိုးရိမ်တကြီး ပျာပျာသလဲပြောပြီး အံမှုးဝေ ထရပ်လိုက်သည်။

"မင်းတို့ကိုတော့ အားနာပါတယ်၊ ကနုတ်အမေ လှမ်းခေါ်နေပြီ မမကို ခွင့်ပြုကြပါဦးနော်"

သူတို့သုံးယောက်ကို ကောင်းကောင်းနှုတ်မဆက်နိုင်ဘဲ အံမှုးဝေ ဈေးကြီးသုတ်ပျာနှင့် ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သွက်လက်သောခြေလှမ်းတွေနှင့် ထွက်သွားပေမယ့် သူတို့ အုပ်စုလေးအတွင်းမှာ လေးပင်သောသက်ပြင်းရှိုက်သံတွေ ချန်ထား ရစ်ခဲ့၏။

ဘယ်သူ့မှ သက်သောင့်သက်သာမရှိသော ဆုံစည်းမှုက ဘယ်သူ့မှ အနာဂတ မကောင်းပါလား။

✿ ✿ ✿



အခန်း (၂၈)

ခြံဝင်းတံခါးလေးကိုဖွင့်ပေးလိုက်သည်နှင့် ကားလေးကို တိုက်ဆင်ဝင်အောက်အထိ မောင်းဝင်လာခဲ့သည်။ ခမ်းနားထည်ဝါ လွန်းသော ဒီအဆိုပ်အငွေ့လေးက အံမှုူးနဲ့မှ စိမ်းသက်မနေဘဲ။

ဧည့်ခန်းထဲကိုရောက်တော့ ဦးမင်းထွဋ်နှင့် ဒေါ်သဖင်မြင့် တို့ သူမကို စောင့်စားနေခဲ့ကြဟန်တူသည်။ မျက်နှာများမှာ ပြုံးတော့ မည့်မိုးလို အုံ့မှိုင်းညှိုးမည်းနေကြကာ –

"လာကွယ် အံမှုူး။ မိချိုရေ အံမှုူးအတွက် ကော်ဖီလေး တစ်ခွက်လောက် လုပ်ခဲ့ပါဦး"

"ကနေ့တ် နေမကောင်းလို့ အိမ်ပြန်ခေါ်ထားတယ်ဆို အန် တီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အံ့မှုးရေ ဘာတွေတယ်လို့ဖြစ်ကြတယ် မသိပါဘူး။ သမီး ဖုန်းဆက်လာတော့ အသံတောင် ပျောက်တော့မယ့်အတိုင်း အားပျော့နေတာနဲ့ အန်တီတို့ တန်းခနဲ သမီးဆီကိုရောက်သွားခဲ့ကြတယ်လေ၊ အိမ်ရောက်မှပဲ တစ်နေ့ရာစီ လင်မယားခွဲအိပ်နေတာကို သိခဲ့ရတယ်၊ ခေတ်ကာလသားသမီးတွေများ ချစ်လို့ယူထားကြတာတောင် စလယ်ဝင် ဖင်မပည်းခင်က အကြောင်းအမျိုးမျိုးနဲ့ ပြောမပြောချင်တော့ပါဘူး"

"ဟို သူ သူတို့အဆင်မပြေကြဘူးလား ဟင်"

"အဲဒီအကြောင်းတော့ သမီးက ဘာမှမပြောပါဘူး။ အန်တီတို့ခေါ်လာတာတောင် မလိုက်ချင်ဘူးလုပ်နေသေးတာ၊ ယောက်ျားတစ်ယောက်တည်း မထားခဲ့ချင်ဘူးနေမှာပေါ့လေ၊ မထားခဲ့ချင် ခေါ်ခဲ့ဆိုတော့လည်း ယောက်ျားက အင်း အဲမလုပ်ဘူး၊ ပြန်လာမယ့်နေ့သူလာခေါ်ပါ့မယ်လို့ပဲ ဝတ္တရားကျေပြောတယ်"

"အစက ဒီသူငယ် ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသားနဲ့ သမီးကိုလည်း ခင်တွယ်ရှာပါတယ်၊ နောက်ပိုင်း ဂျာနယ်တွေ့ စာစောင်တွေမှာ ဟိုးလေးတကျော်ပါလာတော့လည်း သမီးစိတ်ပင်ပန်းမှာစိုးလို့ အန်ကယ်တို့ မတားဆီးခဲ့ဘူး။ အခုလက်ထပ်ပွဲဖြစ်သွားတော့လည်း သူတို့ကို အန်ကယ်တို့ ပြည့်ပြည့်စုံစုံပံ့ပိုးခဲ့ပါတယ်၊ ဘယ်သူ့ကြောင့် ဘာတွေဖြစ်လို့ စိတ်အနှောင့်အယှက်ဖြစ်နေကြလဲ မသိပါ





ဘူးကွယ်"

"ဟို က ကနုတ်ကိုသွားကြည့်လိုက်ဦးမယ်နော် အန်တီ"

မလုံမလဲ မျက်နှာပူစွာ၊ ဣန္ဒြေမပျက်ခင် ကနုတ်အခန်းရှိရာ ပြေးတက်လာခဲ့ရသည်။ ကနုတ်နှင့်ချာန်အကြောင်း ကြားနေရတာ စိတ်တွေမွှန်းကျပ်လှောင်ပိတ်မိနေ၏။ နေရာတကာ အပြစ်ရှိသူတစ်ယောက်လို ခံစားနေရကာ ဘယ်နေရာဖြစ်ဖြစ် ထွက်ပြေးပုန်းရှောင်နေလိုက်ချင်သည်။

ကနုတ်အခန်းတံခါးလေးကို ဖွဖွလေး အသံပေးခေါက်ကာ တွန်းဖွင့်ဝင်လာခဲ့သည်။ နှစ်တောင်ခန့်မြင့်သော မွေ့ရာထူထူကြီးပေါ်မှာ ဘေးစောင်းလေးနွမ်းဖျော့စွာ ကနုတ်လှဲနေခဲ့သည်။

သူမကိုမြင်တော့ ဆတ်ခနဲ ထထိုင်၏။

"နေသာသလိုနေပါ ကနုတ်ရယ်၊ မမ အဆင်ပြေအောင် စမ်းသပ်ပေးမှာပေါ့၊ အရင်ပေးထားတဲ့ဆေးတွေရော ပုံမှန်သောက်ဖြစ်ရဲ့လား"

"မမ"

သူမ,မေးတာမဖြေဘဲ သူမမျက်နှာကို အားကိုးတကြီးမော့ကြည့်နေသည်။

"ရောဂါဝေဒနာသည်တစ်ယောက်မို့ ချာန်ကိုစွန့်ပြီး ကနုတ်ဘဝထဲ ပုံအပ်ပေး ပေးထားတာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဟို ဟို မဟုတ်ပါဘူးကွယ်၊ ရှာန့်ကိုမှ မမက အလေးအနက် မချစ်ခဲ့တာ၊ မမ စွန့်လွှတ်နိုင်တာပေါ့"

"ကနုတ်ကတော့ အဲလိုမထင်ဘူး၊ ကျေးဇူးဆပ်ချင်တာက တစ်ပိုင်း, ရောဂါဝေဒနာသည်မို့ ငဲ့ညှာထောက်ထားချင်တာတစ်ပိုင်း လို့ ထင်မိတယ်၊ ဖေဖေ, မေမေနဲ့ အံ့မှုးတို့တိုင်ပင်ပြီး က ကနုတ်ကို"

"ဟင်"

"သူငယ်ချင်းတွေလာတုန်းက သောက်နေတဲ့ဆေးတွေက ဝဏ္ဏအမေနလုံးရောဂါဖြစ်လို့ သောက်နေတဲ့ဆေးတွေနဲ့ အတူတူပဲတဲ့၊ ဖြစ်လည်းဖြစ်နိုင်ပါတယ်၊ ကနုတ်ဘွားဘွားနဲ့ ဒေါ်လေးလည်း ဒီရောဂါနဲ့သေတာလို့ ကနုတ် အရွယ်မရောက်ခင်က ကြားဖူးထားတယ်၊ ကနုတ်မှာ မျိုးရိုးလိုက်တယ်ဆိုရင် အဲဒီရောဂါဖြစ်နေမှာ သေချာတယ်၊ အဆိုးဝါးဆုံးအချိန်ရောက်နေပြီလားဆိုတာပဲ ကနုတ်ကို အမှန်အတိုင်းပြောပြပါနော်"

"က ကနုတ်"

အလန့်တကြားဟန့်တားလိုက်မိပေမယ့် ကနုတ်က မချိုသလို ပြုံးနေ၏။

"မသိဟန်ဆောင်တယ်ဆိုတာ ခဏပဲတည်မြဲတာပါ၊ ဖုံးဖိထားတာကိုကျေးဇူးတင်ပေမယ့် ဒီအတိုင်းရော အသက်ဆက်ရှင်မှာ





မို့လို့လား"

"ကနုတ်ရယ် ညီမလေးမှာ ရောဂါရှိနေတယ်ဆိုလည်း ဒီအချိန်ကြီးထိ အသက်ရှင်နေနိုင်ပါဦးမလား၊ ဖြစ်ခဲ့ရင်တောင် ကုသဖို့လွယ်ကူနေပါပြီ၊ စိတ်ညစ်စရာရှိရင်, အခန့်မသင့်ရင် ခဏတာဖြစ်တဲ့ဝေဒနာလောက်ပါပဲ၊ ကနုတ် စိတ်ကိုအားတင်းထားမယ်ဆို ဝေဒနာက သူ့အလိုလိုပျောက်သွားမှာပါ၊ စိတ်ညစ်စရာတွေ မတွေးနဲ့ပေါ့"

"ဘယ်အချိန်ထိ ကောင်းနိုင်မှာလဲ၊ ဘွားဘွားအသက်, ဒေါ်လေးအသက်အရွယ်လောက်ထိ ကောင်းနိုင်တယ်လို့ ဆိုလိုတာလား၊ ကနုတ်အနားမှာ ရှာန်မရှိရင် အခု သေပစ်လိုက်ရလို့လည်း ကနုတ် ဝမ်းမနည်းပါဘူး"

"ကနုတ်ရယ် မပြောကောင်းမဆိုကောင်း, နမိတ်မရှိ နမာမရှိတွေ မပြောပါနဲ့၊ ကနုတ် ဘာမှမဖြစ်နိုင်ပါဘူး"

ကနုတ်နဖူးလေးမှ ချွေးစလေးတွေကို ယုယစွာတို့သုတ်ပေးရင်း အံ့မှုးနှစ်သိမ့်နေပေမယ့် ကနုတ်က ပြုံးပင်မပြုံးနိုင်ရှာ၊ ရောဂါဝေဒနာအတွက်မဟုတ်ဘဲ ရှာန့်စိတ်တစ်ခုတည်းကြောင့် ပင်ပန်းနေတာဖြစ်လိမ့်မည်။ ကနုတ်လက်ဖဝါးလေးကို ဖွဖွထွေးဆုပ်ကိုင်ထားကာ –

"စိတ်ညစ်စရာမတွေးဘဲ အရင်လိုပဲ ပျော်ပျော်နေကြည့်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



ရှာန်ဘက်ကလည်း ပြောင်းပဲသွားတဲ့ အိမ်ထောင်ရေးတစ်ခုကို မေ့သားမကျသေးလို့ဖြစ်ပါလိမ့်မယ်၊ နောက်တော့လည်း လင်ရယ် မယားရယ် သံယောဇဉ်တွေနဲ့ ကနုတ်ကိုဂရုစိုက်လာမှာပါ''

''အဲဒီမျှော်လင့်ချက်တောင် ပျောက်ချင်ချင်ဖြစ်နေပါပြီ မမရယ်၊ ကနုတ် နာကျင်အောင်၊ မခံစားနိုင်အောင် ရှာန်က တစ်လုံးတစ်ခဲကြီး မညှာမတာပြောတာ၊ ဒါပေမဲ့ ရှာန့်ကို ကနုတ် မုန်းလို့မသေးဘူး၊ မမတို့နှစ်ယောက်အချစ်ကို ခွဲမိလို့ ဒီလိုမျိုးကြီးခံစားနေရတာ ထင်ပါတယ်မမရယ်၊ ဒီရောဂါကြီးရှိနေတာ သေချာရင် ရှာန့်ရော အကြာကြီးနေလို့ရပါဦးမလား''

''သိပ်ဟဲဗီးကြီးတွေးမနေပါနဲ့ ကနုတ်ရယ်၊ ကနုတ်မှာ ရောဂါရှိနေတယ်လို့ သံသယဖြစ်ရင် နိုင်ငံခြားကိုသွားပြီး ခွဲစိတ်ကုသအောင် စီစဉ်ပေးမယ်၊ ဒါမှ မြန်မြန်နေကောင်းပြီး ရှာန့်နဲ့အကြာကြီး ပျော်ပျော်ရွှင်ရွှင်နေလို့ရမှာပေါ့၊ မဟုတ်ဘူးလား''

ကနုတ်က လျော့ရဲစွာပြုံးပြီး သက်ပြင်းရှိုက်ကာ ခေါင်းယမ်းသည်။

''ကနုတ်ကိုမချစ်တဲ့ ရှာန့်ကရိပ်အငွေ့အသက်တွေရှိနေတဲ့ ဒီဝန်းကျင်လေးကနေ ကနုတ် ဘယ်ကိုမှ မသွားချင်ပါဘူး မမရယ်၊ ရှာန့်ရဲ့ ဥပေက္ခာတွေကြားမှာ ရှာန့်မျက်နှာလေးကို တမေ့တမော ကြည့်ပြီး နေချင်သေးတယ်၊ ကနုတ်အတွက် မမ လုပ်ပေးချင်တဲ့ ဆန္ဒရှိတယ်ဆိုရင် ကနုတ်ကို နည်းနည်းလောက်ဖြစ်ဖြစ် ချစ်လိုက်ပါလားလို့ ရှာန့်ကိုပြောပေးပါလား''





''ဟင်''

''မမပြောတဲ့စကားကိုပဲ ရှာန့်က နားထောင်တာလေ၊ မမကို ရှာန့်ချစ်တဲ့အချစ်တွေ နည်းနည်းလောက်ဖြစ်ဖြစ် ခံစားကြည့်ချင်လိုက်တာ၊ အနှစ်သာရမပါလည်း ကနုတ် ပျော်ရွှင်ကြည်နူးဖြစ်မယ်ထင်တယ် မမရယ်''

''ကနုတ်ရယ်''

ရင်တွေကွဲကြေနေလည်း ကနုတ်ကို ဖေးမနှစ်သိမ့်ချင်တဲ့စိတ်တွေကို ထိန်းသိမ်းလို့မရပါ။ ရှိုက်သံနှောကာပြောနေတဲ့ ကနုတ်ကိုယ်လေးကို ဖွဖွထွေးဖက်လိုက်ပြီး -

''ကနုတ်စိတ်ချမ်းသာအောင် ဖြစ်ချင်တာတွေဖြစ်အောင် မမကူညီမယ်၊ ကြိုးစားမယ်လို့ ကတိပေးပါတယ် ကနုတ်ရယ်၊ ညီမလေးသာ ကျန်းမာရေးကောင်းအောင် ဂရုစိုက်ပါ၊ ညီမလေးက ရှာန့်နဲ့ မခွဲနိုင်ဘူး မဟုတ်လား၊ ညီမလေးနေကောင်းမှ ရှာန့်နဲ့အတူတူ နေနိုင်မှာပေါ့''

''ရှာန့်ရဲ့အပြုံးက ကနုတ်အတွက် အားဆေးတစ်ခွက်ပါ၊ ရှာန် ကြည်ဖြူသည်ဖြစ်စေ၊ မကြည်ဖြူသည်ဖြစ်စေ ရှာန့်အပြုံးကိုမှီတွယ်ပြီး ကနုတ် အသက်ဆက်ရှင်အောင် ကြိုးစားနိုင်မှာပါ''



www.burmeseclassic.com

www.burmeseclassic.com



သူမရင်ထဲ မချိစွာ မျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျလာသည်။ ကနုတ်က သူမ မျက်ရည်တွေကို ရီဝေဝေကြည့်ပြီး –

"အချစ်အတွက်ဆိုရင် လူတွေက အတ္တကြီးကြတယ်နော်၊ မမလို စိတ်သဘောထားပြည့်ဝတဲ့လူကလွဲရင် ပြောတာပါ၊ ကနုတ်က အဆိုးဆုံးဖြစ်မယ်၊ မမနှလုံးသားတစ်ခုလုံး အစိတ်စိတ်အမြွာမြွာဖြစ်အောင် နှင်းချေနေမိလို့လေ၊ ကနုတ်ကို နားလည်ပေးပါနော်"

"နားလည်ပါတယ် ညီမလေးရယ်၊ ဘဝရဲ့သင်ခန်းစာတွေနဲ့ တည်ငြိမ်ရင့်ကျက်ရမယ့် မမက မဖြစ်စလောက်အချစ်တစ်ခုအတွက်လောက်နဲ့ ခံစားမှုမနုနယ်ပါဘူး၊ ပျော့ညံ့တွေဝေဖို့လည်း ဘဝက မျက်နှာသာမပေးဘူးလေ၊ အရာရာလိုအပ်ချက်မရှိတဲ့ ညီမလေးအတွက် ချာန့်အချစ်တွေနဲ့ ပိုပြီးပြည့်စုံစေရပါမယ်"

ကနုတ်မျက်နှာထက်က တောက်ပလင်းလက်သွားသော အပြုံးလေးကြောင့် အံ့မှုူး ကြည်နူးဖြစ်လိုက်ပါသည်။

အချစ်ကို ကိုးကွယ်ရာအဖြစ် ယုံကြည်နေကြတဲ့ လူငယ်တွေနဲ့ပြိုင်ပြီး သူမလည်း ရူးသွပ်ချင်ခဲ့ဖူး၏။ ဒါပေမဲ့ ထောက်ထားငဲ့ညာစရာတွေ၊ ကျေးဇူးတရားတွေ၊ ဂုဏ်သိက္ခာတွေအတွက် ရူးသွပ်ဖို့အခွင့်အရေးမရှိခဲ့သလို ခဏတာရူးသွပ်ခွင့်ရတဲ့အချိန်လေးကိုလည်း လွမ်းမောတမ်းတခွင့် မရှိတော့။

ဒါဟာ ချာန့်အချစ်တွေကို ရိုက်ချိုးဖျက်ဆီးပစ်လိုက်တာ





လည်း ဖြစ်နိုင်သည်။

သူမကို သိပ်ချစ်နေပါတယ်ဆိုတဲ့ ချာန် သူမကိုနားလည်ပေးနိုင်ပါဦးမလား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

''နားလည်မပေးဘူး။ ချာန် အဲဒီလောက်အထိ နားလည်မပေးနိုင်ဘူး မမ၊ ချစ်တဲ့သူနဲ့ ကွဲကွာနေရတဲ့ဒုက္ခထက် မချစ်မနှစ်သက်တဲ့သူနဲ့ တစ်မိုးအောက်မှာနေရတာ, တစ်အိပ်ရာထဲအိပ်ပြီး မမကို မြင်ယောင်နေခဲ့ရတာ, လက်ဖက်ရည်အတူသောက်, ထမင်းအတူစားပြီး မမကို သတိရနေတာ, အဲဒီဒုက္ခတွေက ချာန့်ကို ပိုပြီးနာကျင်စေတယ်၊ အဲဒါကို မမ ကိုယ်ချင်းစာကြည့်ဖူးလား။ ရှုံးသွပ်မသွားအောင် မမကိုချစ်တဲ့အချစ်တွေနဲ့ ထိန်းချုပ်နေရတာဗျ''

ရှုံးရှုံးရှရှအော်ပြောရင်း သူမပခုံလေးကို ချာန် ဆုပ်ကိုင်လှုပ်ယမ်းနေ၏။ သူမ ငြိမ်သက်စွာသွေးအေးချင်ယောင်ဆောင်နေလိုက်ရ၏။ ချာန်က မချိတင်ကဲဖြင့် အံကြိတ်ကာ –





''မမရာ ချာန့်ကို ဘာလို့နားမလည်နိုင်တာလဲ၊ မမ ချစ်တယ်လို့ပြောခဲ့ဖူးတဲ့, ချစ်နေဆဲဖြစ်တဲ့ ချာန့်ခံစားမှုတွေကို ဘာလို့ ဥပေက္ခာပြီး ကနုတ်ကိုချစ်နိုင်းနေရတာလဲ၊ အချစ်ဆိုတာ စုစည်းဆုပ်ကိုင်ပြီ လို့မရသလို ရွှေ့ပြောင်းလွှဲယူလို့လည်း မရဘူးဗျ၊ မမ နားလည်လက်ခံထားတဲ့အချစ်က ဘယ်လိုဝိသေသမျိုးလဲ၊ ချာန့်ကို တစ်ခါလောက်ပြောပြပါဦး၊ ချာန့်မျက်နှာကို သေချာကြည့်ပြီးပြောစမ်းပါဦး''

''လူတစ်ယောက် အသက်ရှင်ဖို့အတွက် ကိုယ်ကျိုးစွန့်ရတယ်၊ မိမိဆန္ဒတွေတွေကို ဘေးဖယ်ထားသင့်ရင် ထားရတယ်ချာန်၊ မင်းရဲ့ရှီးမယားဖြစ်တဲ့ ကနုတ်မှာ အချိန်မရွေးသေသွားနိုင်လောက်တဲ့ ရောဂါဆိုးကြီးရှိနေတာ မင်းကို မမ,ပြောပြထားလို့ မင်းသိပြီးပြီပဲ၊ မချစ်ဘူးဆိုရင်တောင် ဟန်ဆောင်သံယောဇဉ်လေးနဲ့ မင်း ကြင်နာသင့်ပါတယ်''

ချာန်က ဖြုန်းခနဲ ထရပ်ကာ ထိုင်နေတဲ့ခုံတန်းရဲ့ ကျောမှီကို ဒုန်းခနဲထိုးပစ်လိုက်ပြီး လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်ကာ အံကြိတ်နေသည်။

ဖျောင်းဖျချင်ဒိဘ်မရှိအောင် မျက်နှာလွှဲ၍ အံမှုပေရပ်နေလိုက်၏။ ချာန်က သူမကိုစူးခနဲလှည့်ကြည့်ကာ –

''သူ့မှာ ချက်ချင်းသေသွားနိုင်လောက်တဲ့ ရောဂါရှိနေလည်း ချာန်လုပ်ပေးသင့်သလောက် လုပ်ပေးပြီးပြီ မမ၊ အပေါင်းအသင်း



www.burmeseclassic.com

www.burmeseclassic.com



ဘော်ဒါကဏ္ဍာအနေနဲ့ သနားဖြစ်ချင်လည်း သနားဖြစ်လိမ့်မယ်။ ချစ်ဖို့ဆိုတာတော့ ဟန်ဆောင်ပြီးတော့ မဖြစ်နိုင်ဘူး၊ ကျွန်မဟန်မဆောင်တတ်လို့ မမနဲ့ ချစ်ခွင့်ရခဲ့တာ၊ ကျွန်မ ဟန်မဆောင်တတ်လို့ ကျွန်မအချစ်, ကျွန်မကြင်နာမြတ်နိုးမှုတွေကို မမ သိမြင်ခွင့်ရခဲ့တာလေ မမရဲ့၊ အဲဒီလိုပဲ သူငယ်ချင်းတွေရှေ့မှာ ဟန်မဆောင်တတ်ခဲ့လို့ သူငယ်ချင်းတွေရဲ့အမုန်းကို ကျွန်မခံနေရတာပေါ့၊ ဒါပေမဲ့ ကျွန်မ ဘာကိုမှ ဂရုမစိုက်ပါဘူး မမရယ်၊ မမသာ ကျွန်မကိုချစ်နေမယ်ဆိုရင် တစ်လောကလုံးရဲ့အမုန်းတွေကို ကျွန်မ ခံယူရဲပါတယ်''

''အရင်ချိန်တွေကလိုပဲ မမစကားကို နားထောင်ပြီး ကနုတ်ကို ချစ်ကြည့်ပေးပါလား ကျွန်မရယ်၊ ဟန်ဆောင်ပြီးတော့ပဲဖြစ်ဖြစ်၊ လောကဝတ္တရားအရ လိုက်လျောသင့်လို့ပဲဖြစ်ဖြစ်ပေါ့။ အဲဒီအတွက် ကျွန်မကို မမ မမုန်းဘူးလို့ ကတိပေးပါတယ်''

ကျွန်မက မျက်နှာညိုညိုနှင့် ထိုင်ခုံမှာဆောင့်ခနဲ ပြန်ဝင်ထိုင်ပြီး ပင့်သက်ရှိုက်သံလား။ ငိုရှိုက်သံလား မသဲကွဲစွာ –

''တော်ပါတော့ မမရယ်၊ မေ့လိုက်ကြရအောင်လို့တောင် ပြောထွက်ရက်ခဲ့သေးတာ ကျွန်မကို ရှောင်ဖယ်ဖို့ကြိုးစားနေတဲ့ မမကို ကျွန်မဘယ်လို ယုံကြည်ဖို့ကြိုးစားရမှာလဲ၊ မမ,တောင်းဆိုမှုတွေ တရားမမျှတခဲ့တာ အစကတည်းကပဲနော်၊ ဒါပေမဲ့ ကျွန်မ အမြဲတမ်း ခေါင်းညိတ်နာခံခဲ့တာပါ။ အိမ်ထောင်ဝဲကယက်ဒီးပင်လယ်ထဲကိုတောင်





မမ မျှောရက်ခဲ့တယ်''

ကျွန်မက နာနာကျင်ကျင်ပြောရင်း လက်နှစ်ဖက်ဖြင့် မျက်နှာတစ်ခုလုံးကို ပွတ်သပ်ပြီးမှ –

''ဒါကိုတောင် မမ မကျေနပ်နိုင်သေးဘူးလား၊ ကနုတ်ကို ချစ်ပေးစေချင်, ဂရုစိုက်ပေးစေချင်သေးတယ်ပေါ့၊ ကျွန်မ ဒီတစ်ခါ မလိုက်လျောပါရစေနဲ့၊ ကျွန်မနေတတ်သလို နေပါရစေ၊ မမ မကျေနပ်ရင် ကျွန်မရင်ဖွင့်ပေးမယ်၊ အသေသာသတ်သွားလိုက်ပါတော့ မမရယ်''

''ကောင်းပြီ ကျွန်မ၊ နာခံတတ်တဲ့ချစ်သူတစ်ယောက်ရတဲ့အတွက် မမ ဂုဏ်ယူနေခဲ့ဖူးပါတယ်၊ မမဆန္ဒတွေ မတရားသလို တလွဲဖြစ်ချင်လည်းဖြစ်နေလိမ့်မယ်၊ ဒါပေမဲ့ အသည်းနှလုံးနဲ့ ဘဝနဲ့ ရင်းထားရတာပါ၊ မင်း နားလည်မပေးတော့ဘူး, မမဆန္ဒတွေကို ဖြည့်ဆည်းပေးချင်စိတ်မရှိတော့ဘူးဆိုရင် မမတို့ ဒီတစ်ခါတွေ့ဆုံခြင်းက နောက်ဆုံးအကြိမ်အဖြစ် သတ်မှတ်လိုက်ကြတာပေါ့၊ မင်းဆီက ဘာမှမတောင်းဆိုတော့ပါဘူး နှုတ်ဆက်ပါတယ် ကျွန်မ''

''မမရယ်''

ဖြည်းလေးစွာ တရွေ့ရွေ့လှမ်းထွက်သွားတဲ့ မမကို အသံထွက်မထားဆီးမိအောင် ပါးစပ်ကို လက်နှစ်ဖက်ဖြင့် စုံပိတ်ပြီး ကျွန်မ ကျိတ်ငိုရှိုက်ပစ်လိုက်မိ၏။

မမကိုချစ်မိတဲ့ သူ့အချစ်တွေက မမရဲ့ဥပေက္ခာတွေနဲ့ပဲ တန်



www.burmeseclassic.com

www.burmeseclassic.com



သတဲ့လား။ မမကိုချစ်တဲ့စိတ်နဲ့ ကနုတ်ကိုလက်ထပ်ပေးခဲ့ရတာ၊ မမ ဘာကြောင့် သူ့ကို ငဲ့ကြည့်စာနာ မပေးရတာလဲ။

ဘဝမှာ ဒီတစ်ကြိမ်လောက် ဝမ်းနည်းနာကျင်မိတာမျိုး မရှိခဲ့။ အလွမ်းတွေနဲ့ ဇာတ်မသိမ်းချင်လို့ ကိုယ်ဖြစ်ချင်တာတွေ ဘေးဖယ်ပြီး မမဆန္ဒတွေကို အမြဲတမ်းနာခံခဲ့တာပါ။ မမရင်ထဲက သိပ်ချစ်ပါတယ်လို့ ပြောခဲ့တဲ့ သူ့ရဲ့နာကျင်မှုတွေကိုတော့ မမ ငြင်ရက်၊ ကြည့်ရက်တာ အံ့သြစရာ။

သူ နေရာက လေးကန်စွာထရပ်မိတော့ ဟိုး အနောက်တောင်ဆီက တိမ်ညိုတိမ်မည်းတွေ တလိပ်လိပ်ပြေးတက်လာကာ အငြိုးတကြီးဖြင့် သည်းထန်သောမိုးရေစက်တွေ ဝုန်းဝုန်းဒိုင်းဒိုင်းရွာချလာခဲ့သည်။

မျက်နှာအနှံ့ တစ်ကိုယ်လုံးအနှံ့ နေရာအနှံ့ မိုးရေစက်တွေ စိုရွှဲသွား၏။ လက်နှစ်ဖက်ကို ဘယ်ညာဆန့်၊ မျက်နှာကိုမော့လှန်ပြီး အေးစိမ့်သောမိုးရေစက်ရဲ့ ထိတွေ့မှုကို သူခံစားနေလိုက်သည်။ အချိန်ကြာသည်အထိ သူ့ရင်ကို မအေးမြစေနိုင်တော့ မိုးရေတောထဲမှာ ခြေလျှင်လျှောက်ကာ ပြန်ခဲ့၏။

စိုစွတ်သောလမ်းမှာ လျှောက်နေလည်း ခြောက်သွေ့ဆဲပဲ မမရယ်။

✿ ✿ ✿



## အခန်း (၃၀)

"ငါ အရက်သောက်ချင်တယ်"

"ဟင်"

ဆိုင်းမဆင့် ဗုံမဆင့် ရှာန် တုံးတိတိပြောချလိုက်တော့ ဝဏ္ဏနှင့်သူရ မျက်ခုံးပင့်သွားကြ၏။ ဒီနေ့ ကနုတ်ပြန်လာမယ်ဆိုလို့ ရှာန်အိမ်မှာ ရှာန်နဲ့အတူ လာစောင့်ပေးနေခဲ့ကြတာပါ။ ကနုတ်လာရင် အတူတူစားလို့ သောက်လို့ရအောင် အိတုံ့က ဖွယ်ဖွယ်ရာရာချက်ပြုတ်နေသည်။

ရှာန်က ဘာတွေတွေးပြီး ဘာတွေဖြစ်နေသည်မသိ။ ဂနာမငြိမ်စွာ မျက်နှာကလည်း အလိုမကျ။

"ကနုတ်ကို သူ့အိမ်သွားမခေါ်ချင်လို့လား၊ ကပ်ငြိမှာစိုးလို့



www.burmeseclassic.com

www.burmeseclassic.com



လား ဈာန်''

''ကနုတ်နဲ့ ငြိတာလောက်တော့ စာမဖွဲ့ဘူး။ သူနဲ့ပတ်သက်ပြီး ငါ့မှာ ဘာခံစားချက်မှ မရှိတာ၊ အခုဟာက မမ သိပ်ရက်စက်လွန်းတယ်''

''ဟင် မမက သူ့ကိုမုန်းမေ့နိုင်းလို့လား''

''အဲဒါထက်ဆိုးတယ်၊ ကနုတ်ကို နည်းနည်းလောက်ဖြစ်ဖြစ် ဂရုစိုက်ပေးပါ ချစ်ပေးပါ၊ ညှာတာပေးပါတဲ့''

''ဒါများကွာ မင်းတို့နှစ်ယောက်လုံးကောင်းဖို့ မမ တိုက်တွန်းတာဖြစ်မှာပါ၊ သံယောဇဉ်တွေနဲ့ လက်တွဲလာခဲ့ကြတဲ့သူတွေပဲ၊ မင်း ဘာမလုပ်နိုင်စရာရှိသလဲ''

ဈာန်အကြည့်က ဝဏ္ဏနဲ့ သူရအပေါ်စူးခနဲ ဖြစ်သွားကာ -

''ကနုတ်ကောင်းဖို့အတွက်ဆိုတာ မှန်ချင်မှန်လိမ့်မယ်၊ ငါကောင်းဖို့အတွက်ဆိုတာကြီးက ဘယ်တော့မှဖြစ်လာမှာမဟုတ်ဘူး၊ မင်းတို့ပြောသလို ဘော်ဒါအကန့်တွေပဲရှိတယ်၊ အဲဒီ ဘော်ဒါဆိုတဲ့စည်း ခြားနေပါရဲ့ ဟန်ဆောင်ချစ်ပြရမယ်ဆိုရင် ဆန္ဒတစ်ခုကို အာသာဖြေတတ်တဲ့ ပျော့ညံ့ညံ့ယောကျ်ားဖြစ်သွားမှာပေါ့၊ မင်းတို့သိထားတာစမောလေးပါကွာ၊ မမနဲ့ပတ်သက်ပြီး ငါ့ရင်ထဲမှာ အကြီးကြီးထည့်ထားတာ၊ ပြိုကျသွားရင်ငါဘယ်လိုမှ ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး၊ အဲဒါကြောင့် မခံစားနိုင်လို့ ငါ အရက်သောက်ချင်တာ မင်းတို့မလိုက်





ချင်နေ၊ ငါ့ဟာငါ သွားမယ်''

ဈာန်က ထိုင်ရာကနေ ဖွတ်အတင်းထ၏။ ဒီအချိန်က တစ်ဖွတ်ထိုးညဉ့်နှင့် ဈာန်လုပ်ချင်ရာလုပ်လို့ မဖြစ်၊ ကနုတ်က သိပ်ကျွန်းမာရေးမကောင်းသေးဘဲနဲ့ အိမ်ကိုပြန်လာချင်နေတာ။

''ထိုင်ပါဦးကွာ၊ ပြီးရင် ငါတို့လိုက်ပို့ပါ့မယ်၊ အခု ငါတို့သူငယ်ချင်းတွေ ခဏလောက် စကားပြောရအောင်''

''ဟုတ်ပါတယ်ကွာ၊ အေးအေးဆေးဆေး စကားမပြောဖြစ်ကြတာ ကြာပြီမဟုတ်လား''

ဈာန်က စိတ်မပါတပါဖြင့် ဆိုဖာခုံပေါ်ခွေခေါက်ကာ ခြေပစ်လက်ပစ်ပြန်ထိုင်လိုက်သည်။ သူရက ဈာန်ဘက်ကခုံမှာ ပြောင်းထိုင်လိုက်ပြီး ဈာန်ပခုံးကိုပုတ်ကာ -

''မင်းရင်ထဲဘာတွေဖြစ်နေလဲ၊ ရင်ဖွင့်ကွာ၊ မသိလို့မဟုတ်ပေမယ့် နှစ်သိမ့်ပေးတော့ မင်း စိတ်သက်သာတာပေါ့''

''ထွက်ပေါက်တစ်ခုအနေနဲ့ သူများတွေရဲ့စကားတွေနဲ့ ငါမဖြေသိမ့်တတ်တာ မင်းတို့သိပါတယ်၊ ဒါပေမဲ့ ဒီအချိန်မှာ ငါရင်ဖွင့်ချင်နေတယ်၊ နှစ်သိမ့်ပေးမယ့်စကားတွေကိုလည်း နားထောင်ချင်နေတယ်၊ မမက ငါ့ကိုဥပေက္ခာပြုဖို့ ကြိုးစားနေပြီလေ၊ မမက ငါ့အချစ်တွေကို နားမလည်ဘူးကွာ''

''ချစ်တတ်ရင် လွမ်းရဲအောင်တော့ ကြိုးစားထားမှဖြစ်မယ်



www.burmeseclassic.com

www.burmeseclassic.com



ချာန်၊ မဖြစ်သင့်တာကို လုပ်မယ်လို့ စဉ်းစားတိုင်း မမ ဂုဏ်သိက္ခာတွေကိုလည်း ထည့်စဉ်းစားစေချင်တယ်''

''မမ ဆန္ဒတွေအားလုံးလိုက်လျောရမယ်ဆိုတုန်းက မမ ပြုံးပြုံးဝင်မှာမို့လို့ ငါ ဘာမှမစဉ်းစားဘဲ ခေါင်းညိတ်နာခံခဲ့တာပါ၊ အဲဒီအချိန်တုန်းက ငါ့ကိုတစ်သက်လုံးချစ်နေမယ်ဆိုလို့ အလွယ်တကူ လက်ခံခဲ့တာ၊ အခု ကနုတ်နဲ့လက်ထပ်ပြီးမှ မေ့လိုက်ပါ၊ မုန်းလိုက်ပါနဲ့ ဂုဏ်သိက္ခာအကြောင်းတွေပါ ထည့်ပြောနေတာ၊ မမ ငါ့ကိုသက်သက်မဲ့ အရူးလုပ်တာနဲ့ တူမနေဘူးလား''

ဝဏ္ဏကခပ်လေးလေး ခေါင်းယမ်းကာ –

''မမကို မပြစ်မှားပါနဲ့ကွာ၊ ဇာတ်ဆရာ ဇာတ်ရုပ်ချတာများယွင်းခဲ့တယ်ဆိုရင်တောင် အလိုက်သင့်ပဲ ဆက်ကသင့်တယ် ချာန်၊ ပရိသတ်ရှိတယ်၊ ပတ်ဝန်းကျင်ရှိတယ်၊ အသိုက်အဝန်းဆိုတာ ရှိတယ်၊ မမကို မင်း ဒီလိုပဲ နိုကပ်နေချင်သေးတယ်၊ မမကို ချစ်မြတ်နိုး၊ ဘန်ဖိုးထားရာ မရောက်တော့ဘူးပေ့ါ၊ မင်းက လူသိရှင်ကြား အိမ်ထောင်သည်တစ်ယောက်၊ ခုချိန်ထိ လင်မယားအရာမမြောက်သေးဘူးဆိုတာ ထည့်မပြောနဲ့နော်၊ အဲဒါ မင်းတို့နှစ်ယောက်ပဲ သိတဲ့ကိစ္စ''

''အဲဒါဆိုရင် မမ,ပြောသလို ကနုတ်ကိုအလေးအနက်ထားပြီးချစ်သင့်တယ်ပေ့ါ၊ ကနုတ် ဒီလောကထဲက မထွက်ခွာသရွေ့ ဘယ်နနှစ်, ဘယ်အချိန်, ဘယ်ကာလထိလဲ''





''ဟင် မင်းလည်း ကနုတ်အခြေအနေကို သိနေတာပဲလား''

လေးပင်သော သူ့ရဲ့အမေးကို ချာန်က ခေါင်းညိတ်ပြပြီး မျက်ရည်တွေဝဲတက်လာ၏။ မချိသောရင်က ဘာကိုနာကြည်းရမှန်းမသိဘဲ –

''အဲဒီအခြေအနေတွေနဲ့ မမ ငါ့ကိုငြိမ်းခြောက်ထားတာ ပြေးပေါက်မရှိအောင် အိမ်ထောင်တစ်ခုရဲ့ ဝဲဂယက်ထဲကို တွန်းပို့ခဲ့တာ''

''အဲလို မယူဆပါနဲ့ ချာန်ရာ၊ လူတွေရဲ့အသက်ကို ကယ်တင်နေတဲ့ဆရာဝန်ဆိုတာကလည်း နာသုံးနာနဲ့ ရှင်သန်နေကြတာပါ၊ မမသာ ဆရာဝန်တစ်ယောက် မဟုတ်ခဲ့ဘူးဆိုရင် ကျေးဇူးတရားကို မိုက်ရူးရဲဆန်ပြီး နှလုံးသားနဲ့လဲလှယ်လိမ့်မယ် မထင်ဘူး၊ မမက မင်းကိုချစ်ပေမယ့် ကနုတ်ကလည်း သူ့ရဲ့လူနာတစ်ယောက်ဖြစ်နေခဲ့တယ်လေ''

''ငါတို့လည်း ဒီနေ့မှာ ကနုတ်အမေပြောပြလို့ တိတိကျကျသိခဲ့ရတာပါ၊ ကနုတ်ကတော့ မမရဲ့အားပေးစကားတွေနဲ့ မင်းကိုချစ်တဲ့စိတ်တွေကြောင့် အဆုံးစွန်အထိ သေချာမသိသေးဘူးထင်တယ်၊ သိသွားရင်လည်း စိတ်လျှော့မယ်တော့ မထင်ဘူး''

ဝဏ္ဏတွေးဆသလိုပြောတော့ နာကျင်နေတဲ့ ချာန့်ရင်ဘတ်ကြီးက လှိုက်ဖိုမောပန်းစွာ နိမ့်ချည်မြင့်ချည်။

သေစေလို့တဲ့ဆန္ဒမရှိပေမယ့် အမိန့်အာဏာနှင့်အစွယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ယူနိုင်းတာလည်း အသေသတ်နိုင်းတာနဲ့ အတူတူပဲ မဟုတ်လား။ အစွယ်ရလာမှ ဒဏ်ရာပြင်းသလား မေးဖို့မသင့်။ အံတစ်ချက်ကြိတ်ကာ သူထရပ်တော့ သူရကလည်း သူ့လက်ကိုဆွဲပြီး ထရပ်ရင်း -

"မမ ဆန္ဒတွေကို နာခံရင်းနဲ့ ဒီအခြေအနေထိတောင်ရောက်လာပြီးမှ ကနုတ်ကို ချစ်လို့မရဘူးဆိုရင်တောင် နောက်ဆုံးအချိန်ထိ မမစကားတွေကိုနားထောင်လိုက်ပါကွာ၊ မမ,ပြုံးနေရင် မင်းပျော်တယ်မဟုတ်လား၊ ကနုတ်လည်း စိတ်ချမ်းသာမယ်လေ"

"မင်းတို့လည်း အဲဒီလိုပဲ ဖြစ်စေချင်နေတာ မဟုတ်လား။ ဘယ်သူမှ ငါ့ရင်ထဲကိုဝင်မကြည့်ကြဘူး၊ အေးလေ ဒီတစ်ရက် ငါ့ခေါင်းကို အရက်နဲ့ဆေးကြည့်ပြီးရင် ဆုံးဖြတ်ချက်ချရတော့မှာပေါ့၊ ငါ့ဘဝကြီးက အရင်လို မနေပျော်တော့ပါဘူး၊ ဖြစ်ချင်ရာဖြစ်ပစေတော့ပေါ့"

ဈာန်က အပြင်ဘက်ကို ဖွတ်ထွက်သွားသည်။ ကနုတ်ပြန်ရောက်လာတော့မလားလို့ အချိန်ဆွဲနေပေမယ့် ကနုတ်ရောက်မလာသေးတာမို့ ဈာန်နောက် လိုက်သွားဖို့သာ ပြင်ရသည်။

ဈာန်က ကနုတ်ကိုသွားကြိုမှာလည်း မဟုတ်တာမို့ မီးပိုဆောင်ထဲမှာ ချက်ပြုတ်နေသော အိတုံ့ဆီကို သူရ ကပျာကယာပြေးဝင်လာရသည်။

"အိတုံ ငါ့တို့ ဈာန်နောက် လိုက်သွားလိုက်ဦးမယ်၊ နင်





ချက်ပြုတ်ပြီး ကနုတ်မလာသေးဘူးဆိုရင် နင် ကနုတ်ကိုသွားကြိုထားလိုက်ဟာနော်၊ ဈာန်တစ်ယောက်တည်းဆို အလွန်အကျွံတွေဖြစ်မှာစိုးလို့ ငါတို့လိုက်သွားမှုဖြစ်မယ်"

"အေးပါ၊ ကနုတ်လာရင် ဈာန်က ပြုပြင်တော့မှာပါလို့ပြောပြီးချော့ထားလိုက်မယ်၊ သွား သွား"

သူရတို့တွေ ဈာန်နှင့်အပြင်ထွက်သွားမှ ဟင်းအိုးတွေကို မီးပလပ်ပေါက်ခဏပိတ်ထားပြီးမှ ကနုတ်ဆီ အိတုံဖုန်းလှမ်းဆက်ကြည့်ရသည်။

"ကနုတ် နင်ပြန်လာတော့မှာ မဟုတ်လားဟင်၊ ငါလာခေါ်ရမလား"

အိတုံ့အသံကြားတော့ ကနုတ်ဘက်က ဟင်ခနဲဖြစ်သွားပြီး တိတ်ဆိတ်သွားလိုက်တာ အကြာကြီး။ ပြီးမှ -

"ဈာန်က မလာဘူးတဲ့လား"

"သူရတို့နဲ့ အပြင်ခဏထွက်သွားတယ်ဟ၊ ကြာနေမလားဆိုပြီး ငါလာခေါ်မယ်လို့ပြောတာပါ၊ အရမ်းမိုးချုပ်နေမှာစိုးလို့"

"ရပါတယ်၊ အိမ်က ဒရိုင်ဘာကိုလိုက်ပို့ခိုင်းလိုက်မယ်၊ ဈာန်လာမခေါ်တာ မေမေတို့သိသွားရင် စိတ်မကောင်းဖြစ်နေမှာ၊ ဒါပဲနော် အိတုံ နင်တစ်ယောက်တည်းလုပ်ကိုင်နေတာ ပင်ပန်းမှာစိုးလို့ ငါအခုပဲ လာခဲ့တော့မယ်"



www.burmeseclassic.com

အိတုံ့နှင့်ဖုန်းပြောပြီး ကနုတ်ရေမိုးချိုး အဝတ်အစားလဲကာ အောက်ထပ်ဆင်းလာခဲ့သည်။ ဖေဖေနှင့်မေမေက သူမကိုထမင်းစား ဖို့စောင့်နေကြ၏။

"သမီး အလုပ်တွေပြင်ပြီး ဘယ်သွားမလို့လဲ၊ မောင်လင်း လက်ရှာန်လာခေါ်မှ ပြန်လိုက်သွားမှာ မဟုတ်လား"

"ကနုတ် အခုပြန်မှဖြစ်မယ် မေမေ၊ သူ့ဆီက အခုပဲ ဖုန်း လာတယ်၊ ပရိုဂျူဆာတစ်ယောက်ရောက်နေလို့ သူလာလို့မရတော့ ဘူး၊ ကနုတ်ကိုလည်း ရှိနေစေချင်လို့ အခုလာခဲ့ပါတဲ့၊ ကျန်တဲ့ သူငယ်ချင်းတွေလည်း အိမ်မှာရောက်နေကြပြီတဲ့"

လိမ်ညာရတာ ကျောတောင်မလုံ။ ရှာန်က လူမမာသတင်း မေးဖို့တောင် တစ်ခေါက်မှရောက်မလာတာတို့ မေမေတို့ယုံမှာတော့ မဟုတ်။

"သမီးက သိပ်နေကောင်းသေးတာမဟုတ်ဘူး၊ မေမေ စိတ် မချပါဘူးကွယ်၊ အလုပ်ကိစ္စရှိတယ်ဆိုပေမယ့် မောင်လင်းလက်ရှာန် လာမခေါ်ဖြစ်လည်း နောက်ရက်မှ အေးအေးဆေးဆေးပြန်ပါလား၊"

"မ မဖြစ်လို့ပါ မေမေ၊ ကနုတ်တို့က အဖွဲ့အစည်းလေးနဲ့ ဆိုတော့ ပရိုဂျူဆာရှေ့မှာ လူစုံရှိနေမှကောင်းမှာ ဒရိုင်ဘာကို လိုက် ပို့ခိုင်းပြီး ကနုတ်ပြန်လိုက်တော့မယ်"

မေမေစိတ်မကောင်းဖြစ်ကျန်ခဲ့ပေမယ့် ကနုတ် ဖွတ်ထွက်





လာခဲ့သည်။ ရှာန့်မျက်နှာကို မမြင်ရတဲ့ရက်တွေမှာ ရောဂါဝေဒနာ ခံစားရတာထက် ပိုဆိုးသည်။ နေမထိထိုင်မသာဖြင့် ရှာန့်မျက်နှာကိုပဲ အမြဲတမ်းမြင်ယောင်နေ၏။ ပြင်းပြင်းထန်ထန်ပြောတတ်တဲ့ စကားတွေ ကို ခံနိုင်ရည်မရှိပေမယ့် အောက်မေ့တသလွမ်းနေခဲ့သည်။

ရှာန်ကတော့ ဖုန်းတစ်ချက်မဆက်။ တစ်ခေါက်မှလည်း ရောက်မလာ။ မေမေတို့က သမီးတို့အိမ်ထောင်ရေးအဆင်ပြေရဲ့လား လို့ သံသယနှင့်မေးခဲ့တာတောင် ရှာန်ကိုအပြစ်မမြင်အောင် ဖာထေး ပြောခဲ့ရသည်။

ရှာန် ဘာကြောင့် ဒီလောက်ကြီးထိအောင် နေနိုင်ရက်တာ လဲ။ အချိန်တိုင်း မမအံ့မှူးဝေအကြောင်းတွေးပြီး လွမ်းမိုးခံနေခဲ့တာ လား။

ရယူခြင်းက ပူလောင်စေမှန်း တဖြည်းဖြည်းနဲ့ သိလာခဲ့ပါပြီ ရှာန်ရယ်။

✿ ✿ ✿

www.burmeseclassic.com

## အခန်း (၃၁)

ဧည့်ခန်းဝရဲ့ ခန်းဆီးစလေး လှုပ်ခနဲ ဝှေ့ယမ်းသွားခြင်းနှင့် အတူ ကနုတ်နှင့်အိတုံတို့ထိုင်နေသော ဧည့်ခန်းထဲကို ယိုင်ထိုးရင်း နေသော ဈာန်ကိုတွဲလျက် ဝဏ္ဏနှင့်သူရပါ ရောက်လာခဲ့သည်။

ဈာန်က မေးစင်းရီဝေနေသော မျက်ဝန်းများဖြင့် ကနုတ်ကို ကြည့်ပြီး မျက်ခုံးပင့်သွား၏။

"ဟား အိမ်ရှင်မကြီးရောက်နေပြီပဲ၊ ကျန်းကန်သာလို့ မာ ရဲ့လား ဒေါ်ကနုတ်ရယ်၊ ကျွန်တော်မျိုး လာရောက်မကြိုဆိုနိုင် အတွက် ခွင့်လွှတ်ပါနော်၊ ဒေါ်ကနုတ် အမျက်တော်ရှရင် ကျွန်တော် မျိုးကို သေဒဏ်ပေးမယ့်သူတွေ များလွန်းလို့ပါ၊ အဟတ် ဟား ဟား"





ဆိုဖာခုံမှာထိုင်နေတဲ့ ကနုတ်ရှေ့တည့်တည့်မှာ ဒူးထောက်ထိုင်ပြီး ဈာန်ပြောတာမို့ ကနုတ် မျက်ရည်တွေလည်ကာ နှုတ်ခမ်းဖျားလေးတွေ တဆတ်ဆတ်တုန်နေ၏။ ဝဏ္ဏနှင့်သူရက ကနုတ်အတွက် စိုးရိမ်သွားကာ ဈာန်ကို ဆွဲထူဖို့ကြိုးစားရသည်။

"ဟိတ်ကောင် ဈာန် ဘာတွေပြောနေတာလဲကွာ၊ ကနုတ်က သိပ်နေကောင်းသေးတာမဟုတ်ဘူး၊ မင်းကို မခွဲနိုင်လို့ ပြန်လာတာကွ၊ မင်း အရမ်းမူးနေပြီ၊ အခန်းထဲမှာ သွားအိပ်လိုက်ပါတော့ကွာ"

"နိုး နိုး နေစမ်းပါဦး၊ ရွှေမျက်နှာတော်ကို မော်ဖူးရဦးမယ်၊ သူ အရမ်းအစွမ်းထက်လို့ ငါ့ဘဝကြီး ကျွမ်းထိုးမှောက်ခုံ ဖြစ်ချင်သလို ဖြစ်နေတာကွ၊ အသည်းနှလုံးတွေလည်း ဖောက်ထိုးမိုးမျှော် ဖြစ်နေပြီ ငါ့ကိုယ်ငါ အသည်းမနာပါဘူးလို့ အောက်မေ့ထားတာ၊ ခုတော့ကွာ မမရဲ့အကြည့်စိန်းစိန်းတွေကြောင့် အသည်းတွေကျွမ်းလို့ ပြာကျတော့မယ်၊ ပူလောင်လိုက်တာ၊ ဆိုးဝါးလိုက်တာ၊ ကျွတ်ကျဲလိုက်တာ၊ တစ်ခါမှ မခံစားဖူးတဲ့ ဝေဒနာကွာ တော်တော်ဆိုးတယ်"

"ဈာန်ရာ ကနုတ်ရှေ့မှာ အဲလိုကြီး မပေါက်ကွဲသင့်ပါဘူး"

"ပြောပါရစေ၊ ငါ့ရင်တွေနာလွန်းလို့ ပေါက်ကွဲထွက်ပါရစေ၊ ကနုတ် ငါ့ကိုချစ်တယ်လို့ ပြောထားတာပဲ၊ ငါက မမကိုချစ်လို့ နားလည်ပေးသလို၊ သူလည်း ငါ့ကိုနားလည်ပေးရမှာပေါ့"

ဈာန်က သူရတို့လက်တွေကို ဖယ်ချကာ ကနုတ်နားမှာကပ်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ပြီး ကနုတ်မျက်နှာကို ခေါင်းလေး ဟိုဘက်စောင်း ဒီဘက်စောင်း ဖြင့် ကြည့်၍ရှုံ့မဲ့ပစ်လိုက်ပြီး –

"ကနုတ် နင်သိပ်တော်တယ်၊ နင်တို့ရဲ့ဂုဏ်ပကာသနကျေးဇူးတရားတွေနဲ့ မမကို လွှမ်းမိုးချုပ်ကိုင်ထားနိုင်တယ်၊ ရောဂါကို အကြောင်းပြုပြီး အသည်းနှလုံးကို လှုံ့ဒါန်းခိုင်းတယ်၊ အဟား ငါ့ အချစ်တွေက မမအတွက် ဖျက်ရယ်ပြုစရာများ ဖြစ်နေပြီလားမသိဘူး ငါက အလကားကောင်ဖြစ်နေပြီလား မသိဘူး အေ့"

"ဝ ဝဏ္ဏ၊ သူရ နင်တို့က ဈာန် ဒီလောက်ကြီးမူးအောင် သောက်ခဲ့တာကို မတားကြဘူးလားဟာ၊ ဈာန် ဈာန့်ကို အခန်းထဲ တွဲပို့လိုက်ကြပါ၊ ဈာန် နင်ပြောချင်တာ နောက် နောက်နေ့မှပြောပါနော် နင် အခု သွားနားလိုက်ပါ၊ ငါ တောင်းပန်ပါတယ်"

ကနုတ်က လေသံယဲ့ယဲ့လေးဖြင့် တောင်းပန်နေပေမယ့် ဈာန်က ခေါင်းကိုခပ်ကြမ်းကြမ်းယမ်းခါနေကာ တစ်ဖက်တစ်ချက် သူ့ကိုဆွဲခေါ်နေတဲ့ ဝဏ္ဏနဲ့သူရလက်တွေကိုလည်း ဆွဲဖယ်ပစ်လိုက်၏။

"နေကြပါဦး နေကြပါဦး၊ ဒီနေ့တစ်ရက်လေး ငါ့ကို ခွင့်ပြုကြပါ၊ နားလည်ပေးကြပါ၊ လွတ်လပ်စွာ ပေါက်ကွဲခွင့်ပေးကြပါ၊ ရင်ထဲရှိတာတွေ ပြောပြဖွင့်ထုတ်ခွင့်ပေးကြပါကွာ၊ ကနုတ် ငါ့ကို ဒီတစ်ရက်လေးပဲ သည်းခံပါနော်၊ ငါ့ရင်ထဲ မခံစားနိုင်လွန်းလို့ပါ"

ဈာန် ပါးပြင်ပေါ်မှာ မျက်ရည်ပေါက်ကြီးတွေ လိမ့်ဆင်းကျ





လာကာ ကနုတ်လက်ဖျားလေးတွေကိုလည်း ခပ်တင်းတင်းအားကိုးတကြီး ဆုပ်နယ်နေ၏။

"နောက်နေ့ကစပြီး နင့်ကို မမအလိုကျ ဂရုစိုက်ကြင်နာပေးပါ့မယ်၊ ချစ်နိုင်အောင်လည်း ကြိုးစားကြည့်မယ်လေဟာ နော်၊ မမက နင့်ကိုသိပ်ချစ်စေချင်နေတာဟ၊ သူ့ သူ့ကိုလည်း မမုန်းစေချင်လောက်ပါဘူးနော်၊ ငါ့ကိုလည်း မုန်းနေလို့ အဲလိုပြောနေတာ မဟုတ်လောက်ဘူးမဟုတ်လား၊ ဒါပေမဲ့ နင့်ကိုချစ်မပေးနိုင်ဘူးဆိုရင် သူ့ရင်ထဲက မပါဘဲနဲ့ ငါ့ကို မုန်းမေ့နိုင်အောင် ကြိုးစားတော့မယ်ထင်တယ်၊ ငါ မခံစားနိုင်ဘူး ကနုတ်ရာ၊ အဲလိုကြီး မမ မုန်းမေ့သွားမှာ ငါကြောက်တယ်"

ဈာန်က ကလေးတစ်ယောက်လို တအီးအီးငိုချလိုက်ပြီး ကနုတ်လက်ကလေးကိုလည်း သူ့ရင်ဘတ်မှာ ဆွဲကပ်ယူလိုက်ကာ

"မ မမကို ဈာန်က မမစကားတွေ နားထောင်မှာပါ၊ မမ ဖြစ်စေချင်တာ လုပ်ပေးမှာပါလို့ ပြောပေးပါလားဟင်၊ ဈာန့်ကို မမုန်းပါနဲ့လို့ ပြောပေးပါလား ကနုတ်ရယ်၊ အဲဒီတစ်ခုလေး ငါ့ကို ပြောပေးပါနော်၊ မမ အမုန်းကလွဲရင် ကျန်တာတွေ ငါခံနိုင်ရည်ရှိအောင် ကြိုးစားနိုင်ပါတယ်၊ နင့် နင့်ကိုချစ်နိုင်အောင်လည်း ငါ ငါ"

အာလေး လျှာလေး ဗလုံးပထွေးနှင့် သူရူးတစ်ယောက်လို ပြောနေတဲ့ ဈာန်စကားတွေက ကနုတ်နှလုံးသားတွေကို ဓားထက်



www.burmeseclassic.com

www.burmeseclassic.com



ထက်နှင့် တရိရိမွန်းနေသလိုဖြစ်နေ၏။ ကနုတ် ဘယ်လိုခံစားရမလဲဆို တာ မတွေးဘဲ မမ,မုန်းသွားမှာကိုပဲ သွေးပျက်ချောက်ချားထိတ်လန့်နေ သည်။ ရင်ညွှန့်တစ်နေရာက ဆစ်ခနဲ ဆစ်ခနဲ ထုံကျဉ်ထိုးစူးအောင့် လာ၏။

ကြမ်းတမ်းစွာဆုပ်ကိုင်ခံထားရတဲ့ ဈာန့်လက်တွေ ဖယ်ချပစ် ဖို့လည်း အင်အားမရှိ။ လုံခြုံနွေးထွေးမှုမပေးနိုင်တဲ့ ဈာန်ရင်ခွင်တွင်း မှာပဲ မှီချပစ်လိုက်ချင်သည်။

"ဟဲ့ ဟဲ့ ကနုတ် ဘာဖြစ်သွားတာလဲ၊ ဘာဖြစ်သွားတာလဲ၊ ကနုတ် ကနုတ်"

"ဟာ ကနုတ် ကနုတ်"

ယိုင်ထိုးနေတဲ့ ဈာန်ရင်ခွင်တွင်းမှာ ကနုတ်ကိုယ်လေး ခွေ ခေါက်မှိန္ဒဲ့ကျသွားတာမို့ အားလုံး ထိတ်လန့်ပျာယာခတ်သွားသည်။ အိတုံက ကနုတ်ကို ဖမ်းထိန်းပွေ့ဖက်လိုက်သလို ဝဏ္ဏနှင့်သူရက ဈာန့်ကို ဆွဲထုထိန်းဖက်၍ အခန်းတွင်း တွဲပို့ရသည်။

"ဝဏ္ဏနဲ့သူရ မြန်မြန်လာခဲ့ကြပါဟဲ့၊ မမဆီ ဖုန်းအမြန်ဆက်၊ ကနုတ်ကို ဆေးရုံတင်မှ ဖြစ်မယ်ထင်တယ်"

အိတုံက အသံပျာပျာလေးနှင့် ငိုသံပါနေသည်။ ကနုတ်က သတိလစ်မေ့မြောနေကာ ဘာကိုမှမသိ။

ရှိခြင်း, မရှိခြင်းမသိတဲ့ ဒီအချိန်လေးမှာ ကနုတ်ရင်ထဲ ဘာ





တွေ့ရှိနေနိုင်မလဲ။

မလင်းနိုင်သေးတဲ့ ရောင်နီဦးရယ်
မှောင်မိုက်တဲ့ ညတစ်ညရယ်
သွေးပျက်စေတဲ့ အက်ဆစ်ပိုင်တစ်ခွက်ရယ်
အဆုံးအစမရှိတဲ့ အချစ်တစ်ချစ်ရယ်
ပေါင်းစပ်ဖြစ်ရင် ဖျော်ရည်တစ်ခွက်တော့ ဖြစ်တန်ကောင်းပါ

ရဲ့။

ဒါပေမဲ့ သောက်သုံးလို့မရတဲ့ အဆိပ်တွေဖြစ်နေလိမ့်မယ် ထင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ချိုမြိန်ရှတဲ့ ပိုင်တစ်ခွက်လို့သတ်မှတ် ပြီး သောက်သုံးနေကြဦးမှာပါပဲ။

အချစ်ကို အမြဲတမ်း ဆာလောင်နေကြတဲ့လူတွေပဲမို့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၂)

''ဖြန်း''

''အ''

အရှိန်ပြင်းပြင်းရိုက်ချက်ကြောင့် ပါးပြင်တစ်ဖက် နီမြန်းပူလှ ကာ လည်ထွက်သွား၏။ အံ့သြမှင်တက်စွာ မော့ငေးကြည့်မိတော့ မမ နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ်တုန်နေကာ အံကြိတ်နေသည်လား၊ ပြောစရာစကားလုံးတို့ စုစည်းနေသည်လားမသိ။

ဘာကြောင့်လဲလို့မေးဖို့ သူ နှုတ်တို့ဆွံ့အ,စေးထန်းနေသည်။ မျက်ခမ်းစပ်လေးတွေပါ နီရဲနေသည်မို့ မမဒေါသတွေ ဘယ်လောက် အရှိန်မြင့်နေပြီလဲ သူ ခန့်မှန်းမိနေသည်။

ဒါပေမဲ့ အောက်မေ့တမ်းတနေမိချိန်မှာ သူ့အိမ်ကို မမ





ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့သည့်အတွက် အလွမ်းတွေဖြင့် တစိမ့်စိမ့်ငေးကြည့်ဖြစ်သည်။

''မင်းကွာ မင်း''

လက်ညှိုးကြီးထိုးကာ မျက်ဝန်းအိမ်မှာ မျက်ရည်တွေရစ်ဝိုင်း ပြည့်လျှံလျက် မမ ဘာတွေပြောချင်နေသည်မသိ။ ဒီလိုဒေါသမျိုးဖြင့် မမ သူ့ဆီရောက်လာတာ ထူးဆန်းနေသည်။

ကနုတ်နဲ့ရော တွေ့ပြီးပြီလား။ ဘာတွေဖြစ်နေတာလဲ။

ညက အရက်တွေမူးပြီး သူ ဘာတွေ ပြဿနာရှာခဲ့မိလို့လဲ။ စားသောက်ဆိုင်မှာ ဝဏ္ဏနဲ့သူရ ဖွတ်အတင်းတားနေတဲ့ကြားက သူ အရက်တွေ အလွန်အကျွံမူးအောင် သောက်ပစ်လိုက်သည်။

ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်တော့တဲ့အချိန်မှာ ဝဏ္ဏနဲ့သူရ တွဲခေါ်တာကို သူ သိသည်။ အိမ်ရောက်တော့ ဘာတွေဆက်ဖြစ်လဲ။

ဧည့်ခန်းထဲမှာ ကနုတ် ထိုင်နေသည်ဟုတော့ ထင်မိသည်။ ဘယ်အချိန်က အိမ်ပြန်ရောက်ပြီး သူ့ကိုထိုင်စောင့်နေခဲ့တာလား၊ ငိုနေတာလား သူ မသိ။

အခု မိုးလင်းတော့ သူ့အိပ်ရာဘေးမှာ ကနုတ်မရှိ။ ခေါင်း တစ်ခုလုံး အုံ့ခဲလေးလံနေပေမယ့် ဆုံးဖြတ်ချက်အသစ်တွေနဲ့ အိပ် ရာက ထလာခဲ့တာပါ။ ကနုတ်ကို လိုက်မရှာသေးဘဲ ရေမိုးချိုးပြီးမှ အိပ်ခန်းအပြင်ကို ထွက်လာခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



အခု မမက –

“မင်းရဲ့အသုံးမကျတဲ့ ဦးနှောက်နဲ့ တန်ဖိုးမရှိတဲ့စကားတွေကြောင့် ကနုတ် အသက်တောင်ဝဝမရှူနိုင်တော့ဘူး။ ကနုတ်အတွက် မင်း ဘာလုပ်ပေးမလဲ၊ ဘာလုပ်ပေးနိုင်မလဲ၊ ပြောစမ်း။ ပြောကြည့်စမ်း ဈာန်”

“ဗျာ”

“မင်းရဲ့အချစ်ကို ဘယ်လောက်ပဲ အမွှမ်းတင်တင် လူတစ်ယောက်ရဲ့အသက်ကို နှမြောရကောင်းမှန်းမသိတဲ့ မင်းဟာ အညံ့စားလူမိုက်တစ်ယောက်ပဲ၊ ငါ့ကိုချစ်တယ်ဆိုတဲ့အချစ်တွေကို ဘေးဖယ်ပြီး မင်းကိုယ်မင်း ပြန်ဆန်းစစ်ကြည့်စမ်းပါ။ မင်းအပြုအမူတွေ ဘယ်လောက်တောင် မှားနေလဲ မင်းမြင်တွေ့ရလိမ့်မယ်”

“ဟင်”

မမ ဒေါသတကြီးအော်ပြောနေတာတွေ သူနားမလည်၊ အရာရာကိုဆက်စပ်ကြည့်ပြီး သူတွေးနေမိ၏။

“က ကနုတ် ဘာဖြစ်လို့လဲ မမ”

“လူစိတ်ပျောက်အောင် သောက်စားပြီး မင်း အခု ဘာမှမမှတ်မိတော့ဘူး မဟုတ်လား၊ မင်း ဘာလို့ဒီလောက်တောင် အသိစိတ်မဲ့အောင် ကလေးဆန်နေရတာလဲ ဈာန်၊ ရင့်ကျက်မှုတွေနဲ့ တည်ငြိမ်အောင် ကြိုးစားပါတော့လား”





“ဈာန် အဲ အဲလိုလုပ်တော့မလို့ပါ၊ ညက အဖြစ်အပျက်တွေ ဝေဝေဝါးဝါးဖြစ်နေသေးပေမယ့် အဲဒီအရင်ကတည်းက မမဆန္ဒတွေအတိုင်း ကနုတ်ကို ကြင်ကြင်နာနာ ဂရုစိုက်ပေးဖို့ ဆုံးဖြတ်ထားတာပါ”

“အခုထိအောင် နှိပ်စက်ပြီးမှ ကနုတ် အသက်ရှင်လျက် ရှိနေဦးမယ်လို့ မင်းထင်နေသေးတယ်ပေါ့”

ဟင်ခနဲ မျက်ခုံးပင့်သွားပေမယ့် ဈာန် သွေးပျက်မသွားပါ။

“ဈာန့်ကို ကနုတ် ချစ်နေသေးတယ်ဆိုရင် ရှင်သန်ဖို့မျှော်လင့်ချက်တွေ ဘယ်တော့မှလွတ်ချမပစ်ဘူးဆိုတာ ဈာန်ယုံပါတယ်”

နီရဲအိတွေးနေသော နှုတ်ခမ်းလေးကို ဟွန့်ခနဲ ပြုံးမဲ့ပစ်လိုက်တဲ့ မမကို နောင်တစ်ချိန်တွေအတွက် လွမ်းဆွတ်စွာ ဈာန် ငေးမောကြည့်ဖြစ်သည်။

“မယုံမကြည် သံသယတွေနဲ့ ဈာန့်ကို အဲလိုမဲ့ပြုံးတွေနဲ့ မကြည့်ပါနဲ့ မမရယ်၊ ဈာန့်ဘဝရဲ့နောက်ဆုံးအချိန်တွေထိ မမဆန္ဒတွေအတိုင်း နေသွားဖို့ ဆုံးဖြတ်လိုက်ပါပြီ၊ မမ့အမုန်းတွေကို ဈာန် သေရမှာလောက် ကြောက်ပါတယ်၊ စိမ်းသက်တဲ့အကြည့်တွေ၊ အပြုအမူတွေဒဏ်ကို မခံနိုင်ဘူး၊ ကနုတ်ကို ချစ်လို့မဟုတ်ပေမယ့် မမမုန်းမှာစိုးလို့ ဈာန် နှလုံးသားကို ဒဏ်ခတ်လိုက်တာပါ၊ ဈာန် စိတ်ပါလက်ပါပြုံးဖို့တော့ ခဲယဉ်းသွားမှာသေချာတယ်၊ ပျော်ရွှင်ကြည်နူးဖို့ဆိုတာလည်း မိတ္တူကူးလို့တောင် ရတော့မယ်မထင်ပါဘူး၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



မမရယ် ရင်ထဲက တိတ်တခိုးလွမ်းခွင့်လေးကိုတော့ မမ မပိတ်ပင်ပဲ လိုက်ပါနဲ့နော်၊ လူ့မသိ သူ့မသိ လွမ်းမှာပါ"

"ဗျာနီ"

အံမှုးရင်ထဲက နှလုံးသားတွေ နာနာကျင်ကျင်ဆုပ်ညှစ်ခံလိုက်ရ၏။ ဟန်လုပ်ကာ တင်းမာနေရတဲ့မျက်ဝန်းအိမ်မှာ မျက်ရည်ဥတို့ ရစ်သိုင်းပြည့်လျှံလာ၏။ ဒါပေမဲ့ ဗျာနီနာကျင်အောင် ငိုမချရက်ပါ။

"မမ,ပြောမယ့်စကားကို သေသေချာချာနားထောင်ပေးပါ ဗျာနီ၊ အမုန်းတွေနဲ့ လမ်းမခွဲချင်သလို အချစ်တွေနဲ့ရှေ့ဆက်လို့ မဖြစ်တော့တာလည်း မင်းနားလည်နေမှာပါ။ ကနုတ်ကို နှင်းငွေခြားမှာခွဲစိတ်ကုသဖို့ မမပါ လိုက်သွားရမယ်၊ ဘယ်နှရက်, ဘယ်နှလကြာမယ်ဆိုတာ မပြောတတ်ဘူး။ ပြန်လာရင်သာ မင်းရဲ့စိတ်တွေ တည်ငြိမ်ရင့်ကျက်ပြတ်သားနေဖို့ မမ မျှော်လင့်ပါတယ်"

ငြိမ်သက်တိတ်ဆိတ်စွာ နားထောင်နေသော သူ့ခေါင်းက ဆံပင်လေးတွေကို မမက ဖွဖွညင်သာသပ်တင်ပေးကာ –

"လူ့ဘဝဆိုတာ ခဏလေးနေခွင့်ရတာပါ ဗျာနီရယ်၊ အဲဒီအတောအတွင်းမှာ လူတကာရဲ့ ပြစ်တင်ပြုစုမှုကို ဗျာနီ့ကို မခံရစေချင်ဘူး၊ အချစ်တွေနဲ့ စိုးရိမ်နေတာမဟုတ်ဘူးနော်၊ ကိုယ်ချင်းစာစိတ်နဲ့ ဖေးမ ပေးချင်တာပါ၊ ဗျာနီ့ကို ချစ်မိတဲ့စိတ်တွေကြောင့် မမလည်း မလုံမလဲ သိမ်ငယ်ခဲ့ရဖူးတယ်၊ မျက်နှာသာမပေးတဲ့ ကံကြမ္မာကို





အပြစ်တင်ချင်လို့မဟုတ်ပေမယ့် အခြေအနေနဲ့အချိန်အခါက ဖြစ်မှ မဖြစ်သင့်တောတာ၊ ဗျာနီနားမလည်လည်း နားလည်အောင် ကြိုးစားကြည့်ပါ၊ မချစ်သေးရင်လည်း ကနုတ်ကို ချစ်လာနိုင်အောင် ကြိုးစားကြည့်ပါ"

"တောင်းဆိုနေတာမဟုတ်ဘဲ မဖြစ်မနေလုပ်ပေးရမယ်လို့ အမိန့်ချမှတ်နေတာ မဟုတ်လား မမရယ်"

ဗျာနီနာကျင်စွာ ရေရွတ်တော့ သူမအသည်းနှလုံးတွေ ကြေမြွမ်းမတတ် ခံစားလိုက်ရသည်။ မရည်ရွယ်ပေမယ့် သေဒဏ်ပေးလိုက်သလိုပဲ မဟုတ်ပါလား။ နာခံတော့မည်ဆိုမှ ကိုယ့်ရင်က မခံမရပ်နိုင်အောင် စူးအောင့်လာ၏။

ဒါပေမဲ့ သူမက ပိုပြီးထိန်းသိမ်းရပေမည်။

"အချိန်ကာလတစ်ခု မကြာမြင့်ခင်မှာ ရင့်ကျက်တည်ငြိမ်မှုတွေနဲ့ ဗျာနီ ပြတ်သားတင်းမာနိုင်လိမ့်မယ်လို့ မမ မျှော်လင့်ပါတယ် ဗျာနီ"

"ကနုတ်ရဲ့ ခွဲစိတ်မှုမအောင်မြင်ခဲ့ဘူးဆိုရင်ရော"

မရေမရာမျှော်လင့်စွာအမေးကို မမက မျက်ရည်တွေမော့လှန်သိမ်းဆည်းကာ –

"ဆန္ဒဆိုးတွေနဲ့ ဆုမတောင်းဖြစ်အောင်နေပါ ဗျာနီ၊ မမကတော့ လူ့မသိ သူ့မသိ အလွမ်းတွေနဲ့ မကုန်ဆုံးနိုင်သေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရက်၊ လ၊ နှစ်တွေကို နှလုံးသွေးတွေခန်းခြောက်တဲ့အထိ ကျော်ဖြတ်နေဦးမှာပါ၊ ဖြစ်နိုင်ရင် ဈာန် မလိချင်ယောင်ဆောင်ပေးပါ၊ မနှစ်သိမ့်ဖို့အောင် ကြိုးစားပါ၊ မမက ချစ်နေခွင့်သာရချင်ပြီး ဈာန်အချစ်တွေကို လက်မှမခံချင်တော့တာ၊ ဈာန်ဘဝမှာ ကနုတ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဈာန်အချစ်တွေကို မမ မမျှော်လင့်တော့ဘူး၊ ရှူးသွပ်ခွင့်တိတ်တခိုးရူးသွပ်ခွင့်လေးကိုပဲ မမရင်ထဲမှာ သိမ်းဆည်းထားတော့မယ်''

''မမရယ်''

ရှိုက်သံနှင့်အတူ မမမျက်ဝန်းမှ မျက်ရည်စက်အချို့ လိမ့်ဆင်းကြွေကျလာခဲ့သည်။ သုတ်မပေးမိအောင် ကြိုးစားရင်း ကိုယ့်မျက်ရည်တွေကိုလည်း သုတ်ဖယ်ပစ်ဖို့ မကြိုးစားမိခဲ့။

ကြိုတင်အလွမ်းတွေကြားက လှိုက်လှဲနူးညံ့သိမ်မွေ့ညင်သာသော အပြုံးတစ်စကို ဖန်ဆင်းဖြစ်ခဲ့၏။

မမရင်ထဲက လက်ကျန်တစ်ပွန်းတစ်စအချစ်တွေကို မြင်လိုက်ရ၍ပါ။

အရာရာအတွက် ကျေးဇူးပါတယ် မမရယ်။

✿ ✿ ✿



## အခန်း (၃၃)

ဒီနေ့ ကနုတ်ကို ဆေးကုဖို့ မမ နိုင်ငံခြားလိုက်သွားသည်။ မြန်မာပြည် တစ်မြေတည်း၊ တစ်ရေတည်းမှာ မမ မရှိဘူးဆိုတဲ့အသိက ရင်ကိုပိုပြီး လစ်ဟာလိုက်မောစေ၏။ နေရာတိုင်းမှာ မမမျက်နှာလေးကိုသာမြင်ယောင်ပြီး တမ်းတ,စိတ်နှင့် အိမ်ထဲကနေလည်း အိမ်ပြင်မထွက်ချင်။

ထိုအချိန်မှာ အိမ်ထဲကို သူရနှင့်ဝဏ္ဏ ကမူးရှူးတိုးဝင်လာကြကာ သူထိုင်နေတဲ့ မျက်နှာချင်းဆိုင် ဆိုဖာခုံတွေမှာ ဝင်ထိုင်လိုက်ကြသည်။

''မင်း ဘာဖြစ်လို့ လေယာဉ်ကွင်းကို လိုက်မလာတာလဲ ဈာန်၊ ငါတို့တောင် လိုက်ပို့ပြီးလို့ ပြန်လာကြပြီ၊ မင်းက ခုချိန်ထိ



www.burmeseclassic.com

www.burmeseclassic.com



ငုတ်တုတ်မေ့နေတုန်းပါလား''

''အလွမ်းတွေနဲ့ ညှိုးနွမ်းနာကျင်နေမယ့် မမ မျက်နှာလေးကို မမြင်ရက်လို့ပါ''

''ဝေဒနာတွေနဲ့ ခံစားနေရတဲ့ ကနုတ်ကို သနားပြီး မကြည့်ရက်လို့ပါလို့ ဟန်ဆောင်ပြီးဖြေမပေးတဲ့အတွက် မင်းကို အပြစ်မမြင်တော့ပါဘူး ရှာန်၊ ဘယ်လိုအကြောင်းအရာ, ဘယ်လိုအဖြစ်အပျက်ကိုပဲဖြစ်ဖြစ် မင်း မလိမ်ညာတတ်, ဟန်မဆောင်တတ်ဘူးဆိုတာ ငါတို့ နားလည်သွားပါပြီ၊ ဘာဖြစ်ဖြစ် ကနုတ် အောင်အောင်မြင်မြင် ဆေးကုသပြီး ပြန်ရောက်လာတဲ့အခါ''

''ငါသိပါတယ်၊ ငါအရွံမုန်းဆုံးအလုပ်ကို စိတ်ထဲပါပါ မပါပါ လုပ်ရတော့မယ်၊ ဟန်ဆောင်မှုတွေနဲ့ ရှေ့ဆက်ရတော့မယ်လေ''

ပင့်သက်ရှိုက်သံမှလွဲ၍ ညည့်ခန်းလေးထဲမှာ အတန်ကြာ စကားသံတွေ တိတ်ဆိတ်သွားခဲ့သည်။ ရှာန်က ဝဏ္ဏလက်ထဲက စီးကရက်ဘူးကိုယူကာ တစ်လိပ်မီးညှိသောက်ပြီး တလိပ်လိပ်အငွေ့ပျံတက်သွားတဲ့ စီးကရက်မီးခိုးငွေ့တွေကို အငိုင်မဲ့လိုက်ကြည့်နေ၏။

ရှာန်ခံစားမှုတွေက ယိုမီးခိုးငွေ့တွေလို ဖမ်းဆုပ်လို့မရနိုင်။ ဝဏ္ဏက ပင့်သက်တစ်ရှိုက်နှင့် ဆိုဖာခုံကို ကျောကပ်မှီလိုက်ပြီး -

''မပြောကောင်း မဆိုကောင်း မြန်မာပြည်ကိုအပြန်မှာ ကနုတ် ပါမလာဘူးဆိုရင် မင်းနဲ့မမရဲ့ ချစ်ခရီးလမ်း ဖြောင့်ဖြူးသာယာ





နိုင်မှာပါ။ ထောက်ထားငဲ့ညှာစာနာပေးရမယ့်သူမှ မရှိတော့ဘဲ၊ ငါတို့လည်း ကနုတ် လူ့လောကကြီးထဲမှာ မရှိတော့ဘူးဆိုရင် မင်းနဲ့မမကို သဘောတူကြည်ဖြူဖြစ်ကြမှာပါ''

ဝဏ္ဏစကားကြောင့် ရှာန်က ခြောက်ကပ်ကပ်အော်ဟစ်ရယ်လိုက်၏။ ဝဏ္ဏနဲ့သူရကာ ရှာန်ကို နားမလည်သလို ချာခနဲလှည့်ကြည့်လိုက်ကြသည်။ ရှာန့်မျက်ဝန်းက မျက်ရည်တွေကြောင့် စိုစွတ်လက်ဖြာနေသည်။

''မင်းတို့ သဘောတူကြည်ဖြူမယ်ဆိုတဲ့အတွက် ငါ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ငါ့ဘဝမှာ ကနုတ်ရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ မမက ငါ့ကိုလက်မခံတော့ဘူးတဲ့၊ ကနုတ်သေဆုံးတာ, ရှင်သန်တာ ငါနဲ့မမအတွက် ဘာမှထူးခြားမလာနိုင်တော့ပါဘူး၊ မင်းကို မုန်းတယ်လို့ သေချာမပြောတာကလွဲရင် တစ်သက်စာမေ့နိုင်အောင် ကြိုးစားတော့မယ်ထင်တယ်၊ ငါကလည်း ကနုတ်အပေါ်မှာ လင်ယောက်ျားကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားတော့မှာဆိုတော့ မမနဲ့ငါက ဝေးသထက် ဝေးသွားပါပြီကွာ''

''မမက မင်းကို တကယ်ချစ်ခဲ့တယ်ဆိုတာ ငါတို့သိတယ် ရှာန်၊ နောင်အချိန်တွေအထိ ချစ်နေဦးမယ်ဆိုတာလည်း သေချာတယ်''

''ငါလည်း ချစ်နေမှာပဲပေါ့ကွာ၊ မပေါင်းစုံရတဲ့အတွက် ငါ



www.burmeseclassic.com

www.burmeseclassic.com



နောင်တမရပါဘူး၊ ချစ်ခဲ့ရတဲ့အချိန်တွေအတွက် ငါကျေနပ်ပါတယ်၊ ဖြေသိမ့်အစားထိုးလို့ရမယ့်အရာမျိုး ရှိလာခဲ့ရင်တောင် မမလောက် ငါ တန်ဖိုးထားမိမှာ မဟုတ်ဘူး သူရ၊ ဖြစ်နိုင်မယ်ဆိုရင် ကနုတ်ကို ရင်ခွင်ထဲမှာ ထွေးပိုက်ထားဖြစ်ရင်းနဲ့ မမကို တစ်သက်စာ ငေးမော တမ်းတခွင့်လေး ရနေချင်သေးတယ်၊ မမ ကျေနပ်မယ်ဆိုရင် နောက် ဘဝတွေထိပေါ့''

ချာန့်အသံက လှိုက်မောတမ်းတမှုတွေနဲ့ တုန်ယင်အက်ရှ နေ၏။ ဆေးလိပ်ခွက်ထဲ ထိုးချေထည့်လိုက်တဲ့ မီးခိုးငွေ့ကြောင့်လား မသိ။ မျက်ရည်စတွေ လွှင့်ခနဲ လိမ့်ဆင်းကျလာသည်။ ဝဏ္ဏက ချာန့်ပခုံးကို ခပ်တင်းတင်းဆုပ်ဖက်လိုက်ကာ –

''စိတ်မကောင်းပါဘူး ချာန်ရာ၊ အချစ်ကိုအလေးအနက် တန်ဖိုးထား ကိုးကွယ်ချင်တဲ့ မင်းအတွက် ငါတို့က အတားအဆီးတစ် ခုလို ဖြစ်နေခဲ့တယ်နော်၊ ခွင့်လွှတ်ပါလို့ ပြောခဲ့မိရင်တောင် တန်ပါ့ မလားမသိဘူး၊ ကနုတ်အတွက် ငါတို့အားလုံး အတ္တကြီးမိခဲ့ကြတယ်''

သူရကလည်း ချာန်လက်တစ်ဖက်ကို သူ့လက်နှင့် အားပါ ပါ ဖျစ်ညှစ်၍ –

''ချာန် ငါတို့ မင်းအပေါ်ရော, မမအပေါ်ရော မတရား ခဲ့ကြပါဘူးကွာ၊ အရမ်းချစ်ကြတဲ့ မင်းတို့နှစ်ယောက်ကြားမှာ အနှောင့် အယှက်, အဟန့်အတားဖြစ်နေရတာ တကယ်စိတ်မကောင်းပါဘူး၊





ငါတို့တောင်းပန်လို့လည်း ဘာမှပြောင်းလဲလာမှာ မဟုတ်တော့ဘူး နော်၊ ကနုတ်ရဲ့နောက်ဆုံးအချိန်တွေအတွက် ငါတို့မှာ အပြစ်ရှိပါတယ်၊ မင်း အပြစ်ပေးကွာ၊ ကြိုက်သလိုလုပ်''

''မင်းတို့အားလုံးကို အပြစ်လို့မြင်ခဲ့ရင် ဆက်ပေါင်းဖြစ်မှာ တောင်မဟုတ်ပါဘူး၊ ငါ့ဘဝကိုက ဒီအတိုင်းဖြစ်လာစေခဲ့တာပါ၊ အ ကြောင်းအရာတိုင်းဟာ အကျိုးတရားကြောင့် ဖြစ်လာတာလို့ မမ ပြောဖူးတယ်၊ လောကဓံဆိုတာ ဘဝကိုကြမ်းတမ်းစွာ ရင်ဆိုင်ရမှ မဟုတ်ဘူးတဲ့လေ၊ ဆင်းရဲချမ်းသာ ဂုဏ်ရှိဂုဏ်မဲ့အားလုံး ရင်ဆိုင်ရ တတ်တယ်တဲ့လေ၊ ဘယ်အကြောင်းအရာပဲဖြစ်ဖြစ် ကြံ့ကြံ့ခံနိုင်ဖို့ဆို တာလည်း စိတ်ခွန်အားနဲ့ တွန်းလှန်ရဲတဲ့စိတ်ရှိမှလို့ ပြောတယ်''

ချာန်ရဲ့လွမ်းဆွေးမှုကြောင့် သူရနှင့်ဝဏ္ဏ မျက်ရည်လည်နေ ကြသည်။ ချာန်ရင်ထဲကို အတွင်းကျကျလှမ်းမြင်ကာ စာနာစိတ်တွေ လည်း ဖြစ်နေကြ၏။

ဒါပေမဲ့ နောက်ပြန်ဆုတ်ဖို့လည်း လမ်းပျောက်နေခဲ့ကြ၏။ ချာန်က ပင့်သက်တစ်ရှိုက်နှင့် –

''မမ အမှတ်တမဲ့ပြောခဲ့တဲ့စကားတွေက ဒီအချိန်မှာ ငါ့အ တွက် အရမ်းတန်ဖိုးရှိနေတယ်၊ ကနုတ်ပြန်လာတဲ့အခါ ငါ့ဘက်က ပြင်ဆင်မှုတွေ အဆင်သင့်ဖြစ်နေအောင် ကြိုးစားထားရမှာပေါ့၊ ဒါပေမဲ့ မမစကားတွေကြားယောင်ပြီး, မမမျက်နှာလေးကိုမြင်ယောင်ပြီး ငါ



www.burmeseclassic.com

www.burmeseclassic.com



အရမ်းလွမ်းနေဆဲပဲ၊ သေရာပါ အနာတရတွေနဲ့ ဒဏ်ရာတွေက ဘယ်တော့မှ ပျောက်ကင်းတော့မယ် မထင်ဘူး။ တစ်မြေတည်းမှာ မဟုတ်ဘူးဆိုတဲ့အသိက ခဏလေးပါလို့ ဖြေသိမ့်တွေးနေတာကောင်း အရမ်းနာကျင်နေတာပဲကွာ၊ ပြန်လာတဲ့အခါ ကနုတ်ပြန်ပါလာပါစေလို့ ဆုတောင်းရင်းနဲ့ မမျက်နှာလေးကိုကြည့်ပြီး အလွမ်းဖြေချင်တယ်"

"ရှာနီရှာ"

"သူငယ်ချင်းရာ"

မချိတင်ကဲရေရွတ်ကာ ရှာနကိုဖက်တွယ်ပြီး ဝဏ္ဏနဲ့သူရ ငိုချလိုက်ကြ၏။ ရှာနကတော့ ရင်ထဲရှိကာတွေ ဖွင့်ပြောလိုက်ပြီးပြီမို့ ကျစရာမျက်ရည်တွေလည်း ခန်းခြောက်သွားသည်။

ရှိုက်သံတွေလည်း တိုးဝါိတ်သွား၏။

ရင်ထဲမှာ ဘာမှမရှိတော့ပေမယ့်။

လွမ်းမျက်ရည် စိုစိုရွှဲလို့

နာကျင်တာ ကျွမ်းမြည့်နေပါသော်လည်း

မခေါ်သာ တော်ရာက

ကျိတ်ကာ လွမ်းနေရတော့မယ်ထင်ပါရဲ့ မမရယ်။

✿ ✿ ✿



အခန်း (၃၄)

သုံးသန့်ကြာပြီးနောက် . . .

"သမီးကြီးပြန်ရောက်လာတာသာသိရင် သားလတ်နဲ့ သမီး ငယ် အရမ်းပျော်နေကြမှာ သမီးရဲ့၊ သူတို့မမကြီးနဲ့ ထမင်းလက်ဆုံ တူတူမစားရတာ ကြာလို့တဲ့လေ၊ အလုပ်ကပြန်လာတိုင်း တဖွဖွပြော မဆုံးဘူး"

"အံ့မှုးလည်း ဒအောက်မေ့နေတာပါ အမေ၊ ကျောင်းသွား တက်ရတဲ့ ခံစားမှုမျိုးမဟုတ်တော့ အိမ်ကို ပိုပြီးလွမ်းတယ်၊ အခု အိမ်ပြန်ရောက်မှ လွတ်လပ်ပေါ့ပါးသွားသလိုပဲ"

အိမ်ပြန်ရောက်ပြီမို့ ကြည်နူးခြင်းအပျော်တွေဖြင့် အမေ့ပါး



www.burmeseclassic.com

www.burmeseclassic.com



လေးကို ရှုတ်ခနဲနမ်းပြီး အမေနှင့်မောင်လေး၊ ညီမလေးအတွက် နိုင်ငံခြားပြန်လက်ဆောင်တွေကို အိတ်ထဲကနေ ခွဲခြမ်းစိတ်ဖြာ ထုတ်နေမိသည်။ အမေက အံ့မှုုအနားကပ်ထိုင်ကာ –

"အင်း ပစ္စည်းဥစ္စာပြည့်စုံတဲ့သူ၊ ငွေကြေးတတ်နိုင်တဲ့သူတွေကျတော့လည်း သေမင်းလက်က အသက်ကိုပြန်လုယူနိုင်ဘဲနော်၊ ဒေါ်သဇင်မြင့်တို့ကတော့ သူတို့သမီးလေး သေကံမရောက် သက်မပျောက်ဘဲ ပြန်လာနိုင်တာကို တော်တော်ဝမ်းသာနေမှာပေါ့၊ မေမေလည်း ကျန်းမာချမ်းသာစွာပြန်လာဖို့ ဆုတောင်းပေးနေတာပါ"

"ကြံ့ခိုင်မှုခွန်အားနဲ့ စိတ်ဓာတ်ကလည်း ရောဂါကို တစ်ဝက်လောက်သက်သာအောင် ကုစားနိုင်တယ်လေ၊ ကနုတ်က အရမ်းစိတ်ဓာတ်မာပြီး သတ္တိရှိတယ်၊ မြန်မာပြည် မြန်မြန်ပြန်လာချင်နေတာဆိုတော့ ရောဂါပျောက်မှုဖြစ်မှာလို့ သူ တွေးနေမှာပေါ့"

"သမီးကြီး အနီးကပ် ဂရုစိုက်စောင့်ရှောက်နိုင်တာကြောင့်လည်း ပါမှာပါ၊ သူ့မိဘတွေက သမီးကို ကျေးဇူးတင်နေကြမှာပေါ့၊ ဒါပေမဲ့ သမီးကျေးဇူးပြန်ပြုရတာ အသေးအမွှားပဲရှိသေးတယ်နော်"

အသည်းနှလုံးတွေ၊ ဘဝတစ်ခုလုံးစာ ကျေးဇူးပြုပြီးသားပါလို့ အမေ့ကို ဖွင့်ဟမပြောဖြစ်။ ခံနိုင်ရည်အားကို ပြတ်သားသောသတ္တိတွေနဲ့ အားပြုထိန်းချုပ်လာခဲ့ပြီးမှ ရင်ကွဲနာကျလည်း လူသိခံလို့မှ မဖြစ်ဘဲ။





"ဆေးရုံမှာ ကနုတ်နဲ့ အချိန်တော်တော်ကြာကြာစွာ တူတူနေခဲ့ရတော့ အံ့မှုုတို့ဘဝအကြောင်းလေးတွေ ကနုတ်ကို ပြောပြဖြစ်တယ်၊ ဆင်းရဲတဲ့ဘဝမှာ ရောင့်ရဲတင်းတိမ်ခြင်း အားမာန်တွေနဲ့ တွန်းလှန်အံတုခဲ့ရတဲ့အကြောင်း၊ ပစ္စည်းဥစ္စာ မကြွယ်ဝ၊ မပြည့်စုံပေမယ့် နွေးထွေးတဲ့မိသားစုဘဝလေးက ပျော်စရာကောင်းခဲ့တဲ့အကြောင်း၊ ပြီးတော့ အနေဆင်းရဲ၊ အစားဆင်းရဲ ဘဝဆင်းရဲတဲ့ ခံစားမှုလောက်ဘာမှအရေးမကြီးတဲ့အကြောင်း၊ အို စုံလို့ပါပဲ၊ အံ့မှုုပြောပြတော့ ကနုတ် စိတ်ဝင်တစားနားထောင်ပေးတယ် အမေ"

"ဩော် သမီးကြီးရယ် ကျန်းမာရေးမကောင်းလို့ ဆေးရုံတက်နေတဲ့သူကို ဘာလို့စိတ်ညစ်သွားအောင် ပြောပြနေသလဲကွယ်"

"သူ့ကို စိတ်ပြေလက်ပျောက်ဖြစ်အောင် ပြောပြတာပါ၊ သူကလည်း အံ့မှုု တစ်ခါလောက်စလိုက်တာနဲ့ ခဏခဏ ပြောခိုင်းနေတော့လေ"

"အင်း အမြင့်မှာနေတဲ့သူက အနိမ့်တန်းစားဘဝတွေအကြောင်း စိတ်ဝင်တစားနားထောင်ပေးတယ်ဆိုတော့လည်း ဒီကလေးမလေး သဘောပေါက်လွယ်ရင် ရင့်ကျက်မှုရှိသွားတာပေါ့ကွယ်၊ အမေတို့ သမီးကြီးတို့စေတနာကြောင့် လူကောင်းတွေနဲ့ တွေ့ရတယ်လို့ အောက်မေ့ပါ၊ နောင်တစ်သက်လုံး ယုတ်ညံ့တဲ့အတွေးတွေ မဝင်မိစေနဲ့နော်၊ အဆင့်အတန်းဆိုတာ ပစ္စည်းဥစ္စာငွေကြေးနဲ့ တိုင်းတာ



www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်ဘူး''

"ဟုတ်ကဲ့ပါ အမေ၊ အမေ့အသုံးအမတွေအောက်မှာ အံမှူး ဘယ်တော့မှ အောက်ခြေမလွတ်ပါဘူး အမေ''

အမေက ပြုံးပြုံးကြီးနှင့် ကျေနပ်နေ၏။ သားသမီးတွေရဲ့ ကိုယ်ကျင့်တရားနှင့် ဂုဏ်သိက္ခာတွေကြောင့် အမေ ဝမ်းသာပျော်ရွှင်နေတာမြင်တော့ အဖေ့ကို သတိရမိပြန်သည်။ အဖေသာရှိလျှင် ဒီမိသားစုလေးက ဘယ်လောက်တောင် ပျော်ရွှင်ကြည်နူးစရာကောင်းလိုက်မလဲ။

"ဟား မမကြီး ပြန်လာပြီဟေ့၊ ထမင်းတူတူစားရတော့မယ်၊ မမကြီးကို အရမ်းအောက်မေ့နေတာဗျ''

"ဟယ် မမကြီးရှေ့မှာ ပုံနေတာပဲ၊ လက်ဆောင်တွေ အများကြီး ဝယ်လာတာလားဟင်''

"ဩော် သမီးလေးရယ် မမကြီးက အပျော်ခရီး ထွက်သွားတာမှမဟုတ်တာ၊ နည်းနည်းပါးပါးပဲ ပါတာတော့၊ ကဲ ကဲ မမကြီးက ဗိုက်ဆာနေရဲ့နဲ့, သမီးလေးတို့နဲ့ ထမင်းတူတူစားဖို့ စောင့်နေရတာ၊ ချိုင့်တွေကို နောက်မှဆေးကြနော်၊ ထမင်းပွဲပြင်ရအောင်''

"ဟေး''

မောင်လေးနှင့် ညီမလေးက ကလေးတွေလို ဟေးခနဲ ခုန်ပေါက်အော်၍ အံမှူးပါးလေးကို တစ်ဖက်တစ်ချက်နမ်းကာ ထမင်း





ပွဲပြင်ဖို့ ထွက်သွားကြသည်။

အံမှူးနဲ့အမေလည်း စကားစပြတ်ကာ မောင်လေးနောက် လိုက်လာခဲ့ကြသည်။ ထမင်းဝိုင်းထိုင်တော့ ဟိုလူ့ထဲ ဟင်းတွေထည့်၊ ဒီလူ့ထဲဟင်းတွေထည့်ဖြင့် ကြည်နူးစရာကောင်းလှသည်။ ဒါပေမဲ့ အံမှူးစိတ်တွေ တစ်နေရာကိုလွင့်ပါးနေ၏။

"မမကြီး သိသိသာသာပိန်ကျသွားတယ်နော်၊ ဟိုမှာ အရမ်းပင်ပန်းခဲ့လားဟင်၊ ကျန်းမာရေးရော ကောင်းရဲ့လား''

"ဩော် အင်း ကောင်း ကောင်းပါတယ်၊ ကျန်းမာရေးက ဒေါင်ဒေါင်မြည်ပေမယ့် မိသားစုထမင်းဝိုင်းလေးကိုပဲ တမ်းတနေတော့ စားရသောက်ရတာ သိပ်အဆင်မပြေဘူး။ ဟင်း ဟင်း ဟိုမှာ ဒေါသဖင်မြင့်တို့က ဟိုတယ်စာတွေ, အကောင်းစားဆိုင်တွေ မှာကျွေးကာလေ၊ ဒါပေမဲ့ အခုလို အမေ့လက်ရာ ကြက်သားဆီပြန်, မရန်းသီးထောင်း, ဘူးသီးဟင်းခါးလောက်တော့ ဘယ်ကောင်းမလဲ''

မောင်လေးစကားကြောင့် ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်ရင်း အရယ်အရွှန်းစကားများဖြင့် အာရုံပြောင်းလိုက်ရသည်။ အမေက သူ့မပန်းကန်ထဲ ကြက်သားတစ်တုံးခပ်ထည့်ပေးကာ –

"လူမမာနားမှာ အချိန်ပြည့် အနီးကပ်နေခဲ့ရတော့လည်း စိတ်ရော,လူရော ပင်ပန်းချင် ပင်ပန်းခဲ့မှာပေါ့၊ အခု အလုပ် တန်းခနဲ မဝင်ရသေးဘူး မဟုတ်လား၊ ကောင်းကောင်းအနားယူဦးပေါ့ကွယ်''



www.burmeseclassic.com

www.burmeseclassic.com



"မမကြီး အဲဒီ ကနုတ်ရော ကျန်းမာရေးတော်တော်ကောင်း လာပြီလားဟင်၊ ဂျာနယ်တွေထဲမှာ ဖတ်လိုက်ရတာ၊ သူ့ယောက်ျား လင်းလက်ချာန်က နိုင်ငံခြားကို လိုက်မသွားဘူးဆို၊ အိမ်ထောင်ရေး အက်ကြောင်းထင်နေသလိုပဲလို့ ဝေဖန်နေကြတယ်၊ အဲဒါ ဟုတ်လား မမကြီး"

"အို မဟုတ်ပါဘူး၊ သူတို့အိမ်ထောင်ရေး အဆင်ပြေပါ တယ်၊ ပတ်ဝန်းကျင်ရဲ့ကောလာဟလကတော့ ဒီလိုပဲ လျှောက်ပြီး ဝါဒဖြန့်တတ်ကြတာပဲ"

အံမှုူး ကပျာကယာငြင်းဆန်လိုက်မိပြီးမှ အသွားတုန်းက လည်း လိုက်မပို့၊ အပြန်လည်းလာမကြိုတဲ့ ချာန်နဲ့ ကနုတ်တို့ ဘယ် လိုအဖုအထစ်တွေနဲ့ အဆင်မပြေဖြစ်နေမလဲလို့ စိုးရိမ်မိသည်။

ဒေါ်သဇင်ကတောင် –

"သမီးကို ဒီကောင်လေးနဲ့ လက်ထပ်ပေးမိတာ မှားပြီနဲ့တူ တယ် အံမှုူးရယ်၊ နိုင်ငံခြားမှာ ဆေးရုံတက်နေတာတောင် သမီးက မနေနိုင်လို့ ဖုန်းဆက်မှ စကားပြောဖော်ရတယ်၊ အစက သူတို့ချင်း မေတ္တာသက်ဝင်ချစ်ခင်ကြလို့ လက်ထပ်ဖြစ်ကြတယ် ထင်နေတာ၊ ဘာတွေဘယ်လိုဖြစ်ကြတယ် မသိပါဘူး"

ညည်းညည်းညူညူနှင့် တိုင်ပင်တော့ ချာန်နှင့်လည်း နီးနေ တာမဟုတ်၍ ဘာပြန်ပြောရမှန်းမသိခဲ့။ ချာန် အနေစိမ်းတာ ကနုတ်





နေတတ်လား၊ ခံနိုင်ရည်ရှိလား မသိပေမယ့် အံမှုူးတော်တော်လေး မွန်းကျပ်ကာ စိတ်ပင်ပန်းခဲ့သည်။

အခု ပြန်ရောက်လာပြီဆိုရင်တော့ သူမ ပြောခဲ့တဲ့စကားတွေ နှင့် ချာန် ပြောင်းလဲချင်လည်း ပြောင်းလဲနေမှာပါ။ သူမတောင်မှ မိ သားစုရေးထက် တစ်ခါတစ်ရံ ချာန်ကို ပိုပြီးသတိရအောက်မေ့နေတတ် သည်။

ရင့်ကျက်တည်ငြိမ်နေပါပြီလို့ ဟစ်ကြွေးထားတဲ့ သူမနှလုံး သားတွေက ချာန်နဲ့ပတ်သက်လျှင် လှုပ်လှုပ်ခတ်ခတ်နှင့် အခုချိန်ထိ ပျော့ညံ့တွေဝေနေဆဲပဲလေ။

မလွမ်းပါဘူးလို့ စိတ်တင်းထားလည်း ချာန်နဲ့ချစ်ခဲ့ကြတဲ့ အရင်ချိန်လေးကို သတိရကာ မျက်ရည်ကျချင်၏။ မဖြစ်သင့်ဘူးလို့ စဉ်းစားနေသော်လည်း စိတ်ကူးယဉ်အတွေးထဲမှာ ချာန်ကို အပါခေါ် ချင်မိပြန်သည်။

နေမြင့်လေ အရှုးရင့်လေဖြင့် လူက အရင်လိုလည်း ပေါ့ပါး လန်းဆန်းပြီးလည်း နေလို့မရ၊ ဟန်ဆောင်ထိန်းချုပ်ဖို့လည်း မတတ် နိုင်တော့တာမို့ ထမင်းစားခြင်းကို လက်စသတ်၍ ဒ႑ခန်းထဲရောက်မှ ပင့်သက်ရှိုက်ရင်း မျက်ရည်ဝဲရသည်။

ဘယ်သူမှမသိတဲ့ လွမ်းခွင့်လေးနဲ့ တိတ်တခိုးချစ်နေဆဲပါ ချာန်ရယ်။ အသက်ရှူခွင့်ရနေတဲ့ အချိန်ကာလပေါင်းများစွာထိပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ချစ်လည်း မလွမ်းသာ
တော်ရာက ကြေကွဲ
နွမ်းချည့်ပြီး နလုံးသားဆီက
ပိုပြီး ချစ်နေဆဲပဲလေ။

✿ ✿ ✿



## အခန်း (၃၅)

“ကနုတ် နင် နိုးလာပြီလား။ ဒီမှာ ဘရိတ်ဖတ်(စ်) စီစဉ်ထားတယ်၊ ငါဖျော်ထားတဲ့ကော်ဖီ မကြိုက်ရင် နင့်ဟာနင် ဖျော်သောက်နော်။ အားလုံးအဆင်သင့်ရှိတယ်၊ ညြော် နင်အနားယူရတုန်း လက်ရာကောင်းကောင်းနဲ့ ငါချက်ကျွေးမယ်၊ နင် ဘာစားချင်လဲဟင်၊ ငါ ဈေးသွားလိုက်မယ်”

မျက်လုံးမဆုံမိအောင် ကြိုးစားပြီး ဂရုစိုက်သလိုလိုနှင့် အလုပ်ရှုပ်ပျာယာခတ်ပြနေသော ဈာန့်ကိုကြည့်ကာ ကနုတ် မချိပြုံးပြုံးနေမိသည်။ နိုင်ငံခြားကနေ ကနုတ် ဆေးကုသပြီးပြန်လာမှ ဈာန်ဘက်က အပြုအမူ အပြောအဆိုတွေ တော်တော်ပြောင်းလဲသွားသည်။

အစားအသောက်နှင့်ဆေးကို ပုံမှန်ဂရုစိုက်ပြီး ကြင်ကြင်နာ



www.burmeseclassic.com

www.burmeseclassic.com



နာလုပ်ပေးကာ အိမ်အကူမရှိသော ဒီအိမ်လေးမှာ သန့်ရှင်းရေးကအစ ဈာန်ကသာ လုပ်သည်။ သူမက မနေတတ်လို့ ဝိုင်းကူလုပ်တော့လည်း

"နင် အေးဗြာအေးဆေးဆေးနေပါဟာ၊ ငါလည်း သီချင်းကိစ္စတွေ ခဏနားထားလို့ ဟာ၊အခုလုပ်မှမရှိတာ၊ ငါလုပ်တတ်သလောက် လုပ်သွားပါ့မယ်"

တဲ့။ တပ ၊ ယ့်အိမ်ထောင်ဦးစီးကောင်းတစ်ယောက်လို၊ လင်ယောက်ျားကောင်းတစ်ယောက်လို တာဝန်တွေကျေပြွနေသည်။ ဒါပေမဲ့ ညအိပ်ရာဝင်သည့်အခါ ဟိုအရင်လိုပဲ သူမနှင့် အတူတူမအိပ်ပါ။ ညဉ့်နက်ချိန်ထိ တီဗီထိုင်ကြည့်၊ ဂိမ်းကစားပြီးတာနှင့် ဒရင်းဘတ်ဒ်ပေါ်မှာ ဖြစ်သလို အိပ်တတ်သည်။

ဒါကြောင့်လည်း ဈာန် မကျွမ်းကျင်သော ဟန်ဆောင်မှုတွေကို သူမ သံသယဝင်ခဲ့တာ။ ဘာကြောင့်လဲဆိုတာ ဈာန့်ရင်ကိုခွဲပြီး ဝင်ကြည့်ရသလို သိသာထင်ရှားနေသည်။

ခုလည်း စားပွဲဝိုင်းကြီးပေါ်မှာ စားစရာတွေပြင်ပေးခဲ့ပြီး ဈေးသွားဖို့ပြင်ဆင်နေ၏။ သူမက ထိုင်ခုံမှထကာ ဈာန့်အနီး လျှောက်သွားလိုက်သည်။

"ဈာန် နင်ဟန်ဆောင်တာတွေက မပီပြင်ဘူး။ အိုဗာတွေများလွန်းနေတယ်၊ အဲဒီတော့ လုပ်ပြချင်တာပဲရှိပြီး အနှစ်သာရမှ မပါဘဲ"





"ဟင် အဲ မ မဟုတ်ပါဘူးဟာ၊ နင် စိတ်ကျေနပ်တဲ့အထိ ငါကြိုးစားမှာပါ၊ အခု အထာမကျသေးလို့ နင် တစ်မျိုးမြင်နေတာပါ၊ နောက်တော့လည်း အဆင်ပြေသွားမှာပေါ့"

"မမ့စိတ်ဆန္ဒကြောင့် မဟုတ်ဘူးလို့ နင် ကတိပေးနိုင်လို့လား ဈာန်၊ မသိလို့မေးကြည့်နေတာတော့ မဟုတ်ပါဘူး၊ နင် မကျွမ်းကျင်ဘဲ ဟန်ဆောင်နေရတော့ ပင်ပန်းနေမလားလို့ပါ"

သိနေရင်လည်း လွှတ်ပေးလိုက်ပါလားလို့ ရင်ထဲက ပြောနေမိ၏။ လက်တွေ့မှာ သူ အဓိပ္ပာယ်ရှိရှိ ပြုံးလိုက်နိုင်ပါသည်။

"နင်စိတ်ကျေနပ်တဲ့အထိ ကြိုးစားသွားမှာပါလို့ ပြောပြီးပြီပဲ ကနုတ်ရယ်၊ နောင်တ,မရအောင်လည်း နင်ပြန်မလာခင်ကတည်းက ပြင်ဆင်ထားတာပါ"

"ဒါဆိုရင်လည်း ငါ့မေးခွန်းကို ခွဲခြားပြီးဖြေပေးပါ၊ နင် အခုလုပ်နေတာတွေက မမ့ဆန္ဒတွေအတိုင်း, မမ့ခိုင်းတဲ့အတိုင်း လုပ်နေတာလား။ ဒါမှမဟုတ် မမကို မေ့နိုင်အောင်ကြိုးစားနေတာလား"

ငြိမ်သက်သွားသော ဈာန့်မျက်နှာမှာ အရိပ်အယောင်တချို့ ဖြတ်ပြေးသွားကာ ရီဝေညို့မှိုင်းနေ၏။ မှားယွင်းစွာဖြေမိမှာစိုးရှိလား မသိ။ နီရဲမနေသောထောင့်ချိုးညီ ပိရိသေသပ်လှတဲ့ နှုတ်ခမ်းလေး တလှုပ်လှုပ်ဖြစ်နေပေမယ့် ဘာအသံမှ ထွက်မလာ။



www.burmeseclassic.com

www.burmeseclassic.com



သူမက ချာန့်လက်ကိုဆွဲ၍ ထိုင်ခုံမှာထိုင်ခိုင်းလိုက်ပြီး သူမလည်း ချာန်ဖျော်ထားတဲ့ ကော်ဖီတစ်ခွက်ကို တစ်ငုံလောက်ငုံလိုက်ကာ

"နင် မဖြေတတ်လို့ပဲဖြစ်ဖြစ်, မဖြေချင်လို့ပဲဖြစ်ဖြစ် ဘာကြောင့်လဲဆို ငါသိနေပါတယ်၊ ငါလည်း မရင့်ကျက်သေးပါဘူး၊ ငါ့ရောဂါက ခွဲစိတ်ကုသထားပေမယ့် သက်ဆိုးရှည်ချင်မှလည်း ရှည်လိမ့်မယ်လို့ပြောတယ်"

"အဲဒီအတွက် နင်စိတ်အားငယ်နေတာလား၊ နင့်အနားမှာ ငါတစ်သက်လုံး ရှိနေတော့မှာပါ"

ကနုတ်က ဆံပင်တွေသပ်ခါ လွင့်ခနဲပြုံး၏။

"ငါ အရင်က သေရမှာ အရမ်းကြောက်တယ်၊ အဲဒါကြောင့်လည်း နင်နဲ့မခွဲနိုင်ပေမယ့် ဆေးကုဖို့နိုင်ငံခြားကို လိုက်သွားခဲ့တာပါ၊ ဒါပေမဲ့ ငါ အခု သေရမှာမကြောက်တော့ဘူး"

နင်မချစ်မှာလည်း မကြောက်တော့ဘူးဆိုတဲ့ စကားကိုပြောထွက်လိုက်ချင်ပေမယ့် လည်ချောင်းဝမှာတင် တစ်ဆို့ပျောက်ကွယ်သွား၏။ ချာန်က မေးခွန်းမထုတ်ဘဲ စိတ်ဂနာမငြိမ်သလို စားပွဲခုံလေးကို လက်ညှိုးလေးနှင့် တဒေါက်ဒေါက် ခေါက်နေသည်။

"လူတစ်ယောက်ကို တစ်ဖက်သတ်ချစ်နေရတာ အရမ်းပင်ပန်းတာကိုလည်း ငါသိသွားပြီ၊ နင့်ကိုအပြစ်တင်နေတာ မဟုတ်ဘူး၊





နော်၊ ဟိုမှာနေတုန်းက ဘဝရဲ့သင်ခန်းစာတွေ မမဆီက ငါ အများကြီးကြားခဲ့ရတယ်၊ မမတို့ဘဝလေးက မပြည့်စုံခင်အချိန်တွေကတည်းက အရမ်းပျော်ရွှင်ကြည်နူးစရာကောင်းတယ်၊ စိတ်အေးချမ်းတော့ဘဝလည်း အေးချမ်းသွားတာပေါ့၊ ခုလည်း ငါ့လောက် မပြည့်စုံပေမယ့် အတ္တတွေ, လောဘတွေမရှိတော့ မမ စိတ်ချမ်းသာမှာပါ"

မမအကြောင်းပြောနေတော့ စားပွဲခုံကိုခေါက်နေတဲ့ ချာန်ရဲ့လက်ကလေး ရပ်တန့်သွားကာ မျက်လုံးတွေက အရောင်တွေတောက်လျက် စိတ်ဝင်တစားဖြစ်နေ၏။

"ပြီးတော့ ငါ့လောက် တန်ဖိုးကြီးအရာတွေ မပိုင်ဆိုင်ဖူးတဲ့ လူတစ်ယောက်ဆီက လှုယူနေမိတဲ့ ငါ့အဖြစ် ငါလည်း သတိထားမိသွားတယ်၊ နောက်တစ်ခုကတော့ မသေချာတာကို ပိုင်ဆိုင်ချင်တဲ့ ငါ့စိတ်ကိုပေါ့လေ၊ သူများတိုက်တွန်းမှ ချစ်ပေးလာမယ့် နင့်ရဲ့အချစ်တွေကိုပြောတာ၊ ကိုယ်ခန္ဓာကြီးကသာ ငါ့ရှေ့မှာရှိနေပြီး စိတ်ဆန္ဒတွေ အဝေးရောက်နေမယ့်"

"ကနုတ်"

ကနုတ်စကားတွေ ရှေ့ဆက်မလာအောင် ချာန် ခပ်ကျိတ်ကျိတ်ဟန့်တားလိုက်ပေမယ့် ရပ်တန့်သွားဖို့ ကနုတ်မှာ ဆန္ဒရှိပုံမပေါ်။ အပြုံးတို့က နွမ်းယဲ့ခြင်းလည်း မဟုတ်။ တောက်ပခြင်းလည်း မဟုတ်။ အဓိပ္ပာယ်ဖော်ဆောင်ရခက်သော အပြုံးတိုဖြင့် –



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘာမှားလို့လဲ ဈာန်၊ ရောဂါသည်ပါဆိုပြီး ဟန်ဆောင်ပေးသနားလာမယ့် နင့်ဆီက အကြင်နာမေတ္တာတွေကို ငါဘယ်အချိန့် ဘယ်ကာလအထိ အောင့်အီးသည်းခံနိုင်မှာလဲ၊ အမျိုးမျိုးစဉ်းစားရင်းနဲ့ မမအပေါ်မှာရော နင့်အပေါ်ရော ငါမတရားဘူးဆိုတာ တွေးမိလာတာ အမှန်ပဲ"

"နင် ဘာမှမတွေးနဲ့ ပြောမနေနဲ့တော့ ကနုတ်၊ ပြီးပြီးသားကိစ္စတွေက ဘာမှပြောင်းလဲလို့မရတော့ဘူး။ နင်ရော, ငါရော ဘာကိုပဲ မကျေနပ်နပ် ဘယ်သူ့ကိုမှလည်း အပြစ်တင်လို့မရတော့ဘူး၊ ငါ့ဘက်က မမကို မေ့နိုင်အောင်မကြိုးစားနိုင်တာလွဲရင် နင့်အပေါ်တာဝန်ကျေရမယ်လို့ ပြောပြီးပြီပဲ"

"ဒီအတိုင်းပဲ တစ်သက်လုံးနေနိုင်းတာက သေဒဏ်ပေးတာနဲ့ အတူတူပဲ မဟုတ်လား၊ နင့်မှာ ထွက်ပေါက်မရှိသလို, ငါလည်း ပြေးပေါက်ပိတ်နေပြီ၊ မမလည်း မွန်းကျပ်နေပြီ၊ သုံးယောက်စလုံး အသက်ရှူတွေ ရပ်တန့်လို့တော့မဖြစ်ဘူး ဈာန်"

"ငါ မတတ်နိုင်ဘူး၊ အဲဒါ မမရွေးချယ်တဲ့လမ်း၊ ကောင်းကောင်း, မကောင်းကောင်း ငါဆက်လျှောက်တော့မှာ၊ နောက်လှည့်မကြည့်တော့ဘူး၊ သိပြီလား"

အတိုက်အခံ ငြင်းခုန်ရင်းဖြင့် အဆုံးမသတ်မှာစိုးတာကြောင့် ဈာန် ဖွတ်ထွက်လာခဲ့သည်။ ကနုတ် ဘာတွေ လောဘကြီးနေတာလဲ။





သူ့ဘက်က ဘာတွေလုပ်ပေးစရာ ကျန်သေးလို့လဲ။

သူ့ဆန္ဒတွေ, ဖြစ်ချင်တာတွေ သင်္ဂြိုဟ်မြေမြှုပ်ပြီးမှ ဘာတွေထပ်လိုချင်သေးလို့လဲ။

ကနုတ်မျက်ဝန်းတွေကို ဘာသာမပြန်တတ်။ အချိန်ပေးပြီး ဘာသာပြန်ဖို့လည်း သူ မကြိုးစားချင်။

မမဆိုတဲ့ နာမ်စားလေးကိုသာ တရှိုက်မက်မက် ခေါ်ပြီး တမ်းတငေးမောကြည့်နေချင်၏။

ဒါပေမဲ့ ဘယ်တော့မှ ဝေဒနာကို မကြေညာချင်တော့ဘူး။ မမ,ထားရာနေ စေရာသွား။ ငိုနိုင်းလျှင် ငို၊ ဆိုနိုင်းလျှင် ဆို။

သေမိန့်ပေးလည်း လည်စင်းပေးဖို့ အဆင်သင့်။

ကနုတ်ကို ချစ်နိုင်းလျှင်တောင် ချစ်ပေးလိုက်ဖို့ ဆုံးဖြတ်ပြီးပြီ။

ဒါကိုမှ ကနုတ် မကျေနပ်လျှင် –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"နင် ကျန်းမာရေးတော်တော်ကောင်းသွားပြီပဲ၊ ငါတို့ အလုပ်တွေ ပြန်လုပ်လို့ရပြီပေါ့"

"တစ်ကျော့ပြန် ကနုတ်က အခုမှပိုလန်းနေတယ်ဟေ့၊ အရင်ကထက်တောင် နာမည်ပိုကြီးဦးမှာ သေချာတယ်"

"နင်မရှိလို့ဆိုပြီး ဈာန်က ဘာပွဲမှ လက်မခံထားဘူး၊ နင်ပါမှ အားရှိတယ် ထင်ပါတယ်"

အိတုံတို့သုံးယောက် ပြောနေတဲ့စကားတွေကို ကနုတ်က ပြုံးပျော်သွားတာ၊ စိတ်ဝင်စားတာ မရှိ၊ မျက်နှာသွင်ပြင်က လေးနက်မှုနှင့် တစ်ခုခုကို စဉ်းစားတွေးတောနေသလိုလို။

"ငါ ဈာန်ကို ကွာရှင်းလိုက်တော့မယ်"





"ဟင်"

"ဘာ"

"ကနုတ် နင်"

အထိတ်တလန့် အာမေဋိတ်သံနှင့် သုံးယောက်လုံး မျက်လုံးပြူးသွားရ၏။ ကနုတ်ရဲ့ ဒီလိုတည်ငြိမ်အေးစက်မှုမျိုး တစ်ခါမှမမြင်ဖူးတာမို့ အံ့ဩနေမိကြသည်။

"နင်ပြန်လာတာ ဒီကောင် အရင်လိုပဲ ဘာမှမပြောင်းလဲဘူးလား"

"နင် ဆေးကုသွားတုန်းက ဒီကောင် ငါတို့ကို ကတိပေးထားတာဟ၊ နင် ကျန်းမာရေးကောင်း ပြန်လာလို့ အချိုးတွေမပြောင်းတာလား၊ သူ့ကို စိတ်နာပြီး အလျင်စလို မဆုံးဖြတ်လိုက်ပါနဲ့၊ ငါတို့ ဈာန်နဲ့ ဆွေးနွေးကြည့်ပါဦးမယ်"

"နင် စိတ်သက်သာမှာမဟုတ်ဘဲနဲ့ ဒဏ်ရာထပ်မရပါစေနဲ့ဟယ်၊ ဈာန် ငါတို့ကို ကတိပေးထားပါတယ်"

နီစွေးစွေး ကနုတ်နှုတ်ခမ်းပါးလေး မဲ့ခနဲဖြစ်သွား၏။ ရေညှိစိမ်းရောင် ကွာတားဘောင်းဘီလေးနှင့် ခြေချင်းချိတ်ထိုင်နေတာက သံပတ်ပေးထားတဲ့ စက်ရုပ်လေးအတိုင်း ပျော်ခြင်း၊ အေးခြင်း ဘာခံစားမှုမှ မရှိတော့သလိုပင်။

"အဲဒါ ဟန်ဆောင်မှုတွေမဟုတ်ဘူးလား၊ ဈာန့်ဆီက အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ယံတွေကို ငါတွယ်ဖက်မထားချင်တော့ဘူး၊ တကယ်လိုအပ်ပြီး မမနှလုံးသားအတွက်ပဲ အသုံးတည့်မယ်ထင်လို့ပါ''

''ဒေါက်တာအံ့မျှးဝေ ဝမ်းသာအားရ လက်ခံမယ်ထင်လား ကနတ်''

''စေတနာသာသာထိုးထိုးနဲ့ ပြန်အပ်မှာသေချာပါတယ်၊ ငါကလည်း အဲဒါကိုပဲ လက်မခံချင်တာ၊ ဆေးရုံမှာ ငါ့ကို ဂရုစိုက်ပြုစုစောင့်ရှောက်ခဲ့တဲ့ မမအံ့မျှးဝေဘဝလေးကို ငါစာနာမိတယ်၊ တစ်ခုခု ပြန်လုပ်ပေးသင့်တယ်လို့လည်း ထင်တယ်လေ''

''ကနတ်ရာ၊ နင် ဖြစ်ပါ့မလား''

သူငယ်ချင်းတွေရဲ့ စိုးရိမ်ပူပန်မှုကို ကနတ်က ယွဲ့ယွဲ့လေး တုံ့ပြန်ပြုံးပြ၏။

''အခုလို ခံစားနေရတာထက်စာရင် ပိုပြီးသက်သာမယ်ထင်ပါတယ်၊ ဒီစကားတွေ ချာန်ကို ငါအပြည့်အစုံပြောပြချင်နေတာ၊ ချာန်က နားမထောင်ဘူး၊ မမ,ခိုင်းတဲ့အတိုင်း တစ်သဝေမတိမ်းလုပ်ရမယ်ဆိုတဲ့ အသိတွေပဲ အားသန်နေတယ်၊ သူ့ရင်ထဲမှာ မွှမွှကြွေနေတဲ့ ဒဏ်ရာကိုလည်း ဂရုမစိုက်တော့ဘူး၊ သူ ငါ့ကိုကြင်နာပြလေ ငါ ရင်နာရလေပဲ''

ကနတ် ဝေဒနာက မသက်သာပါ။ ဖြေဆေးလည်း မရှိ။ အနာကျက်ဆေးလည်း မရှိ။ သူတို့တွေ ဘာလုပ်ပေးဖို့ ကျန်ပါသေး၊





သလဲ။

''ချာန့်လည်း နင့်ကိုမချစ်ပေမယ့် အဲဒီကိစ္စကိုတော့ လက်ခံမယ်မထင်ဘူးနော်၊ သူ့ရဲ့လစ်လပ်မှုတွေကြောင့် နင် ဒီလိုဆုံးဖြတ်လိုက်တာဆိုပြီး မမ,မုန်းသွားမှာ သူစိုးရိမ်နေမှာ''

''အဲဒါကြောင့် ငါပြောတဲ့စကားတွေ ဆုံးအောင်နားမထောင်ဘဲ ဖွတ်ထွက်သွားတယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ ငါ့မှာ ရွေးစရာလမ်း မရှိတော့ဘူး၊ ငါတို့ပတ်ဝန်းကျင်နဲ့ ပရိသတ်ကလည်း ငါတို့အိမ်ထောင်ရေးအကြောင်းထင်နေပြီလို့ ဝေဖန်နေကြတယ် မဟုတ်လား၊ ဖြေရှင်းဖို့ သိပ်မခက်လောက်ပါဘူး''

''နင့်မိဘတွေလည်း နားလည်ပေးမှာ မဟုတ်ဘူး၊ နင်ဖြေရှင်းရမှာတွေ အများကြီး၊ မလွယ်လောက်ပါဘူး ကနတ်ရာ၊ ဒီအတိုင်းပဲ နေလိုက်ပါ''

ကနတ်က ခေါင်းကို တဖျပ်ဖျပ်ယမ်းခါပစ်ကာ -

''ငါတစ်ယောက်တည်းအတွက်နဲ့ အားလုံးစိတ်ဆင်းရဲရမှာကရော ဖြစ်သင့်လို့လား၊ တစ်ကိုယ်ကောင်းဆန်မိတဲ့ ကျိန်စာတွေ ငါ့ကိုယ်ငါပြန်ထိနေတာ ငါခံနိုင်ရည်မရှိဘူး၊ မမနဲ့ချာန် လက်ခံနိုင်မယ့်နည်းလမ်းကို ငါရှာမယ်၊ ပြီးရင် ချာန့်အတွက် နေရာမှန်ဖြစ်တဲ့ မမရင်ခွင်ထဲကို ချာန်ကိုပြန်ပို့မယ်''

''ဟာ ကနတ်ရာ ပေးလိုက်,ယူလိုက်နဲ့ ကုန်ပစ္စည်းမှ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ချာန်နဲ့မမ လက်ခံလိုက်ပြီပဲထားဦး ပတ်ဝန်းကျင်အသိုက်အဝန်း၊ ပရိသတ်, ပြီးတော့ နှစ်မိတ်ဂုဏ်သိက္ခာ, ဒါတွေကို ရင်ဆိုင်နိုင်ပါ့မလား၊ နင်လည်း တစ်ခုလပ်ဂုဏ်ပုဒ်နဲ့ နာမည်ဆိုးကျန်ခဲ့မှာ''

ကနုတ်က ဘယ်သူဘာပြောပြော လက်မခံချင်တော့သလို ခေါင်းကိုသာ တွင်တွင်ယမ်းနေသည်။ မျက်ဝန်းမှာ မျက်ရည်စတွေ မတွေ့ရသည့်အတွက် စိတ်သက်သာရရသေးသည်။

''နင် ချာန့်ကို နာကြည်းသွားလို့, မုန်းသွားလို့ စွန့်ခွာတော့ဖို့ ကြိုးစားလိုက်တာလား ကနုတ်''

''ဟင့်အင်း သူ့အချစ်တွေ တစ်သက်လုံးမရနိုင်တော့ဘူး ဆိုတာ သိသွားလို့၊ သူရော, ငါရော, မမရော သုံးယောက်လုံး ပင်ပန်းမယ့်လမ်းကို ငါမရွေးချယ်ချင်တော့ဘူး၊ ငါ သူ့ကို မစွန့်လွှတ်ချင် ပေမယ့် မပိုင်ဆိုင်ချင်တော့ဘူး၊ သူ့ကိုကြည့်ပြီး အမြဲတမ်းနာကျင်နေ ရမှာ, ကြေကွဲဝမ်းနည်းနေရမှာထက် မမကိုစွန့်လွှတ်ပေးဆပ်တဲ့ အရသာမျိုး ခံစားကြည့်ချင်တယ်''

''စိတ်ကူးယဉ်ကြည့်ရင်းနဲ့ နင့်ရောဂါပြန်ဖြစ်တော့ ဘယ်လို လုပ်မလဲဟယ်''

''ခွဲစိတ်ကုသခဲ့တာ အခြေအနေကောင်းပါတယ်၊ စိတ်တစ်ခုကို နိုင်နင်းမယ်ဆိုရင် ငါ အသက်ရှည်ရှည်နေရဦးမှာပါ၊ ငါ့မှာ ရောဂါရှိတာကိုသိသွားတဲ့အတွက် ဘာကိုမှ ပြင်းပြင်းထန်ထန် မခံစား





မိအောင် လေ့ကျင့်ရမှာပေါ့၊ နင်တို့ကို ကျေးဇူးတင်တယ်၊ ဒါပေမဲ့ ငါ ခုံးဖြတ်ပြီးနေလို့ပါ''

ယတိပြတ်ပြောပြီး ကနုတ်ဘက်က ပြောစရာမကျန်တော့သလို အသံတိတ်သွား၏။ သူတို့တွေလည်း ဘာပြောရမှန်း မသိတော့ပါ။

စောင့်ကြည့်ရမည့်သူတွေ ရင်မောနေသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"စောင့်ချင်လည်းစောင့်ပေါ့၊ ကုမ္ပဏီမှာ ဖုန်းဆက်ကြည့်လို့ မရှိတော့ဘူးဆိုရင် အိမ်ပြန်လာတော့မှာပါ"

"ဟုတ်ကဲ့၊ အန်ကယ်နဲ့ ကွန်တက်ရထားပါတယ်၊ သူ လမ်းမှာရောက်နေပြီ၊ အိမ်ကစောင့် ဆိုလို့ပါ၊ ကနုတ် အပြင်ကနေပဲ စောင့်နေလိုက်ပါမယ်"

ချာန့်မိထွေးရဲ့ မလိုလားမှုမျက်လုံးတွေကြောင့် ညှော်ခန်းထဲ မဝင်တော့ဘဲ တိုက်ဆင်ဝင်ထောင့် ပုန်းညက်ပင်တွေနားမှာ ကြိမ်ထိုင်ခုံလေးတွေမှာ ဝင်ထိုင်လိုက်သည်။ ပဋိသန္ဓာရစကားမဆိုဘဲ အိမ်ထဲပြန်ဝင်သွားကာ အိမ်အကူမိန်းကလေးတစ်ယောက်နှင့် အအေးတစ်ခွက်ပို့နိုင်းလိုက်သည်။





ချာန်က မင်္ဂလာဆောင်ကိုမလာနိုင်းသည့်အတွက် ကနုတ်ကိုလည်း အရေးတယူမဆက်ဆံချင်တာ ဖြစ်မည်။ ဒီလို အလိုက်မသိ၊ လူမှုရေးမရှိလို့ မိခင်တစ်ယောက်လို အသိအမှတ်မပြုတာ ချာန့်မှာ အပြစ်မရှိနိုင်။ သူမလည်း ချာန့်မိဘအိမ်ကို ဒီတစ်ကြိမ် ပထမဆုံး ရောက်ဖူးခြင်းပါ။

ခဏနေတော့ ခြံဝကဝင်လာတဲ့ ကားသံကြားလိုက်ရသည်။ ဦးနေမင်းချာန်ကားကို တိုက်ဆင်ဝင်နားအထိ မောင်းဝင်လာ၏။

"ဟင် ညှော်ခန်းထဲက ထိုင်စောင့်တာမဟုတ်ဘူး သမီးရယ်၊ အပြင်ဘက်မှာ ထိုင်နေရလား"

"ဒီနားက သဘာဝလေလေးရှူနေရတာ ပိုကောင်းလို့ပါ အန်ကယ်"

စကားလုံးလှအောင် ကနုတ်ရှင်းပြနေပေမယ့် ဦးနေမင်းချာန် သဘောပေါက်နေပြီးသားပါ။ သားမင်္ဂလာဆောင်မှာ လူရာမသွင်းလို့ဆိုပြီး သူ့ကို နေ့စဉ်နေ့တိုင်း ပြဿနာရှာနေခဲ့တာ မဟုတ်ပါလား။ သားရဲ့ဇနီးမယားကို ဘယ်လိုလုပ် ကြည်ဖြူပါ့မလဲ။

"အကြောင်းကိစ္စအရေးတကြီးပြောစရာရှိလို့ အန်ကယ့်ဆီရောက်လာတာ မဟုတ်လား သမီး၊ အန်ကယ့်ကို ပွင့်ပွင့်လင်းလင်းပြောပါ၊ သားအကြောင်းပဲ မဟုတ်လား"

ထိုင်ခုံတစ်လုံးမှာ ဝင်ထိုင်ရင်း သူပြောတော့ ကနုတ်က



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"စောင့်ချင်လည်းစောင့်ပေါ့၊ ကုမ္ပဏီမှာ ဖုန်းဆက်ကြည့်လို့ မရှိတော့ဘူးဆိုရင် အိမ်ပြန်လာတော့မှာပါ"

"ဟုတ်ကဲ့၊ အန်ကယ်နဲ့ ကွန်တက်ရသွားပါတယ်၊ သူ လမ်းမှာရောက်နေပြီ၊ အိမ်ကစောင့် ဆိုလို့ပါ၊ ကနုတ် အပြင်ကနေပဲ စောင့်နေလိုက်ပါမယ်"

ဈာန့်မိထွေးရဲ့ မလိုလားမှုမျက်လုံးတွေကြောင့် ဧည့်ခန်းထဲ မဝင်တော့ဘဲ တိုက်ဆင်ဝင်ထောင့် ပန်းညက်ပင်တွေနားမှာ ကြိမ်ထိုင်ခုံလေးတွေမှာ ဝင်ထိုင်လိုက်သည်။ ပဋိသန္ဓာရစကားမဆိုဘဲ အိမ်ထဲပြန်ဝင်သွားကာ အိမ်အကူမိန်းကလေးတစ်ယောက်နှင့် အအေးတစ်ခွက်ပို့ခိုင်းလိုက်သည်။





ဈာန်က မဂ်လာဆောင်ကိုမလာခိုင်းသည့်အတွက် ကနုတ်ကိုလည်း အရေးတယူမဆက်ဆံချင်တာ ဖြစ်မည်၊ ဒီလို အလိုက်မသိ၊ လူမှုရေးမရှိလို့ မိခင်တစ်ယောက်လို အသိအမှတ်မပြုတာ ဈာန့်မှာ အပြစ်မရှိနိုင်။ သူမလည်း ဈာန့်မိဘအိမ်ကို ဒီတစ်ကြိမ် ပထမဆုံး ရောက်ဖူးခြင်းပါ။

ခဏနေတော့ ခြံဝကဝင်လာတဲ့ ကားသံကြားလိုက်ရသည်။ ဦးနေမင်းဈာန်ကားကို တိုက်ဆင်ဝင်နားအထိ မောင်းဝင်လာ၏။

"ဟင် ဧည့်ခန်းထဲက ထိုင်စောင့်တာမဟုတ်ဘူး သမီးရယ်၊ အပြင်ဘက်မှာ ထိုင်နေရလား"

"ဒီနားက သဘာဝလေလေးရှူနေရတာ ပိုကောင်းလို့ပါ အန်ကယ်"

စကားလုံးလှအောင် ကနုတ်ရှင်းပြနေပေမယ့် ဦးနေမင်းဈာန် သဘောပေါက်နေပြီးသားပါ။ သားမင်္ဂလာဆောင်မှာ လူရာမသွင်းလို့ဆိုပြီး သူ့ကို နေ့စဉ်နေ့တိုင်း ပြဿနာရှာနေခဲ့တာ မဟုတ်ပါလား။ သားရဲ့ဇနီးမယားကို ဘယ်လိုလုပ် ကြည်ဖြူပါ့မလဲ။

"အကြောင်းကိစ္စအရေးတကြီးပြောစရာရှိလို့ အန်ကယ့်ဆီ ရောက်လာတာ မဟုတ်လား သမီး၊ အန်ကယ့်ကို ပွင့်ပွင့်လင်းလင်း ပြောပါ၊ သားအကြောင်းပဲ မဟုတ်လား"

ထိုင်ခုံတစ်လုံးမှာ ဝင်ထိုင်ရင်း သူပြောတော့ ကနုတ်က



www.burmeseclassic.com

www.burmeseclassic.com



ခပ်လေးလေးခေါင်းညိတ်ပြ၏။ အစကတည်းက သားရဲ့အိမ်ထောင်ရေး အဆင်မပြေနိုင်မှန်း သူသိနေသည်။ အခု ဘယ်လိုပြဿနာတွေနဲ့ ကနုတ်စိတ်ဆင်း... ရသည် မသိ။

"ကနုတ် ဈာန်ကို ကွာရှင်းချင်လို့ပါ အန်ကယ်"

"ဟင် သ သမီးက"

"ဟုတ်ပါတယ် ကနုတ်ချစ်လို့ လက်ထပ်ခဲ့တာပါ။ ဒါပေမဲ့ သူ မချစ်တာကိုလည်း အန်ကယ်သိနေတယ် မဟုတ်လား။ ဈာန်စိတ်ချမ်းသာဖို့ ဒီလိုဆုံးဖြတ်လိုက်တာဆိုပေမယ့် ဒေါက်တာအံမှူးဝေကိုလည်း စိတ်ချမ်းသာစေချင်တယ်"

"သူ လက်ခံမယ်မထင်ဘူး သမီး၊ သူက ဂုဏ်သိက္ခာအဆင့်အတန်းရှိတဲ့ မိန်းကလေးဆိုတာ အန်ကယ်သိနေတယ်"

"အဲဒါကြောင့် အန်ကယ့်ကိုလာပြီး အကူအညီတောင်းတာပါ"

"ဟင်"

ကနုတ်ပြောနေတာတွေ သူ နားမလည်။ အံမှူးဝေအပေါ်တင်နေတဲ့ ကျေးဇူးတရားတွေအတွက် သားကိုသိမ်းပိုက်ခဲ့ပြီးမှ စွန့်လွှတ်ဖို့အတွက် သူ့ကိုလာတိုင်ပင်တာ ဘာအဓိပ္ပာယ်လဲ။

သားက သူ့စကားကို မနာခံတတ်တာ၊ ဆုံးမသွန်သင်မှုတွေ လက်မခံတာ ဒီကောင်မလေး သိနေပြီးသားဖြစ်မှာပါ။





"သားကို ဘာပြောပေးစေချင်လို့လဲ သမီးရယ်၊ သားက အန်ကယ့်ကို မိထွေးကိစ္စကြောင့် သိပ်ပြီးအာရုံထားတော့တာ မဟုတ်ဘူး"

"ဟုတ်ကဲ့ သိပါတယ်၊ ဈာန်ကိုလည်း ဘာမှပြောပေးစရာမလိုပါဘူး၊ ဒေါက်တာအံမှူးဝေကိုသာ"

"ဟင် ဒေါက်တာအံမှူးဝေကို"

"ဖခင်တစ်ယောက်ရဲ့အတွက်နဲ့ ဈာန့်ကိုလက်ခံပေးဖို့ အန်ကယ်တောင်းဆိုပေးပါ။ ဒီအတိုင်းဆို ဈာန့်ကိုအပြစ်မြင်တာကလွဲပြီး လက်ခံမှာ မဟုတ်ဘူး"

"သမီးက သားကိုစွန့်လွှတ်ဖို့ သေချာဆုံးဖြတ်ပြီးပြီလား ကွယ်၊ သားကြောင့် နိုင်ငံခြားကိုတောင် သွားပြီး ခွဲစိတ်ကုသရတယ်ဆိုလို့ အန်ကယ် စိတ်မကောင်းဖြစ်နေတာပါ၊ သားကလည်း အိမ်ကိုတစ်ခေါက်မှရောက်မလာတော့ ဖျောင်းဖျနားချလို့လည်း မရခဲ့ဘူး"

"ကျေးဇူးတင်ပါတယ် အန်ကယ်၊ ချစ်သူစိတ်ချမ်းသာဖို့ ချစ်သူကိုစွန့်လွှတ်ရတာ သိပ်တော့မခဲယဉ်းပါဘူး။ လွမ်းနာကျလည်း အချိန်က ကုစားပေးသွားမှာပါ၊ အန်ကယ်ကသာ အဲဒီကိစ္စကူညီပေးပါနော်"

ဦးနေမင်းဈာန် ခေါင်းတယမ်းယမ်းနှင့် သက်ပြင်းတွေချနေမိသည်။ လူငယ်တွေက သူတို့လူကြီးတွေထက်တောင် ပြတ်ပြတ်သား



www.burmeseclassic.com

www.burmeseclassic.com



သားဆုံးဖြတ်ရဲနေကြပါလား။ ချစ်တတ်လွန်းတဲ့စိတ်တွေနှင့် စွန့်လွှတ်ရဲသည်။ စွန့်စားရဲသည်။ စတေးရဲသည်။

သူကတော့ တွေဝေမှုတွေနှင့် သားကိုဥပေက္ခာပြုထားမိသလိုတောင် ဖြစ်နေခဲ့၏။ ဒါကြောင့်လည်း သူ့ဘက်က ဖခင်ဝတ္တရားပျက်ကွက်ခဲ့တာတွေ၊ မှားခဲ့တာတွေ သားကိုပြန်ပေးဆပ်ချင်လှသည်။

ချစ်သူနှင့်ပေါင်းဖက်ရလျှင် သားပျော်မှာကို သူသိနေ၏။ ကနုတ်အပေါ်မှာ မတရားလည်း သူ ဒီအတိုင်းလုပ်ဖို့ ဆုံးဖြတ်လိုက်သည်။

နောက်တစ်နေ့မှာ ဒေါက်တာအံမှူးဝေဆိုတဲ့ မိန်းကလေးဆီကို ဖုန်းကွန်တက်ယူ၍ ချိန်းလိုက်သည်။

ဆေးရုံနှင့်မနီးမဝေး ကော်ဖီဘားလေးကိုရောက်တော့ အံမှူးဝေက အရင်ကြိုရောက်နေ၏။

အံမှူးဝေမျက်ဝန်းထဲမှာ မေးခွန်းပေါင်းများစွာ တွေ့နေပေမယ့် သူ ဘာစကားမှ ပြောမထွက်သေး။ ဘယ်ကစပြီး ဘယ်လိုပြောရမလဲဆိုတာပဲ စဉ်းစားနေလိုက်သည်။

"အန်ကယ် တစ်ခုခု သုံးဆောင်ပါဦး"

"ဩော် အေး၊ ကော်ဖီတစ်ခွက်ဆို ရပါပြီ"

စားပွဲထိုးလေးလာရပ်သည်မို့ သူ တစ်ခါတည်းမှာလိုက်၏။ သူ့ဆီက သက်ပြင်းရှိုက်သံကျယ်ကျယ်လောင်လောင်ကြောင့် အံမှူး





ဝေ မျက်ခုံးလေးတွန့်ကာ စိတ်ဝင်တစားနားစွင့်နေသည်။ လူယဉ်ကျေးအဆင့်အတန်းရှိသူ ပီသစွာ အံမှူးဝေဘက်က ဘာမှစမမေးသေးတာမို့ အသက်ဝဝရှူဖို့အချိန်ရတာကိုပဲ ကျေးဇူးတင်ရမည်။

"သားကို ပြန်လက်ခံပေးနိုင်မလား အံမှူးဝေ"

"ရှင် အန် အန်ကယ် ဘာပြောလိုက်တာလဲ၊ အံမှူး နားမလည်ဘူး"

"ကနုတ်နဲ့ကွာရှင်းပြီးရင် သားကို လက်ခံပေးနိုင်မလားလို့ မေးကြည့်တာပါ"

"ဟို အန်ကယ် တစ်ခုခုမှားနေပြီ ထင်တယ်၊ သူတို့ ဘာလို့ ကွာရှင်းရမှာလဲ၊ ကွာရှင်းလို့မရဘူး အန်ကယ်၊ ဘယ်လိုသဘောနဲ့ ပြောနေတာလဲ"

ခါးခါးသီးသီးငြင်းဆန်ကာ အံမှူးဝေပြူးပြာနေသည်။ ဦးနေမင်းစျာန်က တည်တည်ငြိမ်ငြိမ်ပင်ပြုံးကာ –

"ကနုတ်ကိုယ်တိုင် အန်ကယ့်ကိုလာပြောတာ၊ သားစျာန်ကို ကွာရှင်းတော့မယ်တဲ့၊ အဲဒီတော့ ဒီဇာတ်လမ်းကို မင်း ရေးညွှန်းရိုက်ကူးခဲ့တာဖြစ်တဲ့အတွက် အဆုံးသတ်ကို မင်း တာဝန်ယူပေးမှဖြစ်မယ် အံမှူး၊ သား ပျက်စီးလေလွင့်သွားမှာ အန်ကယ်စိုးရိမ်တယ်"

ခေါင်းတွေချာချာလည်ကာ အံမှူး ဘာမှတွေးမရအောင်ဖြစ်နေသည်။ ဘာကြောင့် ကနုတ်က ဒီလိုဆုံးဖြတ်ရမှာလဲ။ စျာန်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုများ အနိုင်ကျင့်နှိပ်စက်နေပြန်ပြီလဲ။

"သားကိုတော့ အပြစ်မတင်စေချင်ဘူး၊ သားက မင်းစိတ်ဆန္ဒတွေအတိုင်း သူ့နှလုံးသားကိုရင်းပြီး ဖြည့်ဆည်းပေးခဲ့ပြီးပါပြီ၊ အခုဟာက ကနုတ်ဆုံးဖြတ်တာ၊ အန်ကယ့်ကို လာပြောပြတဲ့အချိန်က သားကိုတောင် အသိမပေးရသေးဘူးတဲ့"

"အိမ်ထောင်တစ်ခုအလွယ်တကူ မပြိုကွဲရအောင် အန်ကယ်တားဆီးသင့်တာပေါ့၊ အံမှူးကတော့ လုံးဝလက်မခံနိုင်ပါဘူး အန်ကယ်၊ ကနုတ် ဘယ်လိုခံစားရမယ်ဆိုတာလည်း ကိုယ်ချင်းစာတယ်၊ ကနုတ်မိဘတွေရဲ့ ဂုဏ်သိက္ခာ, ပတ်ဝန်းကျင်အသိုက်အဝန်းရဲ့ အထင်သေးရှုတ်ချခံရမှာ အဲဒါတွေလည်း အရေးကြီးတယ် အန်ကယ်လ်"

"မင်းက အဲဒါတွေကိုပဲ တန်ဖိုးထားနေတယ်၊ သားကိုတကယ်ချစ်ခဲ့တာမှ ဟုတ်ရဲ့လား၊ ကနုတ် စွန့်လွှတ်လိုက်လို့ တစ်ခုလပ်နာမည်ဆိုးနဲ့ သားကို မင်းလက်မခံချင်တာလား အံမှူးဝေ"

"မ မဟုတ်ဘူး၊ အဲလိုမျိုး မဟုတ်ပါဘူး"

ဘာပြန်ပြောလို့ ပြောရမှန်းမသိအောင် အံ့မှူးခေါင်းတွေရှုပ်ထွေးနောက်ကျိနေသည်။ ကနုတ်ရဲ့ဆုံးဖြတ်မှုတွေက သွေးရိုးသားရိုးမှ ဟုတ်ပါရဲ့လား။ ဒါပေမဲ့ ကနုတ်ရင့်ကျက်တည်ငြိမ်လာတာကိုနိုင်ငံခြားကနေ ဆေးကုပြီးပြန်မလာခင်ကတည်းက သူမ သတိထားမိနေခဲ့သည်။





"တောင့်တတိုင်း မပြည့်စုံဘူးဆိုတာ မရှိ၊ မရဖူးတာလည်းမရှိတော့ တစ်ခါတလေ ကိုယ်ကပြန်ပေးလိုက်ရတဲ့ အရသာကို ခံစားကြည့်ချင်တယ်၊ ပေးဆပ်မှုတွေချည်းပဲ ကြုံတွေ့ခဲ့ဖူးတဲ့ မမရော တစ်ခါတလေ လိုချင်တာရလိုက်တဲ့ခံစားမှုမျိုး မကြုံတွေ့ချင်ဘူးလားဟင်၊ ညီမလေးတစ်ယောက်လို ဂရုစိုက်ကြင်နာပေးတဲ့ မမကို ကနုတ်တစ်ခုခု ပြန်ပေးချင်တယ်"

ထိုစကားတွေပြောခဲ့တုန်းက ဘာဖြစ်နိုင်သလဲဆိုတာ သူမမတွေးမိခဲ့။ ကနုတ်ဆံပင်လေးတွေကို ဖွဖွသပ်တင်ပေးရင်း ကြည်နူးနေခဲ့မိသေးသည်။

အခုတော့ ဈာန်နဲ့ကိုစွန့်လွှတ်မယ်ဆိုတာ ယုံနိုင်စရာတောင်မရှိ။ ဒီကိစ္စကို ကနုတ်နှင့်တွေ့ပြီး မဖြစ်နိုင်ဘူးဆိုတာ ပြောပြရမည်။ ဈာန့်ကို သူမလက်ထဲထိုးထည့်ပြီး ကနုတ် သူ့ရဲကောင်းမလုပ်သင့်ပါ။

"မင်းကို အန်ကယ် အလေးအနက်တစ်ခုလောက်ပြောချင်တယ်၊ မင်းအပေါ်တင်နေတဲ့အကြွေးတွေအတွက် သားကိုအသုံးချခဲ့တာ မင်း အပြစ်ကြီးတစ်ခုကျူးလွန်လိုက်တာနဲ့ အတူတူပဲနော်၊ မိဘတစ်ယောက်အနေနဲ့ သားခံစားနာကျင်နေတာမြင်တော့ မင်းကိုခွင့်တောင်မလွှတ်ချင်ဘူး။ ဒါပေမဲ့ သားက မင်းကိုချစ်နေတယ်၊ မင်းဆန္ဒတွေကို လိုက်လျောချင်နေတယ်၊ အဲဒါကြောင့် အန်ကယ် နားလည်ပေးခဲ့တာပါ၊ အခုလည်း အန်ကယ် နားလည်မှုလွဲအောင် မင်း



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ပါနဲ့၊ ကနုတ်စွန့်လွှတ်လိုက်တဲ့သားကို မင်း ဖေးမကြင်နာပေးပါ''

အမိန့်သံဆန်ချင်သော စကားတွေကြောင့် သူမ ဆွံ့အတုန်လှုပ်နေရ၏။ ဘာသာစကားမဲ့ ရှိုက်သံတွေက ရင်တစ်ခုလုံး ပြောင်းဆန်နေသည်။ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ လှိုက်ဖိုမောခြင်း၊ ကြည်နူးခြင်းနှင့် ဘာသာဗေဒတွေ ရှုပ်ယှက်ခတ်နေလျက် တစ်စုံတစ်ရာကို အတိအကျဖမ်းဆုပ်မရနိုင်။

အပြီးတိုင်စွန့်လွှတ်ခဲ့ပြီးမှ ရပိုင်ခွင့်တွေပြန်ပေးနေတာ ဘယ်လိုမှ အထာမကျ။

မဖြစ်နိုင်တာတွေ တွေးကြည့်ရင်းဖြင့် ခေါင်းခါရမလား၊ ခေါင်းညိတ်ရမလား ခုထိ ဝေခွဲမရ။

ဖြစ်နိုင်လို့လား။ မဖြစ်သင့်ဘူး မဟုတ်လားဈာန်ရယ်။

✿ ✿ ✿



## အခန်း (၃၀)

''အဲဒါ ဘာလဲ''

''ကွာရှင်းစာချုပ်''

''ဘာ''

အံ့သြသွားကာ ကနုတ် စားပွဲပေါ်ပစ်တင်လိုက်တဲ့ စာချုပ်လေးကို မယုံမရဲကောက်ယူကြည့်လိုက်မိသည်။ စားလုံးတွေကို အလျှင်အမြန်ဖတ်နေမိရင်း အောက်ဆုံးမှာ ကနုတ်ရဲ့ ထိုးမြဲလက်မှတ်လေးကို မြင်တွေ့လိုက်ရတော့ သူ မျက်လုံးမျက်ဆန်ပြူးသွား၏။

အသည်းကွဲရောင်တီရှပ်လက်စကလေးနှင့် အနက်ရောင်ကွာတားလေးကိုဝတ်ထားတဲ့ ကနုတ်က ဆိုဖာခုံမှာ ကျောကပ်မှီ၍ လက်ပိုက်ထားကာ ဣန္ဒြေရနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက လက်ထဲကစာချုပ်လေးကို စားပွဲပေါ်တင်လိုက်ကာ ကနုတ်ကို တည့်တည့်စူးစူးကြည့်လိုက်သည်။

"နင် နင် ဘယ်လိုအဓိပ္ပာယ်နဲ့"

"စွန့်လွှတ်လိုက်တာ၊ အဓိပ္ပာယ်တွေ ဖော်ပြစရာလိုသေးလို့လား၊ အဲဒီ ကွာရှင်းစာချုပ်မှာ နင်လက်မှတ်ထိုးလိုက်တာနဲ့ အားလုံးက ပြီးပြီလေ"

"အဲဒီလောက်လွယ်ပါ့မလား ကနုတ်၊ နင်မကျေနပ်တာတွေ ငါပြင်ဆင်မယ်လို့ ပြောပြီးပြီပဲ၊ လိုအပ်နေသေးရင်လည်း အချိန်ယူရင် ဖြစ်တယ်၊ နင် ဘာတွေစိုးရိမ်နေတာလဲ"

ကနုတ်က မျက်နှာလေးကို မော့လှန်ကာ မထီတရီပြုံး၏။ သူမရင်ထဲ ဘာတွေရှိနေသလဲ မသိသာအောင် ဖုံးဖိထားဟန်တူသည်။

"နင့်နှလုံးသားကို အကျဉ်းချထားပြီး ငါ့ကိုယ်ငါ ပြန်သတ်နေမိတဲ့အဖြစ်ဆိုးကြီးက ငါရုန်းထွက်ချင်နေပြီ ရှာန်၊ အဲဒီ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပြီး နင် မမဆီပြန်သွားပါ"

"မမက ဝမ်းသာအားရ လက်ခံမယ်ထင်နေလို့လား ကနုတ်၊ နင့်စိတ်တွေ ဘာကြောင့်ပြောင်းလဲသွားတယ်ဆိုတာ မသိပေမယ့် မမကတော့ ငါ့ကိုရင်ဖွင့်ကြို့နေမှာ မဟုတ်တာ သေချာတယ်၊ နင့်စိတ်ကူးတွေ အကောင်အထည်ပေါ်မှာ မဟုတ်ဘူး၊ အားလုံးအရည်





ဖျော်ပြီး ပြန်ရုပ်သိမ်းလိုက်ပါ ကနုတ်"

ရှာန် လေသံတွေ မာထန်တင်းပြတ်နေတော့ ကနုတ် မျက်နုံးပင့်ကာ အံ့အားသင့်သွား၏။ ဖြူဝင်းသောအသားအရေကြောင့် ရှာန့်မျက်ခမ်းစပ်လေးတွေက နီရဲနေကာ အဖြူရောင်စပို့ရှပ်လေးနှင့် ဆန့်ကျင့်ဘက်ဖြစ်နေသည်။

"ဘာဖြစ်တာလဲ ရှာန်၊ နင်လည်း ဝမ်းသာအားရ ခုန်ပေါက်ပြီး လက်ခံလိမ့်မယ်လို့ ငါထင်ထားတာ"

"ပိုင်ဆိုင်ခွင့်မရလည်း ချစ်နေခွင့်ရတဲ့ဘဝလေးမှာ ငါနေတတ်သွားပါပြီ၊ မမ ထပ်ပြီးနာကျင်ရအောင် ငါမလုပ်ချင်ဘူး၊ သူဖြစ်စေချင်တဲ့အနေအထားလေးကနေ လွမ်းနေခွင့်ရရင်ပဲ နင့်အတွက် လင်ယောကျ်ားကောင်းတစ်ယောက်ဖြစ်အောင် ငါကြိုးစားနိုင်မှာပါ၊ အဲဒီကွာရှင်းစာချုပ် ငါတို့နှစ်ယောက်ကြားမှာ မလိုအပ်ပါဘူး၊ ဆုတ်ဖြဲပစ်လိုက်ပါ"

"ငါက ဆုံးဖြတ်ပြီးနေပြီ၊ ပြင်ဆင်ဖို့လည်း စိတ်ကူးမရှိတော့ဘူး၊ ငါ နင့်ကိုစွန့်လွှတ်လိုက်ရတာ အပန်းမကြီးပါဘူး ရှာန်၊ ပြီးတော့ နင်နဲ့ မမရဲ့အချစ်တွေကို ကြည်နူးပီတိနဲ့ကြည့်နေနိုင်အောင် ကြိုးစားတော့မယ်၊ မလွယ်ပေမယ့် ခံစားမှုအသစ်တွေနဲ့ ငါလက်ခံနိုင်မှာပါ၊ တရားနည်းလမ်းအကျဆုံးအလုပ်ကြီးကို ငါ လုပ်နိုင်ပြီဆိုပြီး ဂုဏ်ယူနေရင်းနဲ့ပေါ့၊ လွမ်းလာခဲ့ရင်လည်း နင်တို့မွေးလာမယ့် သား



www.burmeseclassic.com

www.burmeseclassic.com



သားမီးမီးလေးတွေကို ချော့မြှူထိန်းပေးရင်းနဲ့ ဖြေသိမ့်မယ်''

အေးချမ်းတည်ကြည်စွာပြောနေသော ကနုတ်မျက်နှာလေးကို မယုံမရဲ ဈာန်ကြည့်လိုက်မိသည်။ အရောင်အဆင်းမဲ့စွာ ဖိုးသားဖြူစင်နေ၏။ မျက်လုံးအရောင်တွေကတော့ သူ့ကိုတမ်းမက်ခြင်းတွေ မပျောက်ပြယ်သေး။

''ဟာ နိုင်ငံခြားကဆရာဝန်တွေက နင့်ရောဂါတွေတင် ကုသပေးတာမဟုတ်ဘဲ နင့်စိတ်တွေကိုပါ ကုသပေးလိုက်တယ်ထင်တယ်၊ မျက်လုံးတွေ မပြောင်းလဲသေးပေမယ့် စကားလုံးတွေ တော်တော်ပြောင်းသွားတယ်၊ ဒါပေမဲ့ ငါက လူသိရှင်ကြားတစ်ခုလပ်ကြီးဖြစ်သွားပြီဆိုတော့ မမ လက်ခံပါ့မလား''

''အချစ်စစ် အချစ်မှန်နဲ့ သစ္စာရှိရှိချစ်လာခဲ့တဲ့ နင်တို့နှစ်ယောက်ကြားမှာ ဘယ်အရာကမှ အရေးကြီးမှာ မဟုတ်ပါဘူး''

''နင် တာဝန်ယူတယ်ပေါ့''

''အဲဒီကိစ္စ ဝဏ္ဏတို့နဲ့တိုင်ပင်ပြီး နင့်အဖေကိုလည်း အသိပေးထားတယ်၊ မမကို သူတို့ဖျောင်းဖျနားချကြမှာပါ၊ မေမေတို့ကိုလည်း ငါ ပွင့်ပွင့်လင်းလင်းပြောလိုက်ပြီ၊ ဘာပြဿနာအရှုပ်အရှင်းမှ မရှိတော့ပါဘူး''

''နင့်ရင်ထဲက အလေးအနက်စကားတွေလို့ ငါ လက်ခံယုံကြည်လိုက်ရတော့မလား ကနုတ်၊ နင် နေမကောင်းရင် အနားမှာ





ထွေးပွေ့မယ့်သူမရှိဘဲနဲ့ ဖြစ်ပါ့မလား''

''ဘယ်အချိန်တုန်းကရော ငါက အထွေးပွေ့ခံ လူသားတစ်ယောက် ဖြစ်ခဲ့လို့လဲ ဈာန်ရယ်၊ ဒါပေမဲ့ ဖြစ်ခဲ့သမျှအခြေအနေတွေအတွက် ငါကျေနပ်ပါတယ်၊ ဝေဒနာအတွက်လည်း စိတ်နဲ့ကုနိုင်ရင် ပြန်ပေါ်လာစရာ မရှိပါဘူး၊ ဘယ်တုန်းကမှ စိတ်မပူခဲ့ဘဲနဲ့ ခုလည်း နောက်ဆံမတင်းပါနဲ့၊ နင်တို့ကြည်နူးခဲ့ကြတဲ့ နေရာလေးမှာ, နင်တို့နာကျင်ကြေကွဲခဲ့ကြတဲ့နေရာလေးမှာ မမ နင့်ကိုအလွမ်းဖြေနေလိမ့်မယ်၊ သိုဝှက်ထားရတဲ့အချစ်တွေကို သယ်ဆောင်ပြီး နင်သွားလိုက်တော့ ဈာန်''

စကားတွေအများကြီးကို တရစပ်ပြောပြီး ကနုတ် ထိုင်ရာကနေ ခပ်ဖြည်းဖြည်းထရပ်၏။ သက်ပြင်းတွေက လေးကန်မနေပါ။

''ငါ့ကို လွတ်မြောက်ခွင့်ပေးလိုက်လို့ ကျေးဇူးတင်ပါတယ် ကနုတ်၊ နောင်ဘဝမှာ ပြန်ဆုံရင် ဒီလိုပုံစံမျိုးနဲ့ ခွဲခွာမထားခဲ့ဘူးလို့ ကတိပေးပါတယ်''

''ကျေနပ်ပါတယ် ဈာန်ရယ်၊ နင်ပြောလိုက်တဲ့ အဲဒီစကားလုံးလေးတွေကို ငါလည်း နောင်ဘဝထိ သိမ်းဆည်းထားဖြစ်မှာပါ''

သူမရင်ထဲကစကားတွေကို ဈာန် ကြားမှာမဟုတ်၊ လွတ်လပ်မှုတွေ၊ အပျော်တွေကြောင့် ပေါ့ပါးလန်းဆန်းနေသော ခြေလှမ်းတွေနှင့် ထွက်ခွာသွားသော ဈာန်ကျောပြင်ကိုကြည့်ကာ ကနုတ် အသည်း



www.burmeseclassic.com

www.burmeseclassic.com



နှလုံးတွေပြောင်းဆန်အောင် လှုပ်ခါယမ်း၍ ကျန်ခဲ့သည်။

ဒါပေမဲ့ အချိန်အတိုင်းအတာတစ်ခု မကြာမြင့်ခင်မှာ ငြိမ်သက်အေးစက်သွားပါလိမ့်မည်။

သူ့ဆီက အချစ်တွေမပိုင်ဆိုင်ရလည်း ကိုယ့်ဆီကအချစ်တွေအားလုံး ထည့်ပေးလိုက်နိုင်၍ပါ။

မှိုင်းညို့ညို့နေညိုချိန်ကိုရောက်လာခဲ့ပေမယ့် ပဲ့မိုးကောင်းကင်ထက်မှာ တိမ်မျှင်တစ်စမှရှိမနေဘဲ ကြည်လင်ပြာတောက်နေခဲ့သည်။

ချာန့်ဘဝလေး မြူတိမ်ကင်းလို့ အေးချမ်းပါစေတော့ ချာန်ရယ်။

✿ ✿ ✿



## အခန်း (၃၉)

"မမ"

တိုးရှိက်သော သူ့ရဲ့ခေါ်သံလေးကို မမ ကြားဟန်မတူ။ သူတို့ထိုင်နေကျ ထိုင်ခုံလေးမှာထိုင်ရင်း ကန်ရေပြင်ရဲ့ငြိမ်သက်မှုကို အာရုံစူးစိုက်စိတ်ဝင်စားမှုမရှိဘဲ မမ တိတ်ဆိတ်စွာငေးမောနေသည်။

သူ့ကိုရုပ်လုံးဖော်ပြီး မမ လွမ်းနေတာဖြစ်မည်။

"မမ"

"ဟင် ချာန်၊ မင်း ဘယ် ဘယ်လို"

အလောတကြီး စကားလုံးမြောက်မြားစွာပြောဖို့ ကြိုးစားလိုက်တဲ့ မမ နှုတ်ခမ်းတစ်စုံကို အနားမှာပူးကပ်ထိုင်ရင်း ချာန်လက်ညှိုးလေးနှင့် ဖိပိတ်တားဆီးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေးခွန်းတွေထုတ်ဖို့ မကြိုးစားပါနဲ့ဦး မမရယ်၊ ဒီတစ်ခါ ကျွန်ပြောမယ့်စကားတွေကို တစ်လှည့်ပြန်ပြီး နားထောင်ပေးပါ၊ ကနုတ်ရဲ့ဆုံးဖြတ်ချက်တွေကို မမ သိပြီးပြီမဟုတ်လား"

မမက မျက်လုံးလေးပြူးကာ ခေါင်းညိတ်ပြ၏။ ကျွန် လက်ကို မရုပ်သိမ်းရသေးသည့်အတွက် မမ စကားပြောလို့မှမရဘဲ။

"ကျွန်တို့အချစ်တွေ စစ်မှန်လို့ပေါင်းစုံရတာကိုရော မမ နားလည်လက်ခံလား"

တစ်ခါထပ်ကာ ခေါင်းညိတ်ပြသော မမ အပြုအမူလေးက ကလေးဆန်ကာ ဖြူစင်လွန်းလှသည်မို့ မချင့်မရဲစိတ်ဖြင့် ကျွန်က ခပ်တင်းတင်း ထွေးဖက်ပစ်လိုက်ချင်သည်။

ဒါပေမဲ့ မမဆန္ဒမပါလျှင် သူ ဘာမှမလုပ်ချင်ပါ။

"ကနုတ်ရဲ့ ပေးဆပ်မှုတွေ, သူငယ်ချင်းတွေရဲ့လက်ခံအားပေးမှုတွေ, လူကြီးတွေရဲ့ နားလည်မှုတွေကို မမ သိပြီးပြီဆိုရင် လွမ်းခဲ့ရတဲ့အချိန်တွေအတွက် ကျွန့်ပခုံးမှာ မှေးမှီလိုက်ပါလား"

လက်ကလေးရုပ်ပြီး ပခုံးလေးရှေ့တိုးပေးနေတဲ့ သူ့ကို မမက မယုံမရဲဖြင့် မပွင့်မလင်းပြုံးကြည့်နေသည်။

"နာကျင်ခဲ့ရတဲ့အချိန်တွေနဲ့စာရင် နားလည်မှုရတာ မြန်ဆန်သလိုပဲနော်၊ ကျွန့်အဖေနဲ့လည်း မမ စကားတွေပြောဖြစ်တယ်၊ ဝဏ္ဏတို့တွေလည်း မမကို ဖုန်းဆက်အားပေးကြတယ်၊ ကနုတ် သဘော





ထားကိုသိပြီး ပွင့်ပွင့်လင်းလင်း တိုက်တွန်းနေကြတာပေါ့၊ မမလည်း လွတ်လွတ်လပ်လပ်, ပေါ့ပေါ့ပါးပါး ပျော်ပစ်လိုက်ချင်ပါတယ်၊ ဒါပေမဲ့ ပျော်ရွှင်မှုတွေအလုံးအရင်းနဲ့ ရင်ထဲကို ဝင်မလာဘူး ကျွန်ရယ်၊ ကျွန့်ကိုစွန့်လွှတ်လိုက်ရလို့ ဝမ်းနည်းနာကျင်နေမယ့် ကနုတ်မျက်နှာလေးကို မြင်ယောင်နေမိတယ်"

"သူ့ဘဝမှာ တစ်ခါမှမလုပ်ဖူးတဲ့ ပေးဆပ်စွန့်လွှတ်ခြင်းဆိုတာကို စွန့်စွန့်စားစားလုပ်လိုက်ရလို့လားမသိဘူး၊ သူပျော်နေပါတယ် မမ၊ မှာတောင်မှာလိုက်သေးတယ်၊ သူလွမ်းတဲ့အခါ ကျွန်နဲ့မမတို့ရဲ့ သားသား မီးမီးလေးတွေကိုချော့မြူထိန်းကျောင်းရင်းနဲ့ ဖြေသိမ့်မယ်တဲ့"

"အာ ကျွန်နော် ဘာတွေပြောနေမှန်းမသိဘူး၊ မှန့်ဆီကြော်က ဘယ်မှာနေမှန်းမသိဘူး၊ နှုတ်ခမ်းနာနဲ့ တည်ပွဲ့မလားဖြစ်နေပြီ၊ ကဲ မျက်နှာကြီးက ဘာလို့ပြုံးဖြဲဖြဲလုပ်နေတာလဲ၊ ဟိုဘက်လှည့်နေ"

"ကျွန့်မျက်နှာကိုကြည့်ပြီး မမရှက်နေရင် ကျွန့်ရင်ခွင်ထဲမှာ ပုန်းနေပေါ့"

ရှက်ရွံ့စွာ သူ့မျက်နှာကြီးကို တွန်းဖယ်နေသော မမလက်ကလေးတွေကို ဆုပ်ကိုင်ထွေးဖက်ထားရင်း သူ့ရင်ခွင်ကျယ်ကြီးထဲမှာ သိမ်းဆည်းထားလိုက်သည်။

မမက ရှက်ရွံ့ထူပူစွာ လွန့်လွန့်လေး ရုန်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ချာန်နော် ဘယ်လိုတွေဖြစ်နေတာလဲ၊ သူများတွေ ကြည့်နေလိမ့်မယ်"

"မြင်တဲ့သူ အသက်ရှည်လိမ့်မယ်၊ ကြည့်ကြည့်ပေါ့၊ ချာန် ဘယ်လောက်ထိလွမ်းခဲ့ရတယ်ဆိုတာ မမကိုပြောပြမလို့"

လှိုက်မောလွင့်မြူးနေသော အသံလေးဖြင့် သူမနားနားကို ကပ်ပြောသည်။ ဒီတစ်ခါတော့ အရာအားလုံးကိုမေ့ထားပြီး အံမှူး မရုန်းဖယ်မိတော့။

သူမလည်း တနင့်တပိုး လွမ်းခဲ့ရတာပဲ မဟုတ်ပါလား။ ချာန့်ပခုံးလေးပေါ် နွဲ့နွဲ့လေးမှီတွယ်လိုက်တော့ ချာန့်က အလိုက်သင့်လေး ထွေးဖက်ကာ သူ့ပခုံးကို မှီနွဲ့စေသည်။

သူမဆံနွယ်တွေကို ချာန်ရှိုက်ခနဲနမ်းတော့ ရှက်ရှက်နှင့် ချာန့်ရင်ခွင်မှာ ခေါင်းလေးတိုးဝင်သွား၏။

ထိုအချိန်မှာ ဝရန်းသုန်းကားခြေသံတွေနဲ့အတူ

"ဟေး စောင့်နေရတာ အကြာကြီး၊ ခုမှ လပ်ဖ်ဆင်းကို ကြည့်ရတယ်၊ စောင့်ရကျိုးနပ်သွားလို့ တော်ပါသေးရဲ့"

"ဟာ မင်း မင်းတို့ ငါတို့ကိုချောင်းကြည့်နေကြတာပေါ့"

"အေးပေါ့၊ အာ မဟုတ်ပါဘူး၊ အဆင်မှပြေပါ့မလားလို့ စိတ်ပူပြီးစောင့်နေကြတာပါ၊ ငါတို့အကူအညီများ လိုဦးမလားလို့"

အိတုံ၊ ဝဏ္ဏ၊ သူရတို့သုံးယောက်ရဲ့မျက်နှာတွေက စပ်ဖြဲဖြဲ





ပြုံးစိစိ။ မမကတော့ လုံးဝခေါင်းမဖော်တော့ဘဲ ကိုယ်ခန္ဓာလေးဆတ်ဆတ်တုန်နေသည်။

"ကဲ မမ ရှက်နေပြီကွာ၊ မင်းတို့အကူအညီလည်း မလိုဘူး၊ ငါတို့ဟာငါတို့ အဆင်ပြေတယ်၊ ညစ်ပတ်တဲ့ကောင်တွေ သွားကြတော့ သွား"

"အေးပါကွာ သွားမှာပါ၊ အိတုံ မြန်မြန်လာလေ၊ နင်က မိန်းကလေးနော်၊ မတော်တာမြင်ပြီး စိတ်ပါလို့ ငါတို့ကိုပြေးလာဖက်မိနေဦးမယ်"

"အောင်မာ နင်တို့ကို ဖက်စရာလား၊ အဆိုတော်မင်းသားလေးရိန်းဆို တော်သေး"

တစ်ယောက်နှင့်တစ်ယောက် စနောက်ထိုးနှက်ပြီး ရယ်မောလှောင်ပြောင်သံတွေ ဝေးကွာသွားမှ မမမျက်နှာလေးကိုငုံ့ကြည့်ဖြစ်သည်။ မမက ခုချိန်ထိ ပန်းသွေးရောင်ပြေးနေသော မျက်နှာလေးကို သူ့ရင်ခွင်မှာ ဝှက်ကွယ်ထားဆဲဖြစ်သည်။

မမမေးဖျားလေးကို မြတ်မြတ်နိုးနိုးဆွဲယူပင့်မပြီး မျက်လုံးချင်းဆုံမိုက် အချစ်ရည်တွေရွှန်းလက်တောက်ပနေခဲ့သလို ရီဝေညို့ငင်နေသော ချာန်အကြည့်တွေကိုလည်း မမ မရှောင်လွှဲတော့ပါ။

"ချစ်တယ် မမရယ်၊ ချာန့်ရင်ထဲမှာ ဒဏ်ရာတွေရှိခဲ့ပါတယ်၊ ခုချိန်မှာ ဒဏ်ရာတွေပျောက်ကင်းသွားပြီဆိုပေမယ့် မမ တစ်သက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ဈာန့်ကိုချစ်နေမှ ဒဏ်ရာတွေက အကင်းသေမှာနော်''

''မမလည်း ဒီလိုပဲပေါ့ ဈာန်ရယ်၊ နှလုံးသားရှိတဲ့သူတိုင်း ဒဏ်ရာနဲ့တော့ မကင်းဘူးလေ၊ အချစ်နဲ့ကုစားလို့ ဒဏ်ရာလေး အကင်းသေသွားရင်တောင် အမာရွတ်ဆိုတာတော့ ကျန်ချင်ကျန်နေဦးမှာပါပဲ၊ ဒါပေမဲ့ သစ္စာကြီးတဲ့ ကြင်နာမြတ်နိုးခြင်းတွေနဲ့ ဖုံးဖိကုသလိုက်မယ်ဆိုရင် လုံးဝပျောက်ကင်းသွားမယ်လို့ မမ,ယုံကြည်တယ်၊ မမ,နာကျင်ခဲ့ရတာတွေ ဈာန်ကုစားပေးမှုဖြစ်သလို ဈာန့် နှလုံးသား ဒဏ်ရာတွေကိုလည်း မမ ကုစားပေးမှာပါ၊ ဈာန်က မမရဲ့လမင်းလေး၊ ဒဏ်ရာတွေနဲ့ လမင်းလေးပေါ့''

ထိုအချိန်ခဏလေးမှာ ယိမ်းနွဲ့ညွတ်ပျောင်းနူးညံ့သိမ်မွေ့တဲ့ လေပြည်လေးတွေ၊ ဈာန်တို့နှစ်ယောက်ကြား တိုးဝှေ့ကျီစယ်ဖို့ရောက်လာကြ၏။

ဒါပေမဲ့ ဈာန်နှင့်မမက ကြားလေသွေးလျှင် ဝေးမှာစိုး၍ တင်းတင်းကျပ်ကျပ်ပွေ့ဖက်ထားကြသည်။

ရှက်ရွံ့စွာ လေပြည်လေးတွေ ကသုတ်ကယက်ပြေးထွက်သွားကြ၏။


ထိုအချိန်မှ မမနှုတ်ဖူးပြေပြေလေးကို အနမ်းတွေဆင့်ကဲစွာ–

**အားလုံးအတွက်**

**နတ်သမီး**

BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com